www.burmeseclassic.com

# ကြယ်စင်မှူးဝေ

## နလုံးသွေးနဲ့မှုန်းခြယ်တဲ့သစ်ပင်



www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း
စာမူခွင့်ပြုချက်အမှတ် - ၅၀၀၁၃၁၀၂၀၁၂
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၁၄၁၀၂၀၁၂

ထုတ်ဝေသူ
ဒေါ်တင်တင်အုန်း (စိန်သရဖူစာပေ)
အမှတ် (၆၆)၊ ၆-လမ်း။ လမ်းမတော်။

အတွင်းနှင့်အဖုံးပုံနှိပ်သူ
ဦးကျော်ရင် (၀၅၄၁၇)၊ ရွှေခြသေ့်ပုံနှိပ်တိုက်
၂၂၅၊ အခန်း-၂၊ ၃၁-လမ်း။ ပန်းဘဲတန်း။ ရန်ကုန်။

ထုတ်ဝေခြင်း
၂၀၁၂ ခုနှစ်၊ မေလ၊ ပထမအကြိမ်၊
အုပ်ရေ - ၅၀၀၊ တန်ဖိုး (၁၀၀) ကျပ်၊

၃၃၃.၃၂
ကြယ်စင်မှူးဝေ
နှလုံးသွေးနဲ့ မှန်းခြယ်တဲ့သစ်ပင် / ကြယ်စင်မှူးဝေ ။ - ရန်ကုန် ၊ စိန်သရဖူစာပေ ၊ ၂၀၁၂ ။
၂၅၆ - စာ ၊ ၁၂ × ၁၈ စင်တီ။
(၁) နှလုံးသွေးနဲ့ မှန်းခြယ်တဲ့သစ်ပင်

www.burmeseclassic.com

www.burmeseclassic.com

နိုင်ငံတော်အရေးသုံးပါး
ပြည်ထောင်စု မပြိုကွဲရေး — နိုင်ငံတော်အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး — နိုင်ငံတော်အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — နိုင်ငံတော်အရေး

ပြည်သူ့သဘောထား
ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံရေးဦးတည်ချက် (၄) ရပ်
နိုင်ငံတော် တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
အမျိုးသားစည်းလုံးညီညွတ်မှုခိုင်မာရေး။
ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး။
တည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး။
ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး။

စီးပွားရေးဦးတည်ချက် (၄) ရပ်
စိုက်ပျိုးရေးကို ဗိုလ်ပြု၍ ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူ တို့၏လက်ဝယ်တွင် ရှိရေး။


လူမှုရေးဦးတည်ချက် (၄) ရပ်
တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။
အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး။

# နှလုံးသွေးနဲ့မှုန်းခြယ်တဲ့သစ်ပင်

## ကြယ်စင်မှူးဝေ

www.burmeseclassic.com

www.burmeseclassic.com




## အခန်း (၁)

အင်းလျားလမ်းသွယ်ထဲမှာရှိသည့် အဆင့်မြင့်နှစ်ထပ်တိုက် လုကြီးရဲ့ရှေ့မှာ ရပ်ပြီး 'နွေနှောင်းခါ' ရင်တွေ တဒိုင်းဒိုင်းခုန်နေမိသည်။

ဘုရား ဘုရား … ငါ အဆင်ပြေမှ ပြေပါ့မလား။ ငါ့ရုပ်က မှာ ယောက်ျားတစ်ယောက်နဲ့တူရဲ့လား။

နွေနှောင်းခါ ကိုယ့်ရုပ်ကိုယ် ပြန်ကြည့်မိပြန်သည်။

အရပ်က ၅ ပေ ၃ လက်မ။ အသားဖြူဖြူ။ ပိန်ပိန်ရှည်ရှည်နှင့် ဆက်က (၁၈) နှစ်။ ဆံပင်ကို ယောက်ျားလေးနဲ့တူအောင် ညှပ်လာခဲ့ ခြင်း ကုပ်ထောက်ဆံပင်နှင့်။

ကိုယ်လုံးကိုယ်ပေါက်က ပိန်သွယ်သည့်မို့ ဘောင်းဘီရှည်

www.burmeseclassic.com



အနက်ပွပွနှင့် စပို့ရှပ်နက်ပြာပွပွမှာ ရုပ်အကွက်တစ်ထည်ကို ထပ်ဝတ်လိုက်သည့်အခါ . . .

နွေနှောင်းခါ၏ရုပ်မှာ ယောကျ်ားတစ်ယောက်နှင့်တူနေပေတော့သည်။

မနေ့က သူမ၏သူငယ်ချင်း 'သက်ထားချိန်' နှင့် တွေ့ခဲ့ရာ အလုပ်မရှိလို့ စတိုးဆိုင်တစ်ခုမှာ အရောင်းစာရေး ဝင်လုပ်နေရသည့် နွေနှောင်းခါအား ဝမ်းသာအားရ သတင်းပေးခဲ့သည်။

"နွေနှောင်းရေ . . . . ငါတို့ဆရာရဲ့အိမ်မှာ သူနာပြုအကူ ယောကျ်ားလေးတစ်ယောက် လိုချင်လို့တဲ့၊ သူ့အဘိုးက နာတာရှည်ရောဂါသည်ဆိုတော့ သူနာပြုမငှားတော့ဘဲ သူနာပြုအကူတစ်ယောက်ပဲ ငှားချင်လို့တဲ့၊ လစာကတော့ ရှယ်ပဲဟ . . . . တစ်လကို တစ်သိန်း"

"ဟော . . . . တစ်လကို တစ်သိန်းတောင်"

"ဟုတ်တယ် . . . အခု နင်လုပ်နေတဲ့ စတိုးဆိုင်က တစ်လကို သုံးသောင်းတည်းပေးရတဲ့ကြားထဲ အမြဲဆူပူ အော်ဟစ်နေတာ နင့်မြင်ရတာ ငါစိတ်မချမ်းသာဘူး"

"ဒါပေမဲ့ နင့်အလုပ်က ယောကျ်ားလေးမှဆို . . . ငါ ဘယ်လိုလုပ်မလဲ၊ နောက် သူနာပြုအကူသင်တန်းဆင်းပြီးကြောင်း လက်မှတ်တွေ, ဘာတွေ ပြရဦးမှာလား၊ ငါ့မှာ အဲဒီလက်မှတ်တွေမှမရှိတာ"

နွေနှောင်းခါ မျက်နှာငယ်လေးနှင့် ညည်းလျှင် သက်ထားချိန်





က ဆရာကြီးလေသံနှင့် အကြံပေး၏။

"ဘာမှမပူနဲ့ . . . ငါ့ တာဝန်ထား၊ အိမ်မှာ ငါ အပျင်းပြေတက်ထားတဲ့ သူနာပြုအကူသင်တန်းဆင်းလက်မှတ် ရှိတယ်၊ သုံးလတက်ထားတဲ့ သင်တန်း၊ ဓာတ်ပုံလည်း ကပ်မယ်၊ နာမည်နေရာမှာ နင့်နာမည်ထည့်မယ်၊ ဒါတွေ ငါတတ်ပါတယ်၊ ယောကျ်ားဆိုတော့ ရော ကျားလိုက်ပေါ့ဟာ၊ နင့်ကိုယ်လုံးက ငါးဖောင်ရိုးရှိတ်ပဲဟာ၊ ငါ့အစ်ကိုရဲ့အဝတ်တွေထဲက သုံးစုံလောက် ခိုးပေးမယ် . . . ဒါဆို ပြီလား"

"ဟုတ်မှလည်းလုပ်ပါဟာ၊ တော်ကြာ"

"သြော် . . . ရပါတယ်ဆိုမှ၊ နင့်ရုပ်နဲ့နင့်အသံက ယောကျ်ားနဲ့ တော်တော်တူပါတယ်ဆို၊ အခု နင် အလုပ်လုပ်နေရတဲ့စတိုးဆိုင်ထက် အများကြီးသာတယ်ဟာ၊ လုပ်သာလုပ် . . . မနက်ဖြန် သူ့အိမ်မှာ သူတွေ့စစ်ဆေးမှာ၊ နင် မီအောင်သွားလိုက်၊ အဲဒီအလုပ်ရရင် နင်တို့ အိမ်မှာ တော်တော်အဆင်ပြေသွားမယ်"

နောက်ဆုံး သက်ထားချိန်၏ ကူညီပံ့ပိုးမှုအရ နွေနှောင်းခါ သည်အိမ်ကြီးမှာ အကူသူနာပြုဝင်လုပ်ဖို့ ရောက်လာခဲ့ရပေ၏။

ခြံပေါက်ဝမှရပ်ပြီး အိမ်ထဲသို့ လှမ်းမျှော်ကြည့်နေစဉ် သူမ အနားသို့ ကားတစ်စီး လျှောခနဲရောက်ရှိလာလျှင် နွေနှောင်းခါ လန့်သွားမိပါ၏။

ကားထဲမှ ခေါင်းပြူလာသူမှာ အသက်အစိတ်လောက်ရှိမည့်

www.burmeseclassic.com



လူချောတစ်ယောက်ပါ။ ကေန္တ ဒီအိမ်ရှင်ထင်ပါရဲ့။

"ဟော့ . . . မင်း ဘာလုပ်နေတာလဲ"

"ကျွန်တော် ကျွန်တော် ဒီအိမ်မှာ သူနာပြုအကူလာလျှောက်တာပါ"

"ဒါဆိုလည်း ဝင်လေ . . . အိမ်ရှေ့ကဘဲလ်ကို တီးလိုက်ရောပေါ့"

"ဟုတ် ဟုတ်ကဲ့"

"အခုကတော့ တီးစရာမလိုတော့ဘူးလေ၊ ငါ့နောက်က လိုက်ဝင်ခဲ့ရုံပဲ"

သူက တံခါးကို ရီမုတ်နှင့်လှမ်းဖွင့်ပြီး ကားမောင်းဝင်သွားရာ နွေနှောင်း နောက်မှ လျှောက်လိုက်သွားခဲ့သည်။

ခြံဝင်းတစ်ခုလုံး အလှမြက်ခင်း၊ အလှစိုက်ပန်းပင်နှင့်။ နောက် အိမ်ဘေးမှာ ရေကူးကန်၊ တင်းနစ်ကုတ်လည်း ပါသည့် တကယ့်လူကုံထံအိမ်။

နှစ်ထပ်တိုက်ထဲကို သူမ လှမ်းကြည့်လိုက်တော့ အောက်ထပ်ဧည့်ခန်းထဲမှာ သူမလိုပဲ အလုပ်လာလျှောက်ကြသည့်လူ ဆယ်ယောက်ခန့် တွေ့လိုက်ရသည်။

အင်းလေ . . . တစ်လကိုတစ်သိန်း အသားတင်ရမယ့်အလုပ်ဆိုတော့ မက်ကြပေမှာပေါ့။

သက်ထားချိန်ကို လှမ်းပြီးကျော့ဖူးတင်လိုက်ရင်း နွေနှောင်းဧ





ည့်ခန်းထဲသို့ ဝင်သွားခဲ့သည်။

သူမနှင့်ပါဆို အားလုံး (၁၁) ယောက်။ အလုပ်လျှောက်လွှာနှင့် စာရွက်စာတမ်းတွေ ကိုယ်စီကိုင်လျက်။ စောစောက ကားနှင့် ဝင်သွားသည့်လူကို မမြင်ရပါ။

ခဏကြာလျှင် အသက်လေးဆယ်ခန့် ဦးလေးကြီး တစ်ယောက် ရောက်လာပြီး သူတို့ကို တစ်ယောက်စီခေါ်သွင်းကာ အင်တာဗျူးလေ၏။ နွေနှောင်းခါကတော့ နောက်ဆုံးပေါ့။

တစ်ယောက်ဝင်ပြီး တစ်ယောက်ထွက်၊ ထွက်လာကြသူတွေရဲ့ မျက်နှာကလည်း ရှုံ့မဲ့လျက်၊ လက်ကိုလည်း ခါပြလိုက်ကြသေး၏။ ဘာသဘောတွေလဲ။

ထွက်လာပြီး အဖြေတစ်ခါတည်းပေးလိုက်လို့လား မသိ။ တစ်ခါတည်း တန်းပြန်သွားကြပေရာ နွေနှောင်းခါမှာ မျက်နှာလေး ပိုငယ်သွားရပါ၏။ ဘာတွေမေးလို့လဲ၊ ဘာတွေပြောလိုက်လို့လဲ။

"နွေနှောင်းခါ"

နောက်ဆုံး သူမအလှည့် ရောက်လာခဲ့ပေပြီ။ သူမနာမည်ကယောကျ်ားလိုလိုမို့ သည်နာမည်ပဲ သုံးထားလိုက်၏။

နွေနှောင်း နေရာမှ အားတင်းထရပ်ပြီး သူများတွေဝင်သွားသည့် အခန်းထဲသို့ ဒူးတုန်တုန်နှင့် ဝင်သွားရသည်။

သူမဝင်သွားသည့်အခန်းထဲမှာ စောင့်နေသူက သုံးယောက်။ ပိုးချဲပေါ်မှာထိုင်နေသည့် အဘိုးကြီးက တစ်ယောက်။



www.burmeseclassic.com

www.burmeseclassic.com



စောစောက ကားနှင့်ဝင်သွားသည့်လူနှင့် နောက် အသက်လေးဆယ်ခန့်ရှိသည့် အမျိုးသမီးချောချောတစ်ယောက်ရယ်။

နွေနှောင်းခါ ခေါင်းလေးညွှတ်ကာ အားလုံးကို နှုတ်ဆက်ပြီး ရပ်နေတော့ ကားနှင့်ဝင်သွားသည့်လူက ...

"ထိုင်ပါ နွေနှောင်းခါ"

သူမ သူညွှန်ပြသည့် ကုလားထိုင်မှာ ထိုင်လိုက်သည်။ နောက် ကိုယ့်မှာပါလာသည့် အချက်အလက်တွေကို သူ့ထံ ကမ်းပေးလိုက်ပါသည်။

သူက ထိုစာရွက်များကို စားပွဲပေါ်ချထားလိုက်ပြီး သူမေးလိုသည့်တို့ကိုသာ မေး၏။

"မင်း လူနာတွေ ကြည့်ဖူးသလား"

"တစ်ခါမှ မကြည့်ဖူးသေးပါဘူး ခင်ဗျာ၊ ဒါပေမဲ့ အိမ်မှာ အဘိုးနေမကောင်းတုန်းက လက်တွေ့ပြုစုဖူးပါတယ်"

"ငါမေးတာပဲ ဖြေ ... မင်း စိတ်ရှေရှည်ရဲ့လား"

"ဟုတ်ကဲ့ စိတ်ရှည်ပါတယ်၊ လူနာဆိုတာ အများအားဖြင့် စိတ်တိုတတ်တာ ကျွန်တော်သိပါတယ်"

"အလုပ်ခန့်ပြီဆိုတာနဲ့ ဒီအိမ်မှာ အမြဲနေရမှာဆိုတာရော သိရဲ့လား"

"ဟုတ်ကဲ့ သိပါတယ်"

ဒါကတော့ မှန်းတုတ်၊ ရမ်းတုတ်ခြင်းပါပဲ။





တကယ်တော့ နွေဘက်ပဲနေရမယ် မှတ်တာပါ။ ညပါနေရမယ်ဆိုရင် အိမ်ကို ဘယ်လိုပြောရပါ့။ အဖေနဲ့အမေတို့ သဘောတူပါ့မလား။

"အနည်းဆုံး တစ်နှစ်စာချုပ်ပြီး လုပ်ရမှာရော သိရဲ့လား"

"ဗျာ ... အဲ ဟို ... သိ သိပါတယ်"

နွေနှောင်းခါ မျက်နှာမှာ ချွေးတွေပြန်လာပါ၏။ ကိုယ်ကြည့်ရမယ့်လူနာဟာ ဘယ်လောက်ဇီဇာကြောင်လဲ၊ ဘာလဲဆိုတာ ဘာမှ မသိရသေးခင် တစ်နှစ်စာချုပ်ရမှာတော့ မဟာန်။

ဒါပေမဲ့ အလုပ်က ရှားသည်မဟုတ်ပါလား။ စမ်းမှတော့ နိုင်အောင် တင်ရပေတော့မည်။

"အဘိုး ... ဒီကောင်လေးကို သဘောကျရဲ့လား"

မေးချင်တာတွေမေးပြီး ဘေးမှာ ငိုးခဲ့ဖြင့်ထိုင်နေသည့် အဘိုးဘက်သို့ သူက လှည့်မေးလိုက်၏။ နွေနှောင်းခါလည်း အဘိုးကို လှမ်းကြည့်လိုက်သည်။

အသက် (၆၀) ကျော်ခန့်ရှိပြီး ပိန်ပိန်ပါးပါးနှင့် အသားဖြူဖြူ။ ရုပ်ကတော့ ဘာကိုမှ အလိုမကျသည့်ရုပ်နှင့်။ ဥပဓိရုပ်ကချောချော ခန့်ခန့်။ ဒါ သူဌေးကြီးတစ်ဦးပေါ့။ ဘဝရဲ့နေဝင်ချိန်မှာ ဇရာနှင့်ဗျာဓိက နှိပ်စက်လို့ စိတ်သွားတိုင်း ကိုယ်မပါသည့်အခါ လောကကြီးကို စိတ်နာနေလိမ့်မည်။

"မကျလို့ရော ဘယ့်နှယ်လုပ်မလဲ ... စောစောက သူ



www.burmeseclassic.com

www.burmeseclassic.com



ဂျပိုးတွေထက်စာရင် ဒီကောင်လေးက တော်ဦးမှာပေါ့"

အဘိုးဖြေပုံက အောက်ကလိအာ မရှိလို့သုံးရသည့် အဖြစ်။ သို့သော် နွေနှောင်းခါ အဘိုးကို ဘာမှ အပြစ်မပြောလိုပါ။ ဒီလိုပဲ ဖြစ်ရမှာပေါ့။

"အန်တီရော သဘောကျရဲ့လား"

"အင်း ... မဆိုးပါဘူး။ ကောင်လေးက ဖြူစင်ပုံပေါက်တယ်၊ တို့အိမ်နဲ့ သူမှဖြစ်မှာပဲ၊ ဦးလေးလည်း သဘောကျတယ်မဟုတ်လား"

နောက်ဆုံး သူမကိုပဲ အလုပ်ခန့်ကြဖို့ သဘောတူလိုက်ကြ၏။ နွေနှောင်းမှာ ဝမ်းသာရမလို ဝမ်းနည်းရမလို။

ပုံကြည့်ရတာ ဒီအိမ်သားတွေဟာ အားလုံး ခွစာတွေချည်းပဲ။ အင်းလေ ... သူဌေးတွေဆိုတော့ ဒီလောက်တော့ ရှိမှာပေါ့။

စောစောက ကားနှင့်လူကပင် အားလုံးနှင့် မိတ်ဆက်ပေးလေ၏။

"အဘိုးနာမည်က ဦးမင်းထွဋ်၊ ငါ့နာမည်က သန့်မင်းထွဋ်၊ အန်တီက အဘိုးရဲ့တူမဝမ်းကွဲ၊ အိမ်မှာ ငါ့ညီတစ်ယောက်ရှိသေးတယ်၊ ကျောင်းသွားနေလို့ ... ညီမင်းထွဋ်တဲ့"

"ဟုတ်ကဲ့"

"မနက်ဖြန်မနက်ကို စပြီး အလုပ်ဝင်ပါ၊ မင်းရဲ့အဝတ်အစား၊ ဝိုးအဆောင်တွေ ယူခဲ့၊ မင်းတာဝန်က အဘိုးကိုစောင့်ရှောက်ဖို့ပဲ၊





အဘိုးရဲ့ဘေးခန်းမှာ နေရမယ်"

"ဟုတ်ကဲ့ပါ"

"လစာက ကြိုယူမလား၊ လကုန်မှယူမှာလား"

"ဒါ ဆရာတို့သဘောပါ"

သန့်မင်းထွဋ်ကို ဘယ်လိုခေါ်ရမှန်းမသိသဖြင့် သက်ထားချိန် ပြောသည့်အတိုင်း ဆရာလို့ခေါ်လိုက်သည်။ သူက ဘာမှပြန်မပြောချေ။

"ဒါဆို လကုန်မှယူ၊ ဒါပေမဲ့ အသုံးလိုရင် ကြိုတောင်းနိုင်တယ်"

"ဟုတ်ကဲ့ ... ကျေးဇူးတင်ပါတယ် ခင်ဗျာ"

အားလုံးကို ဦးညွတ်နှုတ်ဆက်ခဲ့ပြီး နွေနှောင်းခါ ထိုတိုက်ထဲမှ ပြန်ထွက်ခဲ့သည်။

အလုပ်ရပေမယ့် နွေနှောင်းမပျော်တာ ဘာကြောင့်လဲ၊ သူမတို့အိမ်အတွက်၊ သူ့အစ်မ ဆေးကျောင်းသူနှင့် ပညာရေးတက္ကသိုလ် ကျောင်းသူတို့အတွက် တော်တော်အသုံးဝင်လိမ့်မည်။

သည်လိုတွေးလိုက်တော့လည်း နွေနှောင်းခါ ပီတိဖြစ်ရပါသည်။ သူမ၏အိမ်အပြန် ဘတ်(စ်)ကားပေါ်မှာ ငှက်ကလေးလို ရွှင်မြူးကြွနေခဲ့တာ မိဘများ စိတ်ချမ်းသာမည် ထင်လို့ပါပင်။

❁ ❁ ❁



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

ဝသန်ခါ . . .

ဟေမာန်ခါ . . .

နွေနှောင်းခါ . . . တဲ့။

ညီအစ်မသုံးယောက်ကို မွေးဖွားပေးခဲ့သည့် မိဘနှစ်ပါးမှာ ဦးဘသက်နှင့် ဒေါ်နှင်းနုလွင်။

ဦးဘသက်က ဟိုင်းဝေးကားတစ်စီးကိုမောင်းခဲ့သည့် ဒရိုင်ဘာတစ်ယောက်ဖြစ်ပြီး ဒေါ်နှင်းနုလွင်ကတော့ ဘဏ်မှာ စာရေးမ တစ်ယောက်ပါ။

သူမတို့ငယ်စဉ်ကတော့ အိမ်မှာ ချောင်လည်ခဲ့ကြပါသည်။ မိဘနှစ်ပါး၏ဝင်ငွေနှင့် လောက်င ပို့လျှံခဲ့သဖြင့် ရွှေတိုရွှေစလေးများ





တောင် ရှိခဲ့သည်။

အင်းစိန်လိုနေရာမျိုးမှာ ကိုယ်ပိုင်အိမ်လေးတောင် ပိုင်ဆိုင်ဖူးခဲ့ပါရဲ့။

နောက်တော့ စာတော်လွန်းသည့် အစ်မတွေကိုပင် အပြစ်ဖို့ရမလား။ ကားမောင်းလို့မရနိုင်အောင် မျက်စိဒဏ်ရာရသွားခဲ့သည့် အဖေ့အတွက်ပင် ရင်နာရမည်လားမသိတော့ပါချေ။

အစ်မကြီး ဝသန်ခါ ဆယ်တန်းကို ငါးဘာသာဂုဏ်ထူးနှင့် အောင်ပြီး ဆေးကျောင်းတက်ခွင့်ရခဲ့စဉ်က သူမတို့တစ်အိမ်လုံး ပျော်မဆုံး၊ မော်မဆုံးနိုင်ခဲ့ကြ။

အနာဂတ်ကို မျှော်တွေးပြီး ပျော်ရွှင်ကြည်နူးခဲ့ကြရတာ ယခုတောင် ပြန်မြင်ယောင်မိပါသေးရဲ့။

နောက်တစ်နှစ်မှာ အစ်မလတ် ဟေမာန်ခါ ဂုဏ်ထူးသုံးဘာသာဖြင့် အောင်ပြီး ပညာရေးတက္ကသိုလ်ဝင်ခဲ့တော့လည်း ရှေ့ကံကြမ္မာကို ကြိုမမြင်နိုင်ကြဘဲ သူမတို့ အပျော်ကြီးပျော်ခဲ့ကြပြန်သည်။

အဲသည်တုန်းက နွေနှောင်းခါ အထက်တန်းကျောင်းသူ။ သူမလည်း၊ စာတော်တာပါပဲ။

တက္ကသိုလ်ကျောင်းသူနှစ်ယောက်၏ စရိတ်က ထောင်းလာသည့်အခါ အိမ်မှာရှိသည့် ရွှေတိုရွှေစလေးတွေ အရင်ကုန်၏။

သည်ကြားထဲ ကံကြမ္မာက လက်ကြမ်းကြီးနှင့် ဆုပ်ညှစ်လာသည်က အဖေ မတော်တဆမှုနှင့် မျက်လုံးကို ထိခိုက်မိခြင်းပါပင်။

www.burmeseclassic.com



အဖေ့မျက်လုံးကို ကုရတာရယ်၊ ကားအက်ဆီးဒင့်ကြောင့် အမှုအတွက် ကုန်ကျတာရယ်ကြောင့် အင်းစိန်အိမ်လေးကို ရောင်းချလိုက်ရသည်။

ယခုကျ အဖေက ပုဂ္ဂလိကဆိုင်ကြီးတစ်ခုမှာ ညစောင့်။

ညစောင့်အဖေနှင့် အမေ့ဘဏ်စာရေးမလစာက တကယ့်ဆေးကျောင်းသူနှင့် ပညာရေးတက္ကသိုလ်ကျောင်းသူကြီးနှစ်ယောက်ရဲ့ စရိတ်ကိုတောင် အနိုင်နိုင်။

အရင်းလဲတော့ အဖျား ထင်းဖြစ်တဲ့။ နွေနှောင်းခါမှာ ဆယ်တန်းကိုပင် အနိုင်နိုင်ဖြေခဲ့ရပြီး ယခုကျ ဆယ်တန်းအောင်ခဲ့ပေမယ့် ကြုံရာအလုပ်ကိုလုပ်ကာ အစ်မနှစ်ယောက်၏စရိတ်နှင့် အိမ်စရိတ်ကို တတ်နိုင်သမျှ ဖြည့်ပေးခဲ့သည်။

သူမတို့မိသားစုမှာ ထမင်းကိုပင် မနည်းစားနေရသည့်ဘဝ။

ယခုလို တစ်လတစ်သိန်းရသည့်အလုပ်နှင့်ဆိုလျှင်တော့ အဖေနှင့်အမေတို့ အသက်ရှူချောင်ပေလိမ့်မည်။

နွေနှောင်းခါ အိမ်ပြန်ရောက်တော့ အမေက မီးဖိုထဲမှာ ထမင်းချက်ဖို့ ပြင်ဆင်နေပြီ။ အဖေကတော့ အလုပ်သွားဖို့ အချိန်မကျသေးသည်မို့ ပက်လက်ကုလားထိုင်လေးမှာ ခြေပစ်လက်ပစ် ထိုင်နေခဲ့သည်။

သူမတို့နေရတာ ရွှေပြည်သာရဲ့ ကွက်သစ်လေးတစ်ခုမှာ။ အိမ်ရောင်းခဲ့စဉ်က ဒီအိမ်လေးကို ကုတ်ကတ်ဝယ်ခဲ့သဖြင့် နေစရာလေး ရှိနေရခြင်းပါပေ။





မြို့ထဲသွားသည့်အခါမှာတော့ ကားနှစ်ဆင့်စီးရပြီး ခရီးဖင့်တာပေါ့။ သို့သော် မတတ်နိုင်။

နွေနှောင်းခါ မိဘနှစ်ပါးကို ခပ်ငေးငေးကြည့်နေမိသည်။ အဖေရော အမေရော လောကဓံ၏ ခပ်စပ်စပ်ရိုက်ပုတ်ချက်ကို ခံစားနေရသည့်အသွင်။

တစ်ယောက်နှင့်တစ်ယောက် စကားတွေမဆိုဘဲ ခပ်ငူငူ။ ဆိုင်ဝန်ကို ထမ်းထားရသဖြင့် ခါးချည့်နေသည့်အသွင်လေးများမှာ သနားစရာ။

နွေနှောင်းခါ အိမ်ပေါ်သို့ ဖျတ်ခနဲ ခုန်တက်လိုက်တော့ သစ်သားအိမ်လေးက သိမ့်ခနဲ ခါသွား၏။

“ဖြည်းဖြည်းတက်ပါ သမီးရယ်၊ ဒီမှာ အမေတို့ စိတ်ညစ်နေတဲ့ကြားထဲ”

“ဘာတွေစိတ်ညစ်နေတာလဲ အမေရဲ့၊ ပြော . . . သမီး ဖြေရှင်းပေးမယ်”

အမေက နွေနှောင်းကို မျက်စောင်းလေးထိုးပြီး ခပ်ယဲ့ယဲ့ အပြုံးနှင့် . . .

“လေဒို့။ နင့်အစ်မပေါ့ဟယ် . . . ဆေးကျောင်းသားတွေစုပြီး ပုဂံကို သွားရမယ်ဆိုလား၊ ကွင်းဆင်းလေ့လာရမယ်ဆိုလား၊ အဲဒါ စရိတ် ငါးသောင်းတောင်းလို့”

“မသွားလို့ မဖြစ်ဘူးလား အမေရဲ့၊ ဒါ အပျော်သွားကြတာ



www.burmeseclassic.com

www.burmeseclassic.com



ဆိုရင် မမကြီး သိတတ်ဖို့ကောင်းတယ်၊ ကိုယ့်အိမ်အခြေအနေနဲ့ မဖြစ်မနေ စရိတ်တွေပဲ ပေးနိုင်မှာပေါ့၊ ကျောင်းစရိတ်တို့ စာအုပ်ဖိုးတို့ တောင် မနည်းရှာပေးနေရတာ''

''မသွားလို့ မဖြစ်ဘူးတဲ့ကွယ် . . . လေ့လာရေးတဲ့လေ၊ ဟုတ် မဟုတ်တော့ အမေလည်းမသိဘူး''

သည်စဉ် ဝသန်ခါ အိမ်ပေါ်သို့ရောက်လာပြီး သူမတို့သား အမိကို ရန်တွေ့လေသည်။

''အမေတို့ . . . သမီးအတင်းတွေ ဘာပြောနေတာလဲ၊ တ ကောင်မလေးလည်း ကြပ်ကြပ်သတိထား၊ နင်ရှာပေးနိုင်တာလေ နှစ်ပြားတစ်ပဲနဲ့ အကြီးတွေကို လာပြီး ဆရာကြီးမလုပ်နဲ့''

အမေ့ခမျာ ပျာပျာသလဲ။ သမီးတွေ ငြိငြင်မှာတော့ အ တကယ်စိုးရိမ်သည်။

''မဟုတ်ပါဘူး သမီးရယ် . . . အိမ်မှာက အရမ်းကျပ် တော့ သမီးသိတဲ့အတိုင်း ငွေမလွယ်လို့ ပြောမိပြောရာတွေ ပြောနေ တာပါကွယ်၊ စိတ်မဆိုးပါနဲ့''

''ဒါတော့ အရိပ်လိုချင် နေပူက စောင့်ရတာပဲ၊ အမေ နည်းနည်းတော့ သည်းခံကြပေါ့၊ သမီး ဆရာဝန်ဖြစ်ရင် အမေ အမေတို့, ညီမလေးတို့ မိမ်နဲ့ထိုင်စားရုံပဲလေ၊ အပင်စိုက်တဲ့အချိန် ပေါ့ အဆင်းရဲခံကြရမှာပေါ့''

''အေးပါသမီးရယ် အေးပါ . . . အမေ မနက်ဖြန်ကျ တ





ကနေ တိတ်တိတ် ငွေငါးသောင်းလောက် လှည့်ခဲ့ပါ့မယ်''

အမေ ဝသန်ခါကို ကတိတွေပေးနေလျှင် ယခုမှ အိမ်ပေါ်သို့ တက်လာသည့် ပေမာန်ခါ အလန့်တကြားနှင့် တားမြစ်လိုက်သည်။

''ဟာ အမေ . . . အဲသလို ရမ်းမလုပ်ပါနဲ့၊ တော်ကြာ စာရင်း တွေစစ်တော့ ပေါ်ကုန်ရင် သိက္ခာလည်းကျ၊ အလုပ်လည်းပြုတ် ဖြစ်ကုန်လိမ့်မယ်၊ အဲဒီကျမှ ဒုက္ခတွေ အလုံးလိုက်အရင်းလိုက် တက် ကုန်မှာ''

အလုပ်ဖြစ်တော့မည့်ဆဲဆဲ ပေမာန်ခါ ဝင်တားလိုက်သဖြင့် ဝသန်ခါ စိတ်ဆိုးသွား၏။

''နင်က ဘာဆရာကြီးလုပ်တာလဲ၊ ဆရာမအစုတ်ပလုတ်က များ၊ သူများတွေလည်း ဒီလိုပဲ လည်သလိုလုပ်စားနေကြတာပဲ၊ ဖိုးသူငယ်ချင်းရဲ့အဖေဆို ဘဏ်မှာ မန်နေဂျာလေ၊ အပြင်မှာ ငွေတိုး ပေးစားတာ သူဌေးကြီးကိုဖြစ်လို့၊ အမေသာ ရိုးလို့ မကြီးပွားတာ''

ဝသန်ခါ ပေမာန့်ကို ရမ်းနေလျှင် အဖေ မနေသာတော့ချေ၊ တက်လက်ကုလားထိုင်ပေါ်မှ လှမ်းပြီး ဖြန်ဖြေသွေးနွေးရလေသည်။

''သမီး ဝသန် . . . ကိုယ့်အမေကို အဲဒီလို မပြောနဲ့လေ၊ ဖြည်သူ့ဘဏ္ဍာကို ကိုယ့်ပစ္စည်းလို အလွဲသုံးစားလုပ်ရင် တစ်နေ့ကျ ဒုက္ခရောက်ကြမှာပေါ့''

''ဖို အဖေကလည်း . . . ဒါကတော့ လည်သလို ကြည့်လုပ် ငွေတွေ သိန်းပေါင်း ထောင်ချီသောင်းချီပြီး လည်ပတ်နေတာပဲ



www.burmeseclassic.com

www.burmeseclassic.com



ခဏယူသုံး၊ လှည့်သုံးလို့ ရပါတယ်''

''တော် တော် . . . ဒီအလုပ်တော့ ငါ အားမပေးဘူး၊ နှင်းနု . . . တစ်သက်လုံးက ထိန်းသိမ်းလာတဲ့ ကိုယ်ကျင့်တရားကိုတော့ မဖျက်ဆီးနဲ့နော်၊ ငါ ဒါပဲပြောမယ်''

သည်အခါ ဝသန့်မျက်စောင်းက ဖခင်ဖက်သို့ ဒိုင်းခနဲ။

''အဖေက ဘာတွေ ရှာပေးနိုင်လို့လဲ၊ ကိုယ်မရှာနိုင်လည်း အေးအေးနေ၊ အမေ့မှာ ဦးနှောက်ရှိတယ်၊ သူ့ဘာသာ ချင့်ချိန်လုပ်လိမ့်မယ်''

ကိုယ့်အဖေကိုထိတော့ နွေနှောင်း မခံနိုင်။ အဖေဟာ မိသားစုကို တင့်တောင့်တင့်တယ် ထားခဲ့ပြီးပါပြီ၊ ယခုလည်း သူ တတ်နိုင်သလောက် ကူညီပံ့ပိုးနေတာပဲ။ မကြီးဟာ တစ်ကိုယ်ကောင်းဆန်ပြီး အတ္တကြီးလွန်းသည်။

''မကြီး . . . စကားပြောတာကြည့်ပြောပါ။ အဖေ့ကို အပြစ်မတင်နဲ့၊ မရိုင်းနဲ့၊ အဖေက မျက်စိမကောင်းတာတောင် သူတတ်နိုင်သလောက် လုပ်ကျွေးနေတာပဲ''

''အောင်မာ . . . နင်ကများ အသံကောင်းဝင်ဟစ်လို့၊ သူများအဖေတွေဆို သားသမီးကို တိုက်နဲ့ကားနဲ့ ထားကြတာ၊ ငါတို့သာ အဖေ့သမီးလာဖြစ်လို့ ဒီလောက်ဆင်းရဲနေတာ၊ အဝတ်လည်း လူချင်းတူအောင် မဝတ်ရ၊ အစားလည်း လူချင်းတူအောင် မစားရ၊ ကျောင်းတက်ရတော့လည်း မျက်နှာငယ်လိုက်ရတာ၊ ဆေးကျောင်းသူထဲမှာ





ငါ အဆင်းရဲဆုံးပဲ . . . အီး ဟီး''

ပြောရင်းမှ ဝသန့်ခါ ငိုချလိုက်လျှင် အားလုံးပင် သူ့ကို စိတ်မဆိုးနိုင်တော့တဲ့ စိတ်မကောင်းဖြစ်ကုန်ကြရသည်။ သူ့ခံစားချက်က မှားနေပေမယ့် အမှန်ရောက်အောင် ဖျောင်းဖျရ၊ နားချရဦးမည်။ နောက်မှပေါ့။

အမေက သူ့သမီးကြီးကို အားကိုးချစ်ခင်သူပီပီ ဝသန့်ခါကို ရင်ခွင်ထဲ ပွေ့ပြီး ချော့မော့၏။

''တိတ်ပါသမီးရယ် . . . အဖေကြီးလည်း ကိုယ့်သမီးတွေကို ဝတ်စေချင်, စားစေချင်တာပေါ့ကွယ်၊ ဘဝချင်းမတူ, အခြေအနေချင်း မတူတာကို တန်းညှိပြီး မတောင်းဆိုပါနဲ့နော်၊ နောက် သမီး ဆရာဝန်ဖြစ်တော့မှ ကြိုက်သလောက်ဝတ်, ကြိုက်သလောက်စားနော်၊ ကဲ တဲ . . . သမီး ပုဂံလိုက်ဖို့ အမေ ငွေငါးသောင်း ဖြစ်တဲ့နည်းနဲ့ ရှာခဲ့ပါ့မယ်ကွယ် . . . စိတ်ချ''

အိမ်တွင် မုန်တိုင်းငြိမ်သက်သွားချိန်တွင် နွေနှောင်းက ထမင်းချက်နေပြီး ပေမာန်က ခြံထဲရှိ ဘူးစင်မှဘူးညွန့်များကို ဆင်းခူးနေ၏။ နောက် ဘူးညွန့်ကြော်ဖို့ အရွက်များကို သင်နေလိုက်သည်။

ယခုညစာအတွက် ထမင်းနှင့် ဘူးညွန့်ကြော်။ အစ်မများက တစ်ပတ်တစ်ခါသာ အိမ်ပြန်လာနိုင်ကြပြီး ကျန်ရက်များက အဆောင်မှာ နေရသည်။

ပြန်လာသည့်ရက်များမှာ ဟင်းကောင်းတွေကျွေးချင်ပေမယ့်



www.burmeseclassic.com

အဖေနဲ့အမေမျာ ဘယ်လိုမှ မတတ်နိုင်။ နှစ်ယောက်လစာက သမီး နှစ်ယောက် ကျောင်းစရိတ်အတွက်တောင် မလောက်။ ကြွေးက အမြဲတင်နေမြဲ။

နွေနှောင်း ရှာဖွေတာကလည်း မိဘနှစ်ပါးနှင့် သူမရဲ့ စား စရိတ်တောင်မလောက်။

နွေနှောင်းမှာ ကိုယ် အလုပ်ရခဲ့တာလေးတောင် ဘယ်လို ဖွင့်ပြောရမှန်းမသိ။ အစ်မတွေက ပစ်ပစ်တွေများပြီး ကန့်ကွက်မှာ လည်း စိုးသည်။ သူမ အလုပ်ရခဲ့တာကလည်း နည်းနည်းတော့ ကလိမ်ကကျစ်ပါသည်လေ။

ပြောတာတော့ ပြောရမည်။ အဘယ်ကြောင့်မဆို သူမရဲ့ အလုပ်က လူနာအိမ်မှာ သွားပြီးနေရမည့်အလုပ် မဟုတ်ပါလား။

ထမင်းစားပြီးတော့ အဖေက ထုံးစံအတိုင်း ညစောင့်အလုပ် သို့သွားပြီး အမေက ညှော်ခန်းမှာ သိုးမွေးထိုးနေသည်။ အငှားထိုး ရတာပေါ့။ အဖေနှင့်အမေ အလုပ်တွေ ဖယ်ဆက်အောင်လုပ်တာ တောင် သမီးနှစ်ယောက်အတွက် စရိတ်က မလောက်ငေ။ သူမလည်း ငွေရှာရတာပါပဲ။

နွေနှောင်းခါ အမေ့နားမှာ ကပ်ထိုင်ပြီး အစ်မနှစ်ယောက်ကို မျက်လုံးဝေ့လိုက်၏။

သူတို့နှစ်ယောက်က အခန်းထဲမှာ စာကျက်နေကြပေသည်။

"အမေ . . . အမေ့ကို သမီးပြောစရာရှိလို့"





"ဘာများလဲ သမီးရဲ့"

"သမီး အလုပ်ကောင်းကောင်းတစ်ခု ရလာခဲ့တယ်၊ လစာ က တစ်လတစ်သိန်း။ စရိတ်ငြိမ်း"

"ဟင် . . . ဘာ ဘယ်လို"

အမေ့အသွင်က အလန့်လန့် အဖျပ်ဖျပ်။ ကိုယ့်သမီးငယ်လေး မဟုတ်တာလုပ်တော့မည့်ပုံစံ။

"ဟာ အမေကလည်း . . . သမီးအလုပ်က သမ္မာအာဇီဝ အလုပ်ပါ အမေရဲ့၊ လူနာစောင့်လုပ်ရမှာ၊ သူနာပြုအကူလုပ်ရမှာ"

"သမီးရယ် . . . နင်လည်းမလုပ်တတ်ဘဲနဲ့၊ စတန့်မထွင် စမ်းပါနဲ့၊ နေစမ်းပါဦး . . . ငါ့ကို သေသေချာချာ ပြောပြပါဦး"

"အမေက အလန့်တကြားဖြစ်နေတာကို။ သမီးပြောတာ ဆုံးအောင်နားထောင်ပါဦး။ ပြီးမှ အမေ ဝေဖန်ချက်ပေး၊ ဒါပေမဲ့ သမီး ဒီအလုပ်ကို မနည်းရအောင် ယူထားရတာနော်"

နွေလယ်က တွေ့ခဲ့ရသည့်၊ လျှောက်ခဲ့ရသည့် အလုပ် အကြောင်းကို နွေနှောင်းခါ အမေ့ကို သေသေချာချာ ပြောပြလိုက်ပါ သည်။

အဲ . . ယောက်ျားလေးယောင်ဆောင်ထားရသည့်အကြောင်း တော့ မပါ။ အမေ ဖျက်မှာစိုးလို့ပါ။ ဒါတောင် အမေ့အသွင်က မျက်မှုန်ဆန်ပြာ။

"ဘာ . . . အဲဒီအိမ်ကိုသွားနေရမယ် . . . ဟုတ်လား။ သမီး



www.burmeseclassic.com

www.burmeseclassic.com



ရယ် သူများအိမ်မှာနေရတာ အမေ့သမီးငယ်ငယ်လေး စိတ်မချပါဘူး တော်၊ အခုအလုပ်ပဲ ကောင်းပါတယ်၊ အိမ်နဲ့လည်း နီးတယ်၊ မနက်သွား ညနေပြန်ဆို တော်သေးတာပေါ့''

''ဟာ အမေကလည်း ... သူများအိမ်ဆိုပေမယ့် အဲဒီအိမ်မှာ မိန်းမတွေရှိပါတယ်၊ ထမင်းချက်တဲ့ အဒေါ်ကြီးတွေလည်း ရှိတယ် လူနာအဘိုးရဲ့တူမလည်း ရှိတယ်''

''ယောကျ်ားတွေလည်း ရှိတယ်မဟုတ်လား၊ လူငယ်တွေ''

''ခြော် အမေရယ် ... သူတို့ပုံစံက ယဉ်ယဉ်ကျေးကျေးတွေ ပါ၊ သမီးလည်း နေတတ် စားတတ်ပါတယ်၊ ဒီလိုသာ တွေးပူနေရ ဘယ်လိုလုပ်ပါ့မလဲ အမေရယ်၊ သမီးမှာ သက်ထားချိန်အကူအညီ အလုပ်ကို မနည်းလျှောက်ထားရတာ၊ မနက်ဖြန် အလုပ်ဝင်ရမယ် အမေ၊ အဖေနဲ့အမေကို စိတ်တော့မချဘူး၊ ဒါပေမဲ့ အိမ်မှာ စားစရိ လည်း တစ်ယောက်စာသက်သာသွားမှာ၊ အမေ့မှာ အကြွေးတွေလည် ရှိတော့ ခြောက်လစာလောက် ကြိုတောင်းခဲ့မယ်နော်''

နောက်ဆုံး စိတ်မချလက်မချနှင့်ပင် ခေါင်းနှလွင်မှာ ခွင့်ပြု ရတော့မလို၊ အမေ့အသွင်က ရင်ဘတ်စည်တီးနှင့် မျက်ရည်လည်

''ငါ့သမီးလေးကျမှ အမေတို့ တာဝန်မကျေဘူး၊ ဆယ်တ လည်း ကျူရှင်မပေးနိုင်၊ ဘာမပေးနိုင်နဲ့ အဖြစ်ပဲ မနည်းဖြေခဲ့ရတာ ဒါတောင် ဂုဏ်ထူးနှစ်ဘာသာပါခဲ့သေးတယ်၊ သမီးရယ် အမေ မျက်နှာလိုက်ရာ ကျနေပြီလားကွယ်''





တိုးလက်စ သိုးမွေးချည်လုံးကို ချထားပြီး အမေ မျက်ရည် သုတ်နေတော့ နွေနှောင်းခါ အမေ့ကိုဖက်ပြီး ချော့မော့ရသည်။

''မထင်ပါဘူး အမေရယ်၊ မမတို့ကျောင်းထားဖြစ်တာလည်း အစကတော့ အခြေအနေကောင်းနေတာကိုး၊ အဖေသာ အက်ဆီးဒင့် မဖြစ်ခဲ့ရင် သမီးလည်း ကျောင်းဆက်တက်ရမှာပေါ့၊ သမီး နားလည် ပါတယ် အမေရယ်၊ ကျောင်းထားလက်စဖြစ်တဲ့ မမတို့နှစ်ယောက် အဆင်ပြေအောင်ပဲ သမီးတို့ ဝိုင်းဝန်းကြရမှာပေါ့၊ သူတို့အလုပ်တွေ ရရင် သမီးတို့မိသားစု အသက်ရှူပေါက်ရသွားမှာပါ''

''အေးကွယ် ... သမီးငယ်လေးကို ခိုင်းစားရတာ အမေ နည်းနည်းမှ စိတ်မချမ်းသာဘူး၊ မိသားစုအတွက် ငါ့သမီးလေး အနစ် နာခံရရှာတယ်၊ စေတနာကောင်း၊ စိတ်ကောင်းထားတဲ့ ငါ့သမီးလေး တူသောအကျိုးပေးပါစေ၊ သူတော်ကောင်းများနဲ့ တွေ့ပါစေ၊ သမ္မာ ဒေဝ နတ်မြတ်နတ်ကောင်းများ မ,စပါစေ''

လက်အုပ်ချီမိုးပြီး ရှိခိုးတိုင်တည်နေသည့် အမေ့ကိုကြည့်ရင်း နွေနှောင်းခါ ဒီအလုပ်ကို အဆင်ပြေအောင် လုပ်သွားဖို့ပဲ စိတ်ကို ပိုင်းဖြတ်ရသည်။

သက်ထားချိန်ရေ ... နင့်ကို ကျေးဇူးတင်ပါတယ်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

ကိုယ်က ယောက်ျားလေးအသွင်နှင့်သွားရသည်မို့ သက်ထား ရှိန် ခိုးပေးထားသည့် သူ့အစ်ကိုရဲ့အဝတ်ဟောင်းလေး နှစ်စုံ။ ခါးမှာ ဝတ်ထားသည့် မနေ့က ဝတ်စုံကတော့ အသစ်နီးပါး ကောင်းပါသည်။

ကျောပိုးအိတ်သေးသေးလေးကိုလွယ်ပြီး ဘတ်(စ်)ကား နှစ်ဆင့်စီးမှ နွေနှောင်းခါ အင်းယားလမ်းသို့ ရောက်သည်။ မနက် အစောကြီးထလာခဲ့သည်မို့ သူမ ခြံရှေ့ရောက်တော့ နံနက် (၇) နာရီ။

လူခေါ်ဘဲလ်ကိုနှိပ်လိုက်လျှင် တံခါးအလိုလို ပွင့်သွားပြီး အိမ်ပေါက်ဝမှ ရီမုခ်ကိုင်ထားသည့် ဦးသန့်မင်းထွဋ်ကို တွေ့လိုက်ရသည်။

သူ့မျှော်တွေ့မှုထင့် ... အရယ်အပြုံး နည်းသည်။ သူ့ရုပ်က





ခပ်တည်တည်။

"လာ ... မင်းနေရမယ့်အခန်းကို ပြမယ်"

"ဟုတ်ကဲ့"

ကျောပိုးအိတ်လေးနှင့် နွေနှောင်းခါ ... သူ့နောက်သို့ လိုက်သွားရသည်။ အပေါ်ထပ်သို့တက်သည့် ကျွန်းလှေကားကြီးက ဖိတ်ဖိတ်တောက်ပြီး လှပနေလျှင် နွေနှောင်းခါ အံ့ဩရသည်။ ခြော် ... သူတို့တွေကျတော့လည်း ချမ်းသာလိုက်တာ။ တစ်အိမ်လုံးကို ဖိတ်ဖိတ်တောက်နေတာပဲ။

"မင်းကို ဥပမိရုပ်ကြောင့် ခန့်လိုက်တာ"

"ဗျာ"

သန့်မင်းထွဋ်၏စကားကြောင့် အတွေးလွန်နေသည့် နွေနှောင်းခါ လန့်သွားရသည်။ သူက မျက်မှောင်ကြုတ်လျက် ...

"အိမ်မှာအလုပ်လုပ်တဲ့လူတွေအားလုံးဟာ ရိုးသားရမယ်၊ ဥပမိရုပ်လည်း ကောင်းရမယ်လေ၊ အမိက,ကတော့ အဘိုးနှစ်သက်ဖို့ပဲ၊ အဘိုးက ဇီဇာကြောင်တယ်၊ မင်းတာဝန်က အဘိုးရဲ့ဝေယျာဝစ္စအားလုံးကို လုပ်ပေးဖို့ပဲ၊ သန့်ရှင်းရေး၊ ခေးတိုက်တာ ဘာညာအကုန်ပေါ့"

"ဗျာ"

ဘာညာဆိုတာ ဘာလဲ။ အဘိုးဟာ ဆီးဝမ်းကိစ္စရော သူ့ဘာသူ သုတ်သင်နိုင်ရဲ့လား။ နွေနှောင်းခါ ချွေးပြန်သွားဖြီ။ ကိုယ်ဘာ

www.burmeseclassic.com



မိန်းကလေးမို့ ယောက်ျားကြီးတစ်ယောက်ရဲ့ ဆီး၊ ဝမ်းကိစ္စထိ လုပ်ပေးရမှာကို ရှုံ့တာထက် ရှက်တာ၊ မရဲတာက ပိုဆိုးလိမ့်မည်။

"ဟာ . . . ဒီကောင် ဘာဖြစ်နေတာလဲ၊ မင်း သူနာပြုအကူသင်တန်းဆင်းထားတယ်ဆို၊ လူနာကို မပြုစုတတ်ဘူးလား"

အလုပ်ပြုတ်မှာစိုးတာနှင့် နွေနှောင်းခါ သွားလေးအကျဲသား။

"ပြု ပြုစုတတ်ပါတယ်၊ ရတယ် ရတယ် . . . အကုန်ရတယ်"

ကျွဲဖြစ်မှတော့ ရွှံ့ကြောက်နေလို့မရတော့ပါ။ လာမယ့်ဘေးပြေးတွေ့ရုံပေါ့။

"ဒါ အဘိုးရဲ့အခန်းပဲ၊ ဒီအခန်းရဲ့ ခြေရင်းကအခန်းမှာ မင်း နေရမယ်၊ အဘိုးရောဂါရော သိရဲ့လား"

"မသိပါဘူး ခင်ဗျာ"

"ဖျားရာကနေ အာရုံကြောတွေ အားနည်းသွားတာ၊ လက်တွေက ဒီလောက်မဆိုးဘူး။ ခြေထောက်တွေက တုန်ယင်နေတယ်၊ ချည့်နဲ့သွားတာမျိုးတော့ မဟုတ်ဘူး၊ ဒါပေမဲ့ လမ်းလျှောက်ရင် လူတွဲရတယ်၊ ဒါကြောင့် ဗိုးချဲနဲ့ပဲ နေတော့တယ်၊ ငါအားတဲ့တစ်နေ့မှာတော့ အဘိုးကို ကမ်းခြေတွေ့ဘာတွေ လိုက်ပို့မယ်၊ ဆရာဝန်နဲ့လည်း တစ်ပတ်တစ်ခါ တွေ့ပြီး စစ်ဆေးကုသတယ်"

"ဗြော်"

သူမ အဘိုးအတွက် တကယ်ပင် စိတ်မကောင်းပါ။ ရှော့ပေါ်မှာစံနေပြီး မကျန်းမာတော့လည်း စိတ်ဆင်းရဲရတာပဲလေ။ ဒ





ကြောင့် ကျန်းမာခြင်းဟာ လာဘ်တစ်ပါးလို့ ဆိုကြပေတာကိုး။

"ရေစိမ်ပေးရင် အကြောအခြင်တွေ ပြန်သန်လာမယ်ဆိုလို့ တစ်ပတ်ကို တစ်ကြိမ် နှစ်ကြိမ်တော့ ရေကူးကန်မှာ စိမ်ပေးရတယ်"

"ဗျာ"

နွေနှောင်းခါ လန့်ဖြန့်ပါပြီ။ သူမအတွက် ဒုက္ခတွေ မနည်းပါလား။ မတော်တဆ အဘိုးကိုရေစိမ်ပေးရင်း သူမပါ ရေထဲပြုတ်ကျသွားရင် အကုန်ပေါ်ကုန်မှာပဲ . . . ဒုက္ခ ဒုက္ခ။

"မင်းက ဘာတွေ သွေးလန့်နေတာလဲ . . . တဗျာဗျာနဲ့တဲ . . . မင်း အခန်းထဲမှာ ပစ္စည်းတွေထား၊ ပြီးရင် အဘိုးအခန်းထဲဝင်၊ စတင်တာဝန်ထမ်းဆောင်ပေတော့၊ ငါလည်း ကုမ္ပဏီသွားရဦးမယ်'

သန့်မင်းထွဋ် သူမကိုထားခဲ့ပြီး သူ့အခန်းသို့သွားမည်ပြင်လျှင် နွေနှောင်းခါ ကိုယ်သိချင်တာလေးကို အမြန်မေးလိုက်ရပါ၏။

"ဟို . . . ကျွန်တော် ကျွန်တော်ရဲ့ စားရေးသောက်ရေး၊ အဘိုးကို ဘယ်အချိန် ဘာတွေကျွေးရ . . ."

"မပူနဲ့ . . . ဒေါ်လုံး သူ့အချိန်နဲ့သူ လာပို့လိမ့်မယ်၊ မင်းအတွက်ရော အဘိုးအတွက်ပါ"

"ဗြော် . . . ဟုတ်ကဲ့ပါ ခင်ဗျာ၊ အဲ ဆရာ . . . ကျွန်တော်"

"ဟာ . . . မင်း တော်တော် စကားများပါလား။ စကားများတာ ငါမကြိုက်ဘူးနော်"

နွေနှောင်းခါ ပါးစပ်ပိတ်လိုက်ရပါ၏။ သူမ မေးချင်တာ



www.burmeseclassic.com

www.burmeseclassic.com



အားလပ်ရက်အကြောင်းပါ။ တစ်ပတ်တစ်ခါ အိမ်ပြန်ခွင့်ပေးမှာလား။ တစ်လမှတစ်ခါ အိမ်ပြန်ခွင့်ပေးမှာလားဆိုတာ သိချင်လို့ပါ။

အေးလေ . . . ဒါကလည်း ခုပဲ အလုပ်ဝင်တယ်၊ ပြန်ဖို့မေးလို့ မဖြစ်သေးပါဘူးလေ။

နေရာမှာပင် နွေနှောင်းခါ တိတ်တိတ်လေး ရပ်ကျန်ခဲ့ရပါသည်။

## အခန်း (၄)

"အဘိုး . . . ကျွန်တော်ရောက်ပါပြီ၊ မျက်နှာသစ်ရအောင်"

အိပ်ရာထက်မှာ ခြေဆင်းထိုင်နေပြီဖြစ်သည့် အဘိုးက နွေနှောင်းခါကို မျက်မှောင်ကြုတ်ပြီး ကြည့်နေ၏။

"ရတယ် . . . ငါ့ကို သန့်စင်ခန်းပဲ တွဲပို့"

"ဟို . . . အဘိုး လဲပြုနေပါဦးမယ်"

"လျှာရှည်တယ်ကွာ၊ ဘာလဲ . . . ငါ့ကို ခုကွဲတ ဂိလာနုကြီးများ မှတ်နေသလား။ ပို့ဆို ပို့ . . . ငါ့ကို အတွန့်တက်တာ မကြိုက်ဘူး"

"ဟုတ် ဟုတ်ကဲ့ပါ အဘိုး"

သူပြောသည့်အတိုင်း နွေနှောင်းခါ အဘိုးကိုတွဲပြီး သန့်စင်ခန်းသို့ ပို့ရသည်။ သူမ အထဲမှာဝင်ပြီး ကူညီဖို့စောင့်နေတော့ . . .

www.burmeseclassic.com

www.burmeseclassic.com



"သွားလေ ... မင်း အပြင်ကပဲ စောင့်၊ ဗိုက်ဘာသာ ကိုယ် လက်သုတ်သင်မယ်၊ ရေလည်းချိုးမယ်"

"ဟာ အဘိုး ... ကျွန်တော် အေးကာကူပါရစေ၊ အဘိုး လဲပြိုနေရင် ဘယ့်နှယ်လုပ်မလဲ"

"ရတယ် ... ထွက်၊ ပြီးမှ ငါခေါ်လိုက်မယ်"

နွေနှောင်းခါ အကျုပ်ရိုက်နေရသည်။ တစ်ခုခုဖြစ်လျှင် သူမ လည်း အလုပ်ပြုတ်မည်။ နောက် မကျန်းမာသည့်အဘိုးလည်း ဒုက္ခိတ ထပ်ဖြစ်ရဦးမည်။ သူမ စိတ်ကိုတင်းရပါ၏။

"အဘိုးရယ် ကျွန်တော့်တာဝန်က အဘိုးအဆင်ပြေအောင် ကူညီဖို့ပါ၊ ကျွန်တော့်ကို အားမနာပါနဲ့ ခင်ဗျာ၊ ကျွန်တော် အဘိုးကို ကူညီပါရစေ"

မျက်နှာငယ်လေးနှင့် တောင်းပန်နေသည့် နွေနှောင်းခါကို အဘိုးအော်ထုတ်လိုက်၏။

"သွားဆို သွားကွာ၊ ဗိုက်ဘာသာ တစ်ယောက်တည်း ချိုးမယ်၊ မျက်နှာသစ်မယ်ဆိုမှ"

"အဘိုးရယ် ... ဘာရှက်စရာလိုလဲဗျာ၊ ယောကျ်ားချင်းပဲ"

နွေနှောင်း အတင်းပင် တွယ်ကပ်ကာ အဘိုးကို အကျီတွေ ချွတ်ပေးပြီး ရေချိုးဖို့ မျက်နှာသစ်ဖို့တွေ လုပ်ပေးနေလျှင် ဦးမင်းထွဋ် ဘာမှမပြောတော့ပါ။

တကယ်က သူ ဒီကောင်လေး စိတ်ဘယ်လောက်ရှည်သလဲ





စေတနာ ဘယ်လောက်ထားနိုင်မလဲ စမ်းသပ်လိုက်ခြင်းပါပေ။ ယခု တော့ သူအော်ထုတ်နေသည့်ကြားမှပင် မျက်နှာငယ်လေးနှင့် လုပ်ကိုင် ပေးနေလေတော့ရာ ဦးမင်းထွဋ် သူကလေးကို အမှတ်တွေ ပေးနေ မိသည်။

ဆောင်းဝင်ပြီမို့ အအေးဓာတ်ကလည်း နည်းနည်းရှိရာ သူ ကလေးက ကိုယ့်ကို အမြန်ဆုံးပင် လုပ်ကိုင်ပေးနေပါ၏။

"အဘိုး တော်လောက်ပြီ ... အေးတယ်"

မျက်နှာသုတ်စောင်ကြီး ခြုံပေးပြီး အဘိုးကို ရေချိုးခန်းထဲမှ ထုတ်လာခဲ့၏။ နောက် အဝတ်များကို အမြန်ဆုံးလဲဖယ်ပေးလိုက် သည်။

သည်စဉ် ဒေါ်လုံး လက်ဖက်ရည်တစ်ကရားနှင့် မုန့်များကို ဗန်းလေးနှင့် ယူဆောင်ကာ ရောက်လာခဲ့၏။ အချိန်ကြည့်လိုက်တော့ နံနက် ၈ နာရီ။ သည်အချိန်ဟာ နံနက်စာစားချိန် ထင်ပါရဲ့။

"ထားခဲ့ပြီနော် သူငယ်လေး"

"ဟုတ်ကဲ့ပါ ဒေါ်ဒေါ်လုံး"

"အောင်မယ်လေး ... ဒေါ်လုံးကို ဒေါ်လုံးပဲခေါ်ပါ၊ ဒေါ်ဒေါ် လုံး ဆိုတော့ နားထဲမှာ ကန့်လန့်ကြီး"

ဒေါ်လုံးအသွင်က အသက်လေးဆယ်ခန့်ရှိပြီး ဖြူဖြူလုံးလုံး ပါပဲ။ သဘောကောင်းပြီး ပျော်တတ်ပုံရလေသည်။

"တယ်နှယ်လဲ ... ဆရာကြီးနဲ့ အဆင်ပြေရဲ့လား"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်လုံး တီးတိုးမေးတော့ နွေနှောင်းခါ တီးတိုးပြန်ဖြေရသည်။

"ဟုတ်ကဲ့ ပြေပါတယ်"

"ဆရာကြီးက သဘောကောင်းပါတယ်၊ သဘောမကောင်းတာ မမကြီးပဲ"

"ဘယ်သူ"

"ဆရာကြီးရဲ့တူမ ဒေါ်စိမ်းလှဲ့လှဲ့လေ၊ သိပ်ဆရာလုပ်တာ၊ အခု သူ မနက်အစောကြီး ဘုရားသွားနေလို့ နားသက်သာတာမှတ်"

ပြောပြီး ဒေါ်လုံး ထွက်ခွာသွားလေရာ နွေနှောင်းခါ အဘိုးအတွက် လက်ဖက်ရည်ဖွဲ့ပေးပြီး ခုတင်ဘေးမှ စားပွဲပေါ်မှာ ပြင်ဆင်ပေးလေသည်။ ပြီးတော့ အဘိုးကို စိတ်ရှည်စွာ ပြုစုလုပ်ကိုင်ပေးလေ၏။

"မင်းလည်းစားလေ နွေနှောင်း"

"အဘိုးပြီးမှ ကျွန်တော် စားပါ့မယ်"

"လာစမ်းပါ ... အတူစားရတော့ ပိုပြီးစားလို့ကောင်းတာပေါ့ ငါ့မှာ လူမမာဖြစ်ကတည်းက တစ်ယောက်တည်း စားရ,နေရတာ ... လူ့ဘဝကြီးကို ငြီးငွေ့လှပါပြီ"

"ဟာ အဘိုးရယ် ... ဒီလောက်ပြည့်စုံနေတဲ့ဘဝမှာ နေရတာ ပျော်စရာကြီးပါဗျာ၊ အဘိုးက လူသားတွေရဲ့ ဆင်းရဲဒုက္ခတွေ, စားစရာမရှိတဲ့ဘဝတွေ, သုံးစရာမရှိတဲ့ဘဝတွေကို မမြင်ဖူးလို့ပါ။ ဆင်းရဲရတာ အရမ်းခါးသီးပြီး ချမ်းသာရတာ အရမ်းချိုမြိန်ပါတယ်ဗျာ"





သူကလေးရဲ့စကားက အဆန်းပါလား။ ဦးမင်းထွဋ် ခေါင်းလွှန်းသဖြင့် လက်ဖက်ရည်ပိုင်းမှာ နွေနှောင်း မဝံ့မရဲနှင့် ပါလာပေပြီ။

ဦးမင်းထွဋ်၏စိတ်ထဲမှာ အဆန်းတကြယ်ဖြစ်နေ၏။ သူ့ကိုဆိုသူဌေးကြီးရယ်လို့ အားလုံးက မပြောရဲ မဆိုရဲနှင့် တန်းမြှင့်ထားကြလေသမျှ ဒီကောင်လေးကတော့ ငယ်သူမို့လားမသိ ... စကားတွေနွေးနွေးထွေးထွေး ပြန်လှန်ပြောနေပါလား။

သူကလည်း ဒီလိုပဲ ဖြစ်ချင်ပါ၏။ တစ်နေ့ တစ်နေ့ တစ်ယောက်တည်း အထီးကျန်ရင်း တစ်နေ့ရွေ့ တစ်နေ့ငွေ့ ဖြစ်နေသည့်ရောဂါမျိုးစုံကို ခံစားနေရတာ ငြီးငွေ့လှပေပြီ။

ရှိသည့်သားကလည်း နိုင်ငံခြားမှာ နောက်အိမ်ထောင်နှင့်။ သားကမွေးသည့် မြေးလေးနှစ်ယောက်ကျတော့လည်း တစ်ယောက်က သူ့လုပ်ငန်းတွေ၊ ကုမ္ပဏီတွေကို ဦးစီးနေရပြီး တစ်ယောက်ကတော့ ဆေးတက္ကသိုလ်ကျောင်းသား။

တူမကလည်း ဝမ်းကွဲတူမ။ အစတုန်းက ဖူးဖူးမှုတ် ဂရုစိုက်ပေးမယ့် ယခုလို နာမကျန်းသည့်အခါ အနားသိပ်မကပ်ချင်တော့။

သည်အခါ သူ့မှာ ခြင်္သေ့အိုကြီးတစ်ကောင်လိုပဲ အိပ်ရာထဲမှာ သန်းသန်း၊ တခွေခွေ။

အင်း ... ယခင် လူနာစောင့်တွေ၊ သူနာပြုတွေက သူ့အပေါ်မှာ မနွေးထွေးပေမယ့် ယခု ကောင်လေးကတော့ သူ့အပေါ် [illegible]မျိုးသားချင်းသဖွယ်။



www.burmeseclassic.com

www.burmeseclassic.com



ကလေးတစ်ယောက်ပီပီ သူ့အပေါ် ပြောရဲဆိုရဲလည်း ရှိ၏။ စေတနာလည်း ပါပေသည်။

"ဘာဖြစ်လို့ မမြင်ဖူးရမှာလဲကွ၊ ငါလည်း လူ့လောကကြီးကို ဖြတ်သန်းလာခဲ့တာပဲ၊ မင်းပြောတဲ့အတိုင်းဆို ချမ်းသာတဲ့ဘဝက ကောင်းပြီး ဆင်းရဲတဲ့ဘဝက မကောင်းဘူးပေါ့ ... ဟုတ်လား"

"ဟုတ်တယ်လေ အဘိုးရဲ့၊ ချမ်းသာတော့ စားချင်တာ စားရ၊ ဝတ်ချင်တာ ဝတ်ရနဲ့ တကယ့်ကို လောကနိဗ္ဗာန်ပဲ"

"ကဲ ... ဒါဆို ငါ့လို ရောဂါနဲ့ အိပ်ရာကမထနိုင်တဲ့ အဘိုးကြီးတစ်ယောက်ရဲ့ဘဝနဲ့ မင်းရဲ့ ငယ်ရွယ်နုပျိုတဲ့ဘဝ လဲမလား"

ဦးမင်းထွဋ် ခွေနှောင်းကို စိန်ခေါ်လိုက်လျှင် ကောင်လေး ပါးချိုင့်ကလေးများပေါ်အောင် ရယ်ရင်း ကိတ်မုန့်ကို ပလုတ်ပလောင်း စားနေလေ၏။ ပြီးမှ ...

"လဲမှာပေါ့ အဘိုးရဲ့ အားရပါးရကိုလဲမှာ၊ ကျွန်တော်သာ အဘိုးနေရာမှာဆို စားချင်တာတွေ လျှောက်စားပြီး ဖတ်ချင်တဲ့စာအုပ်တွေ ဖတ်နေမယ်ဗျာ၊ တီဗီ အထဲမှာထည့်ပြီး အခွေတွေ လျှောက်ကြည့်မယ်ဗျာ၊ ကဲ ... ဘာလိုသေးလဲ"

"ဟကောင်ရေ ... မင်းက ကလေးစိတ်နဲ့ လျှောက်ပြောတာကိုး၊ လောကမှာ အဓိကက အဖော်ပဲကွ၊ ကိုယ့်ကို နီးနီးကပ်ကပ် မွေ့မွေ့ပိုက်ပိုက်နဲ့ ပြုစုမယ့် အဖော်၊ ကျန်တာတွေက အရေး မပါဘူးကွာ၊ ငါ့မှာ အထီးကျန်နေရတာ"





ဦးမင်းထွဋ် ဆွေးဆွေးမြည့်မြည့်ပြောလျှင် ခွေနှောင်း ခေါင်းလေးကုတ်ကာ စဉ်းစား၏။ အဘိုး ဘာကိုဆိုလိုတာလဲ။

"အဘိုး ... ဒါဆိုလည်း အိမ်ထောင်ပြုလိုက်ပါလား၊ အဘိုး ပြောတဲ့ နီးနီးကပ်ကပ်, မွေ့မွေ့ပိုက်ပိုက်ဆိုတာ ဘယ်အထိလဲ၊ ကျွန်တော်နေပေးရုံ, ပြုစုပေးရုံနဲ့ မလုံလောက်ဘူးထင်တယ်၊ အဘိုးက သူဌေးပဲ၊ မိန်းမထပ်ယူလို့ ရမှာပါ"

ကလေးအတွေးနှင့် ခွေနှောင်းပြောချလျှင် ဦးမင်းထွဋ် အားပါးတရ ရယ်ဖြစ်သည်။

သည်အခါ ယခုမှ ဘုရားကပြန်လာသည့် ဒေါ်စိမ်းလဲ့လဲ့ပင် ချက်မှောင်ကြီးကုတ်လျက် အထဲသို့ ဝင်လာလေ၏။

"အန်ကယ် ... ဘာတွေ သဘောကျနေလဲ၊ အန်ကယ့်ရယ်သံ မကြားရတာကြာလို့ ထူးဆန်းတောင်နေတယ်"

"ဘာလဲ ... နင်က ငါရယ်တာ သဘောမကျဘူးလား၊ နင်တို့က ငါ မြန်မြန်သေမှ သဘောကျမယ်ထင်တယ်"

"အံမယ် အန်ကယ်ရယ် ... အန်ကယ်သေတော့ရော ကျွန်မတာ အမွေရမှာကျနေတာပဲ၊ အန်ကယ်က ကိုယ့်မြေး, ကိုယ့်သားပဲ အေးခဲ့မှာ မဟုတ်ဘူးလား"

"လူဆိုတာ လိုချင်လောဘများရင် မရတတ်ဘူး၊ ကဲ ... ငါ့ အခန်းထဲ ဘာဝင်လုပ်တာလဲ၊ ထွက် ထွက် ... သွား ရှုပ်တယ်"

ဒီတွဝရီးကြည့်ရတာလည်း တည့်ပုံမပေါ်။ ဘာတွေ သဘော



www.burmeseclassic.com

www.burmeseclassic.com



ထားကွဲလွဲနေကြပါလိမ့်။ ဒေါ်စိမ်းလဲ့လဲ့ရုပ်က ထန်တင်းလျက်။

"အန်ကယ်က ဒီကောင်လေးကို တော်တော် အားကိုးတယ် ပေါ့ . . . ဟုတ်လား။ ဒီ မလောက်လေး မလောက်စားများ။ ကြည့်နေပါ . . . ဘယ်ချက် ဘယ်လိုဒုက္ခပေးမလဲဆိုတာ"

"ခင်ဗျာ"

နွေနှောင်းမှာ တစ်ခါမှ ဒီလိုမတွေးဖူး။ မကြံစည်ဖူးသည့်မို့ ဒီမိန်းမကြီး ဘာတွေပြောနေပါလိမ့်ဟု တအံ့တသြ မော့ကြည့်နေစဉ် ဒေါ်စိမ်းလဲ့လဲ့ အခန်းထဲမှ ပြန်ထွက်သွားလေသည်။

ဦးမင်းထွဋ် ပခုံးတွန့် ကျန်ခဲ့သည်။

"အလကားပါကွာ . . . အတွင်းမီးတွေ, အတွင်းရန်သူတွေ ပေါ့"

"ဘာဖြစ်လို့လဲ အဘိုး . . . အဲဒါ အဘိုးရဲ့တူမ မဟုတ်ဘူး လား"

"ဟုတ်တယ်၊ ဒါပေမဲ့ မြွေပွေးခါးပိုက် ပိုက်ရသလိုပါ၊ ဆုပ်ရ စားရှူးဆိုတဲ့ အစားတွေ"

"ဟာ . . . အဘိုးကလည်း ကိုယ့်တူမကို"

"ကဲ . . . အဲဒါတွေထားလိုက်ပါ။ မင်း စောစောကပြောတဲ့ ဒဿနလေး ဆက်စမ်းပါဦး။ ဘာတဲ့ . . . ပိုက်ဆံရှိရင် မိန်းမထပ်ယူလို့ ရတဲ့အကြောင်း"

"အဟဲ ဟဲ"





လက်ဝါးလေးနှစ်ဖက်ပွတ်ရင်း နွေနှောင်းမျက်နှာလေး နီနေတော့ ဦးမင်းထွဋ် သေသေချာချာကြည့်မိသည်။ ဒီကောင် ယောကျ်ား မှ ဟုတ်ရဲ့လား။

ဖြူစင်သောအသားအရေက နုဖပ်နေပြီ မျက်နှာလေး ဖွေးဥ ဆင်လင်းပုံက ယောကျ်ားမဆန်၊ မျက်လုံး မျက်ခုံးနှင့် နှာတံလုပုံ၊ နှုတ်ခမ်းလေးနီနေပုံတို့က တကယ့်ကို ချစ်စဖွယ်။ ဘာမှလိမ်းမထားလို့ ခန်းနုရောင်သန်းချင်သည့် မျက်နှာလေးမှာ တစ်ယောက်ယောက်နှင့် ဆင်သလိုလို။

ဘယ်သူလဲ။ ဘယ်သူနဲ့ တူတာလဲ။

အဲ . . . သူ့ငယ်ရည်းစား ရွှာက ဖြူနုနဲ့ သွားတူသလိုလို။

"ကဲ ပြောလေ . . . ဒီလောက် နာမကျန်းနေတဲ့ ရောဂါ သည်အဘိုးကြီးကို ဘယ်မိန်းမက အနားကပ်မှာလဲ၊ ငွေမက်ပြီး ယူရင် တောင် ပြုစုမှာတော့ မဟုတ်ဘူး၊ ငါ့ငွေတွေပဲ သုံးချင်သုံးမယ်၊ ငါ့ အနားတော့ ကပ်မှာမဟုတ်ဘူး"

နွေနှောင်းခါ ကိုယ်ဖော်တဲ့ဆေး ကိုယ်နိုင်အောင် စားရပေ တော့မည်။

"ဒါပေမဲ့ အဘိုးရာ ကျွန်တော်သာ အဘိုးနေရာမှာဆို မိန်းမ သည်း ယူမနေတော့ပါဘူး၊ ပြီးတော့ အဘိုးရောဂါကလည်း ချိုဆီးရောဂါကြီးမှ မဟုတ်တာ၊ အစားမပျက်, အသောက်မပျက်နဲ့ ခင်ရာထဲလှဲနေရတာ ဘယ်လောက်ဖိမ်ကျလိုက်သလဲ၊ ဘုရားတွေ



www.burmeseclassic.com

www.burmeseclassic.com



ဖူးချင်လည်း ရတာပဲ၊ ဒါထက်အဘိုးရယ် ဒီအခန်းထဲမှာ တီဗီ ဘာလို့ ထည့်မထားတာလဲဟင်၊ စိတ်ပြေလက်ပျောက် တရားခွေတစ်လှည့်၊ ဟာသကားလေးတွေ တစ်လှည့်၊ နောက် ကမ္ဘာ့သတင်း၊ မြန်မာ့သတင်းတွေ ကြည့်ရအောင် အဘိုးရာ ... နော် နော်''

နွေနှောင်းမှာ ယောက်ျားလေးအသွင်ပေးမယ့် မိန်းကလေးမို့ စကားပြောတာကအစ ချစ်စဖွယ်။ ဦးမင်းထွဋ် နွေနှောင်းကို သံယောဇဉ် တွယ်ရပေပြီ။

''ဟေ့ကောင် ... စကားကိုလျှောမချနဲ့၊ ပြော ... ငါ့ကို ဘယ်လိုမိန်းမမျိုးက ယူမယ်ဆိုတာ ပြော၊ ကဲ ... မင်း ငါ့အတွက် မိန်းမရှာပေးပေတော့''

နွေနှောင်း တကယ့်ကို မျက်နှာလေးနီနီ၊ ရယ်ကျဲကျဲနှင့် အခက်တွေ့နေသည့်ရုပ်ကလေးက တကယ့်ကို ချစ်စရာ ခွေးပေါက်လေး။

''ကဲ အဘိုးရယ် ... ကျွန်တော် အရှုံးပေးပါတယ်ဗျာ၊ ကျွန်တော့်အယူအဆတွေ မှားပါတယ်၊ ငွေရှိတိုင်း လောကကြီးမှာ မပြည့်စုံပါဘူး၊ ကျန်းမာရေးကောင်းမှ ပြည့်စုံတာပါ''

''မှားတယ်၊ လောကကြီးမှာ အရေးကြီးဆုံးက မေတ္တာတရားပဲ၊ ဆင်းရဲသည်ဖြစ်စေ၊ ချမ်းသာသည်ဖြစ်စေ မေတ္တာဓာတ်တွေသာ တစ်ဦးနဲ့တစ်ဦး ပြည့်ဝနေမယ်ဆိုရင် လောကကြီးတစ်ခုလုံး သာယာငြိမ်းချမ်းသွားမယ်''





''ဟာ ... မိုက်တယ်ကွာ၊ အဘိုးစကားလုံးတွေ ကြိုက်သွားပြီ''

''ခွေးကောင် လူလည်''

အဘိုးက နွေနှောင်းခေါင်းခေါင်းကို မနာမကျင် လက်သီးနှင့်ထုလိုက်လျှင် သူမ၏ရယ်မောသံလေးက သာသာလွင်လွင်။ တကယ့်ဆည်းလည်းသံလေးပါပဲ၊

''ဒီနေ့ ဆရာဝန်လာမယ့်ရက်ကွ၊ တော်ကြာ လာလိမ့်မယ်၊ သောက်ရမယ့်ဆေးတွေ, ညွှန်ကြားချက်တွေ သေသေချာချာ နားထောင်''

''ဟုတ်ကဲ့ပါ အဘိုးရဲ့ ... ကျွန်တော့်အလုပ်က ဒါပဲဟာ၊ အဘိုးကျန်းသမျှ မုန့်တွေ, လက်ဖက်ရည်တွေ ကျွန်တော် အကုန်ရှင်းပစ်လိုက်ပြီနော်၊ အဘိုးကို ခုလို ပြုစုခွင့်ရတာ ကျွန်တော့်အဖို့ အတော်ကုသိုလ်ထူးတာပဲဗျာ၊ အစားကောင်းတွေလည်း စားရတယ်၊ ကုသိုလ်လည်းရတယ်၊ အရမ်းစိတ်ချမ်းသာတာပဲဗျာ၊ ဒီလိုမုန့်တွေ အခုမှစားရတာ''

နွေနှောင်း ဗိုက်ကလေးပွတ်ရင်း ဝမ်းသာကျေနပ်နေလျှင် ဦးမင်းထွဋ် အသနားပိုရပြန်၏။

သြော် ... ဒီကောင်လေးတော့ ငါ့အနားမှာ အမြဲရှိနေရင်ကောင်းမှာ။

❁ ❁ ❁

www.burmeseclassic.com

## အခန်း (၅)

ဝသန်ခါ ...။

ရုပ်ချောပြီး ပညာတော်ပေမယ့် လေ့လော်ရင်းတက်ကျိုး ဆိုသလို အဖေက သူမ ဆေးတတိယနှစ်အရောက်မှာ အက်ဆီးဒင့် ဖြစ်သွားတော့ ရှိသမျှ ဥစ္စာ၊ အိုးအိမ်တွေ ကုန်သွားခဲ့ပြီး တော်တော် ကျပ်တည်းသွားခဲ့သည်။

သည်တော့ ဝသန်ခါ ကိုယ့်တဝကိုယ် စိတ်တိုင်းမကျ။ စာကို အပတ်တကုတ် ကြိုးစားပေမယ့် လူမှုရေးနယ်ပယ်မှာ သူမ မဝင်ဆန့် ချင်တော့ပါ။

အားငယ်တယ်ဆိုပေမယ့် သူမအသွင်က မှန်ကုပ်ကုပ်၊ ဂျွ် ကန်ကန်။





ကျောင်းကပြီးအောင်တောင် တက်နိုင်ပါဦးမလား။ ပညာသင် ထောက်ပံ့ကြေးရတာရယ်၊ အိမ်က ထောက်ပံ့သည့်ငွေရယ်။ ဝသန်ခါ မှာ ကျောင်းသူထဲ အဆင်းရဲဆုံးပါပဲ။

သည်ကြားထဲ ဆရာတွေနှင့် ကျောင်းသူကျောင်းသားတွေ စုပြီး ပုဂံသို့ လေ့လာရေးခရီးထွက်ရာမှာ သူမ မလိုက်နိုင်သဖြင့် ဝမ်းနည်းအားငယ်ရ၏။

သူမအဖြစ်က ရှေ့ ဘယ်လိုဆက်ရမှန်းပင် မသိ။ မိဘတွေ ကိုလည်း သနားပါသည်။ သို့သော် ကိုယ့်ဘဝကိုယ် နာကြည်းမိသည် ကြောင့် ဝသန်ခါ၏စိတ်မှာ ရမ်းကားသလို ဖြစ်နေမိ၏။

မနက်ဖြန် ပုဂံသို့သွားကြတော့မည်။ လေ့လာရေးခရီးဖြစ် သဖြင့် တော်တော်များများ လိုက်ကြ၏။ မလိုက်နိုင်သူအနည်းစုထဲမှာ ကိုယ်လည်းပါနေရသဖြင့် ဝသန်ခါ စိတ်ထိခိုက်နေရသည်။

အရေးထဲ ဆရာက မနက်ဖြန်လိုက်မည့်အစီအစဉ်တွေ ပြော ပြနေပြီး လိုက်မည့်သူစာရင်းကို ဖတ်ပြနေပြန်၏။

ထိုအသံတွေက သူမကို လှောင်ပြောင်နေသည့်နှယ် ခံစားနေ ရ၏။ သို့သော် ...

"မဝသန်ခါ"

လိုက်မည့်သူစာရင်းထဲမှာ ကိုယ့်အမည်ပါလာခဲ့လျှင် ဝသန်ခါ အံ့ဩသွား၏။ သေးမှ သူမ၏သူငယ်ချင်းများကတော့ ဝမ်းသာအား ရွှင် ...



www.burmeseclassic.com

www.burmeseclassic.com



"ဟယ် . . . ကြည့်စမ်း ဝသန်ရယ်၊ ဝမ်းသာလိုက်တာ၊ ငါတို့ကတော့ နင် မလိုက်နိုင်ဘူးဆိုပြီး စိတ်မကောင်းဖြစ်နေရတာ၊ စာရင်းသွင်းပြီးတာကို ကြိုမပြောဘူး၊ အကျင့်ပုပ်"

ဝသန်ခါ ကြောင်တိကြောင်တောင် ဖြစ်နေရ၏။ ကိုယ့်အကြောင်း ကိုယ်အသိဆုံးပါ။ ဘယ်လိုဖြစ်ပါလိမ့်၊ ဆရာများ အမှတ်များလေသလား။ ကျောင်းဆင်းမှ အကျိုးအကြောင်း သွားမေးရမည်။

သူငယ်ချင်းတွေ ဝမ်းသားအားရဖြစ်နေပေမယ့် ဝသန်ခါ ဝမ်းမသာ။ ဆရာမှားတာပဲ ဖြစ်မည်။

အတန်းဆိုနီပြီးတော့ ဝသန်ခါ ဆရာဦးဒွေးကြွယ်ရှိရာ ဌာနသို့ သွားမေး၏။

"ဆရာ . . . ကျွန်မနာမည် လိုက်မယ့်သူစာရင်းထဲမှာ ပါနေတယ်၊ အဲဒါ ဆရာများ မှားဖတ်သွားသလားလို့"

"ဒါ မှားစရာလားဟ၊ ဒေါ်ဥမ္မာသော် သေသေချာချာပေးသွားတဲ့ စာရင်းပဲ"

"ဆရာမရော"

"သူ သူ့ယောကျ်ား သဘောတက်ခါနီးလို့ ခွင့်ယူထားတယ်ကဲ . . . ညည်းမပေးလည်း သူငယ်ချင်းတွေ စုပေးသွားသလားမှမသိတာ၊ လိုက်ဖို့သာ ပြင်ပေတော့"

"မဟုတ်ဘူး ဆရာ၊ သူငယ်ချင်းတွေလည်း မပေးနိုင်ပါဘူး ဝသန့်သူငယ်ချင်းတွေထဲလည်း ကြွယ်ပိုးကြွယ်ဝတွေ မပါပါဘူး"





"ကဲ . . . အတွေးတွေ ခေါင်မနေနဲ့ ဒေါ်ဝသန်ရေ၊ ညည်းမသိတဲ့ သူငယ်ချင်းတွေပေးတာ ဖြစ်ချင်ဖြစ်မှာပေါ့၊ ငွေသွင်းပြီးမှတော့ လိုက်ခဲ့၊ မနက်ဖြန် (၆) နာရီ စထွက်မယ်၊ စုရပ်က ကျောင်းရှေ့၊ ကဲ သွား . . . ပြန်တော့"

လိပ်ခဲတည်းလည်းနှင့်ပင် ဝသန်ခါ စာသင်ခန်းသို့ ပြန်လာခဲ့ရသည်။ ငါ့အတွက် ဘယ်သူပေးသွားတာပါလိမ့်။

✵

အိမ်သို့ ဖုန်းဆက်အကြောင်းကြားခဲ့ပြီး ဝသန်ခါ လေ့လာရေးခရီးသို့ ပါလာခဲ့ပေပြီ။ သူငယ်ချင်း မေသီနှင့် သီရိတို့မှာ ဝသန်ပါလာသည့်အတွက် ကြည်နူးပျော်ရွှင်နေကြသော်လည်း သူမမှာ မပျော်နိုင်။

ရင်ထဲမှာ မတင်မကျ။ ငါ့အတွက် ဘယ်သူပေးသွားတာလဲ၊ မိန်းကလေးထဲကတော့ ဟုတ်မှာမဟုတ်ဘူး။ ယောကျ်ားလေးထဲက ဖြစ်မယ်။ သူမမှာ ယောကျ်ားလေးတွေနှင့် သိပ်ပြီးလိုက်လိုက်လျောလျော မနေဘဲ သီးသန့်နေတတ်သဖြင့် သူငယ်ချင်းရယ်လို့လည်း သိပ်မရှိ။

မေသီနှင့် သီရိကတော့ ခပ်ပေါ့ပေါ့၊ ခပ်ပျော်ပျော်သမားတွေ



www.burmeseclassic.com

www.burmeseclassic.com



ပိပိ ...

"ဘာတွေ အတွေးခေါင်နေသလဲ ဝသန်ရာ၊ ပျော်ပျော်နေစမ်းပါ၊ နင့်အတွက် ငွေသွင်းတဲ့လူက မထ္တာပ်တိုင်ဖက်တက်နေလို့ ဆိုလည်း စိတ်ညစ်ပါတော့၊ အခုကျ ဘယ်သူ့မှန်းတောင် မသိအောင် ပိရိနေတော့ လွှတ်ထားလိုက်စမ်းပါဟာ"

"ဟုတ်တယ် ဝသန် ... နင် အပြည့်အဝ ပျော်လိုက်စမ်းပါ၊ လေ့လာရေးခရီးဆိုပေမယ့် အပျော်တွေလည်း အပြည့်အဝ ယူရမယ်ဟ၊ ခဏခဏ သွားနိုင်တာမဟုတ်ဘူး။ ရောက်တုန်းပေါက်တုန်း ပျော်ပျော်ပါးပါး နေစမ်းပါ"

"အေးဟာ ... ဒါတွေ ငါတွေးမနေတော့ဘူး။ မေ့ထားလိုက်တော့မယ်"

"ကောင်းတယ်၊ ကဲ ... ပတ်ဝန်းကျင်ရှုခင်းတွေ ကြည့်စမ်း။ ဘယ်လောက်သာယာလိုက်သလဲ"

ဝသန်၊ သီရိနှင့် မေသီတို့သုံးယောက်က တစ်တွဲ။ မှန်လုံဘတ်(စ်)ကြီးထဲမှာ ကျောင်းသားကျောင်းသူတွေချည်းပဲ။ အဲ ... ဆရာဆရာမတွေလည်း ပါသည်။

ပြည်မှာရပ်နားပြီး နေ့လယ်ထမင်းစားကြတော့ ဝသန်တို့သုံးယောက်က တစ်တွဲ၊ ထမင်းဆိုင်ထဲမှာ ထမင်းသုံးပွဲမှာထားခိုက်သူတို့စားပွဲသို့ ကျောင်းသားတစ်ယောက် ရောက်လာခဲ့သည်။

ညီမင်းထွဋ် ...။





သူမတို့ထက် တစ်တန်းကြီးပြီး နာမည်ကြီးတစ်ယောက်ပေမို့ သူ့ကို အားလုံးသိကြသည်သာ။ ကိုယ်ပိုင်ကားနှင့် ကျောင်းတက်သူ။

"ကျွန်တော့်ကို ထိုင်ခွင့်ပြုပါ"

"ဟုတ် ဟုတ်ကဲ့ ... ထိုင်ပါရှင်"

"မှာပြီးပြီလား"

"ဟုတ်ကဲ့ရှင့် ... မှာထားတုန်းပါပဲ"

သည်စဉ် သူမတို့စားပွဲသို့ ဟင်းတွေ ၄-၅ မျိုးလောက် ချလာခဲ့ရာ ဝသန်တို့အဖွဲ့မှာ အထိတ်တလန့်။

"ဟာ ... ကျွန်မတို့မှာတာ ဟင်းတစ်ပွဲနဲ့ ထမင်းဖြူ သုံးပန်းကန်ရယ်၊ ရှင်တို့မှားနေပြီ"

သူမတို့သုံးယောက်လုံး ငွေရေးကြေးရေး မချောင်လည်ကြသည်မို့ ဟင်းတစ်ပွဲနှင့် ထမင်းဖြူသုံးပန်းကန်သာ မှာစားကြတာပါ။

ညီမင်းထွဋ်က ပြုံးပြီး လက်ကာပြ၏။

"ကျွန်တော် မှာထားတာပါ၊ ညီမတို့နဲ့ အတူတူ စားရအောင်ပါ"

"ဟာ ... တန်တော့ ဝသန့်ခရီးစရိတ်ကိုပေးတာ ရှင်ထင်တယ်"

ညီမင်းထွဋ် ဘာမှမပြောဘဲ ပြုံးနေလျှင် ဝသန့်စိတ်ထဲ ထင့် [illegible]

"တလွဲမထင်ပါနဲ့ဗျာ ... ကျွန်တော့်မှာ အပေါင်းအသင်းမရှိ



www.burmeseclassic.com

www.burmeseclassic.com



လို့ပါ၊ ညီမတို့အုပ်စုထဲမှာ ကျွန်တော်တို့နှစ်က သုံးယောက်ပဲ ပါတယ်လေ''

''ကျွန့်တဲ့နှစ်ယောက်ကရော''

''ဟိုမှာလေ . . . သူတို့ဖယားနဲ့သူတို့၊ ကျွန်တော့်မှာ တစ်ယောက်တည်းမို့ ညီမတို့သုံးယောက်နဲ့ ပူးပေါင်းပါရစေ''

ဝသန်က လန့်နေပေမယ့် သီရိနှင့် မေသီကတော့ ဖော်ဖော်ရွှေရွှေပင်။

''ဟာ . . . ရပါတယ်၊ ကိုညီမင်းထွဋ်လည်း ကလေကချေ မဟုတ်တာ၊ တစ်ခုတော့ရှိတယ် . . . ကျွန်မတို့အဖွဲ့က ဘိုင်တွေနော် အသွင်မတူဘူးထင်တယ်''

''ရပါတယ်ဗျာ . . . ညီမတို့ကြည့်ရတာ ရိုးရိုးလေးတွေ ခင်ချင်လို့ပါ''

''အိုကေ . . . သိပ်ဖြစ်ပေါ့၊ နောက်မှ နောင်တမရနဲ့ တစ်ခုတော့ရှိတယ် . . . ကျွန်မတို့နဲ့ ကျွန်တဲ့အချိန်ပဲ ပူး၊ စား သောက်ချိန်တော့ မပူးနဲ့''

''ဘာဖြစ်လို့လဲဗျာ . . . ခင်ပြီဆိုမှတော့ သွားအတူ စား ပေါ့ဗျာ''

''နိုး နိုး နိုး . . . ကျွန်မတို့အဖွဲ့က တတ်ဂျက်မတော့ ကိုယ်နှိုအတိုင်းအတာနဲ့ကိုယ် စားကြတာ၊ သူများကျွေးတာလည်း မ ချင်ဘူးလေ''





''သြော် ဗျာ . . . ပြဿနာမဟုတ်တာ၊ အပန်းမကြီးပါဘူး ဗျာ''

''ရှင် အပန်းမကြီးပေမယ့် ကျွန်မတို့ အပန်းကြီးတယ်၊ ကျွန်မ တို့နဲ့ပူးပေါင်းရင် ကျွေးလား,မွေးလားတော့ မလုပ်နဲ့၊ ရှင် ဒေဝါလီ ခံသွားရမှာစိုးလို့ပါ''

''သြော် ဗျာ''

ညီမင်းထွဋ်မှာ ခါတိုင်းက နှုတ်သွက်လျှာသွက်သမျှ ယခုကျ ဘာဆက်ပြောရမှန်း မသိတော့ချေ။ မကြာမီ သူမတို့ မှာထားသည့် ဟင်းတစ်ပွဲနှင့် ထမင်းဖြူသုံးပန်းကန် ရောက်ရှိလာခဲ့သည်။

''ကဲ . . . စားကြစို့''

ဟင်းတစ်ပွဲမှာ ဝက်သားအတုံးကြီးကြီး သုံးဖတ်ပါသဖြင့် တစ်ယောက်တစ်ဖတ်စီ ယူလိုက်ကြပြီး အရည်ပါ မျှဆမ်းလိုက်ကြ၏။ ပြီးတော့ ကိုယ့်ခွဲတမ်းနှင့်ကိုယ် ထမင်းကို စားနေကြလျှင် ညီမင်းထွဋ်မှာ စိတ်မကောင်းဖြစ်ရသည်။

သူတို့လို ငွေကို ရေလိုသုံးနေသူတွေရှိသလို ဝသန်တို့လို ငွေကို ချွေတာရသူတွေလည်း လောကမှာရှိပါလား။

''ကျွန်တော် စိတ်မကောင်းအောင်တော့ မလုပ်ကြပါနဲ့ဗျာ၊ တစ်ခါတော့ စားကြပါနော်၊ နောက် ကျွန်တော်လည်း ညီမတို့နဲ့ အသွင်တူအောင် ကြိုးစားပါ့မယ်''

သူမှာထားသည့်ဟင်းများကို အတင်းထည့်ပေးနေတော့



www.burmeseclassic.com

www.burmeseclassic.com



လည်း ဝသန်တို့အဖွဲ့ ငြိမ်နေကြရသည်။ ဆိုင်ထဲမှာ သူ အရှက်မကွဲ စေချင်လို့ပါ။ ကျန်ကျောင်းသူကျောင်းသားများက လှမ်းကြည့်နေကြ သည်မို့ . . . ။

သည်လိုနှင့် ညီမင်းထွဋ် ဝသန်တို့သုံးယောက်နှင့် လာပြီး ပူးပေါင်းခဲ့လေသည်။

❁

ဟိုတယ်မှာတည်းလျှင် လူတိုင်း ငွေမတတ်နိုင်သဖြင့် ရွှေ စည်းခုံခြေတော်ရင်းရှိ ဘုန်းကြီးကျောင်းတွင်ပဲ တည်းလိုက်ကြသည်။

ပုဂံမှာ နှစ်ရက်၊ သုံးရက် လည်ကြမည်ဖြစ်သည်။ သူ့အုပ်စု နှင့်သူ လည်ပတ်ကြသူလည်းရှိပြီး အများနှင့်သွားကြသည်လည်း ရှိသည်။

ဝသန်တို့သုံးယောက်ကတော့ ဆရာတွေနှင့်ပဲ အတူသွားကြ မည်။ သည်တော့ ညီမင်းထွဋ်လည်း ဝသန်တို့အဖွဲ့၏ အစီအစဉ် အတိုင်းပင်။

ပုဂံဘုရားတွေက တစ်ဆူနှင့်တစ်ဆူ ဝေးသည်မို့ ကားလေး တစ်စီးငှားကာ သွားကြတာက အဆင်ပြေသလို အချို့လည်း မြင်း လှည်းနှင့် လည်ကြသည်။





ကားကတော့ မြန်ပြီး မြင်းလှည်းက ပတ်ဝန်းကျင်သဘာဝ ရှုခင်းအလှတွေကို မြင်ရမည်။ ညီမင်းထွဋ်က ဝသန်တို့ကို မြင်းလှည်း နှင့် သွားဖို့ အတင်းအကျပ် တောင်းဆို၏။

"ဟာ . . . မြင်းလှည်းနဲ့ဆို ဒီတစ်သက် ဒီပုဂံကို နှံ့ပါဦး လား။ ကားနဲ့ပဲ ကောင်းပါတယ်ရှင်၊ စွယ်တော်လေးဆူတင် ပဲရှူးနဲ့ပုဂံ၊ ဘန်ခိုးကြီးဘုရားတွေက အများကြီး"

"မပူပါနဲ့ သီရိရယ် . . . ကျွန်တော် ပုဂံကိုရောက်တာ ဒါနဲ့ပါဆို လေးခေါက်ရှိပါပြီဗျာ၊ ကျွန်တော် နှံ့စပ်အောင်, မြန်အောင် အထူး ဦးတိုက်လုပ်ပေးပါ့မယ်"

"အံမယ် . . . မရပါဘူး၊ မြင်းလှည်းနဲ့တော့ ပျင်းတယ်၊ ရှင်တို့နှစ်ယောက်တည်း သွားချင်သွား၊ ကျွန်မတို့တော့ ကားနဲ့ပဲသွား မှာ"

သီရိ ဝသန့်ကို ချောက်တွန်းလျှင် ဝသန် စိတ်တွေဆိုးနေ၏။

"မြင်းလှည်းတော့ လုံးဝမစီးဘူး . . . ကားနဲ့ပဲ"

သို့သော် ကံကဆိုးချင်တော့ ငှားသည့်ကားနှစ်စီးမှာ လူက ပြည့်အကျပ်။ ဝသန်တို့အဖွဲ့ ဘာလုပ်ရမှန်းမသိ ဖြစ်နေစဉ် ညီမင်း ထွဋ်က ဆရာ့ကို လက်မ,ထောင်ပြီး တောင်းဆိုလိုက်သည်။

"ဆရာ . . . ကျွန်တော်တို့အဖွဲ့ မြင်းလှည်းနဲ့သွားမယ်၊ ညနေ မှ ဘုန်းကြီးကျောင်းပြန်လာမယ်"

"ဟေ့ကောင် တေဇ . . . မင်းဘာသာ ပြန်လာချင်လာ,



www.burmeseclassic.com

www.burmeseclassic.com



မလာချင်နေ့၊ အစကတည်းက မင်းအကြိုအစည်တွေ ငါသိပြီးသား"

"သိလည်း ပြီးရောပေါ့ အာစရိယနွယ်ဝယ် ဆရာသခင်ရယ်၊ သွားပေဦးတော့ ဆရာ . . . သွားပေဦးတော့"

ဆရာတို့ကားနှစ်စီး ရွှင်လန်းအားရစွာနှင့် မောင်းနှင်ထွက်ခွာသွားလျှင် ဝသန်တို့လေးယောက်ပဲ ကျန်ခဲ့သည်။ ဝသန်က သိပ်စိတ်မညစ်ပေမယ့် သီရိနှင့်မေသီမှာ နှုတ်ခမ်းတစူစူ။

"ကဲ . . . ညီမတော်တို့ စိတ်မပျက်ကြပါနဲ့ ကျွန်တော် မြင်းလှည်းငှားထားပါတယ်"

"ရှင်ပဲ အပြောကောင်း၊ သူများတွေက ကားနဲ့သွားတော့ မြန်မြန်ရောက်တာပေါ့ရှင့်၊ ကျွန်မတို့က ဘိုးတော်ဘုရားလက်ထက်က မြင်းလှည်းနဲ့ နောက်ကလိုက်ရတာ ဘယ်လောက်အောက်သလဲ"

"ဒါဆိုလည်း ကျွန်တော်တို့လည်း တက်စီနဲ့ လိုက်ကြတာပေါ့"

"ဒါနဲ့များ နောက်ချန်နေရသေးတယ်"

"ဟဲ ဟဲ . . . ဒါကတော့ ကိုယ့်အဖွဲ့နဲ့ကိုယ် အေးအေးဆေးဆေး ဖေးဖေးမမ ရှိချင်လို့ပါ"

"တော်တော်ညာထ်များတဲ့လူ"

မေသီတို့၊ သီရိတို့ ပြောသမျှဆိုသမျှ ခံယူရင်း ညီမင်းထွဋ် တက်စီကားလေးတစ်စီး ငှားလိုက်သည်။ နောက် ပုဂံမြေပုံအတိုင်း ဘုရားများကို စတင်ဖူးတော့သည်။





"စွယ်တော်လေးဆူက တစ်နေရာစီ၊ သွားရင်းလာရင်း လမ်းကဘုရားတွေလည်း ဖူးကြမယ်နော်"

"အင်းပါ . . . ကျွန်မတို့က ကျောက်စာလေ့လာတဲ့ မြန်မာစာကျောင်းသူတွေမှ မဟုတ်တာ၊ ရှေးခေတ်ပုဂံပြည်ကြီးကို ဆရာဇော်ဂျီကဗျာအရ ချစ်မြတ်နိုးလွန်းလို့ မြင်တွေ့ဖူးမြော်ရအောင်, အလှအပတွေ ခံစားရအောင် လာခဲ့တာပဲ၊ ရှင် အဆင်ပြေသလို လိုက်ပြ"

"အိုကေ . . . ဒီအဖွဲ့မှာ ကျွန်တော်ခေါင်းဆောင်နော်"

"မလွှာပ်တိုင်ကလည်း ဖက်တက်ရပြန်တယ်"

လေးယောက်သား ကားနောက်မှာထိုင်ကြတော့ ဝသန်ခါးအနီးမှာ သူကထိုင်၏။ သူမတို့အဖွဲ့က အညာပေမယ့် ထနောင်းရိပ်၊ ဘုရားရိပ်တို့ဖြင့် ပုံပြင်ထဲက ရှေးဟောင်းမြို့တော်၏ အေးမြလှပမှုတို့ကို အာရုံစိုက်နေကြပေမယ့် လေးခေါက်တောင် ရောက်ထားသဖြင့် ဆွေဘုရား၊ မျိုးဘုရားလို ဖြစ်နေသည့် သူကတော့ ဝသန့်ကိုသာ အရိပ်တကြည့်ကြည့်။

"ဝသန် . . . စကားနည်းလိုက်တာ၊ အခုလို ပုဂံကိုရောက်လာတော့ မပျော်ဘူးလားဗျာ၊ ကျွန်တော်တုန်းကဆို ပထမဆုံးအကြိမ်ရောက်တော့ အံ့ဩဝမ်းသာ, ရင်သပ်ရှုမောဖြစ်ခဲ့ရတယ်၊ ကိုယ့်ကိုယ်ကိုယ် ကျွန်စစ်မင်းကြီးပဲ ဖြစ်ခဲ့သယောင်ယောင်"

သူ့အပြောင်အနောက်စကားကြောင့် သီရိတို့နှစ်ယောက်က တောင်းကောင်းဟားလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ရောဂါက မသေးဘူးနော်၊ ကျန်စစ်မင်းကြီးတော့ဖြစ်မှာ မဟုတ်ဘူး။ ကျန်ရစ်မင်းကြီးပဲ"

"ဦးဖွ . . . မပြောကောင်းမဆိုကောင်းဗျာ၊ ကျွန်တော် ဘယ်တော့မှ ကျန်ရစ်မဖြစ်ဘူး။ ကိုယ်လိုချင်ရင် ရအောင်ယူမယ့် တကယ့်ယောကျ်ား"

"တော်ကြစမ်းပါဟယ် . . . ပုဂံရှုခင်း၊ ပုဂံအလှတွေပဲ စိတ်ကိုနှစ်ပြီးကြည့်ပါရစေဦး"

ဝသန် စကားပိတ်လိုက်မှ အားလုံး ငြိမ်သက်သွားကြပြီး မကြာခင် အာနန္ဒာဘုရားသို့ ဆိုက်ရောက်ကြသည်။

သီရိနှင့်မေသီမှာ ကလေးတွေလို ရှေ့မှ ဆက်တွဲပြီး ဘုရားဂူထဲသို့ ပြေးဝင်သွားကြလျှင် ဝသန် နောက်မှ အော်ဟစ်ကျန်ခဲ့ရစ်

"နေစမ်းပါ ဝသန်ရယ် . . . ကျွန်တော်တစ်ယောက်လုံး ရှိပါသေးတယ်၊ ဘုရားဖူးလာတယ်ဆိုတာ အေးအေးဆေးဆေး ကုသိုလ်ရအောင် ဖူးမှပေါ့၊ သူတို့လို လျှောက်ပြေးနေလို့ အရသာမရှိပါဘူး"

သူက ရောက်ဖူးလို့ နောကျေနေသူပီပီ ဝသန့်ကို စောင့်ခေါ်တွဲလျှောက်ကာ ဂူထဲမှ မျက်နှာစာလေးဖက်ရှိ ဘုရားဆင်းတုတော်များ၊ ပုဂံသမိုင်းစာအုပ်များကို သူမအတွက် ဝယ်ပေးခဲ့သည်။

"ဘုရားသမိုင်းတွေ၊ ဓာတ်ပုံတွေ ဝယ်ထားမှ အိမ်ပြန်တော့ ပြန်ကြည့်ရတာပေါ့ ဝသန်ရဲ့၊ ကိုယ်တို့နှစ်ယောက် အလှူလည်း အတူတူ လှူကြရအောင်"





အမယ် မယ် . . . တဖြည်းဖြည်းနဲ့ တစ်ဆင့်စီ တက်လာလိုက်တာ၊ မထွေးလေး မြွေမျိုးသလိုပါပဲလား။ ခြေထောက်ကနေ ပေါင်၊ ပေါင်ကနေ ခါး။

"လှူလေ . . . ကျွန်မက ပိုက်ဆံသိပ်မပါတော့ ဘုရားတစ်ဆူဆို ငွေတစ်ရာလောက်ပဲ လှူနိုင်မှာ"

"ညောင်စေ့လောက်လှူလည်း စေတနာကောင်းရင် ညောင်ပင်ကြီးလောက် ရပါတယ်ဗျာ၊ ပုဂံမှာက ဘုရားတွေ များလွန်းလို့ တစ်ဆူကို တစ်ရာလှူတောင် သောင်းချီကုန်လောက်တယ်"

"အဲဒါကြောင့် ကိုယ့်ငွေနဲ့ကိုယ် လှူလေ၊ ရှင်က များများ လှူနိုင်တော့ များများကုသိုလ်ရမှာပေါ့"

"ဩော် ဗျာ . . . အတူတူလှူချင်လို့ပါဆိုမှ၊ အတူတူကုသိုလ်ရချင်လို့ပါဆို"

ညီမင်းထွဋ်က အတင်းပင် သူမထံမှ ငွေအကြွေလေးများကို တောင်းနေလျှင် သူမ စိတ်တိုရသည်။

"ကျွန်မ ဘုရားကို ဖြောင့်ဖြောင့်ဖူးပါရစေ၊ ရှင်ပါနေတော့ စိတ်ထဲမှာ ကျဉ်းကျပ်တယ် . . . ကျန်ခဲ့"

သူမ အာနန္ဒာဂူထဲသို့ ကိုယ့်ဘာသာတစ်ယောက်တည်း ပြေးဝင်ခဲ့လျှင် သူကလည်း နောက် ခပ်ကွာကွာမှ လိုက်ခဲ့သည်ပါပင်။

ဘာလဲ . . . ဘာသဘောလဲ။ နောက်ဆုံး ဝသန် သူ့ကိုမေ့ထားပြီး ကိုယ့်ဘာသာတစ်ယောက်တည်း ဘုရားဖူးနေရသလိုပင်



www.burmeseclassic.com

www.burmeseclassic.com



စိတ်လွတ်ကိုယ်လွတ် ဖူးနေလိုက်တော့သည်။

သို့သော် သတိရလို့ နောက်လှည့်ကြည့်လိုက်တိုင်း ညီမင်းထွန်းကို မလှမ်းမကမ်းမှာ အမြဲတွေ့နေရသဖြင့် ဝသန်ခါ အတူးပင် စိတ်ညစ်ရတော့သည်။

ကိုညီမင်းထွန်းရေ . . . ကျွန်မဘာဝက ဆင်းရဲလွန်းလို့ စုတ်ပြတ်သတ်နေရတာပါ။ ကျောင်းတောင် ပြီးအောင်တက်ချင်မှ တက်နိုင်မှာ။ အချစ်ရေးတွေ လုံးဝ မစဉ်းစားချင်ပါဘူးရှင်။

သို့သော် သဗ္ဗညု၊ ကန်တော့ပလ္လင်၊ လောကနန္ဒာ၊ တန့်ကြည့်စွယ်တော်၊ တုရင်စွယ်တော်၊ ပုဂံရှိ ဘုရားစေတီအားလုံးကို သူနှင့်အတူ လှည့်လည်ဖူးမြော်ခဲ့ရတာတော့ အမှန်။

❁ ❁ ❁

## အခန်း (၆)

ဦးမင်းထွန်း၏ အခန်းကျယ်ကြီးထဲမှာ တီဗီစက်ထည့်သွင်းထားပြီး သူတို့နှစ်ယောက် တီဗီကြည့်သည့်အခါ ကြည့်ကြသည်။ ဘာသကားတွေဆို အတူရယ်မောလို့။

ဦးမင်းထွန်းမှာ မူလတုန်းကလို မဟုတ်တော့ဘဲ ယခုအခါ ပျော်ရွှင်ချမ်းမြေ့နေလေပြီ။ သန့်မင်းထွန်းလည်း အဘိုးအတွက် တော်တော် စိတ်ချမ်းသာနေရ၏။

အဘိုး မကျန်းမမာနှင့် ဒုက္ခိတဖြစ်ကတည်းက ဘာကိုမှ စိတ်တိုင်းမကျဘဲ ဆူပူအော်ဟစ် ညည်းညူ၊ စိတ်မာတ်တွေကျနေခဲ့သည်။

ယခု နွေနှောင်းရောက်လာသည့်အခါ အဘိုးမှာ လူကောင်း



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်လို ဘဝကို ရင်ဆိုင်ပျော်မွေ့နေပေပြီ။ ဒီကောင်လေးဟာ တကယ့် သွေးရင်းသားရင်း၊ သွေးမျိုးရင်းချာလို သဘောထားကာ မြှုစုနေတာတော့ အမှန်။

မွေ့နှောင်းရောက်တာ တစ်ပတ်ခန့်ရှိသည့်အခါ အဘိုးလည်း တော်တော်အဆင်ပြေနေပေပြီ။ မနက်ဖက်ဆို ခြံထဲဆင်းကာ အဘိုး… တွဲပြီး လမ်းလျှောက်ခြင်း၊ ရေကူးကန်မှာ ခြေထောက်ကို ရေစိမ်ပြီ… လှုပ်ယမ်းပေးခြင်း၊ သောက်ရမည့်ဆေးများကို အချိန်မှန်မှန်တိုက်သ… အစားအသောက်ကိုလည်း ဂရုတစိုက် စောင့်ကြပ်ကျွေးမွေးခြင်းတို့… စေတနာအပြည့်နှင့် တာဝန်ထမ်းဆောင်နေလေသည်။

အဲ ... တစ်ပတ်ကြာသည့်အခါမှာတော့ တစ်ရက်သော… ပြန်ဖို့ မွေ့နှောင်း အဘိုးကိုခွင့်ပန်လေ၏။ မနက်ခင်း နံနက်စာစားပြီး… တွင် သူမ ...

"အဘိုး ... ကျွန်တော် အိမ်ကို တစ်ပတ်မှာ တစ်ရ… လောက်ပြန်ရင် ရမလားဟင်"

"သြော် ... ဟုတ်တာပေါ့၊ ငါ့မြေး ပြန်ချင်ရမှာပေါ့၊ ဒါ… အဘိုးက လူတစ်ယောက်မှမရှိဘဲ နေလို့မရတဲ့အတွက် မောင်သန့်… စီစဉ်နိုင်းရဦးမယ်၊ မြေးငယ်ကလည်း ခါတိုင်း တစ်ပတ်ကြာအော… အိုးပစ်အိမ်ပစ် မသွားဖူးပါဘူး။ မင်းနဲ့ တစ်ခါမှ မဆုံဖူးဘူးနော်"

"ဟုတ်တယ် အဘိုး၊ အဘိုးမြေးငယ်ကို ကျွန်တော် တ… မှ မမြင်ဖူးသေးဘူး၊ ဦးသန့်မင်းထွဋ်ကို မေးကြည့်ပါဦး ... အထော…





မှ ပြန်မှာပါ"

"အခုပဲ အဘိုး မောင်သန့်ကို ခေါ်လိုက်မယ်"

အဘိုး ဦးသန့်မင်းထွဋ်ကို အိမ်တွင်းဖုန်းနှင့် လှမ်းခေါ်လျှင် သူ ချက်ချင်းပင် ရောက်ရှိလာ၏။ အသားဖြူပြီး ဥပဓိရုပ် ချောမော တည်ကြည်သည့် သူ့အသွင်က အလုပ်သွားတော့မည်မို့ ရှင်းသန့်လျက်။

"အဘိုး ဘာကိစ္စရှိပါသလဲခင်ဗျာ၊ သားတော် အဘိုးဆီ တုမှုထမ်းသွားခင် ဝင်လာမလို့ပါ"

"မင်းအဒေါ်ရော မမြင်ပါလား"

"အန်တီ ဈေးသွားတယ်၊ ဒီနေ့ သူ့ညီသည်တွေလာမှာ ဆိုလား၊ ပြောသံကြားတယ်"

"တစ်နေ့ တစ်နေ့ ချက်လိုက်ပြုတ်လိုက်၊ စားလိုက်ဝတ်လိုက် ခဲ့ လုပ်နေတယ်၊ ကိုယ့်ဦးလေးဆီများ တစ်နေ့တစ်ခါတောင် မလာဘူး၊ ငွေလိုချင်ရင်တော့ လာပါပြီ"

ဦးမင်းထွဋ် တူမအပေါ် မကျေနပ်တာလည်း မဆန်း။ စိမ်း ခဲ့လှဲကလည်း စိမ်းလှဲလှဲပါပဲ။ သန့်မင်းထွဋ်ကတော့ အသေးစိတ်တွေ တွေးမနေတော့ပါ။ ယောက်ျားတွေချည်းရှိသည့်အိမ်မှာ အိမ်ထောင်စိုး ဆို သဘောမျိုး မိန်းမတစ်ယောက်တော့ ရှိသင့်သည်။

ခေါ်စိမ်းလှဲလှဲရှိတော့ အလုပ်သမားတွေကို လက်ညှိုးထိုးပြီး ဆောင့်စေ့အောင် ခိုင်းပေးဖော်ရသေး၏။ မိခင်တစ်ယောက်လို အိမ်



www.burmeseclassic.com

www.burmeseclassic.com



ရှင်မတစ်ယောက်လိုတော့ မိသားစုအပေါ် ငွေးတွေးမှုတွေမပေးနိုင်ပါ။

သူတို့အဖြစ်က ပွဲတော်နဲ့ ဖာတ်ဖျင်း။

ကြောင်ရုပ်နဲ့ ကြွက်သေနေရသည့်အဖြစ်။

"အဘိုး . . . ကျွန်တော့်ကို ဘာနိုင်းစရာရှိလို့လဲ"

"ဩော် . . . ဒီမှာ ငွေနှောင်းက သူ့အိမ်ကို ပြန်ချင်လို့တဲ့၊ တစ်ပတ်မှာ တစ်ရက်လောက် ပြန်ခွင့်ပြုပါတဲ့ကွာ"

အဘိုးအသံက ညည်းညည်းညူညူ။ သူ ငွေနှောင်းကို ပြန်မလွှတ်ချင်သည့်ပုံ။ ငွေနှောင်း သန့်မင်းထွဋ်ကို မျှော်လင့်တကြီး ကြည့်နေမိ၏။

"ဟာ . . . အဘိုးက လူမရှိလို့မှ မဖြစ်တာ၊ ဒီကောင် ပြန်လို့ ဘယ်ဖြစ်မလဲ"

"တစ်ပတ်မှာတစ်ရက်လောက်တော့ ခွင့်ပေးသင့်ပါတယ်ကွာ၊ သား အဘိုးအတွက် အနားမှာ တစ်ယောက်လောက် ရှာပေးပါ"

အဘိုးက အပြတ်ပြောလျှင် သန့်မင်းထွဋ် သက်ပြင်းချပြီး ငွေနှောင်းခါလည်း အားနာနေမိသည်။ သို့သော် မိဘများနှင့် တစ်ပတ်တစ်ခါတော့ တွေ့ချင်သည်။ နောက် ငွေလည်း နည်းနည်းလောက် လိုချင်ပေမယ့် ငွေနှောင်း မပြောရဲပါ။

ဒါပေမဲ့ အဘိုးက အလိုက်သိသည်။

"ပြီးတော့ ငွေနှောင်းကို ကြိုတင်လစာပေးလိုက်ကွာ၊ မုန့်ဖိုးလည်း တစ်သောင်းလောက် ပေးလိုက်"





"ဟာ အဘိုး . . . မုန့်ဖိုးမပေးပါနဲ့ဗျာ၊ လစာကြိုပေးလိုက်တာတောင် ကျေးဇူးကြီးလှပါပြီ"

"ရပါတယ်ကွာ၊ ကဲ . . . သွား သွား မနက်ဖြန်တော့ စောစောပြန်လာခဲ့ကွာ၊ ဩော် မောင်သန့် . . . ကောင်လေးကို သူ့အိမ် လိုက်ပို့နိုင်မလားဟင်၊ မင်း အားလား"

အဘိုး စေတနာတွေပိုနေလျှင် ငွေနှောင်းခါ ပျာပျာသလဲ ငြင်းသည်မှာ လက်တကာကာ။ ကိုယ့်အဖြစ်က အယောင်ဆောင်ဘဝ မို့။

"ဟာ . . . နေ နေပါစေ အဘိုး၊ ကျွန်တော်နေတာ ရွှေပြည်သာမှာ၊ အဝေးကြီးပဲခင်ဗျ၊ ကိုယ့်ဘာသာပဲ ပြန်ပါ့မယ်၊ ကျွန်တော် မနက်ကို အစောကြီးရောက်အောင် ပြန်ခဲ့ပါ့မယ် အဘိုး"

"အေး အေး . . . စိတ်ဖြောင့်ဖြောင့်သားသွား၊ မောင်သန့် စီစဉ်ပေးလိမ့်မယ်"

သည်စဉ် ဒေါ်စိမ်းလဲ့လဲ့ အဘိုး၏အခန်းထဲသို့ ပြုံးရွှင်စွာ ဝင်လာခဲ့ပြီး . . .

"အန်ကယ်ကို ဒီနေ့ စိမ်းလဲ့ စောင့်ကြည့်ပေးမှာပေါ့၊ သူ့မှာ တစ်ပတ်မှာတစ်ရက်တော့ နားပါစေလေ"

"နင့်မှာ ဒီနေ့ ညည်းသည်တွေ လာစရာရှိတယ်ဆို"

"ရပါတယ် . . . ညည်းသည်ဆိုပေမယ့် အဲဒါ စိမ်းလဲ့ရဲ့ မောင်နှမကွဲတွေပါ"



www.burmeseclassic.com

www.burmeseclassic.com



"ငါနဲ့သိသလား။ ဒါ့ဆို ခေါ်လာဦးလေ၊ စကားလေး ဘာလေး ပြောရတာပေါ့"

ဦးမင်းထွဋ်မှာ အပြင်မထွက်ရသူမို့ ကိုယ့်အိမ်လာသည့်လူတွေကိုပဲ ဖမ်းပြီး စကားပြောချင်နေပုံရ၏။ စိမ်းလဲ့လဲ့ကတော့ အပြုံးနှင့် . . .

"အန်ကယ်နဲ့ မသိဘူး။ သူတို့က စိမ်းလဲ့အဖောက်ကတော်ကြတာလေ၊ တကူးတက ညှော်ခံနေစရာမလိုပါဘူး အန်ကယ်ရယ်၊ ရန်ကုန်ကို ကိစ္စရှိလို့လာရင်း မောင်နှမတွေ မတွေ့တာကြာလို့ ဝင်တွေ့တာ"

"အေး အေး . . . ကောင်းကောင်းမွန်မွန် ညှော်ခံပါ၊ ငါ့အနားမှာလည်း အချိန်ပြည့်နေပေးစရာမလိုပါဘူး။ ငါ လိုအပ်မှ ဘဲလ်နှိပ်လိုက်မယ်"

"ဒါဆို စိမ်းလဲ့ ချက်ဖို့ပြုတ်ဖို့ ခဏသွားပြီး ညွှန်ကြားလိုက်ဦးမယ်နော်၊ ပြီးရင် ပြန်လာခဲ့မယ်"

ဒေါ်စိမ်းလဲ့လဲ့ထွက်သွားမှ နွေနှောင်း အဘိုးကို နောက်ဆံတင်းသောခြေလှမ်းများဖြင့် ကျောပိုးအိတ်လေးလွယ်ကာ နှုတ်ဆက်လိုက်သည်။

"အဘိုးရယ် . . . နောက် ကျွန်တော် အပတ်တိုင်း မပြန်လာနိုင်ပါဘူး။ ဖေဖေနဲ့မေမေကို ငွေလေးပြန်ပို့ပြီးရင် တစ်လတစ်ခါလောက် ပြန်ပို့မယ်"





အဘိုးက နွေနှောင်း၏ခေါင်းကို သူ့လက်ကလေးနှင့် လှမ်းပွတ်ပြီး . . .

"ရပါတယ်ကွာ . . . တစ်ဖက်ကလည်း မိဘပဲ၊ အေး . . . သွား သွား။ ကားစီးတာလည်း အတော့်မရဲနဲ့ လမ်းကူးတာ သတိနဲ့ကူး"

"ဟုတ်"

တကယ့်မြေးအဘိုးတွေလို သံယောဇဉ်တင်းနေကြသည့် သူတို့နှစ်ယောက်ကိုကြည့်ရင်း သန့်မင်းထွဋ် အံ့ဩနေမိသည်။

မေတ္တာဆိုတာ လူစိမ်းတွေမှာရော ပေါက်ဖွားတတ်သလား။

သန့်မင်းထွဋ် ငွေတစ်သိန်းထုပ်နှင့် မုန့်ဖိုးတစ်သောင်းကို နွေနှောင်းခါသို့ ပေးလိုက်၏။

နွေနှောင်း ကျောပိုးအိတ်လေးနှင့် အိမ်ပေါ်မှဆင်းခဲ့တော့ ခြံပေါက်ဝမှာ ဒေါ်စိမ်းလဲ့လဲ့နှင့် သူ့မောင်နှမယောက်ကို တွေ့လိုက်ရသည်။

နွေနှောင်းခါ မျက်မှောင်ကြုတ်သွား၏။ သူမမျက်စိထဲမှာ သူတွေရဲ့ ဉပဓိကို မသိုးမသန့် ခံစားနေရ၏။ ဟိုဒင်း ရုပ်ရှင်ထဲက ကြမ်းရုပ်မျိုးတွေ။'

သူ့ အဘိုးအတွက် နောက်ဆံတင်းသွား၏။ အိုလေ . . . ငါက လေးတစ်ယောက်ပဲ။ ဘာတတ်နိုင်မှာလဲ။ ဦးသန့်မင်းထွဋ်လည်း ရှိပါ။

နွေနှောင်းခါ ကိုယ့်ကြိုတင်လစာလေးပိုက်ကာ အိမ်သို့ပြန်



www.burmeseclassic.com

www.burmeseclassic.com



လာခဲ့ရပေမယ့် ရင်ထဲမှာ မပျော်တော့သလို။

✵

ကျောင်းပိတ်ရက်၊ ရုံးပိတ်ရက်မို့ အိမ်မှာ လူစုံနေကြ
နွေနှောင်းပြန်လာသည်ကိုမြင်လျှင် အားလုံးပင်ဝမ်းသာအားရ ကြို
ကြသည်။

"လာ လာ ... သမီးဆီက ဘာသတင်းမှ မကြားရတော့
အမေ စိတ်ပူနေတာ"

"အမေရယ် ... နွေနှောင်းခါပါ၊ လောကကြီးထဲမှာ
တတ် ထိုင်တတ်ပါတယ်"

လက်မ,လေးထောင်ကာ သူမ အမေ့လက်ထဲသို့ ငွေတ
သိန်း အပ်လိုက်တော့ အမေ့လက်တွေ တုန်ယင်နေလေ၏။

ဟေမာန်ခါကတော့ တဖွဖွ အံ့ဩချီးကျူးနေပြီး အမေ့
ဘာစကားမှ မဆိုနိုင်ဘဲ ငေးငေးငူငူ။

"ငါ့သမီးလေးဟာ ပညာသင်ရမယ့်အရွယ်၊ အခုကျ အ
နှစ်ယောက်က ဘဝအတွက် အာမခံချက်တွေရှိတဲ့ တက္ကသိုလ်
တက်နေရပြီး ငါ့သမီးလေးမှာ မိဘနှစ်ပါးနဲ့အတူ မိသားစုဝ
ကျူးထမ်းနေရရှာတယ်"





ဟေမာန်ခါကတော့ ဝမ်းသာနေတာ။

"နွေနှောင်းရယ် ... နင်က အငယ်ဆုံးဖြစ်ပြီး ပိုက်ဆံရှာနိုင်
နေတယ်နော်၊ နင်ကြီးရင်လည်း ဘာမှမပူပါနဲ့ဟာ၊ ငါနဲ့လိုက်နေ၊
ဒါ အပျိုကြီးလုပ်ပြီး ညီအစ်မနှစ်ယောက် အတူနေကြမှာပေါ့"

ဝသန်ခါက သူမတို့နှစ်ယောက်ကို မျက်စောင်းထိုးလိုက်ပြီး
"အပိုတွေ မပြောနဲ့ ဟေမာန်၊ အခုပဲ နင့်မှာ ရည်းစားနဲ့ကို
များ ခိုင်းကောင်းအောင် ညာမနေနဲ့၊ အမေ့သမီးက ကျောင်းပြီးတာ
နဲ့ လင်တန်းယူမှာ၊ သူ့ရည်းစားစာထဲမှာ ပါပြီးသား"

မိဘတွေ မျက်နှာပျက်သွားတော့ ဟေမာန်ခါ ရယ်ကျဲကျဲနှင့်
ရသည်။

"ဒါကတော့ အခြေအနေအရ ရည်းစားထားရတာပါဟာ၊
တာ ပစ္စည်းရှိတော့ ငါ့အတွက် အဝတ်အစား ဝယ်ပေး၊ မုန့်ဝယ်
တယ်၊ ငါက မိဘတွေ အကုန်အကျသက်သာအောင် တစ်ဖက်
လမ်းက ကြံစည်ရတာပါဟာ၊ ငါ့ခေါင်းထဲမှာ ဘာအစီအစဉ်မှ
ပါဘူး၊ သူက ရုပ်ဆိုးကြီးပါ၊ မယူချင်ပါဘူး"

"ကြည့်စမ်း ... ရည်းစားထားတာများ အပျော်တမ်းလုပ်နေ
သား မိဟေမာန်၊ နင်က ယောကျ်ားတွေကို ဘာထင်နေလို့လဲ၊
ကြာ ညာစားရင်း စားရင်းနဲ့ ရန်မဖြစ်သွားလို့မယ် ... ခွေးမ"

အမေ ဟေမာန့်ကို ဆူနေတော့ ဟေမာန်ခမျာ မျက်နှာငယ်
နှင့်။ ဝသန်ခါကတော့ ရည်းစားမရှိဘူး မဟုတ်ပါလား။ ဒါမှ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ် ပိရိနေတာလည်း ဖြစ်မည်။

နွေနှောင်းခါ အားလုံးကိုတောင်းပန်လိုက်သည်။

"ကဲ . . . တော်ကြပါတော့ အစ်မတို့ရယ်၊ တစ်ပတ်မှ တစ် လေး ဆုံကြရတာ ပျော်ပျော်ပါးပါးနေကြရအောင်၊ ကဲ . . . မေ နား၊ သမီးတို့ ထမင်းဝင်ချက်မယ်၊ ဘာတွေဝယ်ထားလဲ"

"ဒီနေ့တော့ ပုစွန်ဝယ်ထားတယ်၊ ပုစွန်အစပ်ကြော်ပြီး ချ ရည်ဟင်းနဲ့ စားကြမယ်၊ သမီးလေး နားပါ၊ ဖေဖေ့အနားမှာ စကာ ပြောပါ၊ မေမေကိုယ်တိုင် ငါ့သမီးတွေကို ချက်ကျွေးမှာပေါ့ကွယ်"

အမေက အဖေ့အနားကို တွန်းပို့ပြီး သူကိုယ်တိုင် မီးဖိုင ဝင်နေစဉ် အစ်မနှစ်ယောက်က တစ်ပတ်စာအဝတ်များကို မီးပူတိုက် နေလေ၏။

သူတို့နှစ်ယောက်ကြည့်ရတာ ကိုယ့်အိမ်ကိုယ် ခင်တွယ်ကြ လည်း မပေါ်ကြ။ ငွေလိုလို့သာ အိမ်ပြန်လာပြီး ယူနေကြရသည် တွေ ပေါက်နေရာ နွေနှောင်းနှင့်အဖေ စိတ်မသက်မသာဖြင့်သ ကြည့်နေရ၏။

အေးလေ . . . အိမ်ဆိုတာ သာယာမှကို။ ခုတော့ သူတို တိမ်ညွှန့်စားချင်တဲ့ အသသတိုင်မြင်းမလေးတွေ။ ငါတို့အိမ်က မြေ မှာ ကပ်နေတာကို။

အဖေ့အနားမှာ ခြေသလုံးတွေ နှိပ်ပေးနေရင်း ရေနွေးကြ သောက်၊ လက်ဖက်စားနေရပေမယ့် နွေနှောင်း အဘိုးကို နှောက်





င်းနေမိသည်။

အဘိုး အဆင်မှပြေပါ့မလား။ ခေါင်စိမ်းလဲ့လဲ့ပုံကြည့်ရတာ သို့ဦးလေးအပေါ် ကြင်နာပုံ မရှိ။ သာလို့ပေါင်းနေသည့် သာပေါင်း ားယာန်။ သူ့မောင်နှစ်ယောက်ဆိုတာလည်း ဟုတ်မှဟုတ်ရဲ့လား။

သည်စဉ် အဖေက သူကြားသည့်သတင်းတစ်ခုကို နွေ င်းအား လှုကြီးလုပ်ပြီး ပေးနေလေ၏။

"သမီးရဲ့ . . . အဖေ ညစောင့်လုပ်ရတဲ့ ဆိုင်ပိုင်ရှင်ရဲ့ အခေါ် မနေ့က အသတ်ခံလိုက်ရတယ်"

"ဘယ်လိုအဖေ . . . မြို့ထဲမှာတောင်"

"ဟုတ်တယ် . . . မြို့ထဲပေမယ့် သတ်သွားတဲ့သူက သူ့အိမ် တစ်ယောက်နဲ့ပေါင်းပြီး ဝင်သတ်သွားတာလေ၊ မီးခံသေတ္တာ တ်တာပေါ့ကွယ်"

"တရားခံတွေမိပြီလား အဖေ"

"မမိသေးဘူး . . . နှစ်ယောက်လုံး ပြေးနေကြတယ်၊ အပုန်း င်းနေတုန်းပဲ"

နွေနှောင်းခါ အဘိုးအတွက် ပိုပြီးစိုးရိမ်သွားမိ၏။ ကိုယ်က ဟုတ်ပေမယ့် ကိုယ်ရှိလျှင်ပဲ အဘိုးတို့အတွက် အားကိုးရမှာ ထင်မိ၏။

သူမ အဖေ့ကို စိုးရိမ်တကြီးပြောမိသည်။

"အဖေ . . . သမီး ဒီမှာ ညမအိပ်တော့ဘူး။ ဟိုအိမ်မှာ လူ



www.burmeseclassic.com

www.burmeseclassic.com



နာအဘိုးနဲ့ သူ့မြေးတစ်ယောက်ပဲရှိတယ်၊ သမီး ညနေပြန်မယ်"

"ရောက်တုန်းရောက်ခိုက် ညအိပ်ပါဦးလား သမီးရယ် ... သမီးက ဘာတတ်နိုင်မှာမို့လဲ"

"ဘာမှ မတတ်နိုင်ပေမယ့် အဘိုးက သမီးရှိမှ အဆင်ပြေ သူက ဝိုးချဲနဲ့နေရတာ အဖေရဲ့၊ သမီးက သူ့ကို ပြုစုကူညီရတယ် အဘိုးက သဘောကောင်းပါတယ်"

"လူနာက အဘိုးကြီးလား"

"ဟုတ်တယ်၊ အဖေ့ထက် ကြီးတာပေါ့ ... အသက်ခြော ဆယ်ကျော်, ခုနစ်ဆယ်လောက်ရှိမယ်"

အဖေနှင့်စကားပြောပြီးတော့ နွေနှောင်းခါ အမေရှိရာ ဘက်သို့ ရောက်သွားပြန်၏။ အမေမေးသမျှ ဖြေကြားပြောဆို အမေ့ကို သူမ ကူညီပေးနေ၏။

အကြီးနှစ်ယောက်ကတော့ သူတို့အလုပ်နှင့်သူတို့ ရှုပ်လု မိနှင့်ဖကိုပင် သိပ်မခင်တွယ်တော့သလို။

မိဘနှစ်ပါးကတော့ သားသမီးများကို ချစ်သည့်မျက်စိ လွှတ်သည့်မျက်စိနှင့် ကြည့်ပြီး အရိပ်တကြည့်ကြည့်။ အပြစ်ရယ် ပြုရ ... မမြင်။

သူတို့သမီးတွေ တိမ်လိုမြင့်မားသွားတာကို ကျေနပ်ကြည် နေကြသလို သမီးလေးတစ်ယောက် သူများအိမ်မှာ အစေအပါး နေရရှာတာကိုလည်း စိတ်မကောင်းဖြစ်ကြသည်။





နွေနှောင်းခါ အိမ်မှာ မိဘများ၊ အစ်မများနှင့် နွေးထွေးစွာ ...ပြီး ညနေကျတော့ ဦးမင်းထွဋ်တို့အိမ်သို့ ပြန်ခဲ့သည်။

❁ ❁ ❁

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၇)

ညီမင်းထွဋ် . . . ။

သူ့အကျင့်က သူငယ်ချင်းတွေ၏အခေါင်မှာ ပျော်တယ်

အိမ်ကို တစ်ပတ်တစ်ခါလောက်သာ ပြန်တတ်သူ။ အစ်ကိုသန့်မင်း

နှင့်တော့ တခြားစီ။

သန့်မင်းထွဋ်က အဘိုး၏လုပ်ငန်းများမှာ ဝင်ရောက်

လုပ်ကိုင်နေပြီး စနစ်ကျ၊ စည်းကမ်းကျသလောက် ညီမင်းထွ

သူထင်ရာစိုင်းတတ်သူ။

အဘိုးကလည်း ကျန်းမာရေးမကောင်းလေတော့ သူ

လွှတ်ထားလေ၏။

သည်နေ့တော့ တနင်္ဂနွေမို့ ညီမင်းထွဋ် အိမ်သို့ ပြန်





သည်။ အစ်ကိုဂျံမှာ ငွေတောင်းဖို့နှင့် အဘိုးကို ပြန်ကြည့်တာပေါ့။ ညီမင်းထွဋ် ခြံရှေ့ရောက်တော့ ဒေါ်စိမ်းလှဲလှဲက ခြံတံခါးဖွင့်ပေးခဲ့၏။ သူ့မျက်နှာက အထူးပင် ချိုသာလျက်။

ညီမင်းထွဋ် အိမ်မပြန်ချင်သည့်အထဲမှာ ဒေါ်စိမ်းလှဲလှဲလည်း ပါသည်။ သူ့ကိုယ်သူ အိမ်ကြီးရှင်ပုံစံနှင့် နေရာတကာ ဆရာကြီးလုပ်တာလည်း ညီမင်းထွဋ် မကြိုက်။ သည်တစ်ခါတော့ ပြုံးလို့ ချိုလို့ပါသား။

"ကိုညီ ပုဂံသွားတာ တော်တော်ပျော်ရဲ့လား၊ အိမ်မပြန်တာ ကောင်း အတော်ကြာပြီနော်"

"အန်တီရာ . . . အေးအေးနေစမ်းပါ၊ ကျွန်တော် အဘိုးဆီ သွားလိုက်ဦးမယ်"

ဘာပဲပြောပြော ညီမင်းထွဋ်ဟာ သူ့အဘိုးကိုတော့ ဂရုစိုက်ပါသည်။ နောက်မှ ဒေါ်စိမ်းလှဲလှဲက လှမ်းအော်သေး၏။

"ကိုညီရေ . . . ဦးလေးမှာ စောင့်မယ့်သူမရှိတာနဲ့ အတော်ပဲ နေတော့ နှင်စောင့်ရမယ်"

"ခါတိုင်း ဘယ်သူစောင့်သလဲ"

ညီမင်းထွဋ် မျက်မှောင်ကြုတ်မေးတော့ . . .

"ခါတိုင်းစောင့်တဲ့ ကောင်လေး အိမ်ပြန်သွားတယ်၊ မနက် မှ ပြန်လာမယ်၊ အဲဒီကောင်လေးက သိပ်အချွဲကောင်းတာ၊ ရုပ် ည်းချော, အပြောကလည်းကောင်းတော့ ကိုညီ့အဘိုးဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



ပစ်ကျနေတာပဲ''

မြေးအဘိုးချင်း သွေးတိုးစကားပြောပြီး ဒေါ်စိမ်းလဲ့လဲ့ မှ
နှင့် ကျန်ခဲ့သည်။

သည်နေ့ညတော့ သူမ အပီအပြင် လှုပ်ရှားရမည်။ သူမ
ကူညီမည့် ပဉ္စမံတပ်သားနှစ်ယောက်လည်း အိမ်မှာ ရောက်ရှိနေပေ

တူမဝမ်းကွဲဆိုပေမယ့် သူမကို အိမ်ဖော်သာသာပဲ ထား
သည့် ဦးမင်းထွဋ်တို့မိသားစုကို ဒီနေ့တော့ ပညာကောင်းကော
ပေးရမည်။

မီးခံသေတ္တာနိုးဖွင့်ပြီး ပစ္စည်းတွေယူဖို့ စိမ်းလဲ့လဲ့ ကြံစည်ထ
၏။ အိမ်ပေါ်မှာ ဧည့်သည်အဖြစ် ရောက်နေသည့် ကိုမင်းနှင့်ကိုသူ
ဟာ စွယ်စုံရသည့် ညီအစ်ကိုတွေပါ။ ကိုမင်းက သူမချစ်သူ။

လောလောဆယ် သူတို့ကို အခန်းအောင်းထား၏။ ဘယ်
နှင့်မှ မတွေ့ပေ။ သတင်းသာ ကြိုပေးထားခဲ့သည်။

"ဟင်း ဟင်း ဟင်း ... ငါ့ကို တူမပေမယ့် ဘယ်တုန်း
အခွင့်အရေးမပေးဘဲ မီးဖိုချောင်ထိုးထားခဲ့တဲ့လူတွေ တွေ့ရမှာပေါ့
ပြီးတော့ ဟိုတစ်နေ့က ရှေ့နေနဲ့ အမွေကိစ္စတွေ ဆွေးနွေးတုန်း
လည်း ငါ့အတွက် ဘာမှထည့်မပေးဘူး၊ တကယ်ဆို တစ်သက်
အနွံ့အတာခံပြီး နေလာခဲ့ရတဲ့ငါ့ကို ထည့်စဉ်းစားသင့်တယ်"

ဒေါ်စိမ်းလဲ့လဲ့တစ်ယောက် ဦးမင်းထွဋ် ကောက်ယူကျွေး
ခဲ့သည့် ကျေးဇူးတွေကို မျက်ကွယ်ပြုပြီး အပြစ်တွေချည်း မြင်နေ





ညကျလျှင် သူ့ပဉ္စမံတပ်သားတွေနှင့်ကြံစည်ဖို့ အစီအစဉ်တွေ ချနေ၏။

ညစာကျလျှင် အစားအသောက်တွေထဲမှာ အိပ်ဆေးခတ်မည်။ တစ်အိမ်လုံး အိပ်မောကျနေစဉ် သူတို့သုံးယောက်က မီးခံသေတ္တာဖွင့်ပြီး ရတနာပစ္စည်းတွေ မ,သွားရုံပေါ့။

အဝေးကိုလစ်ပြေးဖို့အတွက် လေယာဉ်လက်မှတ်တွေလည်း ကြိုတင်စီစဉ်ပြီးသား။ မနက် ၈ နာရီဖလိုက်နှင့် စစ်တွေသို့သွားမည်။ ထိုမှတစ်ဆင့် ကိုမင်းတို့အမျိုးတွေရှိရာ ရခိုင်တောပိုင်းသို့သွားရောက် ခိုအောင်းနေလိုက်မည်။

အတွေးနှင့် စိမ်းလဲ့လဲ့ အူမြူးနေစဉ် ညီမင်းထွဋ်အဘိုး၏ အခန်းထဲမှာ စကားပြောနေလေ၏။

"အဘိုး ... ဒီတစ်ခါ လူနာစောင့်က အဘိုးနဲ့အဆင်ပြေနေတယ်ဆို၊ ရုပ်ချော အချွဲကောင်းဆိုပဲ၊ ဘာလဲ ... ဒီကောင်က အခြောက်လား"

ဦးမင်းထွဋ် အိပ်ရာပေါ်မှ ဝှီးချဲပေါ်သို့တက်ရန် လက်ပြသဖြင့် ညီမင်းထွဋ် ကူညီလုပ်ကိုင်ပေးရ၏။ အဘိုးက ဝှီးချဲပေါ်ရောက်တော့ ဝရန်တာဘက် တွန်းပို့ခိုင်း၏။ ပြီးမှ သူ့ကောင်လေးအကြောင်းကို သေသေချာချာ ပြောပြခဲ့သည်။

"ဒီကောင်က ငါနဲ့ပဋ္ဌာန်းဆက်ပါတယ်ကွ၊ ငါ့မှာ မြေးတစ်ယောက် နောက်ထပ်ရသလိုပဲ ခံစားရတယ်"

"ဟာ ... အဘိုးကလည်း ဒါတော့လွန်ပြီဗျာ၊ သူက လူ



www.burmeseclassic.com

www.burmeseclassic.com



စောင့်ပဲ အဘိုးရဲ့၊ သူ့အလုပ်သူလုပ်တာကို ဒီလောက်တောင်ခံစားနေရ သလား။ ကျွန်တော့်တို့က မြေးတွေပေမယ့် ကျောင်းတက်ရ၊ အလုပ် သွားရနဲ့မို့ အဘိုးအနားမှာ သူ့လို စောင့်မပေးနိုင်တာပါ”

“တော်ပါကွာ … မင်းက အဘိုးဆီ နေ့တိုင်းတောင် ပြန် လာတာမဟုတ်ပါဘူး။ ငါ့မှာ ကိုယ့်မြေးမျက်နှာတောင် နေ့တိုင်း မြင် ခွင့်မရတဲ့ဘဝ”

“ဟာ … ဒါတော့ အဘိုးများသွားပြီ အဘိုးတူမ တပွမ်ပွမ် မြည်နေတာကြီးကို နားပူမခံနိုင်လို့ သားက နေ့တိုင်းပြန်မလာတာ”

“မင်း အဲဒါကိုက လွဲတာ၊ ဒီအိမ်မှာ သူက အိမ်ရှင်မှမဟုတ် ဘဲ၊ မင်းတို့ နေရာပေးလွန်းလို့ သူ ရောင့်တက်နေတာ၊ တကယ်ဆ သူ့ကို အိမ်မှာ အိမ်ထောင်ထိန်းသိမ်းဖို့ ခေါ်ထားတာ”

“ဒါပေမဲ့ အဘိုးတူမ ကျွန်တော်တို့အဒေါ်ပဲလေ”

“ထားလိုက်စမ်းပါကွာ၊ ကဲ … ဒါဆို နောက် အိမ်ကို နေ့ တိုင်း ပြန်လာကွာ၊ အဘိုးက မင်းတို့မြေးနှစ်ယောက်ရဲ့မျက်နှာ နေ့တိုင်း မြင်ချင်တာ၊ အဘိုးပြုစုပျိုးထောင်ခဲ့တဲ့ မြေးလေးနှစ်ယောက် အမြဲ အတူနေချင်တယ်”

“စိတ်ချ အဘိုး … နောက် သား နေ့တိုင်းပြန်လာပါ့မယ် ကဲ … ဒီနေ့လည်း အဘိုးအနားမှာ သားနေပေးမှာ၊ အဘိုးကို သာ ပြုစုမှာ၊ အဘိုးကောင်လေးကိုတော့ မချစ်နဲ့ဗျာ၊ လူနာစောင့်ကို လူ စောင့်လိုပဲ သဘောထား၊ သား မနာလိုဘူး”





ညီမင်းထွဋ်မှာ မြေးအငယ်ဗိစိ သူ့အဘိုးကို မနာလိုဖြစ်နေ လျှင် ဦးမင်းထွဋ် တပြုံးပြုံးနှင့် သဘောကျနေ၏။ မြေးအဘိုးနှစ် ယောက် ဝရန်တာမှ ခြံထဲသို့ ကြည့်လိုက်၊ လမ်းသို့ မျှော်ကြည့်လိုက် အရပ်လေးမျက်နှာသို့ ကြည့်လိုက်လုပ်နေကြရင်း စကားတပြောပြော။

သည်စဉ် ခြံထဲသစ်ရိပ်မှာ လူနှစ်ယောက်ထိုင်ပြီး စကားပြော နေတာ မြင်လိုက်ရသဖြင့် ညီမင်းထွဋ် မျက်မှောင်ကြုတ်သွား၏။

“ဘာဖြစ်လို့လဲ မြေး”

“ဟိုမှာလေ … လူနှစ်ယောက် ခြံထဲ ဘာဖြစ်လို့ရောက်နေရ တာလဲ၊ ဘယ်သူဖွင့်ပေးတာလဲ”

“ဪ … စိမ်းလဲ့လဲ့ရဲ့မောင်နှစ်ယောက်ဆိုတာ ထင်တယ်၊ ရန်ကုန်ကို ကိစ္စရှိလို့လာကြရင်း ဒီမှာတည်းခိုကြမှာ”

“အဘိုး … သူတို့ကို မြင်ရလို့လား။ စကားပြောရလို့လား”

“မမြင်ရပါဘူး။ ဒါပေမဲ့ စိမ်းလဲ့မောင်တွေ ဆိုတော့လည်း”

“အဘိုးရယ် … ဒီခေတ်ကြီးထဲမှာ ဘယ်သူ့မှ မယုံရဘူး လေ အဘိုးရဲ့၊ ကဲ … အဲဒီ လူစိမ်းတွေနဲ့ ညကျ အိမ်ကိုတစ်ခုခု နှကွပေးတော့ ဘာတတ်နိုင်မလဲ၊ သားတို့အိမ်က ခိုင်ခိုင်ခံ့ခံ့ ထုထည် ကောင်းကောင်းမို့ ဖောက်ထွင်းဝင်လို့မရပေမယ့် အဲဒီလို ကလိမ်က ကျစ်နည်းနဲ့ ကြိုရောက်နေရင် ဘာမှမတတ်နိုင်ဘူး။ လူစိမ်းတွေကို အရမ်းလက်ခံလို့ ဘယ်ဖြစ်မလဲ၊ နေဦး … သား သွားပြီး စုံစမ်းဦး မယ်”



www.burmeseclassic.com

www.burmeseclassic.com



ဦးမင်းထွဋ် သူ့မြေးကို လက်မောင်းဆွဲထားရ၏။

"စိမ်းလဲ့မျက်နှာ ရှိသေးတယ် မြေးရယ်၊ အရမ်းလုပ်ရင် သူ မျက်နှာပျက်ရမှာပေါ့"

"အဘိုး အဲဒီလိုထောက်ထားနေရင် အဘိုးရဲ့ အသက်အိုးအိမ်, စည်းစိမ်ပြုတ်သွားလိမ့်မယ်၊ ခဏလေး နေခဲ့စမ်းပါ အဘိုးရယ် ... သား သွားပြီးကြည့်ပါရစေဦး"

ညီမင်းထွဋ် အောက်သို့ အပြေးဆင်းခဲ့ပြီး ခြံထဲရှိ လူနှစ်ယောက်ရှေ့သို့ ရောက်သွား၏။

"ဒီမှာ ခင်ဗျားတို့က ဘယ်သူတွေလဲ"

ကိုမင်းနှင့် ကိုသူမှာ မျက်နှာထားတွေ တင်းသွားကြ၏။ သို့သော်ချက်ချင်းပင် မျက်နှာတွေကို ပြုပြင်လိုက်ရပါသည်။ အကြံအစည်တွေက ရှိသေးသည် မဟုတ်ပါလား။

ကိုမင်းနှင့် ကိုသူ၏ ရုပ်တွေက ဂျင်းဘောင်းဘီတွေနှင့်၊ စပို့ရှပ်တွေနှင့် လူကြမ်းရုပ်တွေ။ ဗလကောင်းကောင်း ထောင်ထောင်မောင်းမောင်း။

"ညီလေးက ဒီအိမ်ရှင်ထင်တယ်၊ အစ်ကိုတို့က မမစိမ်းရဲ့ မောင်တွေပါ"

"ရုပ်တွေကလည်း တခြားစီပဲ၊ ဟိုက ဖြူဖြူ၊ ခင်ဗျားတို့က မည်းမည်း"

"တစ်ဖအေစီမို့ပါ"





"ဒါဆို ခင်ဗျားတို့အမေက လင်သုံးယောက်ပေါ့၊ လင်များတဲ့ မိန်းမဆို သိပ်မုန်းတာပဲ၊ သုံးကျောင်းပြောင်းတဲ့ရှင်, သုံးလင်ပြောင်းတဲ့ မိန်းမ"

"ဘာကွ"

ကိုသူက ညီမင်းထွဋ်၏ ရှပ်အင်္ကျီကော်ပိုးကိုဆွဲလိုက်လျှင် ညီမင်းထွဋ်က လက်သွက်သွက်နှင့် အရင်ထိုးထည့်လိုက်၏။

'ခွပ်'

"အား"

"ဟဲ့ ဟဲ့ ... လက်လွန်ကုန်မယ်၊ လက်လွန်ကုန်ကြမယ်"

မီးဖိုခန်းဘက်မှ ဒေါ်စိမ်းလဲ့လဲ့ ခြံထဲသို့ပြေးဆင်းလာချိန်တွင် ဒီမှာ လက်လွန်ပြီးကြလေပြီ။ ညီမင်းထွဋ်က ကိုသူကို လက်သီးနှင့် ထိုးသလို ဟိုကလည်း ပြန်ထိုးသဖြင့် သူကွဲ ကိုယ်ကွဲ။ နှစ်ဦးစလုံး မျက်နှာတွေ ဖူးပြီး နှုတ်ခမ်းတွေ ကွဲကုန်ကြပေ၏။

"ကိုသူ ... နင် ဘယ်လိုလုပ်လိုက်တာလဲ၊ ဒါ အိမ်ရှင်လေ၊ နင့်မှာ ဦးနှောက်မရှိဘူးလား"

"ခင်ဗျားအိမ်ရှင်က ကျုပ်အမေကို လင်များတယ်, လင်သုံးယောက်လို့ ပြောတာကျတော့ရော"

"ဘယ်လို ... ကိုညီက ဒီလိုပဲပြောသလား"

ဒေါ်စိမ်းလဲ့လဲ့ ဘယ်လိုလုပ်ရမှန်းမသိ ဖြစ်နေ၏။ ညီမင်းထွဋ်က ထိမထင်ရုပ်နှင့် ကိုယ့်နှုတ်ခမ်းကွဲမှ သွေးများကို ခွံခနဲ



www.burmeseclassic.com

www.burmeseclassic.com



ထွေးထုတ်လိုက်ပြီး . . .

"သူပြောတာပဲလေ၊ ကျွန်တော်က ခင်များတို့မောင်နှမတွေ ရုပ်ချင်းမတူဘူးလို့ပြောတော့ သူက တစ်ဖအေစီတဲ့၊ အန်တီ့အမေမှာ လင်နှစ်ဆက်ရှိတာ သိပြီးသားပဲ၊ သူတို့က နောက်ထပ် တစ်ဖအေနဲ့ မွေးတယ်ဆိုတော့ ကျွန်တော်က သချာနည်းနဲ့ လင်သုံးယောက်လို့ တွက်လိုက်တာ လွန်သလား"

ညီမင်းထွဋ်ရှင်းပြတော့လည်း မှန်နေတာပင်။ သူတို့ကသာ အနာရှိတဲ့လက်တွေမို့ စပ်ကုန်ကြတာ။ ဒေါ်စိမ်းလှဲ့လှဲ့ မျက်စိမျက်နှာ ပျက်ပျက်နှင့် ဟိုဘက်၊ ဒီဘက် တောင်းပန်ရသည်။

"ကဲ ကဲ . . . ငါပဲ ကြားထဲက တောင်းပန်ပါတယ်၊ ကိုညီကလည်း အန်တီ့မျက်နှာထောက်ထားပြီး အန်တီ့မောင်တွေကိုခွင့်လွှတ်လိုက်ပါ၊ ကိုသူကလည်း ကိုယ့်ညီလေးကို ခွင့်လွှတ်ပါ၊ မမ ကြားထဲက အနူးအညွတ် တောင်းပန်ပါတယ်နော်"

ကိုသူ့ကို ကိုမင်းက ပခုံးဖက်ပြီး ချော့မော့သလိုလိုနှင့် သတိပေးနေ၏။ ညီမင်းထွဋ်၏မျက်ဝန်းထောင့်မှ သူတို့၏ မရိုးသားမှုတွေကို ခံစားနေရသည်။ ဒီတော့ . . .

"ညွှန့်သည်က အိမ်ရှင်ကိုစော်ကားနေပြီပဲဗျာ၊ အိမ်ရှင်က ငပေါကြီးလုပ်ပြီး ခွင့်လွှတ်နေရဦးမှာလား။ ခင်များတို့လူတွေဆိုရင် ဘာလုပ်သင့်သလဲဆိုတာ ကျုပ်က ပြောပြနေရဦးမှာလား"

ညီမင်းထွဋ် ခေါင်းကိုမော့ပြီး နေရာမှထွက်ခဲ့လျှင် ဒေါ်စိမ်း





လှဲ့လှဲ့တို့သုံးယောက် ခေါင်းချင်းရိုက်၊ မျက်ဖြူဆိုက်ပြီး ကျန်ခဲ့လေ၏။

"ကဲ ကိုသူ . . . မင်းကြောင့် ငါတို့အကြံအစည်တွေ ပျက်ကုန်ပြီ ကိုညီ စိတ်ဆိုးသွားပြီ၊ သူ ဘာပဲပြောပြော သည်းခံရမှာလေ"

ဒေါ်စိမ်းလှဲ့လှဲ့ အပြစ်တင်လျှင် ကိုသူ ဒေါသတွေ ပေါက်ကွဲနေ၏။

"ဘာဗျ . . . သူက ကျုပ်အမေကို လင်သုံးယောက်လို့ပြောတာ ကျုပ်က ငြိမ်ခံနေရမှာလား။ အမေ့ကို စော်ကားနေတာ ကျုပ်က ငပေါကြီးလုပ်နေရမလား"

"ဟဲ့ . . . ငါတို့ဇာတ်လမ်းအရ နင်တို့က ငါ့ရဲ့မောင်နှမဆိုတော့ ငါ့အမေက လင်နှစ်ယောက်ရှိနှင့်ပြီးသားလေ၊ သူက နင်တို့ပြောတာနဲ့ လင်သုံးယောက်လို့ တွက်တာလွန်သလား"

"မသိဘူးဗျာ . . . သူ့ရုပ်က လှောင်တဲ့ရုပ်နဲ့"

"ကဲ . . . အခုတော့ ငါတို့အလုပ်တွေ အကုန်လွဲချော်ကုန်ပြီ အသုပ်အပိုးပြင်ပြီး ပြန်ဖို့သာပြင်ကြပေတော့၊ လေယာဉ်လက်မှတ်သုံးစောင်လုပ်ထားတာလည်း နင်တို့ပဲစီးပြီး ပြန်ကြပေတော့"

"ဒီလောက်ထိ အကြံကြီးကြံပြီးမှ အလျှော့မပေးနိုင်ဘူးဗျာ၊ ကျုပ်တို့အခု သူ့ရှေ့မှာ အထွက်ပြလိုက်မယ်၊ ပြီး ညကျတော့ ပြန်ဝင်လာမယ်၊ ခင်ဗျား ကိုယ့်အစီအစဉ်အတိုင်း ဆက်လုပ်၊ သူတို့ကို ဒိတ်ဆေးခတ်၊ ကျုပ်တို့ကို ဖွင့်ပေး . . . ဒါပဲ"

ဒေါ်စိမ်းလှဲ့လှဲ့ တွေဝေပြန်နေရပေပြီ။ သူချစ်မိသည့် ကိုမင်း

www.burmeseclassic.com

www.burmeseclassic.com



ဟာ အသက်သုံးဆယ်ကျော်အရွယ်၊ ဗလကောင်းကောင်း မိုက်တိမိုက်ကန်းရုပ်။ သူ့မကတော့ အသည်းစွဲချစ်ရသည်။

"ကိုမင်းနဲ့ ကိုသူက ခြံထဲဆင်းနေတာကို၊ ဟိုက မြင်သွားတော့ သံသယဝင်တော့တာပေါ့၊ ကဲ ကဲ . . . ကိုမင်းပြောသလိုလုပ်ပါ့မယ်တဲ့ရှင်၊ အခုတော့ အထွက်ပြုလိုက်ပါဦး။ ညကျမှ ပြန်ဝင်လာခဲ့ . . . ဟုတ်ပြီလား"

"အိုကေ အိုကေ . . . ဒါကြောင့် မမစိမ်းကို သိပ်ချစ်နေရတာ"

ဒေါ်စိမ်းလဲ့လဲ့၏ ပါးဖောင်းဖောင်းကြီးကို လှမ်းညှစ်ပြီးကိုမင်း ချစ်ယောင်ပြုလိုက်လျှင် ဒေါ်စိမ်းလဲ့လဲ့ သဘောမနောရွှင်သွားရ၏။

ရွှေမြင်းမိုရ်တောင်ကြီးကိုတောင် တုံးမှတ်လို့ ခုန်တော့မည်။

❁ ❁ ❁

## အခန်း (၈)

နွေနှောင်းခါ . . .။

ဦးမင်းထွဋ်တို့အိမ်သို့ ညနေစောင်းမှာ ပြန်ခဲ့ပေမယ့် သည်နေ့ ကားတွေကကျပ်၊ အဆင်မပြေဖြစ်နေရသည်။ ကားက နှစ်ဆင့်၊ သုံးဆင့် ပြောင်းစီးရသည့်ကြားထဲ ကားတွေက အဆင်မပြေသဖြင့် အခုထိ သူမ ဟိုအိမ်သို့ မရောက်သေး။

ဒုက္ခပါပဲ . . . ည (၈) နာရီထိုးတော့မယ်၊ ဟိုက သူဌေးတွေအိမ်၊ ညဉ့်နက်ရင် တံခါးဖွင့်ပေးမှာ မဟုတ်တော့ဘူး။ ဒေါ်စိမ်းလဲ့လဲ့က ကြွယ်တာမဟုတ်။

နောက်ဆုံး ကားတစ်ဆင့်ကို လူကျပ်သည့်ကြားမှပင် နွေနှောင်းခါ အတင်းတိုးစီးရ၏။ ဒါတောင် သူမ ထိုအိမ်ရောက်တော့



www.burmeseclassic.com

www.burmeseclassic.com



ည (၉) နာရီထိုးခါနီးပေပြီ။

ထူးထူးခြားခြား ခါတိုင်းလို အပြင်မီးတွေ ဖွင့်မထားသဖြင့် အိမ်ရှေ့ခြံပါ ခပ်မှောင်မှောင် ဖြစ်နေ၏။ နွေနှောင်းခါ ရင်ထဲ ထိတ်ခနဲ ဖြစ်ရသည်။ ခြံက ဝင်းခတ်ထားတာ ခပ်မြင့်မြင့်။

နွေနှောင်းခါ အိမ်ထဲသို့ ဘယ်လိုဝင်ရမလဲ။ အဘိုးနှင့် အိမ် သားတွေ အိပ်ကုန်ကြပြီလား။ အခြေအနေက ထူးခြားနေတာ အမှန်

နွေနှောင်းခါ အပြင်မှလှမ်းမျှော်ရင်း ခြံပြင်မှာ ခုကွရောက် နေစဉ် ခြံရှေ့သို့ ကားတစ်စီးရောက်လာသဖြင့် သူမ ရောက်နေသည် ခြံထောင့်မှာပင် ခပ်ကွယ်ကွယ်ရပ်ရင်း အခြေအနေကို လှမ်းကြည့်ရ

သန့်မင်းထွဋ်၏ ကားလည်းမဟုတ်။ ကားက ခပ်စုတ်စု ဂျစ်ကားတစ်စင်း။ ဘာလဲ၊ ဘယ်သူလဲ။ သူမ ကြည့်နေစဉ်မှာပ ခြံတံခါးပွင့်လာပြီး ကားပေါ်မှ လူနှစ်ယောက်ဆင်းသွားတာ တွေ့လို ရ၏။

"ဟင် ... ဟိုလူတွေ"

မနက်ကပင် အိမ်ထဲမှာရှိပြီး ယခု ဘယ်လိုဖြစ်လို့ အိမ်ပြ ရောက်လိုက်၊ ပြန်ဝင်လိုက် ဖြစ်နေရတာလဲ။ နွေနှောင်းခါစိတ် မသိုးမသန့် ဖြစ်နေရပေမယ့် ခြံတံခါးက ချက်ချင်းပိတ်သွားသဖြ သူမ လိုက်ဝင်သွားလို့မရ။

အိမ်ထဲသို့ မျှော်ကြည့်တော့လည်း တစ်အိမ်လုံး မှောင် မည်းမည်း။ တစ်ခုခုတော့ တစ်ခုခုပဲ။





အင်း ... ငါ ဘယ်လိုလုပ်ရမလဲ။ အထဲကလူတွေကို ဘယ် ကူညီရမလဲ။

"အဲ ... ဟုတ်ပြီ"

ကားဘီးကို လေလျှော့ထားမှာပေါ့။ သူမ ကားဘီးကို လေ ရုံလောက်တော့ လုပ်တတ်ပါသည်။ ကားထဲမှာ ဟိုဟိုဒီဒီကြည့် ပြီး စက်ပြင်သည့်ဂွတွေ တွေ့သဖြင့် ဂွတစ်လက်ယူကာ သူမ တွေအားလုံးကို လေလျှော့ပစ်လိုက်သည်။

"ဘုရား ဘုရား ... အထဲမှာ အဘိုးတို့ကို အသက်အန္တရာယ် ဘာတွေများ ပေးနေမလား၊ ငါ ဘာလုပ်ပေးရမလဲ၊ ဘာလုပ် နိုင်မလဲ"

ခြံရှေ့တွင် ဟိုဘက်ပြေးလိုက် သည်ဘက်ပြေးလိုက်နှင့် နွေ င်းခါ ဂနာမငြိမ်ဖြစ်နေစဉ် ရှားရှားပါးပါး သူတို့လမ်းသွယ်ထဲသို့ တစ်စီးဝင်လာသဖြင့် သူမ ရှေ့မှ ဖြတ်တားလိုက်သည်။

ကားထဲမှ ခေါင်းတစ်လုံးထွက်လာ၏။ အသက်လေးဆယ် လူကြီးတစ်ယောက်။

"ဘာလဲ ကောင်လေး"

"ဟို ဒီအိမ်သားတွေ တစ်ခုခုဖြစ်နေပြီထင်တယ် ဦးလေး။ လည်း မှောင်ချထားတယ်၊ စောစောကလည်း ဂျစ်ကားပေါ်က ယောက် ဝင်သွားတယ်၊ တစ်ခုခု ကူညီပါဦးခင်ဗျာ"

"ဟ ... မင်းက စုံထောက်လား။ လျှို့ဝှက်သည်းဖိုဝတ္ထုတွေ



www.burmeseclassic.com

www.burmeseclassic.com



ဖတ်ပြီး ဇာတ်လမ်းတွေ ဆင်နေတာထင်တယ်''

"မဟုတ်ပါဘူး ဦးလေးရယ်၊ မသင်္ကာစရာတွေ တွေ့နေရ ပါ၊ နီးရာရဲစခန်း တစ်ခုခုကို အကြောင်းကြားပေးပါ၊ ဦးလေး ဖုန်းပါရင် ဆက်ပေးပါဗျာ''

"နေပါဦး ... မင်းက ဒီအိမ်နဲ့ ဘာဆိုင်လဲ''

"ကျွန်တော်က ဒီအိမ်က အလုပ်သမားပါ၊ အိမ်ပြန်နေ ကားနောက်ကျနေတာနဲ့ အိမ်ထဲမရောက်သေးတာပါ''

"ဒါဆို အိမ်ထဲ ဝင်ရအောင်ကွာ၊ လူခေါ်ဘဲလ်နှိပ်တယ် မဟု လား၊ နှိပ်ရအောင်''

"တော်ကြာ သူခိုးတွေ အထဲကလူတွေကို ဒုက္ခပေးနေ ဘယ့်နှယ်လုပ်မလဲ''

"မပူနဲ့ ... ငါလည်းရှိသားပဲ''

ထိုလူက လူခေါ်ဘဲလ်ကို အဆက်မပြတ် နှိပ်နေလျှင် အ မှလူတွေ ထိတ်လန့်ကုန်ကြလေ၏။

အထဲမှာလည်း ဒေါ်စိမ်းလဲ့လဲ့က ညစာဟင်းထဲမှာ အိပ် တွေခတ်ထားသဖြင့် ဦးမင်းထွဋ်နှင့် မြေးနှစ်ယောက်ရုံး အိပ်ပျော် ကြရသည်။

ဒေါ်စိမ်းလဲ့လဲ့နှင့် သူ့လူနှစ်ယောက်မှာ မီးခံသေတ္တာ ကြိုးစားနေကြစဉ် ခြံတံခါးဝမှ လျှပ်စစ်ဘဲလ်သံ အဆက်မပြတ် မြ နေသဖြင့် ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိ ဖြစ်သွားကြသည်။





"ဒုက္ခပဲ ... အချိန်မတော်ကြီး ဘယ်သူလာတာလဲ၊ သွားဖွင့် ပေးရမလား''

"မဖွင့်မချင်း ဘဲလ်နှိပ်နေမှာပဲဟာ၊ သွားကြည့်လိုက်ပေါ့၊ မှ အခြေအနေအရ ကြည့်ပြောလွှတ်လိုက်လေ''

"ကျုပ်တို့နှစ်ယောက် ဆက်လှုပ်ရှားမယ်၊ မမစိမ်း ခြံဝက ကိုသွားပြီး ကြည့်လုပ်လိုက်''

ဒေါ်စိမ်းလဲ့လဲ့ ခြံဝသို့ အပြေးထွက်လာရသည်။ ဘဲလ်နှိပ် တ်သူအား ဒေါသတွေ အရမ်းထွက်နေရသည်မို့ သူမ မျက်နှာက န်သုန်မှုန်မှုန်။

ခြံတံခါးမဖွင့်ဘဲ အပေါက်လေးမှ အပြင်သို့ လှမ်းကြည့်တော့ နောင်းခါ။

"ဟင် ... နင် ဘာလို့ပြန်လာတာလဲ၊ အချိန်မရှိတော့ဘူး။ ။ သွား ... ဖွင့်မပေးနိုင်ဘူး''

"ဒီအထဲကို စောစောက ကားပေါ်က လူနှစ်ယောက် ဆင်း တာတွေ့တယ်၊ တစ်အိမ်လုံးလည်း မှောင်လို့''

"ဒါ နင့်အကြောင်း မဟုတ်ပါဘူး။ သွား ... ပြန်''

ပြောပြီး ဒေါ်စိမ်းလဲ့လဲ့ ချာခနဲလှည့်ပြန်ဖို့ ပြင်လျှင် နွေနောင်း ားမှ လူက ဝင်ရောက်ပြောဆိုလိုက်၏။

"ကိစ္စမရှိဘူး ကောင်လေး။ ငါ ရဲဌာနကို လှမ်းအကြောင်း ထားတယ်၊ အပြင်က စောင့်ဖမ်းရုံပဲ''



www.burmeseclassic.com

www.burmeseclassic.com



"ဘာ"

ဒေါ်စိမ်းလဲ့လဲ့ အကျဉ်ရိုက်ပြီး ဘာဆက်လုပ်ရမှန်းပင် [illegible] တော့။ အကောင်းဆုံးက ဒီနှစ်ယောက်ကို အိမ်ထဲသို့ အလိမ္မာ[illegible] ခေါ်သွင်းပြီး ကြိုးတုပ်ထားမှဖြစ်မည်။

ဒေါ်စိမ်းလဲ့လဲ့ သူတို့နှစ်ယောက်ကို အချိုသတ်ပြီး အိမ်ထဲ[illegible] ဖိတ်ခေါ်လိုက်၏။

"ကဲ နွေနှောင်း ... လာ ဝင်၊ ဟိုလူရော ... သူက ဘ[illegible] ကလဲ"

လူစိမ်းမို့ တံခါးဖွင့်မပေးချင်သလို ထိုလူကလည်း မဝင်[illegible] ပါ။

"ကျုပ်က ဒီလမ်းထဲက မိတ်ဆွေဆီလာတာ၊ မင်း[illegible] အဆင်ပြေရင် သွားပြီ"

"ပြေတယ် ပြေတယ် ... သွား သွား"

ထိုလူ ကားနှင့်ထွက်သွားပြီး နွေနှောင်းခါ ခြံဝင်းထဲဝင်လ[illegible] သည်နှင့် ဒေါ်စိမ်းလဲ့လဲ့က အသင့်ယူဆောင်လာခဲ့သည့် တုတ်[illegible] သူမကို ရိုက်ချလိုက်၏။

'ဒုတ်'

"အ"

အသံပင် ကောင်းကောင်းမထွက်ရ၊ သူမ လဲကျသွားရော[illegible] နွေနှောင်းခါကို ခြံထဲမှာ ထားခဲ့ပြီး စိမ်းလဲ့လဲ့ အိမ်ပေါ်သို့ပြန်တက်[illegible]





သူ့လူနှစ်ယောက်ဆီ ရောက်သွားသည်။

"ပြီးပြီလား၊ အခြေအနေမကောင်းဘူး၊ မြန်မြန်လုပ်ကြ၊ လစ်ကြစို့"

"ပြီးပြီ ပြီးပြီ"

"ဟား ဟား ... ပိုင်လိုက်တာ မမစိမ်းရယ်၊ ပစ္စည်းတွေကို အများကြီးပဲ၊ ကဲ ထ ... လစ်ကြစို့"

သုံးယောက်သား မီးခံသေတ္တာထဲရှိ ရွှေငွေများကို အိတ်တစ်လုံးထဲတွင် ထည့်ပြီး အိမ်ထဲမှ ထွက်လာခဲ့ကြ၏။

"အဆင်ပြေလိုက်တာ၊ ငှက်ပျောသီးအခွံနွှာစားရသလိုပဲ"

"အံမယ် ... ဒီက အကြံအစည်တွေပါနော်"

"ဟုတ်ပါသတဲ့ဗျာ၊ ဟုတ်ပါသတဲ့ ... ဟား ဟား"

သုံးယောက်သား ခြံတံခါးဖွင့်ပြီး ကားပေါ်သို့တက်ကြရာ ကားဘီးများက လေပြားနေကြပေပြီ။

"ဟာ ... ဒုက္ခပဲ၊ တောက် ... ဒါ ဘယ်သူလုပ်သွားတယ် မသိဘူး၊ ဘယ်လိုလုပ်ကြမလဲ"

"အခုမှတော့ ဘယ်လိုလုပ်မလဲ၊ ဒီခြံရှေ့မှာ ကားပြင်နေလို့တော့ မရဘူးလေ၊ မိသွားမှာပေါ့"

"ကားထားခဲ့ပြီး ခြေလျှင်လျှောက်သွားရင်ရော"

"အချိန်မရှိတော့ဘူး၊ ရဲပတ္တရောင်နဲ့ တိုးနေရင် ဒုက္ခ"

သူတို့သုံးယောက် အခက်တွေ့နေကြစဉ် စောစောက[illegible]နွ



www.burmeseclassic.com

www.burmeseclassic.com



နှောင်းခါ ဖုန်းဆက်နိုင်းထားသည့်လူ၏ ဖုန်းဆက်ထားမှုကြောင့် ရဲ့ ပတ္တရောင်များ သူတို့အနားသို့ ရောက်ရှိလာခဲ့ကြသည်။

စုစုပေါင်း ရဲပတ္တရောင်လေးယောက်။ ခြံရှေ့မှ မသင်္ကာစရာ လူတစ်စု အဖမ်းခံလိုက်ကြရပြီ။

ခြံထဲသို့ ဝင်ကြည့်၊ အိမ်ထဲသို့ ဝင်ကြည့်ကြရာ အိမ်ထဲမှ အိပ်ဆေးမိနေကြသည့် လူသုံးယောက်နှင့် ခြံထဲမှာ အရိုက်ခံထားရသည့် လူတစ်ယောက်ကို တွေ့ကြရလေသည်။

❁ ❁ ❁

## အခန်း (၉)

ယခုတော့ ဒေါ်စိမ်းလှဲ့လှဲ့တစ်ယောက် လောဘနှင့် ကောက်ကျစ်စဉ်းလဲသည့်ဒဏ်ကို ခံနေရပေပြီ။ ဘယ်လောက်ပင် မျက်ရည်ည်ရှိုနှင့် နောင်တတွေ ရနေခဲ့ပေမယ့် အပြစ်ကတော့ မလွတ်ပါချေ။

မီးခံသေတ္တာခိုးဖောက်ပြီး ရွှေငွေရတနာတွေ ယူဆောင်ခဲ့သည်ကြောင့် ဖောက်ထွင်းမှု၊ နွေနှောင်းခါကို ရိုက်ခဲ့သည့် ရိုက်နှက်မှု၊ ဒီမှု . . . အမှုတွေက စုံလျက်။ ဦးမင်းထွဋ်ကို ဘယ်လိုပင် တောင်းပန်ခဲ့ကာမှ ရာဇဝတ်ဘေးကတော့ ပြေးမလွတ်ခဲ့။

ဒေါ်စိမ်းလှဲ့လှဲ့တို့သုံးယောက် ထောင်နန်းစံရတော့မှာ မုချ။ သောလောဆယ် အချုပ်ခံနေရပေပြီ။ သူတို့ကို အာမခံပေးမယ့်သူ ရှိ။

ရွှေကားဆေး

www.burmeseclassic.com

www.burmeseclassic.com



ဦးမင်းထွဋ်ကလည်း ဒေါ်စိမ်းလဲ့လဲ့ကို တူမ,ပေမယ့် အ
ဟာ ပက်စက်သူမို့ လှည့်မကြည့်တော့။

သည့်အခါ ဦးမင်းထွဋ်၏အိမ်မှာ အရေးပါလာသူက
နှောင်းခါပင် ဖြစ်တော့သည်။

အဖြစ်အပျက်က နွေနှောင်းခါ ပြန်ရောက်လာလို့သာ
စိမ်းလဲ့လဲ့တို့ကို ဖမ်းမိခြင်း မဟုတ်ပါလား။

သူမမှာ ခေါင်းအရိုက်ခံရပေမယ့် ဒဏ်ရာက မပြေ
လောက်ပါ။ ယခုအခါ အိမ်မှာ နွေနှောင်းခါသည် အရေးပါ
ရောက်သူ တစ်ဦး ဖြစ်နေချေပြီ။ ဦးမင်းထွဋ်က . . .

"နွေနှောင်းသာ ငါတို့ကို နောက်ဆံတင်းပြီး ပြန်မလာခဲ့
မိစိမ်းလဲ့လုပ်ပုံနဲ့ ပစ္စည်းတွေအားလုံး ပြောင်မှာ၊ ငါ့ကောင်ကြောင့်
ဒီပစ္စည်းတွေ မပျောက်ပျက်ရတာ၊ ဒါကြောင့် နွေနှောင်းကို ဒီအိမ်
အလုပ်သမားလို သဘောမထားရဘူး။ အိမ်သားတစ်ယောက်
သဘောထားရမယ်"

ဟု တစ်ချက်လွှတ် ရာဇသံပေးထားခဲ့ပေပြီ။ သန့်မင်းထွဋ်
ပြဿနာမရှိပေမယ့် ညီမင်းထွဋ်က နွေနှောင်းကို လုံးဝ ကြည့်မ

"အဘိုးကလည်း သူ့ကြောင့် မဟုတ်ပါဘူးဗျာ၊ သူလည်း
အရိုက်ခံရလို့ မှောက်နေတာပဲ၊ ဟိုလူကြီး ဖုန်းဆက်ပေးလို့ပါ။
တွေရဲ့ ကျေးဇူးကြောင့် အဘိုးပစ္စည်းတွေ ပြန်ရတာ၊ ပြည်သူ့ရဲ
ကမှ ကျေးဇူးရှင် အစစ်"





"ဒါပေမဲ့ ငါ့ကောင်ကြောင့် ဖုန်းဆက်ဖြစ်တာ၊ ကားသီးတွေ
လေလျှော့တာလည်း သူပဲ၊ မင်း ကျေးဇူးရှင်ကို ကျေးမစွပ်ပါနဲ့ကွ"

"ဒါဆိုလည်း အဘိုးရယ် . . . ကျေးဇူးဆပ်လိုက်ပေါ့၊ ဘာလဲ
. . . သားတို့က သူ့ရဲ့ကျေးဇူးသစ္စာကို အမြဲစောင့်သိနေရမှာလား။
ကြည့်လို့ကို မရဘူး။ ရုပ်ကိုက ဟိုမရောက် ဒီမရောက်နဲ့၊ ယောကျ်ား
ဖြစ်ပြီး ပျော့စိ ပျော့ညံ့နဲ့"

ညီမင်းထွဋ် နွေနှောင်းခါကိုကြည့်မရသည်မှာ အဘိုးက ဂရု
စိုက်လို့လည်း ဖြစ်မည်။ သို့သော် အိမ်မှာ မတည့်အတူနေရတော့မှာ
ပါပဲ။

အိမ်မှာ ထမင်းချက်သည့် ဒေါ်လုံးနှင့် အိမ်သန့်ရှင်းရေးလုပ်
သည့် မိဖြူတို့နှစ်ယောက်ရှိသဖြင့် အခြေအနေတွေက မဆိုး။ အဘိုး
က ဒေါ်စိမ်းလဲ့၏တာဝန်များကို နွေနှောင်းအား လွှဲအပ်သည်။

"နွေနှောင်း . . . အဘိုးက ၂၄ နာရီ စောင့်နေစရာ မလိုတဲ့
အတွက် ဈေးဝယ်ပေးတဲ့အလုပ်ကို မင်းလုပ်ကွာ၊ အိမ်ထောင်ထိန်း
သိမ်း စီမံတာကတော့ မလုံးတို့နဲ့ မင်းလည်း နည်းနည်းဝင်ကူပေါ့"

"ရပါတယ် အဘိုး။ မနက်ဆို အဘိုးက ၈ နာရီမှ အိပ်ရာထ
တာဆိုတော့ ကျွန်တော် ၈ နာရီမထိုးခင် ဈေးဝယ်ပေးပါ့မယ်၊ ဈေးက
နေ့တိုင်းတော့ သွားစရာမလိုဘူးနော်၊ အဲ . . . ဘာတွေ ဘယ်လိုဝယ်
ရမယ်ဆိုတာတော့ ကျွန်တော် သိပ်မသိဘူး။ ကျွန်တော်တို့က ဆင်း
ဆင်းရဲရဲနေခဲ့ရတာဆိုတော့ သူဌေးတွေ ဘာစားတယ်, ဘယ်လိုစား



www.burmeseclassic.com

www.burmeseclassic.com



တယ်ဆိုတာတွေ မသိဘူး''

နွေနှောင်းခါ ပွင့်လင်းစွာ ဝန်ခံလျှင် ဦးမင်းထွဋ်မှ ကရုဏာ သက်ရသည်။

''မလုံးနဲ့အတူ စာရင်းပြုစုပြီးမှ သွားဝယ်ကြပေါ့၊ အိမ်မှာ ကားသုံးစီးရှိတယ်၊ လူကလေး မောင်သန့်က တစ်စီး၊ မောင်ညီက တစ်စီး၊ အဘိုးကတစ်စီး စီးခဲ့တာပေါ့ကွာ၊ ဒါထက် ငါ့ကောင် ကား မောင်းတတ်လား''

အဘိုး နွေနှောင်းကိုမေးလျှင် သူမ ခေါင်းခါရသည်။

''ကျွန်တော့်အသက် ၁၈ နှစ် မပြည့်သေးဘူး အဘိုးရဲ့၊ တစ်လလောက်လိုသေးတယ်''

''ဒါဆိုလည်း ခုကတည်းက သင်တော့ကွာ၊ ၁၈ နှစ်ပြည့် တော့ အတော်ပဲ၊ လိုင်စင်လုပ်ရတာပေါ့၊ အိမ်မှာ မင်းရှိမှ အဆင်ပြေ မှာ၊ မင်းကလည်း ကားမောင်းတတ်မှဖြစ်မှာ''

ဦးမင်းထွဋ် နွေနှောင်းခါကို အိမ်သားစာရင်းသွင်းနေလျှင် ယခုမှ အဘိုးအခန်းထဲ ဝင်လာသည့် ညီမင်းထွဋ် နားကြားပြင်းကတ် နေ၏။

''အဘိုးက ဘာလဲဗျ၊ သူ့ကို တစ်သက်လုံး အိမ်မှာခေါ်ထား တော့မလို့လား၊ အလကား ... ဘယ်ကမှန်း မသိ၊ ကလေကချေ ကောင် ကို''

''ဟော့ကောင် မောင်ညီ ... လူလူချင်း တစ်ဆင့်နှိမ့် ဆက်ဆံ





တာမျိုး ငါမကြိုက်ဘူး။ ပြန်ပြင်ပြောစမ်း''

''ရပါတယ် အဘိုးရယ် ... သူပြောတာလည်း ဟုတ်သားပဲ၊ ကျွန်တော်က တစ်နေ့ကျရင် ထွက်သွားမယ့်လူပါ၊ ကျွန်တော့်ကို ကားမောင်းသင်နေလို့လည်း အပိုပါ''

''ဘယ်ဟုတ်ဦးမလဲ နွေနှောင်းရေ၊ ဒီကောင် စိတ်ပုပ်နေတာ၊ အိမ်မှာအဆင်ပြေအောင် မင်းပါ ကားမောင်းတတ်ထားမှ ဖြစ်မှာပေါ့၊ ဟော့ကောင် ... မင်းလည်း ငါမသင်နိုင်းဘူး၊ ညဦးပိုင်း မောင်သန့်ကို သင်ခိုင်းမယ်၊ တစ်ပတ်လောက်သင်ရင် တတ်သွားမှာပါ''

အဘိုးက ဖွတ်ပင် စိစဉ်နေရာ ညီမင်းထွဋ် မကျေမနပ်နှင့်ပင် ဘာမှ မပြောနိုင်တော့ချေ။

နွေနှောင်းခါ ညီမင်းထွဋ်၏အတွင်းသဘောကို ရိပ်စားမိပါ သည်။ အဘိုး သူမကို အမွေခွဲပေးမှာ စိုးလို့လား။ ဒါမှမဟုတ် အဘိုး၏ မေတ္တာတွေကို ခွဲပေးရမှာစိုးလို့လား ... တစ်ခုခုပင်။

ယခုတော့ အိမ်မှာ နွေနှောင်းခါ လူရာဝင်နေရပေပြီ။ အလုပ် သမားတစ်ယောက် မဟုတ်တော့ဘဲ အိမ်သားတစ်ယောက် ဖြစ်နေရ ၏။

အဘိုးက သူ့အတွက်အဝတ်များကို သန့်မင်းထွဋ်အား ဝယ် ခိုင်းသည့်အတွက် ယခု နွေနှောင်းမှာ အဝတ်တွေများစွာ ရှိနေပေပြီ။

စတိုင်ဘောင်းဘီနှင့် စပို့ရှပ်တွေ၊ ဘီရှပ်တွေ၊ ဖစ်တင်ရှပ်တွေ၊ အဲ ... ဆောင်းဝင်တော့မှာမို့ ဂျာကင်နှစ်ထည်တောင် ပါရဲ့။



www.burmeseclassic.com

www.burmeseclassic.com



နွေနှောင်းအဖြစ်က ဂျာကင်ပါမှ ဖြစ်မှာလေ။ ဘယ်လောက်ပင် ဝိန်းသည်ပြောပြော သူ့နေရာနှင့်သူ ရှိသည့်ပစ္စည်းတွေကို လုံခြုံအောင် သိမ်းဆည်းထုပ်ပိုးရင်း အပေါ်မှ ဂျာကင်ထပ်ဝတ်ထားရ၏။

အဖြစ်မှန်ကတော့ တစ်နေ့ပေါ်မှာပဲ။ ကိုယ့်ဘာသာ ဝန်ခံရကောင်းမည်လား။ ပေါ်တဲ့နေ့မှ ဖွင့်ဟရမည်လား။ သည်အကြောင်းတွေးရင်တော့ နွေနှောင်း စိတ်ညစ်ရပါသည်။

❁ ❁ ❁

## အခန်း (၁၀)

နွေနှောင်း၏ အိပ်ရာထချိန်က နံနက် (၅) နာရီ။ အိမ်မှာ ဒေါ်စိမ်းလှဲ့လှဲ့မရှိသည်မို့ နံနက်စာကို ဒေါ်လုံးတို့ မိဖြူတို့နှင့် ဝင်ပြီး ပြင်ပေးသည်။ ကိုယ်လည်း ဒီအိမ်မှာ အနေကြာခဲ့ပြီမို့ သူတို့အကြိုက်ကို သိပါပြီ။

နောက် နံနက် (၆) နာရီမှာ ဈေးသွားဖို့ပြင်ဆင်၏။ သည်နေ့ဆိုတော့ နွေနှောင်း စတိုင်ဘောင်းဘီပွပွ စစ်ရောင်နှင့် တီရှပ်အနက်၊ ဂျာကင်နက်ပြာ။

ဆံပင်လှလှမှာ ဖွေးဥနေသည့်မျက်နှာက သဘာဝအတိုင်း အဆယ့် မျက်တောင်နက်နက်၊ မျက်ခုံးနက်နက်၊ နှုတ်ခမ်းနီနီတို့ကြောင့် ဒေါ်လုံးပင် ငေးကြည့်လို့။



www.burmeseclassic.com

www.burmeseclassic.com



"နွေနှောင်းရယ် ... ယောကျ်ားဆိုလို့သာ ကျားလိုက်ရတယ်၊ တကယ့် မိန်းမချောတစ်ယောက်လိုပဲ"

"ဟာ ဒေါ်လုံးကလည်း ဘာလဲ ... ကျွန်တော့်ကိုအချောက်လို့ ပြောလိုက်တာလား"

"မပြောရဲပေါင်တော်၊ နွေနှောင်းက ဒီအိမ်မှာ ဆရာကြီးရဲ့ အာဏာကုန်လွှဲအပ်ခံရတဲ့ အထူးအာဏာရ သူကြီးမင်းပါ၊ ဒေါ်လုံးက ချောလို့ချောတယ်ပြောမိတာ"

"တော် တော် ... အရည်မရ အဖတ်မရတွေ ပြောမနေနဲ့ လာ ... ဈေးသွားကြစို့"

ဒေါ်လုံးနှင့် နွေနှောင်းတို့နှစ်ယောက် ဈေးခြင်းများကို ဆွဲပြီး ခြံတံခါးဝသို့ သွားကြသည်။ အိမ်သားတွေကတော့ အိပ်တုန်းပေါ့ ၇ နာရီမှ နိုးတဲ့လူကနိုး၊ အဘိုးကတော့ စံတော်ချိန် ၈ နာရီ။

သူတို့နှစ်ယောက် ခြံတံခါးဖွင့်ပြီး အပြင်ထွက်လိုက်ကြသည် နှင့် ခြံထဲမှ ကားတစ်စီး နောက်မှထွက်လိုက်လာခဲ့သည်။ သူမတို့ အနားမှာ ရပ်လိုက်သဖြင့် ကြည့်တော့ သန့်မင်းထွဋ်။ သူကလည်း နံနက်ဦးမှာ ဝင်းပကြည်လင်လို့။

ဘောင်းဘီရှည်အနက်နှင့် စပို့ရှပ် နုံ့သာရောင်။

"လာ တက်ကြ ... ကိုယ်လိုက်ပို့မယ်"

"နေ နေပါစေ ဆရာလေးရယ်၊ ဒေါ်လုံးတို့ လိုင်းကားစီး သွားမှာပါ၊ အပြန်ကျတော့မှ တက္ကစီ စီးမယ်လေ"





"ရတယ်၊ လာ ... အဘိုးနိုင်းထားလို့ လိုက်ပို့တာ"

"ဩော်"

အဘိုးရဲ့အမိန့်ဆိုတော့ ဘာမှမပြောကြတော့ဘဲ ကားပေါ်သို့ တက်ကြသည်။

"ဟော့ကောင် ... မင်း ရှေ့ကိုလာ၊ သွားရင်းလာရင်း ကားမောင်းသင်သွားမယ်၊ ညကျ သင်တန်းစမယ်၊ အစောကြီးထရတာ ထက်သာဘူး။ မင်း ကားမောင်းမြန်မြန်တတ်မှ ဖြစ်မယ်"

သူ့စကားအတိုင်း နွေနှောင်း ရှေ့သို့သွားရသည်။ သူက ကားမောင်းသည့်နည်းစနစ်များကို စတင်ပြီး လက်တွေ့မောင်းရင်း ပြသွား၏။

နောက် ကားမောင်းရင်း နွေနှောင်း၏အိပ်ရာထစအလှကို ခိုးမှောင်ကြွတ်ကြည့်သည်။ ယောကျ်ားလေးအသွင်မို့ ဘာမှမလိမ်းသည့် မျက်နှာသစ်ရုံလေးနှင့်ပင် ဖြူစင်ဝင်းဥနေသည့် မျက်နှာလေးက ထူးခြားခြား။

"မင်း ဘာတွေ ပြင်လာသလဲ"

"ဝင်ဗျာ"

"မင်းမျက်နှာကလည်း အချောက်ကျနေတာပဲ"

"ကျွန်တော် ဘာမှ လိမ်းမထားပါဘူး။ ဦးသန့်မင်းထွဋ်ရော ဘာလိမ်းလို့လဲ"

"ဟ ... ငါက ယောကျ်ားလေး ဘာမှ မလိမ်းဘူး"



www.burmeseclassic.com

www.burmeseclassic.com



သူ့စကားကြောင့် မလုံမလဲ ဖြစ်သွားရပေမယ့် နွေနှောင်း အလျှော့မပေးနိုင်သေး။

"ကျွန်တော်လည်း ယောကျ်ားပဲလေ၊ ဘာမှ မလိမ်းပါဘူး"

"မညာနဲ့ ဟေ့ကောင်၊ ငါ မွှေးကြည့်မှာနော်၊ ယောကျ်ား ဖြစ်ပြီး မိန်းမတစ်ယောက်လို ဥနေအောင် မိတ်ကပ်တွေ နိုးလိမ်းတာ ငါ ကြည့်မရဘူး"

ဩော် ... ဒုက္ခ ဒုက္ခ။ ပင်ကိုဝင်းပနေသည့် မျက်နှာကို မသင်္ကာဖြစ်နေတာကိုး။ သူ့အပြောနှင့်ပင် နွေနှောင်း မျက်နှာတွေ ပန်းရောင်ပြေးပေပြီ။

"ဟာ ... ဘာမှ မလိမ်းပါဘူးဆိုမှ"

"ကဲ ... ဒါဆို ငါ နမ်းကြည့်မယ်"

"အာ"

တကယ်ပင် သူက ကားရှေ့ခန်းထဲ သူမမျက်နှာကို ဆ ခနဲ အနီးကပ်ရှူကြည့်ခဲ့လျှင် နွေနှောင်းစိတ်ထဲ မိုင်းတစ်လုံးကပ် သွားသလို ခံစားလိုက်ရ၏။

"အေး ... ဟုတ်တယ်၊ ဘာမှ မလိမ်းဘူး။ မင်းကွာ ေ တော် အသားလှတဲ့ကောင်၊ မိတ်ကပ်လိမ်းထားတာ ကျနေတာ နုဥနေတာပဲ"

သန့်မင်းထွဋ်ကတော့ ရိုးရိုးသားသား။ နွေနှောင်းကိုလည် ကောင်ချောလေးတစ်ယောက်ဟုသာ ထင်မှတ်ပုံရ၏။





တစ်လမ်းလုံး စကားတွေပြောသွားပေမယ့် သူမ နားတွေ နေသလို၊ လူက စောစောကအဖြစ်အပျက်ကြောင့် တိမ်တွေပေါ် ောက်နေသလို ထင်မိ၏။

ဈေးရောက်တော့ ဒေါ်လုံးနှင့်နွေနှောင်းတို့ ဈေးဆင်းဝယ်ရ ၏၊ တစ်လမ်းလုံး နွေနှောင်း စကားသံတိတ်နေသဖြင့် ဒေါ်လုံးက ည်း မသင်္ကာ။

"နွေနှောင်း ... ဘာဖြစ်နေတာလဲ၊ စကားလည်း မပြော ူး"

"ဘာမှ မဖြစ်ပါဘူးဗျာ ... အဘိုးများ နိုးနေပြီလားလို့ ်ချလို့ပါ"

"မနိုးသေးပါဘူး။ နိုးလည်း အိပ်ရာထဲနေတာပဲ၊ သူ့ တစ်ခုခု ဝ်ရင်လည်း ဘဲလ်နှိပ်လို့ ရတယ်လေ"

ဈေးမှာလိုအပ်သည်များကို တရင်းအရ လျင်မြန်စွာဝယ်ကြ သူမတို့နှစ်ယောက် ကားဆီသို့ ပြန်ရောက်ကြတော့ ၇ နာရီ ြီ။ သန့်မင်းထွဋ် ကားထဲမှာပင် စောင့်နေရာမှ နွေနှောင်းတို့ကို တံခါးဖွင့်ပေးသည်။

ဒေါ်လုံးမှာ အားတွေနာနေ၏။ သူ့ဌေးမြေးကိုယ်တိုင်က ေတာယူ လုပ်ပေးနေလို့ပါပဲ၊ နွေနှောင်းစိတ်ထဲ တစ်မျိုးကြီး။သူ မိန်းကလေးမှန်း သိနေသလား။ သိတော့ရော ငါဟာ သိပ်ချော ှနေတဲ့ မိန်းကလေးတစ်ယောက်တော့ မဟုတ်ပါဘူး။

www.burmeseclassic.com



တွန့်ဆုတ်ဆုတ်နှင့်ပင် နွေနှောင်း ကားရှေ့မှ စီးခဲ့ရသည်။

သူမ အိမ်ပြန်ရောက်သည်နှင့် ဈေးခြင်းကို ခေါင်းလုံးနှင့် လွှဲပြီး ကိုယ့်ပင်မအလုပ်ဖြစ်သည့် ဦးမင်းထွဋ်ဆီသို့ အပြေးတက်သွားတော့ လှေကားထောင့်ချိုးမှာ ညီမင်းထွဋ်နှင့်တိုက်မိ၏။

"အင့်"

"ဘယ်လိုဖြစ်နေတာလဲ ... ရုပ်ပျာပျာနဲ့၊ ဒီကောင်တော့ ငါ လုံးဝကြည့်မရဘူးနော်၊ အပေါ်မှာ အဘိုးနိုးနေပြီ ... မြန်မြန်သွား"

ယိုင်သွားသည့်ကိုယ်ကို လှေကားလက်ရန်းမှာ မှီရင်း ညီမင်းထွဋ် ဆူပူသမျှ နွေနှောင်းခံလိုက်ရ၏။

"ဟုတ် ဟုတ်ကဲ့ပါ"

သူမ အဘိုးအခန်းထဲရောက်သွားတော့ အဘိုးက နွေနှောင်းကို ပြုံးကြည့်နေ၏။ စောစောက ညီမင်းထွဋ် ရုပ်နဲ့ တခြားစီ။

"နွေနှောင်း ဈေးကပြန်လာပြီလား"

"ဟုတ်ကဲ့ အဘိုး ... အဘိုးဖို့ မုန့်ဟင်းခါးဝယ်လာတယ် မိဖြူပြင်ပြီး ယူလာလိမ့်မယ်၊ အဘိုး မျက်နှာသစ်ရအောင်နော်"

"အေးကွာ ... ငါလည်း မင်းရှိမှ ဖြစ်နေပြီ"

"ဩော် ... အဘိုးကလည်း ဒီအတွက်ပဲ အဘိုး ကျွန်မကို ငှားထားရတာလေ"

"ငှားတယ် ငှားတယ်လို့ ထည့်မပြောပါနဲ့ကွာ ... မင်း





အဘိုးရဲ့ သွေးရင်းသားရင်း တစ်ယောက်လိုပါပဲ"

အဘိုးကို အိပ်ရာမှထနိုင်အောင် ထူပေးပြီး မျက်နှာသစ်ရန် ရေချိုးခန်းဆီ တွဲခေါ်သွားရ၏။ နံနက်ခင်းကိစ္စဝိစ္စများပြီးမှ အခန်းထဲသို့ ပြန်ထွက်လာကြသည်။ မိဖြူက မုန့်ဟင်းခါးနှင့် အသင့်စောင့်နေသည်။

"ဟား ... မုန့်ဟင်းခါးနံ့က မွှေးနေတာပဲဟေ့၊ မုန့်စားပြီးရင် ခြံထဲဆင်းလမ်းလျှောက်ဦးမယ်နော်"

"ဟုတ်ကဲ့ပါ အဘိုး။ ဩော် အဘိုး ... ဒီနေ့ခြေထောက်တွေ ဆိုင်းမိရမယ့်နေ့နော်၊ ဆယ်နာရီလောက်မှ စိမ်ရင် ကောင်းမယ်၊ အင်း ... တဖြည်းဖြည်းနဲ့ အဘိုးလည်း လူသန်ကြီးဖြစ်လာပြီ၊ ဒါထက် ဦးသန့်မင်းထွဋ်က အဘိုးကျန်းမာရေးကောင်းအောင် ကမ်းခြေတွေဘာတွေမှာ သွားပြီး ရေစိမ်ရမယ်၊ လေရှူရမယ်ဆို"

အဘိုး မုန့်ဟင်းခါးစားသည့်အနားမှာ နွေနှောင်းစကားတွေ ပြောနေလျှင် တစ်သက်လုံးက သွေ့ခြောက်လာခဲ့သည့် ဦးမင်းထွဋ်မှာ ဘယာစိုပြည်၊ စိတ်ချမ်းသာနေတော့သည်။

"အေး ... ဟုတ်တယ်ကွ၊ မောင်သန့်အားရင် လိုက်ပို့မယ်"

"ဟာ အဘိုးကလည်း ... သူက ဘယ်တော့မှ အားမယ့်လူ ဟုတ်ဘူးနော်၊ အခု ဆောင်းကုန်တော့မယ်ဆိုတော့ နွေဦးပေါက်မှာ သွားဖို့ကောင်းတယ်၊ အခု ဒီဇင်ဘာလလယ် ဇန်နဝါရီလဆန်းလောက် ဆို မကောင်းဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"မင်းက ဘယ်ကမ်းခြေသွားချင်လဲ"

"အဘိုးကလည်း လုပ်ပြီ၊ ကျွန်တော်က ဘယ်မှရောက်ဖူးတာမှ မဟုတ်တာ၊ ချောင်းသာနဲ့ ငပလီကတော့ နာမည်တော်တော်ကြီးတယ်နော်၊ ကြားဖူးတာပဲရှိတယ် အဘိုးရဲ့၊ ကျွန်တော်တို့အဆင့် ထမင်းစားဖို့တောင် အနိုင်နိုင်ပါဗျာ၊ အပန်းဖြေခရီးဆိုတာ ဝေလာဝေး ပါ"

အဘိုး မှုန့်ဟင်းခါးစားပြီးသွားပေပြီ၊ ပန်းကန်များကို မိဖြူ ယူသွားသည်။ အဘိုးမှာ နွေနှောင်းနှင့် စကားပြောနေတာ ပျော်ရွှ စိတ်ချမ်းသာသဖြင့် စကားကြီးစကားကျယ်များ ပြောတတ်သ ကောင်လေးကို စကားနိုင်လုမြဲ။

"မင်း စကားပြောရင် လူနဲ့မလိုက်ဘူး၊ အဆင့်ဆိုတာ ဘ လဲကွ"

"အဆင့်ဆိုတာ ဘဝပေါ့ အဘိုးရဲ့၊ ကျွန်တော်တို့ဘ တစ်နေ့လုပ်မှတစ်နေ့စားရတာမို့ အပိုကိစ္စတွေ သုံးနိုင်ဘူးလေ

"မင်းမိဘတွေက ဘာလုပ်သလဲ . . . ပြောပါဦး၊ မိသား ကရော အများကြီးပဲလား"

"လမ်းလျှောက်ရင်း စကားပြောကြမယ်လေ အဘိုး ထ . . . ခြံထဲဆင်းပြီး လမ်းလျှောက်ကြရအောင်"

ခြံထဲမှာ သစ်ပင်ပန်းပင်တွေလည်း ရှိသဖြင့် အရိပ်ရ အဘိုးကိုတွဲပြီး ဖြည်းဖြည်းချင်း အောက်ထပ်သို့ ဆင်းလာ





ကျောင်းသွားတော့မည့် ညီမင်းထွဋ်နှင့် ကုမ္ပဏီသွားတော့မည့် သန့်မင်း ထွဋ်တို့ ညီအစ်ကိုကို လှေကားရင်းမှာ တွေ့ရသည်။

"အဘိုး . . . သားတို့ အပြင်သွားတော့မယ်၊ ဘာမှာဦးမလဲ၊ ဘာစားချင်လဲ"

"အေး . . . မြန်မာကား ဟာသခွေလေး ဘာလေး တွေ့ရင် ဝယ်ခဲ့ကွာ"

"ဗျာ"

နေမကောင်းကတည်းက ဘာကိုမှ စိတ်မဝင်စားမကျ၊ ဘာကို မှ မကြည့်ချင်ဖြစ်နေသည့် ဦးမင်းထွဋ်မှာ တဖြည်းဖြည်း လူကောင်း ဖြစ်လာပေပြီ။ အဲ . . . လူကောင်းထက်တောင် ပျော်ရွှင်နေပုံရသေး။

"နောက် အငြိမ့်ခွေလေး ဘာလေးလည်း ဝယ်ခဲ့ကွာ၊ လူရွှင် တော်ကောင်းကောင်းနဲ့ ရယ်ရတဲ့ခွေ"

"ဖိုက်စတား ဖိုက်စတား အဘိုး"

ဘေးမှ နွေနှောင်းထောက်ပေးလိုက်လျှင် သန့်မင်းထွဋ် သွားပြီး ညီမင်းထွဋ်ကတော့ နှာခေါင်းရှုံ့၏။ ဒါ အဘိုးဆန္ဒမဟုတ်၊ နှောင်းရဲ့ဆန္ဒတွေ။ သို့သော် အဘိုးမျက်နှာ ကြည်လင်နေတာကို တို့ မဖျက်ချင်ပါ။

"ဝယ်ခဲ့မယ် အဘိုး . . . သားဝယ်ခဲ့ပါ့မယ်၊ နွေနှောင်း . . . ဘိုးကို သေသေချာချာ ဂရုစိုက်နော်၊ လဲရင် မလွယ်ဘူး"

"ဟုတ်ကဲ့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"မင်းရော ဘာမှာဦးမလဲ"

"မမှာပါဘူး ခင်ဗျာ"

ညီအစ်ကိုနှစ်ယောက် ကားနှစ်စီးနှင့် ထွက်ခွာသွားကြသည် ကို ငေးကြည့်နေကြပြီးမှ အဘိုးကိုတွဲပြီး နွေနှောင်း လမ်းလျှောက် နေခဲ့သည်။ အတော်ကြာတော့ အဘိုးမောသွားသဖြင့် ရေကူးကန်ဘေး သေားမှာ သွားပြီး အမောဖြေကြသည်။

စိတ်ကြီးဝင်စရာ။ နေရတာ ရှယ်ပဲ။

"အအေးနှစ်ဘူးလောက် သွားယူခဲ့ကွာ"

"ဟုတ်ကဲ့ပါ အဘိုး"

နွေနှောင်း အပြေးလေးသွားပြီး အအေးနှစ်ဘူးကို ရေ သေတ္တာထဲမှ ထုတ်ယူလာခဲ့၏။ အအေးသောက်ရင်း အဘိုးမေး တွေ ဖြေနေရလေသည်။

"မင်းရဲ့ ဘိုင်အိုဂရပ်ဖီကိုပြောစမ်းပါဦး"

"ကမ္ဘာ့ကျော်တစ်ယောက်မှ မဟုတ်တာ အဘိုးရာ၊ စိတ် စားစရာ မကောင်းပါဘူး။ ကျွန်တော်တို့ဘဝတွေကြားရင် အ စိတ်တောင်ညစ်သွားဦးမယ်"

"မညစ်ပါဘူး ... လောကကြီးဟာ ပန်းမွေ့ရာ ခင်းထားတာမဟုတ်မှန်း ငါသိပါတယ် ကောင်လေးရဲ"

"ဒါဆိုလည်း ပြောပြီ အဘိုးရာ"

"အေးကွာ ... ပြောကွာ၊ ငါ နားထောင်ချင်ပြီ"





"ကျွန်တော့်အဖေက ဦးဘသက်၊ အမေက ဒေါ်နှင်းနုတဲ့၊ အဖေက အစက အဝေးပြေးကားမောင်းတယ်၊ အမေက ဘတ်စ တာရေးမ၊ နောက် သမီးသုံးယောက်ရှိတယ်၊ အဲ ... နှစ်ယောက်၊ တစ်ယောက်က ငယ်ငယ်လေးကတည်းက သေသွားတယ်၊ နောက် ကျွန်တော်ပေါ့၊ မောင်နှမသုံးယောက် ရှိတယ်"

"အင်း ... မင်းပြောတဲ့ဇာတ်လမ်းမှာ စိတ်ညစ်စရာတွေ ဘယ်မှာပါသေးလို့လဲကွ၊ သာမန်ပဲဟာ"

"လာမယ်လေ အဘိုးရဲ့ ... အကြီးသမီးနှစ်ယောက်မှာ တစ်ယောက်က ဆေးတက္ကသိုလ်၊ တစ်ယောက်က ပညာရေးတက္က သိုလ် တက်နေတယ်"

"ဟာ ... မင်းအစ်မတွေက တော်ကြသားပဲ၊ မင်းမိဘတွေ တော့ အိုဇာတာကောင်းပြီပေါ့၊ သမီးတွေလုပ်စာ ထိုင်စားရုံပဲ"

"ဟာ ... အဘိုးပြောသလောက်တော့ မလွယ်ဘူးဗျ၊ လော ကကြီးက လူတွေကို ဒီလောက် မျက်နှာသာမပေးတတ်ဘူး။ အခုကျ အဖေက ကားအက်ဆီးဒင့်ဖြစ်ပြီး မျက်စိက ကားမောင်းလို့မရတော့ ဗွက္ကလိကဆိုင်ကြီးတစ်ဆိုင်မှာ ညစောင့်ဝင်လုပ်နေရတယ်၊ တစ်လ သုံးသောင်းပဲ ရတယ် အဘိုးရဲ့၊ အမေ့လစာက (၆) သောင်း၊ သမီး နှစ်ယောက်က တကယ့်ဟဲဗီးတက္ကသိုလ်တွေ တက်နေရတာ၊ ရှိသမျှ ရွှေတိုရွှေစတွေ အကုန်ပြောင်တဲ့အပြင် အကြွေးက လည်ပင်းခိုက်လို့ အဖေနဲ့အမေကို ကျွန်တော် အရမ်းသနားတာပဲ အဘိုးရယ်၊ ကျွန်



www.burmeseclassic.com

www.burmeseclassic.com



တော်သာ လက်ခြောက်ဖက်လောက်ပါရင် သိပ်ကောင်းမှာ၊ အလုပ်တွေအများကြီးလုပ်ပြီး အမေ့ကို ပိုက်ဆံတွေအများကြီး ပေးလိုက်ချင်တယ်၊ အမေ အစက ဝဝလေးအဘိုးရဲ့၊ အခုကျ ပိန်ကပ်နေတာပဲ"

နိုကမဲ့လေးကို ညည်းတွားနေသည့် ကောင်လေးအား ဦးမင်းထွဋ် သနားကရုဏာသက်စွာ ကြည့်နေမိသည်။

ကောင်လေးရယ် ... အခုလည်း မင်း အလုပ်တွေ အများကြီး လုပ်နေတာပါပဲကွာ။ ငါ့ကိုပြုစုစောင့်ရှောက်တဲ့အပြင် ဈေးဝယ်တာ၊ အိမ်ထောင်ထိန်းသိမ်းတာ၊ ပန်းပင်ရေလောင်းတာတွေ တစ်အိမ်လုံး အမြင်မတော်တာတွေ အကုန်လျှောက်လုပ်နေတာပါပဲလေ။

"ငါ့လူရာ ... မင်းလည်း အခု အဘိုးအိမ်မှာ အလုပ်တွေအများကြီး လုပ်ပေးနေတာပဲ၊ လစာတိုးပေးရမှာပေါ့၊ တစ်လ... နှစ်သိန်းယူကွာ၊ အဲဒါမှ မင်း အိမ်စရိတ် လောက်မှာ"

ဦးမင်းထွဋ် စိတ်မကောင်းစွာပြောလျှင် နွေနှောင်း လန့်သွား၏။ ငါက သဘောရိုးနဲ့ပြောပေးမယ့် အဘိုး အထင်လွဲသွားပြီထင်တယ်

"ဟာ ... မဟုတ်ဘူး အဘိုး။ ကျွန်တော်က အဘိုးမေး... သဘောရိုးနဲ့ ပြောနေတာပါ၊ ဒီခေတ်ကြီးထဲမှာ တစ်လတစ်သိ... အသားတင်ရတဲ့လစာဟာ နည်းသလား အဘိုးရယ်၊ တော်ပြီ တော်... ... ကျွန်တော့်အိမ်ကိစ္စကို နောက် ဘယ်တော့မှ အဘိုးကိုပြော... တော့ဘူး"

"ဒီလိုတော့ မလုပ်ပါနဲ့ ကောင်လေးရာ၊ အကူအညီလို...





ပြောမှပေါ့၊ အဘိုးကို မင်းက စေတနာအပြည့်နဲ့ ကူညီစောင့်ရှောက်သလို အဘိုးကလည်း မင်းကို ကူညီချင်တာပေါ့ကွာ၊ ကဲ ပြော ... မင်းအမေမှာ အကြွေးတွေ ဘယ်လောက်တောင်ရှိနေသလဲ၊ အတိုးတွေ ဘယ်လောက်တက်လိုက်မလဲ၊ မင်းအစ်မတွေကရော တစ်လကို ဘယ်လောက်ကုန်သလဲ၊ တက္ကသိုလ်ကျောင်းသူတွေဆိုတော့ တစ်လကို တစ်ယောက်နှစ်သိန်းတောင် လောက်ရဲ့လား"

"ဟား အဘိုးရယ် ... တော်ပါတော့ဗျာ၊ ကျွန်တော် အဘိုးကို အားနာလှပါပြီ၊ ကျွန်တော့်အပေါ် ဒီ့ထက်ပိုမကောင်းပါနဲ့တော့၊ ကျွန်တော် အသက်ဝဝရှူပါရစေ"

"ဟကောင်ရ ... မင်းစကားပြောတာ အဆန်းပါလား။ ဘာဖြစ်လို့ အသက်ရှူမဝရမှာလဲ"

"ခြော် ... အဘိုးက လိုမ့်ပိမ့်ကူညီနေတော့ ကျွန်တော် အသက်မရှူရဲတော့ဘူးပေါ့။ ကဲ ... ဆယ်နာရီကျော်သွားပြီ အဘိုး၊ ရေစိမ်ရအောင်"

နွေနှောင်း အဘိုးကို ကန်စပ်ရေကန်ပေါင်ပေါ်မှာ အကျအန ထိုင်နိုင်းပြီး ပုဆိုးကို ဒူးအထက်သို့ ပင့်တင်ပေးလိုက်၏။ ပြီးမှ အဘိုး၏ ခြေထောက်နှစ်ချောင်းကို ရေထဲသို့ ချလိုက်သည်။

"အဘိုး ... ကျွန်တော် အဘိုးခြေထောက်တွေကို လှုပ်ပေးမယ်နော်၊ ရေထဲမှာ အရှိန်နဲ့လှုပ်နေရင် အကြောအခြင်တွေ ပိုပြီး သန်မာလာမယ်တဲ့"



www.burmeseclassic.com

www.burmeseclassic.com



"အေး ... အေးပါကွာ၊ မင်း တော်သလိုသာ လုပ်ပါ၊ ငါ ကတော့ နည်းနည်းတောင် ချမ်းလာသလိုပဲ"

"တကယ်လား အဘိုး ... ဒါဆို ကျွန်တော် အနွေးထည် တစ်ထည် ပြေးယူပေးမယ်လေ၊ အဘိုး ခဏနေခဲ့နော်"

ပြောပြီး ယုန်ကလေးတစ်ကောင်လို နွေနှောင်းပြေးသွားခဲ့ လျှင် ဦးမင်းထွဋ် ချစ်ခင်စွာကြည့်လျက် ကျန်ခဲ့သည်။

သူ့မြေးနှစ်ယောက်ဟာ ယောကျ်ားလေးတွေမို့ တီတီတာ တာ စိုစိုပြည်ပြည် မရှိခဲ့လေသမျှ သူကလေးကတော့ မိန်းကလေး တစ်ယောက်လို နွေးထွေးမှုကို ပေးနိုင်သည်။

ဖနီးသည်ဆုံးခဲ့တာလည်း ဆယ်နှစ်ကျော်ပြီဖြစ်သဖြင့် ခြောက်သွေ့ကြမ်းတမ်းနေခဲ့သော သူ့ဘဝမှာ နွေနှောင်းဟာ လင်း ရောင်ခြည်။

ပြီးတော့ အများနှင့်မတူသည့် အချက်ကလည်း ရှိသေး၏ လူအများစုဟာ ပေးကမ်းထောက်ပံ့ခြင်းကို ရလိုချင်အား ကြီးတတ်ကြ ပေမယ့် နွေနှောင်းကတော့ စကားပင်မဟာတော့။

သဒ္ဒါတဲ့ဆွမ်း တန်ရုံရုပ်ဆိုသလို သူ့အပေါ် ငြိုငြင်သွားမှာ စိုးလို့ထင့်။

နွေနှောင်း လွှဲပေးခဲ့သည့်ခြေထောက်ကို အရှိန်နှင့်ဆက် ယမ်းရင်း ဦးမင်းထွဋ် သူကလေးကိုမျှော်နေမိစဉ် သူ့ပေါင်ပေါ်သို့ ဖားပြုတ်တစ်ကောင် ခုန်တက်လာသဖြင့် ဦးမင်းထွဋ် လန့်အော်က





ဝရုန်းသုန်းကားနှင့် ရေထဲသို့ ပြုတ်ကျသွားတော့သည်။

"အား ... ဝူး ဝါး"

လူဆိုတာ သေဘေးနှင့်ရင်ဆိုင်ရလျှင် စွမ်းအားရှိသမျှ ကြိုး စားတတ်ကြတာ မမှတာ။ ဦးမင်းထွဋ် လောကကြီးကို လွယ်လွယ်နှင့် အရှုံးမပေးနိုင်။

သူဟာ ဒုက္ခိတဆိုပေမယ့် လူဖြစ်ကျိုးရှုံးနေတာ မဟုတ် သေး။ သူ့မှာ ပစ္စည်းဥစ္စာများစွာနှင့် သားတွေ၊ မြေးတွေနှင့်။ နောက် အလွန်ချစ်စဖွယ်ကောင်းသည့် နွေနှောင်းဆိုတဲ့ကောင်လေး။

ဦးမင်းထွဋ် ခြေတွေလက်တွေကို အစွမ်းကုန်ဆန့်ထုတ် အား ထုတ်ပြီး ရေထဲမှာ ကြိုးစားကူးခတ်လိုက်သည်။ ကမ်းစပ်ကို ပြန် ရောက်ဖို့ပေါ့။

"အား"

ရေကန်အလယ်လောက်ကို သူရောက်သွားသည်မို့ နစ်လိုက် ပေါ်လိုက်ဖြင့် ကြိုးစားကူးခတ်နေခဲ့ရာ သူ့ခြေတွေလက်တွေ ပိုပြီး စွမ်းအားရှိလာသလို ထင်မိ၏။

သည်စဉ် အိမ်ဘက်မှ အော်ဟစ်သံနှင့် ကောင်လေးပြေးလာ သာကို ဦးမင်းထွဋ်မြင်လိုက်ရသည်။ လူဆိုတာ ကူမယ့်သူရောက်လျှင် အားလျှော့တတ်သလား။

အဲ ... ကူမယ့်ကောင်လေးကရော ဘယ်လောက် အစွမ်း သတ္တိရှိလို့လဲ။ သူ မသေချင်သေးပါ။ အစွမ်းရှိသမျှ ကြိုးစားရုန်းနေ



www.burmeseclassic.com

www.burmeseclassic.com



ကူးခတ်နေခဲ့ ကောင်လေး သူ့ထံသို့ ကူးခတ်ပြေးလာတာ သိလိုက်ရသည်။

သူ သတိမမေ့သေး။ ကောင်လေး သူ့ကို ရေထဲမှာ ကျောပေါ်တင်ပြီး ကူးခတ်လာတာကို သိနေရသည်။ ကန်ပေါင်က နီးနီးလေးမို့ သိပ်မကြာခင် ကန်စပ်သို့ရောက်သွားရာ အပေါ်မှ မိဖြူနှင့် ဒေါ်လုံးတို့ကပါ ဝိုင်းဆွဲတင်လိုက်ကြသည်။

"ဆရာကြီး ဆရာကြီး"

"ဘဘ ဘဘ"

"အဘိုး အဘိုး ... သတိရနေတယ်နော်၊ ဒေါ်လုံး ... အဘိုးဆရာဝန်ဆီ ဖုန်းပြေးဆက်စမ်းပါ၊ မိဖြူ ... အဘိုးဖို့ မျက်နှာသုတ်ပဝါကြီးနဲ့ အဝတ်တစ်စုံ အပြေးယူခဲ့ပါ၊ သွား သွား ... မြန်မြန်သွားကြ"

နွေနှောင်းခါ ပျာနေတာ ကိုယ့်အပြစ်ကို ဖုံးချင်လို့ထက် သူ အအေးပတ်မှာ ဒုက္ခရောက်မှာစိုးလို့ စေတနာတွေ ဗရပွနှင့် ဖြစ်ကြောင်း ဦးမင်းထွဋ် သိပါသည်။

သူက သတိမှမမေ့ဘဲလေ။

နောက်ထပ် သူသိလိုက်ရသည် တစ်ခုက နွေနှောင်းရဲ့ ဘဝမှန်ကိုမြင်လိုက်ရခြင်းပါပေ။

သူ့အပေါ် စိုးရိမ်စိတ်တွေကြောင့် ဟန်ဆောင်ဖို့ မေ့သွားသည့် နွေနှောင်း။





အပေါ်မှ ဂျာကင်ကိုချွတ်ပစ်ပြီး သူ့ကို ရေထဲမှ ဆယ်ခဲ့သည်ကြောင့် ရေစိုနေသည့် စပို့ရှပ်အဝါနုလေးနှင့် ချည်ဘောင်းဘီအစင်းလေးအောက်မှာ သူမ၏ကိုယ်ခန္ဓာလေးက အတိုင်းသား။

ဝင်းနုနေသည့်အသားနှင့် ပြည့်ဖြိုးသွယ်လှသည့် အပျိုစင်လေး။ သူမကတော့ ဘာကိုမှ သတိမထားမိသေးဘဲ သူ့ကို ပြုစုနေမလျက်။

"အဘိုး ... အဘိုး ဘယ်လိုနေသေးလဲဟင်၊ ကျွန်တော့်အပြစ်ပါဗျာ၊ ကျွန်တော် သေသင့်တယ်၊ အဘိုးကို တစ်ယောက်တည်းထားခဲ့မိတယ်၊ တကယ်ဆို အဘိုးက ကျန်းမာသေးတာမှ မဟုတ်ဘာ၊ ကျွန်တော့်ကို ခွင့်မလွှတ်နဲ့အဘိုးရယ် ... ရိုက်ပစ်လိုက်ပါဗျာ၊ တစ်စောက အဘိုးသာသေသွားရင် ကျွန်တော်လည်း လိုက်သေမှာပဲ"

ပြောရင်းမှ သူကလေး ကလေးတစ်ယောက်လို ငိုချလိုက်သည်၊ ဦးမင်းထွဋ် ကန်ပေါင်ပေါ်မှာ လဲလျောင်းနေရာမှ သူကလေး၏ ခေါင်းလေးကို ယုယစွာ ဆွဲမွေ့လိုက်မိသည်။ နွေနှောင်းဟာ သူ့ရဲ့ မြေးမလေးပေါ့။

"တိတ်ပါကွာ၊ ကဲ ... မင်းလည်း အအေးပတ်ဦးမယ်၊ အဝတ်သွားလဲချည်"

"ဟာ ... အဘိုးကလည်း ကျွန်တော် ဘာမှမဖြစ်ပါဘူး။ ကျွန်တော်က လူကောင်းပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ငါကတော့ လူဆိုးပေါ့ . . . ဟုတ်လား"

သည်စဥ် မိဖြူ တဖုတ်ဖုတ်နှင့်ပြေးလာပြီး မျက်နှာသုတ်ပဝါနှင့် အဝတ်တွေကို ပေးလိုက်သည်။

"ဘဘ . . . ဆရာဝန်က ပဲခူးရောက်နေတယ်၊ ညနေမှ ဝင်ကြည့်မယ်တဲ့"

"အေး . . . ရတယ်၊ ငါ ဘာမှမဖြစ်ဘူး။ နင်တို့ ကိုယ့်အလုပ်ကိုယ် ဆက်လုပ်ကြ၊ ဒီမှာ နွေနှောင်းရှိတယ်"

"ဟုတ်ကဲ့ပါ ဘဘ"

မိဖြူထွက်သွားတော့ နွေနှောင်းက အဘိုးကို ရေတွေသုတ်ပေးပြီး အဝတ်တွေလဲပေးခဲ့သည်။ ပြီးတော့ ရေကန်ဘေးမှာထားသည့် ဝိုးချဲပေါ်သို့ အဘိုးကိုတွဲတင်လိုက်၏။

"အဘိုး မောသွားပြီ၊ အခန်းထဲသွားပြီး အနားယူတော့နော်"

"အေးပါကွာ . . . မင်းလည်း နားတော့"

နွေနှောင်းကတော့ ကိုယ့်အဖြစ်အပျက် ကိုယ်မသိဘဲ ဖေဖေက ချွတ်ပစ်ခဲ့သည့် ဂျာကင်ကို အပေါ်မှထပ်ဝတ်ကာ အဘိုး၏ ဝိုးချဲကို တွန်းလာခဲ့သည်။ နောက် အဘိုးကို အခန်းထဲသို့ အရောက်ပို့လိုက်၏။

"ကောင်လေး . . . ရေစိုအဝတ်တွေ သွားလဲတော့၊ အအေးမိနေဦးမယ်"





"ဟုတ် အဘိုး"

နွေနှောင်း ကိုယ့်အခန်းကိုယ်ပြန်လာခဲ့ပြီး ရေစိုအဝတ်တွေကို လဲလှယ်လိုက်ရသည်။

❁ ❁ ❁

www.burmeseclassic.com

## အခန်း (၁၁)

မနက်ကအဖြစ်ကို သန့်မင်းထွန့်နှင့် ညီမင်းထွန့်တို့သိ[illegible]
တော့ သန့်မင်းထွန့်က စိတ်မကောင်းရုံပေမယ့် ညီမင်းထွန့်မှာ ယ[illegible]
မီးကျ။

"ဒီကောင့်ကို အလုပ်ဖြုတ်ပစ်မယ် အဘိုး၊ အလကားကော[illegible]
အိညှက် အိညှက်နဲ့ အဘိုးနား ကပ်ချွဲဖို့ပဲ၊ ဘာမှ အားကိုးရ[illegible]
မဟုတ်ဘူး၊ ကြည့်စမ်း . . . မနက်က အဘိုးကို သင်း သေကြော[illegible]
တာ၊ မသန့်ရှင်းတဲ့လူကြီးတစ်ယောက်ကို ရေထဲ ခြေထောက်ချ[illegible]
ပြီး အဝတ်ပြန်ယူနေသတဲ့၊ ဒီလောက်တောင် အတတ်ဆန်းတဲ့ကေ[illegible]
. . . ကဲကွာ"

ဖေါသနှင့် လျှပ်တစ်ပြက်လက်သီးက နွေနှောင်း၏မျက်[illegible]





[illegible]လေးဆီ . . .

'ခွပ်'

"ဟာ . . . ကိုညီ"

သူမ၏နှုတ်ခမ်းလေး ကွဲသွားချေပြီ။ ဒါပေမဲ့ နွေနှောင်း [illegible]ဘာမဆိုးပါ။ ဒါ ဖြစ်သင့်တာပဲ မဟုတ်လား။ မနက်ကအဖြစ်ဟာ [illegible]ခန့်မသင့်လျှင် အဘိုးသေသွားနိုင်သည် မဟုတ်ပါလား။

ဧည့်ခန်းထဲမှာ သန့်မင်းထွန့်၊ ညီမင်းထွန့်နှင့် နွေနှောင်း။ [illegible]ကို သန့်မင်းထွန့်က အကာအကွယ်ပေးပေမယ့် လက်မြန် စိတ် [illegible]သည့် ညီမင်းထွန့်ကြောင့် နွေနှောင်း ဒဏ်ရာရချေပြီ။

"ကိုညီ . . . တော်တော့ တော်တော့၊ အဘိုးလည်း ဘာမှ [illegible]ဘူး၊ နွေနှောင်းကလည်း နောက် ဒီလိုမပေါ့ဆနဲ့ကွာ၊ အဘိုး [illegible]ကုဖြစ်မှာ မင်းလည်း မလိုလားဘူးမဟုတ်လား၊ မင်းလည်း အဘိုး [illegible] သံယောဇဉ်ရှိတယ်မဟုတ်လား၊ ကိုညီ ငါတောင်းပန်တယ်ကွာ [illegible]င်း စိတ်လျှော့"

နွေနှောင်းကို [illegible]သွားပြီး သန့်မင်းထွန့် သူညီကို ဖျောင်း[illegible]လျှင် နွေနှောင်း [illegible]တွေနှင့် ကိုယ့်အခန်းသို့ တက်ခဲ့ရသည်။ [illegible]အခန်းလေးထဲမှာ မျက်ရည်တွေ တိတ်တဆိတ်ကျရင်း သူမရင်ထဲ [illegible]နာကျင်နေရပါသည်။

ဖြစ်ခဲ့တဲ့ကိစ္စမှာ သူမဟာ တာဝန်အရှိဆုံးပါ။ သူမ ဘာကြောက် [illegible]လဲ။ အဘိုးအတွက် တာကယ်ထိုက်တန်တဲ့ သူနာပြု၊ လူနာ



www.burmeseclassic.com

www.burmeseclassic.com



စောင့်တစ်ယောက် ရှိသင့်သလား။

သူမက ငွာကယ်ကျ အဘိုးအပေါ် စေတနာပဲရှိတာပါ။ ဖ
နာပြုစုတာလည်း မကျွမ်းကျင်၊ ကလေးသာသာမို့ သတိကလည်
ပေါ့လိုက်သေး။

ငါ အဘိုးရဲ့အကျိုးကိုပဲ ကြည့်ရမယ်။ ငါ့ကိုယ်ကျိုးအတွ
အဘိုးအပေါ် အမြတ်မထုတ်သင့်ဘူး။ ဟုတ်တယ် . . . ငါ အလုပ်ထွ
တာပဲ ကောင်းပါတယ်။ နောက်ထပ် အလုပ်သစ်ရှာရမယ်။ တစ်
တစ်သိန်းရဖို့ မလွယ်ပေမယ့် ငါနဲ့တန်တဲ့အလုပ်ကိုပဲ ရှာရမယ်။

ကွဲသွားသည့်နှုတ်ခမ်းလေးကို သွေးစင်အောင် သုတ်
ဖူးရောင်သွားတာတွေ လျော့သွားအောင် သူမ လက်ကိုင်ပဝါ
ရေဆွတ်၊ ရေညှစ်ပြီးဖိထားစဉ် တံခါးခေါက်သံကြားရသဖြင့် နွေနှော
ဖွင့်ပေးလိုက်ရသည်။ အခန်းပြင်မှာ သန့်မင်းထွဋ်။

"အဘိုး မင်းကိုခေါ်နေတယ်၊ ဟင် . . . မင်းနှုတ်ခမ်း
တော်ကွဲသွားပါလား"

"ရပါတယ် ယောက်ျားပဲ"

"နေဦး . . . ငါဆေးထည့်ပေးမယ်၊ မင်းကို ဒီအတိုင်း အ
မြင်သွားရင် စိတ်ကောင်းမှာမဟုတ်ဘူး။ အဘိုးက မင်းကို ငါတို့
လေးလို့တောင် မှတ်နေသလားမသိဘူး"

"ရပါတယ် . . . ကျွန်တော်က ခံနိုင်ရည်ရှိပါတယ်"

"လာစမ်းပါကွာ"





သန့်မင်းထွဋ် နွေနှောင်းကို သူ့အခန်းသို့ ဆွဲခေါ်သွားပြီး
ဆေးထည့်၊ ပလာစတာကပ် လုပ်ပေးသည်။ အနာကို အရက်ပြန်
သုတ်၊ ဆေးထည့်တော့ တစ်ချက်မတွန့်ဘဲ နွေနှောင်း အံကြိတ်ခံနေ
သျှင် သန့်မင်းထွဋ် ပြုံးမိ၏။ ကရုဏာနှင့်ပါ။

"မင်းကွာ . . . ဘုရင့်နောင်ရဲ့ သူရဲကောင်းအရွေးခံနေတာ
ူနေတာပဲ၊ လက်သည်းကြားကို အပ်စိုက်ပြီး တူနဲ့ထုနေတယ်များ
တ်နေသလား . . . အော်ချင်အော်၊ ငိုချင်ငိုပေါ့ကွ"

"မငိုပါဘူးဗျာ . . . ကိုယ့်အပြစ်ရှိလို့ ဒဏ်ခတ်ခံရတာပဲ"

"အဲဒီလိုတော့ မပြောပါနဲ့ကွာ၊ ငါတို့က မင်းကို ကျေးကျွန်
နှစ်လို ဆက်ဆံနေကြတာမဟုတ်ပါဘူး၊ အဘိုးအတွက် စိတ်ပူပြီး
တ်လွန်သွားရတာပါ၊ ညီညီက ဒီလောက် သဘောထားမဆိုးပါဘူး။
လောက်ဆို သူ စိတ်မကောင်းဖြစ်နေလောက်ပြီ"

"ရပါတယ်ဗျာ . . . ကျွန်တော်ကလည်း သတိလစ်သွားရ
ကို၊ ဆေးထည့်ပေးတာ ကျေးဇူးပါ"

နွေနှောင်း သန့်မင်းထွဋ်အခန်းထဲမှ ထွက်လာခဲ့ပြီး အဘိုး
ခန်းသို့ မဝံ့မရဲ ဝင်လာခဲ့၏။ ညနေ (၆) နာရီကျော်ပေမယ့် ဆရာ
လည်း မလာသေး။

ကလေးလေးတစ်ယောက် မအေကိုမြင်တော့ ဝမ်းနည်းသွား
သလို နွေနှောင်း အလိုလိုမျက်ရည်တွေကျလာခဲ့၏။

"ကောင်လေး . . . ဘာ ဘာဖြစ်တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



အိပ်ရာပေါ်မှာ လှဲနေရင်းမှ အဘိုးကြိုးစားထလျှင် နွေနှောင်း အဘိုးကို ပြေးထူပေးမိသည်။ ဒါတွေက အလိုအလျောက်စက်ကဲ လို သူမရဲ့ အလိုက်တသိပြုမူမှုလေးတွေပါ။

"ဘာဖြစ်လာသလဲ ကောင်လေးရယ်"

အဘိုးရဲ့ 'ကောင်လေး' ဆိုသည့်အသံမှာ ကရုဏာသံ တွေနှင့် ဝေ့ဝဲလင်းဖြာနေလျှင် နွေနှောင်း ပိုပြီးဝမ်းနည်းရသည် သူမ၏ခေါင်းလေးကို အဘိုးက တုန်ယင်သောလက်များဖြင့် ပွေ့ထ ၏။

"ညီညီလက်ချက်ထင်တယ် ... ဟုတ်လား၊ ဒီကောင်ကျ ကလေးကို"

နွေနှောင်း စကားပြောနိုင်ဖို့ စိတ်ကိုတင်းကာ အားယူရ အတန်ကြာမှ ...

"ကိုညီမလွန်ပါဘူး အဘိုးရယ်၊ ကျွန်တော်က အဘိုး ကန့်စပ်မှာ တစ်ယောက်တည်းထားခဲ့မိတာကို"

"ဒါကတော့ကွာ အဘိုးအပေါ် ဖားပြုတ်တက်လာမယ့် မင်း ဘယ်သိမလဲ၊ ငါကလည်း လူကြီးတန်မဲ့ ဖားပြုတ်ကြောက်တ တာကိုး၊ ဒါပေမဲ့ မင်းကယ်လို့ပဲ ငါ အခု အသက်ရှင်နေခဲ့ပြီ မင်းဟာ ငါ့ရဲ့ အသက်သခင်လေးပါပဲ"

"ဒီလိုမပြောပါနဲ့ အဘိုးရယ် ... ကျွန်တော့်ကြောင့် အပ်ဘဲ ဖြစ်ပွားခဲ့ရတဲ့ ပြဿနာမှာ ကျွန်တော် ဘယ်လောက်ကျ





ကျေးဇူးတင်စရာမရှိပါဘူး"

အဘိုးက နွေနှောင်း၏ခေါင်းလေးကို ပွတ်ကာ ချော့မော့ ပျောင်းဖျနေစဉ် ဆရာဝန်နှင့် ညီမင်းထွဋ် အခန်းထဲသို့ ဝင်လာခဲ့ကြ သည်။ ညီမင်းထွဋ် ဆရာဝန်ကို လိုက်ပို့ခြင်းပါပဲ။

အဘိုးကို နွေနှောင်း ချွဲနေတာမြင်ရသဖြင့် ညီမင်းထွဋ် စိတ်ဆိုးရသည့်ကြားထဲ အဘိုးက သူ့ကို ခပ်မာမာတစ်ချက် လှမ်းကြည့် တာ ခံလိုက်ရသေးသဖြင့် ညီမင်းထွဋ် နွေနှောင်းကို အရမ်းမုန်းတီး သွားငေ၏။

"တောက် ... ယောက်ျားဖြစ်ပြီး ယောက်ျားမဆန်တဲ့ကောင်၊ သူ့ကို ပျော့စိပျော့နွဲ့၊ ဘယ်နေရာမှ အသုံးမကျရတဲ့ကြားထဲ အဘိုးကို အပိုင်ပေါင်းထားသေးတယ်၊ ဒီကောင်တော့ ငါ့လက်နဲ့တွေ့တော့မယ် ဟင်း ဟင်း ... ဒီကောင့်ကို မှတ်လောက်သားလောက်အောင် ပညာ ပေးဦးမှာပဲ"

ဦးမင်းထွဋ် ဆရာဝန်ဦးဝင်းနောင်ကို ကြိုဆိုလိုက်သည်။

"ကြွပါ ဆရာ ... ကျွန်တော့်ကို မစမ်းသပ်ခင် ဒီကလေးကို ဆေးကုပေးပါဦး ဆရာ၊ ခေါင်းတွင်းဆိုတာ အနာရင်းတတ်တယ် ဆို"

ဒေါက်တာ ဦးဝင်းနောင် ...။ အသက်လေးဆယ်ခန့်ရှိပြီး သားဖြူဖြူ ဥပဓိရုပ်ခန့်ခန့်နှင့် လူပျိုကြီး။

သူက နွေနှောင်းခါ၏ ဖူးရောင်နေသည့် နှုတ်ခမ်းလေးကို



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ပြီး မျက်မှောင်ကြုတ်သွားသည်။ ဒီကောင် ဘာလဲ၊ ဆရာဝန်
မျက်စိက ခပ်ရှုးရှူး။ နွေနှောင်း၏ ရုပ်သွင်ကိုကြည့်လိုက်ပြီး မိန်းက
လေးမှန်း သူသိလိုက်သည်။

"ဒီဒဏ်ရာ ဘယ်ကရတာလဲ"

နွေနှောင်း ဘယ်လိုဖြေမလဲဟု ညီမင်းထွဋ် ရန်လိုစွာ ကြည့်
နေပေမယ့် သူမက အပြစ်လွတ်အောင် ပြောခဲ့သည်။

"ကျွန်တော် လှေကားပေါ်က ချော်ကျတော့ လှေကားလက်
ရန်းနဲ့ နှုတ်ခမ်းနဲ့ဆောင့်မိသွားတာပါ"

"သတိထားတက်ပေါ့ကွာ၊ သွားတွေ ဘာတွေ မကျိုးတာ
ကံကောင်း"

ဒေါက်တာက နွေနှောင်း၏မေးလေးကို ပင့်ကာ နှုတ်ခမ်းကို
သေသေချာချာ ပြန်လုပ်ပေးနေတော့ သူမ တစ်ခါနာရပြန်သည်
မျက်ရည်မကျပေမယ့် နာလွန်းလို့ ဆတ်ဆတ်တုန်နေရှာသည့် နွေ
နှောင်းကို အဘိုး သနားလို့မဆုံး။ ညီမင်းထွဋ်မှာ ကိုယ်ထိုးမိတာ
နောင်တရချင်ချင်။

ဒေါက်တာက သူမအတွက် ဆေးတွေပေးပြီး
ဦးမင်းထွဋ်ကို စမ်းသပ်သည်။

"ဟာ . . . အန်ကယ့်အခြေအနေကတော့ တိုးတက်နေတာ
ပဲ၊ မကြာခင် အလုပ်တွေ ပြန်ဆင်းနိုင်လိမ့်မယ်ထင်တယ်၊ ပုံမှန်
ပြန်ဖြစ်တော့မယ်၊ မိန်းမတွေ ဘာတွေတောင် ယူချင်ရင်ယူလို့ရပြီ





ဆရာဝန်က ခပ်နောက်နောက်ပြောပေမယ့် ညီမင်းထွဋ်က
တဲကဲဆတ်နေ၏။

"ဆရာကလည်း အသွားဆုံးတုန်းက ငယ်တုန်းကတောင်
ယူခဲ့တာ၊ ခုအရွယ်ကြီးကျမှ ဒီလိုကလေးကလားစကားတွေ မပြော
ပါနဲ့တော့ဗျာ၊ အဘိုးတို့အရွယ်က အသည်းမကောင်းတော့ဘူး။ အဲဒီလို
မိန်းမ မပြောနဲ့ . . . တစ်ယောက်ယောက်က ညာစား၊ ချူစားရင်တောင်
အဟုတ်မှတ်နေတာဗျ။ အခုခေတ်မိန်းမတွေက လည်ပါဘိသနဲ့၊
အဘိုးလို အဘိုးကြီးမျိုးဆို ဝါးစားသွားမှာ"

သူ့အပြောက ကြမ်းလွန်းပြီး ဆူလှည်းကြီးလို ဟိုငြိ သည်ငြိ
ငြိနေလျှင် အဘိုးရော ဆရာဝန်ပါ မျက်နှာပျက်သွားရ၏။ နွေနှောင်း
မှာတော့ ဆင်နှင်းခံရသည့် ယပ်တောင်လို ထူးပြီး မပြားတော့။ အဲ
. . . မခံစားရတော့။

သူဟာ အမြဲ ဒီလိုပဲ နွေနှောင်းကို ရန်လိုနေတာပဲ မဟုတ်
ဘူး။

ဆရာဝန်က ဘာမှမပြောတော့ဘဲ ဦးမင်းထွဋ်ကို လုပ်စရာ
ရှိသည့်အလုပ်တွေသာ လုပ်ပေးသွားခဲ့သည်။ သူပြန်ခါနီးကျ ညီမင်း
ထွဋ်ကို ဆေးအိတ်မပေးဘဲ နွေနှောင်းကို ဆေးအိတ်ပေးသဖြင့် သူမ
ဆရာဝန်ကို သူ့ကားဆီသို့ လိုက်ပို့ရသည်။

ကားနားမှာ ဦးဝင်းနောင်က သူမထံမှဆေးအိတ်ကို မယူ
သေးဘဲ ပခုံးပေါ် လက်တင်ကာ စကားပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"နွေနှောင်းခါ ဘာဖြစ်လို့ ဒီလောက်အန္တရာယ်ကြီးတဲ့အလုပ်ကို လုပ်ရတာလဲ"

"ခင်ဗျာ"

"မင်းကို မိန်းကလေးမှန်း ငါသိပြီ၊ ကျန်တဲ့လူတွေ သိကုန်ရင် မင်းဘယ်လိုလုပ်မလဲ၊ ဘာဖြစ်လို့ ဒီလိုဟန်ဆောင်ပြီး အလုပ်လုပ်ရတာလဲ"

နွေနှောင်းခါ ဘာပြန်ပြောရမှန်းမသိဘဲ ပူထူတုန်လှုပ်နေလျှင် ဒေါက်တာက ဆက်ပြော၏။

"အလုပ်မရှိရင် ဆရာ့ဆေးခန်းကို လာခဲ့၊ မင်း ဒီမှာရတဲ့ လစာမျိုး ပေးနိုင်တယ်၊ ကိုယ်က မိန်းကလေးပဲ၊ အန္တရာယ်ကင်းတဲ့ အလုပ်မျိုး ရွေးပါကွာ"

သူမ၏ခေါင်းလေးကိုပုတ်ခဲ့ပြီး သူ့ ဆေးအိတ်ကို ဆွဲယူ ကားပေါ်တက်ကာ မောင်းထွက်သွားတော့ နွေနှောင်း နေရာမှ ကျောက်ရုပ်လို ကျန်ခဲ့၏။

ဆရာက အဘိုးတို့ကို ပြောပြမှာတော့ မဟုတ်ပါဘူး။ ဒါပေမဲ့ ငါ ဘာဆက်လုပ်သင့်သလဲ၊ ငါ့အကြောင်းကို တစ်ယောက်သိသွားပြီ

နွေနှောင်း ခြေကုန်လက်ပန်းကျသည့် ရုပ်နှင့် အဘိုးအခန်းသို့ ဝင်ခဲ့ရာ မိဖြူက အဘိုးနှင့်သူ့ကို ထမင်းလာပို့ထားသည်ကို တွေ့ရ၏။

"လာ ကောင်လေး ... ထမင်းစားရအောင်"





"ကျွန်တော်စားနိုင်တော့မှာ မဟုတ်ပါဘူး အဘိုးရယ်၊ ပါးစပ် မဟနိုင်တော့ဘူး။ နှုတ်ခမ်းကလည်း စပ်မှာ"

"မင်းကလည်းကွာ ... ယောက်ျားဖြစ်ပြီး ပါးစပ်ကို ကျယ်ကျယ်ဟပြီး နှုတ်ခမ်းကိုမထိဘဲ အာခေါင်ထဲထည့်ပေါ့ကွ၊ လာကြည့်စမ်းပါ ... ဟင်းတွေက ရှယ်ပဲ၊ မင်းအကြိုက်တွေ"

အဘိုးက သူစားချင်အောင် အားပေးပြီး ဟင်းတွေနှင့် ဆွဲဆောင်ပေမယ့် နွေနှောင်း စိတ်ဓာတ်ကျနေ၏။ နှုတ်ခမ်းက နာသည့်အပြင် သွားတွေကကျဉ်၊ ဘယ်ဝါးနိုင်မလဲ။

"မစားနိုင်ပါဘူး အဘိုးရာ၊ အဘိုးက မခံစားဖူးတော့ ဘယ်သိမလဲဗျ၊ အား ... ကျွတ် ကျွတ်၊ ကြာလေ နာလေပဲ၊ မနက်ဆို ရုပ်ကြီး ဘယ်လိုဖြစ်နေမယ် မသိဘူး"

အဘိုးမှာ နွေနှောင်း၏ ရှုံ့မဲ့နေသည့် ချစ်စဖွယ်ရုပ်ကလေးကို ချစ်ခင်နှစ်လိုစွာကြည့်ရင်း ပြုံးရ၏။

"ခံစားဖူးပါတယ်ကွ၊ ငါ ငယ်ငယ်က အပျော်တမ်း လက်ဝှေ့ထိုးတွေ့ ဘာတွေ ထိုးဖူးတာပဲ၊ ကိုယ်လည်း ဖွတ်ဖွတ်ကျေအောင် ခံရတာပေါ့၊ မင်းက ဘာဟုတ်သေးလဲ၊ ငါဆို ပျားထိုးခံရတဲ့ရုပ်ကြီးနဲ့"

"ဟင် ... ဟုတ်လား။ အဘိုးက သတ္တိကောင်းတယ်နော်၊ လက်ဝှေ့ထိုးတယ်ဆိုတာ ဖွဲလည်းရှိရဆို"

နွေနှောင်း သည့်အကြောင်းအရာကို စိတ်ဝင်စားသွားပြီး မေ့ပျောက်ပျောက် ရုပ်ကလေးနှင့် အနာကိုမေ့သွား၏။



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေါ့ကွ၊ ယောက်ျားဆိုတာ ဖွံ့ဖြိုးရတယ်၊ အနာခံနိုင်ရတယ်၊ လာပါ ကောင်လေးရာ . . . ထမင်းမစားနိုင်လည်း ဟင်းတော့ ဝါးပေါ့။ အစပ်မပါတဲ့ဟင်းလေးတွေနဲ့ ဟင်းချိုသောက်ပေါ့ကွ"

ခံတွင်းပျက်နေသည့်ကလေးကို ချော့မော့ကျွေးနည်းမျိုး အဘိုး စိတ်ရှည်စွာ ချော့မော့ကျွေးနေလျှင် နွေနှောင်းရင်ထဲ လှိုက်ခနဲ နေအောင် ကြည်နူးရသည်။ အဘိုး သူ့ကို တော်တော်သံယောဇဉ် ရှိတာပဲ။

"ဒါဆိုလည်း စားပါ့မယ်အဘိုးရာ။ ထမင်းတော့ဝါးနိုင်မှာ မဟုတ်တော့ဘူး။ ပါးစပ်တစ်ခုလုံး နာနေတာ အဘိုးရဲ"

"အေးပါကွာ၊ အေးပါ . . . ငါ့မြေးအစား အဘိုးကပဲ တောင်းပန်ပါတယ်၊ သူလည်း ဘိုးအေဖောနဲ့ မှန်သွားတာပါ"

နွေနှောင်း အံ့ဩသွား၏။ အဘိုးကို သူမ ညီမင်းထွဋ်လက် ချက်ရယ်လို့ ဘယ်မှာတိုင်လို့လဲ။

"အဘိုး"

"မင်းမပြောလည်း ငါသိပါတယ်ကွာ၊ ကဲ . . . လာစား"

အဘိုးအခန်းထဲက စားပွဲပေါ်မှာ ပြင်ပေးထားသည့် ထမင်း ဝိုင်းက ဟင်းတွေစုံစုံလင်လင်၊ ပုစွန်တုပ်တွေရော၊ ငါးခူကြော်၊ အသား လုံးကြော်၊ နောက် မြင်းခွာရွက်သုပ်၊ ကြာဆံဟင်းခါး၊ ငါးပေါင်း။

အဘိုးပန်းကန်ထဲသို့ ထမင်းထည့်၊ ဟင်းတွေဦးချပေးလိုက် ပြီး နွေနှောင်း ကိုယ့်ပါးစပ်ကို ဖြည်းဖြည်းဟကြည့်၏။ အဘိုးက





သူစားဖို့ထက် နွေနှောင်းကိုပဲ ဂရုတစိုက် ကြည့်နေ၏။

"ကိုယ့်ကိုယ်ကိုယ် သိပ်မညှာနဲ့ ကောင်လေးရဲ့ ဟကြည့်စမ်း ပါ . . . ရပါတယ် မင်းကလည်း"

အဘိုးအားပေးသဖြင့် ပါးစပ်ကို ထပ်တိုးဟကြည့်တော့ ရသွား၏။

"အဲ . . . ဟုတ်ပြီ စားပေ ဝါးပေတော့၊ အဘိုးက သိပ်စားနိုင် မှာ မဟုတ်ဘူး၊ မင်းစားတာကြည့်ပြီး အားကျနေရတာ"

အဘိုးက လူတစ်ဖက်သား အားရှိအောင်တော့ စကားပြော တတ်ပေ၏။ နွေနှောင်း ငါးခူကြော်တစ်ကောင် ကောက်ကိုင်ပြီး အဘိုးကို အရင် အရိုးထွင်ထည့်ပေး၏။

နောက်ပြီးမှ သူမလည်း တစ်ကောင်ကိုင်ကာ ငါးကြော်ဝါး လိုက်၊ ဟင်းချိုသောက်လိုက် လုပ်၏။ စားကြည့်တော့လည်း လူငယ် ဗိုက်မို့ ခံတွင်းလိုက်သွား၏။ ဆာနေတာပဲလေ။

နွေနှောင်း ပန်းကန်ယူကာ ထမင်းပါထည့်ပြီး စားလိုက်၏။

"ကျေးဇူးပဲ အဘိုးရေ၊ ကျွန်တော် စားလို့ရပြီ၊ နာပေမယ့် စားလို့ရပါသေးတယ်"

"အေးလေကွာ . . . ငါပြောသားပဲ၊ ကြော် ဒါထက် . . . ည ဘက် ဇီကပြန်သွားရင် ကိုယ့်အခန်းကို တံခါးသေသေချာချာ ပိတ်နော်၊ အတွင်းက သော့ခတ်ထား"

နွေနှောင်း မျက်စုံးပင့်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့လဲ အဘိုးရဲ့"

"ညဘက် သူနို့သူ့ဂှက်တွေလာရင် အန္တရာယ်ရှိမှာစိုးလို့ပါကွာ"

တကယ်တော့ နွေနှောင်းဟာ မိန်းကလေးမို့ ဦးမင်းထွဋ် စိုးရိမ်မိခြင်းပါ။ သူ နွေနှောင်းကိုချစ်တာဟာ ကိလေသာ၊ တဏှာတွေမပါ။ ကိုယ့်မြေးမလေးလို တယုတယ တမြတ်တနိုး၊ အဖြူရောင်အချစ်။

သူ့အပေါ်မှာ ကလေးတစ်ယောက်လို တွယ်တာချွဲနွဲ့ပြီး စေတနာနှင့် ပြုစုတတ်သည့် အရိုးခံမလေးကို သူ စေတနာတွေတစ်ထမ်းကြီးရှိပါသည်။

"ဝိတ်ပါတယ် အဘိုးရဲ့၊ နွေနှောင်း အမြဲတံခါးပိတ်ပါတယ်"

ထမင်းစားပြီးတော့ မိဖြူ ထမင်းပွဲလာသိမ်းသွားလေ၏။ နွေနှောင်း၊ အဘိုးကို ညဆေးတိုက်ပြီး၊ အခန်းထဲမှာ ငုငုလေး ထက်ထိုင်နေသည်။ အဘိုးကို သူ အလုပ်ထွက်ခွင့်တောင်းရမည်။ စိတ်ကောင်းပေမယ့် အဘိုးဟာ သူ့ထက်တော်သည့် လူနာစောင့်ကို ရသင့်ပါသည်။

"ကောင်လေး ... အငြိမ့်ခွေအသစ် ပါလာတယ်လေ၊ ဖွင့်ကွာ ... ရယ်ရအောင်၊ ဒီနေ့ ငါတို့ ရေနစ်ခဲ့ကြတဲ့ အထိမ်းအမှတ်ပေါ့ကွာ"

အဘိုးက ရယ်စရာပြောပေမယ့် နွေနှောင်း ဟာတ်ထိသွား၏





သူမ ယခုထိ ချောမောခန့်ညားနေဆဲဖြစ်သည့် အဘိုးကို ဝမ်းနည်းအားငယ်စွာ ကြည့်လိုက်မိသည်။

"ဒီနေ့အဖြစ်ကို ကျွန်တော် တကယ်ခံစားရတယ် အဘိုးရယ်၊ ကျွန်တော်ဟာ ကျွမ်းကျင်တဲ့ လူနာစောင့်တစ်ယောက် မဟုတ်တဲ့အတွက် အဘိုး နောက် လူနာစောင့်ကောင်းကောင်းတစ်ယောက်ကို ရှာပါ၊ ကျွန်တော် အလုပ်ထွက်ပါရစေ အဘိုး"

နွေနှောင်း၏စကားကြောင့် အဘိုး အံ့သြတုန်လှုပ်သွားသည်။

"ဘာ ဘာ ... မင်းက ငါ့ကို ထားခဲ့မယ်ပေါ့ ... ဟုတ်လား။ ငါ ဘယ်လိုပဲဖြစ်နေနေ ... မင်း စိတ်ချတယ်ပေါ့၊ ငါ့အတွက် နောက်ဆံမတင်းဘူးလား၊ နွေနှောင်း။ ဒါဆို ခါတိုင်း ပျာယာခတ်ပြီးနေတာငါ၊ ဟန်ဆောင်နေတာလား"

အဘိုးစကားကြောင့် နွေနှောင်း မျက်ရည်တွေကျလာပြီး အဘိုး၏လက်နှစ်ဖက်ကို ဆုပ်ယူလိုက်မိသည်။

"ကျွန်တော့်ကိုယ်ကျွန်တော် ဖော်ခတ်တာ၊ ကျွန်တော့်လိုကောင်နဲ့ အဘိုးစေတနာတွေနဲ့ လုံးဝမထိုက်တန်လို့ပါ"

"တော် တော် နွေနှောင်း။ ဘာလဲ ... မင်းက ငါ စိတ်ချမ်းသာ ပျော်ရွှင်နေတာကို မကြည့်နိုင်လို့လား။ ငါ မင်းအပေါ် မခွဲနိုင်မှန်း၊ ငါ့အစိမှန်းသိလို့ ထားပစ်ခဲ့ချင်တာလား။ မင်းကွာ ... ပြောရက်လိုက်တာ"

အဘိုး၏ရင်ဘတ်ကြီးတစ်ရလုံး ဟာမိုလို နိမ့်လိုက်၊ မြင့်လိုက်



www.burmeseclassic.com

www.burmeseclassic.com



နှင့် လှိုင်းထန်လာခဲ့လျှင် နွေနှောင်း အဘိုးကို လျင်မြန်စွာ တောင်းပန်ရ၏။

"ကျွန်တော်မှားပါတယ် အဘိုးရယ်၊ နောက် ဒီလိုစကားမျိုး ဘယ်တော့မှ မပြောတော့ပါဘူးနော်၊ နော်"

အဘိုး၏နှလုံးသားတွေ အတန်ကြာမှ ပုံမှန်ပြန်ဖြစ်လာပြီး နွေနှောင်းကို အမိန့်ပေး၏။

"မပြောနဲ့ . . . ဘယ်တော့မှမပြောနဲ့၊ ငါသေမှ ငါ့ကိုထားခဲ့တော့ ကောင်လေးရယ်၊ ငါ မင်းရဲ့လက်ထဲမှာပဲ စိတ်ချမ်းချမ်းသာသာနဲ့ သေလိုက်ပါရစေ"

"အဘိုးရယ်"

တကယ်တော့ နွေနှောင်း အဘိုးရဲ့စကားတွေကို လိုက်မ ပါ။ သူနားလည်တာ အဘိုး သူ့ကိုသံယောဇဉ်ရှိသည်၊ သူ့အနားက သေမှခွဲ၊ ဒါပါပဲ။

"ကဲ . . . အငြိမ့်ခွေ ဖွင့်ကွာ၊ ရယ်ရယ်မောမော ပေါ့ပေါ့ပါးပါ နဲ့ ဘဝကို ဖြတ်သန်းကြရအောင်"

"ဟုတ် အဘိုး"

ခွေထည့်ပြီးဖွင့်လိုက်တော့ အဘိုးက သိပ်မရယ်။ နွေနှော ရယ်မောနေတာကို ကြည့်ကြည့်ပြီး ပီတိဖြစ်နေရှ၏။

သူက ခုတင်ပေါ်မှာ ခြေဆင်းထိုင်နေပြီး သူကလေးကတော ခုတင်စားမှာ ထိုင်ခုံတစ်လုံးနှင့် ကပ်ထိုင်လို့၊ ဩော် . . . မိန်းကလေ





နွေးနွေးထွေးထွေး နေတတ်ခြင်းပဲ။ သူကလေးကတော့ ငါ့ကို အဘိုး တစ်ယောက်လို ချစ်ခင်ခြင်းပဲ။ ငါကလည်း သန့်သန့်ရှင်းရှင်း ချစ်ခင်မိတာပါပဲလေ။ ဉယျာဉ်မှူးလို့။

နွေနှောင်း အဘိုး၏ခြေသလုံးကိုဖိရင်း အငြိမ့်ခွေကို အားပါး တရ အားပေးခဲ့လေသည်။

❁ ❁ ❁

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၂)

ဟောမာန်ခါ ...။

ဘဝဟာ တစ်ခါတစ်ခါကျ ရေဆန်၊ လေဆန်လိုပဲ ခြေကုန် လက်ပန်းကျအောင် လှော်ခတ်ရတယ်။

သူမ လှော်ခတ်ခဲ့ရတာတော့ မဟုတ်ပါ။ မိဘနှစ်ပါးနှင့် ညီမလေး ယောက်ယက်ခတ်အောင် လှော်ခတ်နေရတာကို မြင်ရခြင်း ကြောင့် သူမ စိတ်ဆင်းရဲရပါသည်။

ယခု ပညာရေးတက္ကသိုလ် နောက်ဆုံးနှစ်။ ပိုက်ဆံတွေ လည်း ကုန်လိုက်တာ။ ဒါတောင် သူမက သူများတွေလို မဖြုန်း မသုံးမဖြစ်စရိတ်တွေကိုသာ သုံးပါသည်။

သို့ပေမယ့် ဟောမာန် ကိုယ့်အိမ်ရဲ့ဝင်ငွေကို သိထားတော



ရင်ထဲမှာ တထိတ်ထိတ်။ ကျောင်းပြီးအောင်မှ တက်ရပါမည်လားဟု သည့် သိမ်ငယ်စိတ်၊ အားငယ်စိတ်က အချိန်ပြည့်ဝင်၏။

အဖေ့ညစောင့်လခက သုံးသောင်း။ အမေ့ဘဏ်စာရေးမ လစာက ခြောက်သောင်း။ နှစ်ယောက်ပေါင်း တစ်သိန်းတောင် မပြည့်။ ညီမငယ်ကလည်း တစ်လကို ၄–၅ သောင်း။ ယခုတော့ တစ်သိန်းတဲ့။

သူမတို့ တက္ကသိုလ်ကျောင်းသူနှစ်ယောက်ရဲ့စရိတ်က တစ် လကို နှစ်သိန်းအထက်မှာ။ မမက ဆေးကျောင်းသူမို့ ပိုကုန်သည်။

သည်တော့ ကိုယ့်အခြေအနေက လှုပ်လှုပ် လှုပ်လှုပ်မို့ ဟောမာန် တတိယနှစ်ကတည်းက ရည်းစားထားမိခဲ့သည်။

တကယ်လို့များ မိဘက ကျောင်းပြီးအောင် ဆက်မထား နိုင်လျှင် ရည်းစားကို ဆက်ထားခိုင်းမလို့ပါပဲ။

ကျောင်းစရိတ်တွေကိုလည်း အိမ်ကို မှန်မှန်ပြန်မတောင်း။ ဟောမာန် မိဘတွေကို အားနာပါသည်။ ခများတွေ ရှိရှာတာမဟုတ်။ ဘယ်လိုအားမာန်တွေနှင့် ချီတက်နေမှန်းပင် မသိ။

အဲ ... ရည်းစားထံမှ အထောက်အပံ့တွေ ယူရတော့ သူက သည်၊ အခွင့်အရေးတွေ ပြန်တောင်းသည့်မျိုး။ လောကကြီးမှာ အနီပေးမှ အေးရသတဲ့။ ဟောမာန် ကိုယ့်ဘဝကိုယ် သိပါသည်။ မိဘတွေကိုလည်း၊ အလုပ်ရလျှင် ပြုစုလုပ်ကျွေးချင်ပါသည်။

သို့သော် သူမ စိတ်သွားတိုင်း ကိုယ်မပါနိုင်ရှာတော့ပြီ ဆင် သည်။ လုပ်နည်းလုပ်ဟန် လွဲမှားခဲ့တာလား။ မရဲဘဲ ကျွဲလှည်းမီး

www.burmeseclassic.com

www.burmeseclassic.com



မိတာလား။ သူမက အခြားမိန်းကလေးတွေလိုလည်း မလည်ဝယ်ဘူး
လေ။

ဟောမာန်ထားမိသည့် ရည်းစားက အပြင်စီးပွားရေးသမား
ဆိုတော့ ပိုဆိုးသည်။ သူက ဝပ်ရှော့ပိုင်ရှင်။ ကိုယ့်မှာ ကားမရှိဘဲနှင့်
ဘယ်လိုဆုံစည်းမိသလဲ မမေးနှင့် . . . စိတ်နာလွန်းလို့။

အဲဒီနေ့က ဟောမာန် ရန်ကုန်ထဲက သူငယ်ချင်း ဝင်းမွန်ဦးရဲ့
ကားနှင့် မြို့ထဲသို့ လိုက်မိခဲ့သည်။ ဝင်းမွန်ဦးရဲ့ကားကို သူ့ချစ်သူ
ပြည့်ဖော်က မောင်းလို့။

အိမ်အပြန်ခရီးမှာ ကားတစ်ဆင့်စီးရသက်သာလည်း နည်း
လားဆိုပြီး စီးမိခဲ့တာပါ။ အဲ . . . လမ်းမှာ ကားက ဗွေဖောက်တော့
သူတို့က 'ရှုပါ' ဝပ်ရှော့မှာ ဝင်အပ်ပြီး ဟောမာန်ကို ကားအစောင့်ထား
ခဲ့ကြသည်။

"ဟောမာန် . . . ကားက လူထိုင်စောင့်မှ မြန်မြန်လုပ်ပေး
တာ၊ နင်စောင့်နေဟာ . . . မကြာပါဘူး။ အလွန်ဆုံးကြာ တစ်နာရီပေါ့
ငါတို့ နင့်အိမ်ရောက်အောင် ပို့ပေးပါ့မယ်၊ ငါတို့ ဒီနားက မိတ်ဆွေအိမ်
ခဏသွားချင်လို့၊ ခုပဲ ပြန်လာမယ်နော်"

ဆိုပြီး ကားပြင်တာကိုထိုင်စောင့်ဖို့ တတိယနစ်ကျောင်း
မအူမလည်လေးကို ထားရစ်ခဲ့ကြသည်။

ကားဝပ်ရှော့ရဲ့အတွင်းဘက် ထိုင်ခုံလေးတစ်ခုမှာ လွယ်အိတ်
လေးပိုက်ပြီး ခပ်ကုပ်ကုပ်ထိုင်စောင့်နေသည့် မိန်းမချောလေး





သူများ အချဉ်ဖမ်းစရာများ ဖြစ်နေသလား။

မျက်လွှာလေးချပြီး စိတ်ညစ်ညစ်နှင့် ထိုင်စောင့်နေမိရင်း
ဟောမာန် မျက်နှာလေး နီ နီလာတာ ဝပ်ရှော့မှာ ယောကျ်ားတွေချည်း
ကားပြင်နေကြလို့ပါ။ ယောကျ်ားတွေဆိုတော့ တစ်ယောက်နဲ့တစ်
ယောက် စကားပြောတာတွေလည်း အပျိုစင်လေး မကြားရဲစရာ။

သည်စဉ် ကားတစ်စီး ဝပ်ရှော့ရှေ့ထိုးရပ်လိုက်ပြီး အားလုံး
လည်း မီးကိုရေနဲ့သတ်သလို ငြိမ်သွားတော့ ဟောမာန် ထိုလူကို
အပြူးသား မော့ကြည့်မိ၏။

အဲဒီလူဟာ ဆရာကြီးလား။ အသက်သုံးဆယ်လောက် ဗလ
တောင်းကောင်း။ အရပ်ရှည်ရှည်၊ ရုပ်က ခပ်မိုက်မိုက်၊ ခပ်ကြမ်း
ကြမ်း။ ယောကျ်ားပီသသောရုပ်က မချောပါ။ လူကြီးရုပ်ကြီး။ လူငယ်
ပုံတော့ မထွက်တော့။

"ပစ္စည်းတွေ ချဟေ့"

ကားထဲမှာပါသည့် ကားပစ္စည်းတွေကို ဝိုင်းဝန်းချနေကြစဉ်
သူက ဝပ်ရှော့ထဲသို့ကြည့်လိုက်ရာ လွယ်အိတ်လေးပိုက်ပြီး ငြိမ်ကုပ်
နေသည့် မိန်းမချောလေးကို မြင်လိုက်၏။

"ဘာလေးလဲ"

ကားပိုင်လောက်သည့် ရုပ်ကလေးလည်းမဟုတ်၊ ချည်သား
အင်္ကျီဆက်ပန်းရောင်လေးနှင့် ယမင်းရုပ်လေးလို လှပပေမယ့် သူဌေးပုံ
မထွက်။ သူ ဟောမာန့်ဆီသို့ လျှောက်သွားလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ညီမလေး . . . ဘာကိစ္စရှိလို့လဲ၊ အစ်ကိုက ဒီဝပ်ရှော့ပိုင်ရှင်ပါ"

ဟောမာန် သူ့ကိုမော့ကြည့်လိုက်တာ အရိုးခံရုပ်လေးနှင့်ပါ ဖျင်းဘောင်းဘီနှင့် တီရှပ်အပြာဝတ်ထားသော လူကြီးဟာလည်း သူ ချော့ရုပ်မကွက်ပါ။ ဝပ်ရှော့မှာ ကိုယ်တိုင်ဦးစီး၊ ကိုယ်တိုင်လုပ်နေသည့် လူတစ်ယောက်ပုံစံ။

"ဟို . . . သူငယ်ချင်းကားပြင်တာ စောင့်နေတာ၊ တော်ကြာ ပြီးမယ်ဆိုလို့"

"ဘယ်ကားလဲ"

"ဟို ဟိုမှာ"

ဟောမာန် သူ့ကို အားကိုးတကြီးနှင့် ကားကို လက်ညှိုးထိုး[...] တော့ သူက သူ့လူတွေကို အမိန့်ပေးခဲ့သည်။

"ဟေ့ကောင်တွေ . . . ဒီကားကို အရင်ကိုင်ပေးကွာ၊ မြန်မြန် လုပ်ပေးလိုက်ကြ"

"ရပါတယ် အာစိရဲ့ . . . တစ်နာရီ မကြာပါဘူး"

ဟောမာန်မမြင်အောင် သူ့လူတွေကို မျက်စိမှိတ်ပြလိုက်[...] တော့ သူမ မမြင်ခဲ့။

"ဩော် ညီမ . . . ဒီမှာ ခွေးခြေလေးနဲ့ ထိုင်နေရတာ အား[...] စရာ၊ အစ်ကို့အိမ်က နောက်ဘက်မှာ၊ အိမ်မှာ အမေလည်းရှိတ[...] အဲဒီမှာ လိုက်နားပါ၊ အမေက ဒီမှာ ယောကျ်ားတွေပဲရှိတော့ မိန်း[...]





လေးဆို သိပ်ခင်တတ်တာ"

"ဟို နေပါစေရှင် . . . အား အားနာပါတယ်"

"ဩော် ညီမရယ် . . . ခဏဆိုပေမယ့် ဒီမှာ ယောကျ်ားတွေ ချည်းပဲလေ၊ ပြီးတော့ ညီမကို ဝိုင်းရှုံ့နေကြတာ၊ ဘာလဲ . . . အစ်ကို တို့ ကြောက်လို့လား"

"အို . . . မဟုတ် မဟုတ်ပါဘူးရှင်၊ အားနာ . . ."

"တော်ပြီ၊ လာ . . . သွားစို့၊ ဟိုကပဲ စောင့်"

သူက ခပ်တည်တည်ပင် ရှေ့မှထွက်သွားတော့ ဟောမာန် နောက်မှ ကုပ်ကုပ်လေး လိုက်ရသည်။ နောက်ဘက်ဆိုပေမယ့် ဒီဝပ်ရှော့နှင့် တစ်ခြံထဲ၊ ခြံရှေ့မှာ ဝပ်ရှော့ဖွင့်ထားပြီး ခြံနောက်မှာ တစ်ထပ်တိုက်ပြားလေး။

ဝင်ဝင်ချင်း ဧည့်ခန်းကို တွေ့ရသည်။ ဆိုဖာအစိမ်းရောင် လေးတွေနှင့် ခင်းယင်းထားပုံက ချစ်စဖွယ်။ ဟောမာန်ကတော့ ဘာမှ မတွေး။ ဝပ်ရှော့ထဲက လုလင်တစ်ကျိပ်လောက်၏ ခေါ်တောမျက်လုံး များအောက်မှ လွတ်ချင်ရုံ။

"ထိုင် ညီမ၊ အစ်ကို လက်ဖက်ရည်ဖျော်ခဲ့မယ်နော်၊ အမေ့ကို လည်း ခေါ်လိုက်ဦးမယ်"

"နေ နေပါစေရှင် . . . အားနာပါတယ်၊ ကျွန်မ ထိုင်ခွင့်ရတာ ပဲ ကျေးဇူးတင်လှပါပြီ"

တော်တော်ရိုးတဲ့ ကောင်မလေးပဲ။ ချစ်ဦးသူ ဘဝင်မြှောက်



www.burmeseclassic.com

www.burmeseclassic.com



နေတာ မဟုတ်ပေမယ့် အသက်နှစ်ဆယ်လောက်မှစပြီး ရိုးသားစွာ ကြိုးစားရင်း ဒီအခြေအနေထိ ရှိနေသည့် သူ့ကိုဆို မိန်းမလှ၊ မိန်း လည်လေးများက အမိဖမ်းချင်နေကြသည် မဟုတ်ပါလား။

သူကလေးကတော့ သူ့ကို မာယာနှင့် ဖမ်းစားဖို့နေနေသာ သာ လိပ်ကလေးလို ခေါင်းငုံက်ထားချင်သည့် ရုပ်ကလေးနှင့် နေမယ် ထိုင်မသာ။

ချစ်ဦးသူစိတ်ထဲမှာ သူကလေးကို နှစ်သက်နေမိတာ။ လွယ် အိတ်လေးနှင့် စာအုပ်တွေနှင့်ဆိုတော့ အသက်နှစ်ဆယ်ပင် မပြည့် သေးတဲ့ ကောင်မလေးဟာ တက္ကသိုလ်ကျောင်းသူလေးပေါ့။

ကောင်မလေးကိုထားခဲ့ပြီး ချစ်ဦးသူ မီးဖိုထဲသို့ဝင်ကာ ကော် ဖီဖျော်၏။ နောက် မုန့်များနှင့် လုပစ္စာပြင်ပြီး ဗန်းကလေးနှင့် အိမ်ရှေ့ ယူခဲ့သည်။

တကယ်ကျ သူ့မှာ အမေမရှိတော့ပါ။ ဆွေမျိုးနီးစပ်တော် သည့် အဒေါ်ကြီးတစ်ယောက်သာ သူ့ကိုလာပြီး ချက်ပြုတ်ကျွေးမွေး ရင်း မှီခိုနေခဲ့တာဖြစ်သည်။ ယခု ထိုအဒေါ်ကြီးပင် မရှိ။ ဈေးသွားနေ ရ၏။

"ကော်ဖီသောက်ပါ ညီမ … အမေ အိပ်နေတာနဲ့"

"အို … ရပါတယ်ရှင် အိပ်ပါစေ၊ ဒီကလည်း အလုပ်ရှိ သွားပါနော်၊ ဟိုလေ ကျွန်မ အရမ်းအားနာပါတယ်ရှင်"

"ဩော် … ခက်တော့တာပဲ၊ အစ်ကို အားနေပါတယ် ညီ





ရယ်၊ ကဲ … အစ်ကို့နာမည်က ချစ်ဦးသူပါ၊ ညီမနာမည်ကရော၊ စိတ်တော့ မရှိနဲ့နော် … အစ်ကိုက မြင်မြင်ချင်း ရိုးရိုးလေးမို့ ခင်သွား လို့ပါ၊ နောက် အကူအညီလိုရင်လည်း ပြောပေါ့နော်"

"ဟို … ကျွန်မမှာ ကားမရှိလို့ ဝပ်ရှော့ကို လာစရာမလို ပါဘူးရှင့်၊ ပြီးတော့ အမေက တွေ့တဲ့လူတိုင်းကို နာမည်မပြောရဘူး တဲ့ … မှာထားလို့ပါ"

ချစ်ဦးသူ သဘောကျလွန်းလို့ ရယ်မြူးရိပ်နှင့် ကောင်မလေး ၏လွယ်အိတ်ထဲမှ စာအုပ်တစ်အုပ်ကို ညင်သာစွာ ဆွဲယူလိုက်သည်။

"အို"

ဘယ်လိုပင်ဖြစ်စေ စာအုပ်မှာရေးထားသည့် အမည်နှင့် ကျောင်းကို ချစ်ဦးသူ သိသွား၏။

မဟေမာန်ခါ

တတိယနှစ်

ပညာရေးတက္ကသိုလ်

အိုကေ …။

ကောင်မလေးကို ပိုပြီး အထင်ကြီးလေးစားချစ်မြတ်နိုးသွား ၏။ ဒီခေတ်ကြီးထဲမှာ ဒီလို အဖြူထည်လေးမျိုးဟာ တကယ့် ရှားပါး နေတာနော်။

အစမို့ ဒီလောက်နှင့်တော်ရမည်။ တော်ကြာ နဲ့ပြီစုတ် အမြောက်နဲ့ချိန်။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... ကော်ဖီသောက်၊ မုန့်စား။ အစ်ကို မြို့ထဲသွားလိုက်ဦးမယ်၊ ညီမကားပြီးတော့ အကြောင်းကြားကြလိမ့်မယ်၊ အေးအေးဆေးဆေးနားနော်"

"ဟိုလေ ... ကျွန်မက ပိုက်ဆံရှင်းမှာ မဟုတ်ပါဘူး။ ပိုင်ပိုင်ရှင်ပြန်လာမှာပါ"

"ဟုတ်ပါပြီ ဟုတ်ပါပြီ ... အစ်ကိုပြောခဲ့မယ်နော်"

သူက ဟေမာန့်ကိုထားခဲ့ပြီး ပြန်ထွက်သွားတော့ သူမ တစ်ယောက်တည်း ဟိုကြည့်ဒီကြည့်နှင့်။

ဝင်းမွန်ဦးနှင့် ပြည့်ဇော်ကတော့ တစ်ခါတည်းများ နိုးပြေးသွားသလားတောင် မသိ။ တော်တော်နှင့် ပြန်မလာကြပါ။

ဟေမာန် ဝပ်ရှော့ကိုရောက်တာ နေ့လယ် (၂) နာရီ၊ ယခု ညနေ (၄) နာရီထိုးလည်း ပေါ်မလာကြပေ။ ပေါ်မလာတာမှ ချစ်ဦးဆိုတာပါ ပေါ်မလာ။

ဟေမာန့်ခမျာ ဖင်တကြွကြွ။ ငါ့ဘာသာ လိုင်းကားစီးပြန်ပဲ ကောင်းမယ်။ သူတို့ကို မစောင့်တော့ဘူး။ ဝပ်ရှော့ကလူတွေ မှာခဲ့လိုက်မယ်။

အတွေးကြောင့် စိတ်သက်သာရာရပြီး ဟေမာန်ခါ အခန်းကလေးထဲမှ တရွေ့ရွေ့ ထွက်ခဲ့၏။ ဝပ်ရှော့ထဲမှာတော့ အသံတွေ ဆူညံလျက်။ သူမအနားမှ လူတစ်ယောက်ဆီ ပြောခဲ့လိုက်သည်။

"ဒီမှာရှင့် ... ကျွန်မသူငယ်ချင်းလာရင် ကျွန်မ လိုင်းကား





ပြန်သွားပြီလို့ ပြောလိုက်ပါနော်"

"ခြော် ... စောင့်ပါဦးလားခင်ဗျာ၊ ဆရာလည်း ပြန်လာတော့မှာပါ"

"နေပါစေရှင် ... အချိန်တွေ နောက်ကျနေလို့ပါ"

ဟေမာန် ကားလမ်းမကြီးဆီ ခပ်သုတ်သုတ် လျှောက်လာနေဆဲ ... နောက်ဘက်မှကားလေးတစ်စီး သူမအနားမှာ ရပ်သွား၏။ ကားထဲမှ ထွက်လာသူက ချစ်ဦးသူ။

"ညီမ ... အစ်ကိုလည်း ပြင်ပြီးတဲ့ကား စက်စမ်းမလို့ လာ ... တက်"

"ရပါတယ်ရှင်"

"မရနဲ့ ... လာ၊ အားနာစရာ မရှိဘူး။ စက်စမ်းမှာ၊ ခြွေဦးတည့်ရာ လျှောက်မောင်းမှာ"

"ဟို ... အစ်ကို့ကားက ပွဲဖောက်ရင် ဘယ်လိုလုပ်ပါ့မလဲ"

"အမယ်မင်း ညီမရယ် ... ဟောဒါ မြန်မာပြည်မှာ အတော်ဆုံး၊ အကျွမ်းကျင်ဆုံး ဝပ်ရှော့ဆရာပါ၊ ကိုယ်နဲ့သာ ခရီးသွား ... ဘာမှမဖြစ်ရင် ဘာမှမဖြစ်ဘူးလို့သာ မှတ်"

ဘာကြီးမှန်းလည်း မသိဘူး။ ဟေမာန်ခါ တွေတွေလေး စဉ်းစားနေခဲ့လျှင် သူက ...

"သဘောရိုးနဲ့ ခေါ်တာပါ ညီမရယ်၊ ဘာလဲ ... ကိုယ့်ရုပ်က သဂိရိုရုပ် ထွက်နေလို့ စဉ်းစားနေရတာလား"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ပါဘူးရှင်၊ ဒါပေမဲ့ အမေက ယောကျ်ားတစ်ယောက် ခေါ်ရာကို ရမ်းမလိုက်နဲ့တဲ့၊ ဒုက္ခတွေ့လိမ့်မယ်တဲ့"

သူမက ရိုးရိုးပြောလျှင် သူက အိုက်တင်များများနှင့် ကိုယ့်နဖူးကိုယ် ရိုက်၏။

"ကိုယ့်ဥပမိရှုပ်က မဟုတ်တာလုပ်တဲ့ပုံ ထွက်နေလို့လား ကွာ၊ ညီမကို ခင်ချင်လို့ ဖားပြီး ကားနဲ့လိုက်ပို့တယ်လောက်ပဲ ထင်ကွ"

နောက်ဆုံး သူ အပြောကောင်းသဖြင့် ဟေမာန် သူပို့သည့် ကားနှင့် အိမ်ပြန်ခဲ့မိသည်။

❁ ❁ ❁

## အခန်း (၁၃)

အဲဒီမှာ ဇာတ်လမ်းက စတာပေါ့။

ဟေမာန်ခါဆိုသည့် မိဘကိုလုပ်ကျွေးပြုစုချင်စိတ်အပြည့် ည့် ကောင်မလေးတစ်ယောက်က ချစ်ဦးသူဆိုသည့် လူတစ် ာက်ကို ဘယ်လိုမှ ခွာချလို့ မရတော့ပါ။

သူမက ရိုင်းရိုင်းစိုင်းစိုင်း ကြမ်းကြမ်းတမ်းတမ်းနှင့် ပြော ဲ့ရဲ မရှိရသည့်ကြားထဲ ထိုချစ်ဦးသူကလည်း တောက်တဲ့ကြီးလို ြဲ ကပ်နေလေတော့ရာ ...

ဟေမာန် စိတ်ညစ်ပါသည်။ နောင်တတွေလည်း ရမိသည်။ ာ လူဆိုးကြီးမဟုတ်ပေမယ့် သူမကို အာခံတွင်းထဲ ငုံထားမည့် ေနှာယကျွကြီးလို အချစ်တွေကြီးမားနေလေတော့ ဟေမာန်တကာ



www.burmeseclassic.com

www.burmeseclassic.com



သူ့ရဲ့ ယမင်းရုပ်လေး ဖြစ်နေ၏။

သူက လည်ဝယ်လွန်းသူမို့ သေနတ်တစ်ချက်မပစ်ဖောက်ရ ဘဲ စစ်ပွဲကြီးပြီးဆုံးရ၏။ ပြန်တွေးမိတော့ အသည်းနာချင်ချင်။

ဝပ်ရှော့မှာဆုံ၊ အိမ်ကိုကားနှင့်ပို့ပြီးတော့ သူက အဆောင်မှ ညနေတိုင်းလာသည့် ဟောမာန်ရဲ့ ရွှေညှိသည်။ သူလာတိုင်းလည် စားသောက်စရာ အထုပ်ကြီး အထုပ်ငယ်နှင့်။ ဟောမာန် မျက်နှာလေး အိုနေတော့ စကားတစ်ခွန်း နှစ်ခွန်းပြော၊ ဟောမာန့်မျက်နှာလေးက ရွှန်းရွှန်းစားစား တစ်ဝကြီးကြည့်ပြီး မပြန်ချင်ပြန်ချင် ပြန်၏။

နောက် တစ်ပတ်တစ်ခါ ဟောမာန်အိမ်ပြန်တော့ သူက တော်ကားနှင့် အဆောင်ရှေ့မှာ အသင့်။ ဘာမှ ရည်းစားစကား မပြောပေမယ့် သူ့ပုံစံက ရည်းစားတစ်ယောက်ထက်ပင် ပိုင်နိုင်သေ နေသေး၏။

အဆောင်မှထွက်လာသည့် သူမရဲ့အထုပ်အပိုးလေးတွေ ပိုင်စိုးပိုင်နင်းလှမ်းယူပြီး ဟောမာန့်အတွက် ကားတံခါး အသင့်ဖွင့် ထား၏။

"ဟို ... ကျွန်မ လိုင်းကားနဲ့ပဲ ပြန်မှာ၊ ရှင်နဲ့မပြန်ဘူး"

ရှိုးသမျှသတ္တိလေးနှင့် ရန်လုပ်တော့ သူက ပြုံးပြုံးကြီး ရန်လိုနေသည့် ခွေးပေါက်လေးကို ချစ်စနိုးကြည့်ပုံမျိုး။

"ကိုယ့်ကားကို လိုင်းကားလို့ပဲ သဘောထားလိုက်ပါ ရှိကို ကိုယ် ကိုက်မစားပါဘူး"





"ဘာရယ်"

လူတကာက ဟော်မာန်လို့ခေါ်သည့် ကိုယ့်ကို သူမို့ ကြဲကြဲ နဲ့ပန် "ခါ"တဲ့။ သူက ဘာမှမပြောသည့်အပြင် ဟောမာန့်ကို သူ့ကား သို့ တွန်းထည့်လိုက်သေး၏။ ပြီးမှ တံခါးပိတ်၊ သူက တစ်ဖက်မှ ည့်ဝင်ပြီး မြူးကြွနေသည့်ရုပ်နှင့် ကားကိုမောင်းထွက်လိုက်သည်။

"အိမ်ရောက်အောင် မပို့နဲ့ အမေတို့က ကျွန်မကို ယောကျ်ား ွနဲ့ခင်တာ မကြိုက်ဘူး"

"ကိုယ်က ခင်ရုံမှ မဟုတ်တာ၊ တစ်သက်လုံး ရိုးမြေကျ သက်ပန် ရည်စူးတာပဲ"

"ရှင်နော် ... ဘာစကားတွေပြောတာလဲ၊ ကိုယ့်အရွယ်ကြီးမှ မနာ"

"ကိုယ့်အသက် ဘယ်လောက်ရှိသေးလို့လဲကွာ၊ ခါ့ထက် ၉ နှစ် ၁၀ နှစ်ပါ"

"ဘာတွေပြောနေမှန်းလည်း မသိဘူး။ တော်ပြီ ... ရှင်နဲ့ မှ စကားမပြောဘူး"

ဟောမာန်၏ စိတ်ရှုပ်ရှုပ်နှင့် တစ်ဖက်သို့ မျက်နှာလွှည့်နေ ချစ်ဦးသူ တသိမ့်သိမ့် ရယ်နေ၏။

ဟင်း ... အလကားလူကြီး။ စိတ်မှ နူရဲ့လားမသိဘူး။

"ကဲ ခါလေးရယ် ... မင်းမပြောလည်း၊ ကိုယ်ပြောတာ သောင်နော်၊ ကိုယ့်မှာ အခုလုပ်နေတဲ့ ဝပ်ရှော့ကလည်း၊ ကိုယ်ပိုင်ပဲ



www.burmeseclassic.com

www.burmeseclassic.com



တစ်ဦးတည်းပိုင်"

"အဲဒါ ကျွန်မနဲ့ ဘာဆိုင်လဲ"

"ဆိုင်တာပေါ့ကွ ... ကိုယ်က ခါ့ကို လက်ထပ်မှာလေ"

"ရှင်နော် ... ဘာလူလည်ကျတာလဲ၊ အတင်းကြီးကို လာ ... ရောနေတယ်၊ ကျွန်မက အပျိုကြီးလုပ်မှာ၊ မိဘတွေကို လုပ်ကျွေးမှာ"

"ရတယ်လေ ... ခါရမယ့်လခကို မိဘတွေ ပေးလိုက်ပေ ... ခါ့ကို ကိုယ်လုပ်ကျွေးမှာပေါ့၊ လွယ်ပါတယ်"

"ဒုက္ခပါပဲ ... ရှင်နဲ့ကျွန်မ ဘယ်တုန်းက ဘာဖြစ်လို့ အဲ ... စကားတွေ ပြောနေရတာလဲ"

"ခါကလည်းကွာ ... အခုလို ခါ့ကိုကပ်နေတာ သိပ်ချစ် ... အရမ်းချစ်လို့လေ၊ ဒီတော့ ခါ ကိုယ့်ကို မလွဲမသွေ လက်ထပ်ရမှာ"

"အံမယ် ... ရှင့်ကိုမှ ကျွန်မ မချစ်တာ၊ ဘာလို့ လက်ထ ... မှာလဲ"

"မရဘူး၊ လက်မထပ်ချင်လည်းနေ၊ ကိုယ်ကတော့ ခါ့အ ... ကိစ္စတွေကို အမြဲ ဦးဆွေးဆံမြည့် ထမ်းရွက်နေမှာပဲ"

"ကျွန်မကို အမြဲနှောင့်ယှက်နေမယ်ပေါ့"

"မနှောင့်ယှက်ပါဘူး၊ တကယ့်မေတ္တာစစ်နဲ့ ခါ့မှာ လို ... ချက်မရှိအောင် ကိုယ်က အမြဲဖြည့်ဆည်းပေးသွားချင်တာပါ"

"တော်ပြီ ... ရှင်ဟာလေ သိပ် အတ္တကြီးတာပဲ"

"မကြီးပါဘူးကွာ ... သူလိုကိုယ်လို ပုံမှန်ပါပဲ"





"ဘာရှင့်"

ပေမာန်ခါ မျက်နှာလေးရဲတွတ်သွားလျှင် ချစ်ဦးသူ ပျာပျာ ... သလဲ။

"ကိုယ်က ရိုးရိုးပြောတာနော် ချာတိတ်၊ ချစ်သူတစ်ယောက် ... ပုံမှန်အတ္တပါပဲလို့ ပြောချင်တာပါ"

တစ်လမ်းလုံး ပေမာန်ခါ စိတ်ကောက်၊ နှုတ်ခမ်းစူလာတော့ ... သူက ချော့မော့လို့။ နောက် တရုတ်ခေါက်ဆွဲဆိုင်တစ်ဆိုင်မှာ ခေါက် ... ဆွဲကြော် လေးထုပ် ဆင်းဝယ်သေး၏။

"ဘာလုပ်တာလဲ"

"ခါတို့အိမ်သားတွေ စားဖို့လေ"

"ဘယ်လို ... အဓိပ္ပာယ် မရှိလိုက်တာ၊ ကျွန်မက ဝင်ငွေရှာ ... တဲ့သူမှ မဟုတ်ဘဲ၊ ဒီဟာတွေ ဘယ်ကရသလဲလို့ ပြောရမှာလဲ၊ ... ဘူး ရှင့်ဥစ္စာတွေ"

"သူငယ်ချင်းအိမ်က အလှူလုပ်လို့ ပိုတာတွေ ပေးလိုက် ... ယ် ပြောပေါ့၊ ခါက ကိုယ့်မိဘတွေကို မစားစေချင်ဘူးလား"

"စားစေချင်ပေမယ့် ရှင်နဲ့မှ မပတ်သက်ချင်တာ"

"တော်ပြီ ... ခါ ကိုယ့်ကို မပတ်သက်လို့ လုံးဝမရတော့ဘူး။ ... တော့ ဒါတွေ ယူသာသွား။ ရော ... ဒီမှာလည်း အဖြူအစိမ်းနှစ်စုံနဲ့ ... တ်စနှစ်စ"

"လုပ်ပြန်ပြီ ... ရှင်ဟာလေ၊ ငွေတွေတော်တော်ပေါ



www.burmeseclassic.com

www.burmeseclassic.com



နေတယ် . . . ဟုတ်လား။ တော်ကြာ ကျွန်မကို ချူစားတယ်၊ မြူစာ
တယ်လို့ လူတွေက ပြောကြမှာပေါ့”

“ဘယ်သူသိလို့ ဘယ်သူကပြောမှာလဲ ခါရယ်၊ ကိုယ့်
နည်းနည်းလောက် အသိအမှတ်ပြုရင် ပြီးပါပြီ၊ ကိုယ်က မင်းကို
လောက်လည်း အရုပ်မဆိုးပါဘူး။ ဒဿဂီရိနဲ့ နင်လားငါလားလောက်

နောက်ဆုံးတော့လည်း ဟေမာန်ခါ သူ့ကို ခွာချလို့မရသ
အတူတူ သူအတင်းပေးသည့်ပစ္စည်းများနှင့် အဆင်ပြေနေရတာ
လေ။ ကျောင်းစရိတ်က အစပေါ့။

❁

ယခုတော့ ဟေမာန်ခါ နောက်ဆုံးနှစ်ကျောင်းသူ။ ချစ်ဦး
နဲ့လည်း ရင်ဘတ်ချစ်သူတွေ ဖြစ်လို့ပေါ့။ သူ့ကို ခေါင်းထဲမထ
ချင်ပေမယ့် မရတော့ပြီ။

“ကိုရယ် . . . အဆောင်ကို နေ့တိုင်းတော့ မလာပါနဲ့။
မာန် ရှက်လို့ပါ”

“ဟာကွာ . . . ခါလေးကလည်း သူများတွေလည်း ည
တိုင်း လာကြတာပဲ၊ ဘာလဲ . . . ခါက ကိုယ့်ကို မချစ်တော့လို့
ထားခဲ့မလို့လား”





“မထားပါဘူး ကိုရယ် . . . ခါက မိန်းမလည်း၊ မိန်းမရှုပ်မှ
ဟုတ်တာ၊ ကိုကိုပဲ ယူမှာပေါ့၊ ဒါပေမဲ့ ကိုက ညနေတိုင်းလာနေ
တော့ ခါ စာကျက်ချိန်လျော့တာပေါ့။ သူများတွေကလည်း အရမ်းစ”

“ခါရယ် . . . ပြောရက်လိုက်တာ၊ ကိုယ်မှ ခါ့ကို မမြင်ရရင်
နေနိုင်တဲ့ဥစ္စာ၊ ကိုယ် အလုပ်တွေလည်း အရမ်းကြိုးစားပါတယ်၊
နေ့လုံး အလုပ်တွေကြိုးလုပ်ပြီး ညနေပိုင်းကျ ချစ်သူ့မျက်နှာလေး
အမောမဖြေရရင် ကိုယ် သေသွားမှာပေါ့”

“ပိုလိုက်တာ”

ထုံးစံအတိုင်း မျက်စောင်းလေးထိုးတော့ ချစ်ဦးသူ မချင့်မရဲ
သည်။

“ခါ ဒီတစ်ပတ် အိမ်မပြန်နဲ့ကွာ၊ ကိုယ်တို့အိမ်မှာ အောင်း
ိုက်”

“ဘာ ဘာ ဘာ . . . ကိုနော်၊ လူကို ဘာအောက်မေ့နေလဲ၊
မထပ်ရသေးဘဲနဲ့များ ရှင့်အိမ်လိုက်နေရမယ် . . . ဟုတ်လား။
ကို အထင်သေးတာပဲ”

ဟေမာန်ခါ ဒေါသတွေထွက်နေတော့ သူက ပျာပျာသလဲ
င်းပန်၏။

“မဟုတ်ပါဘူး ခါရယ်၊ ကိုယ့်အစ်မမိသားစု အိမ်မှာရောက်
ို့ ချောင်းသာသွားရအောင် ခေါ်တာပါ၊ ဆွေတွေမျိုးတွေ တွေ့ရ
အောင်”



www.burmeseclassic.com

www.burmeseclassic.com



"မလိုချင်ဘူး . . . ကျွန်မကို ဒီလိုစကားမျိုး ဘယ်တော့မှ မပြောနဲ့၊ ငါ ကျွေးမွေးပေးကမ်းနေရတဲ့ မိန်းကလေးဆိုပြီး တန် တန်ကြေးပြန်ယူမလို့လား၊ ဟောမာန် အရမ်းဝမ်းနည်းတယ် . . . လား"

ခါတိုင်းကမှ ဘုရားတို့၊ ကစားကွင်းတို့၊ ဈေးဝယ်ထွက် တို့၊ လျှောက်လည်တာတို့ပဲ ပူဆာခဲ့သည်။ ဒါတောင် ဟောမာန် အကင်းပါးစွာနှင့် လူရှင်းသည့်နေရာများသို့ မသွား။ ကိုယ်က က တွေကို ညွှန်ပြခဲ့မရမည့် ဆရာမလောင်း။

"မဟုတ်တာတွေ မပြောပါနဲ့ ခါရယ် . . . ကိုယ်က ရိုးရိုး သား ခေါ်တာပါ၊ အိမ်မှာ လူတွေ တစ်လှေကြီးနဲ့၊ ခါ ဘာမှမဖြစ်

"တော်ပါ . . . လူရှေ့သူရှေ့တောင် လက်ကိုင်ချင်၊ ပ ချင်နဲ့၊ ကိုယ့်အိမ်မှာ ကိုယ့်လူတွေချည်းဥစ္စာ၊ ဟောမာန် ပြားသွားမှာ

"ဒါကတော့ ကိုယ်က ခါ့ကို အရမ်းချစ်တာကိုး၊ ကိုယ့်ရ ကို ဒီလောက်လှလှပပလေး မြင်နေရတော့ အနည်းဆုံး လက်ချ နေချင်တာပေါ့၊ ခါ စုံစမ်းကြည့် . . . သူများချစ်သူတွေ ဘယ်လို သလဲလို့"

"အို . . . မစုံစမ်းနိုင်ပါဘူး၊ သူတို့က သူတို့ပဲ၊ ခါက ခ ကို မကျေနပ်ရင် အဲဒီလို ညှိလို့ရမယ့်ချစ်သူ ရှာလိုက်ပေါ့"

"တော်ပြီကွာ . . . ဒါဆိုလည်း ခါ ကျောင်းပြီးတာနဲ့ ထ ထပ်ခွင့်ပေး၊ ခါ လစာရရင် အိမ်ကိုအကုန်ပေးလိုက်"





"အံမယ် . . . ခါ ငယ်ငယ်လေးရှိသေးတယ်၊ ယောကျ်ားမယူ င်သေးဘူး"

"မရဘူး . . . ခါ ငယ်ပေမယ့် ကိုယ်မငယ်တော့ဘူး၊ ကြည့် ကြည့်သာသာ ပြောနေတုန်း ယူချင်ယူနော်၊ နို့မို့ ကိုယ့်ကို အခိုးမဆို ခိုးပြေးမှာ"

ညနေပိုင်း ညှိဆောင်ထဲမှာ ချစ်ဦးသူနှင့် ဟောမာန်ခါ ားတွေ အချေအတင်ပြောနေရ၏။ သူကလည်း သူလုပ်ချင်တာကို လုပ်တတ်သူ။ ဟောမာန်မှာ နောက်ဆုံးကျ အလျှော့ပေးရမြဲ က်ပါဘူး။

သူယူလာသည့် စားသောက်စရာများကလည်း အလျှံပယ်။ လည်း ပန်းသီးသုံးလုံးနှင့် လိမ္မော်သီးသုံးလုံး၊ နောက် မုန့်ထုပ် က တစ်ရန်။

"ကိုရယ် . . . နေ့တိုင်း ဝယ်လာရတာတွေ မမောသေးဘူး မနေ့က မြေပဲဆားလှော်တွေတောင် မကုန်သေးဘူး၊ တော်ကြာ ဆုတ်ကြီးဖြစ်လာလိမ့်မယ်"

"ကိုယ့်တစ်နေ့ ဝင်ငွေကို ဘယ်လောက်ပဲ ထင်သလဲ၊ ခါ့ကို ေးရ ကျွေးရတာ ပီတိဖြစ်လွန်းလို့ လူက အားသစ်အင်သစ်တွေ ားပြီး နောက်တစ်နေ့အတွက် ရယ်ဒီပဲ၊ ခါက ကိုယ့်ရဲ့ ဘက်ထရီ ေးပေါ့"

"ပိုပြီ တော်ပြီ . . . ခါ စာကျက်ရဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



သူဝယ်ပေးသည့် ဂါဝန်အဝါနုရှည်ရှည်လေးနှင့်၊ ဆံပင် ခါးထိရှည်ပြီး အိအိလှလှ။ လှတစ်မျက်နှာ ယဥ်တစ်ကိုယ်လုံး ဖြစ် သည့် ခါ့ကို ရွှန်းရွှန်းစားစားကြည့်ရင်း ချစ်ဦးသူ သူမလက်ကို ထားလိုက်၏။

"လုပ်ပါ ခါရယ် . . . ကိုယ့်အစ်မမိသားစုနဲ့ ချောင်းသာသွား အောင် . . . နော်၊ ကိုယ် ခုရက်ပိုင်း အလုပ်တွေ အရမ်းကျလို့ အ ဖြေခရီး ထွက်ချင်နေတာမို့ပါ၊ ဆရာဝန်က ကမ်းခြေသွားရမယ်

ဟေမာန်ခါ ကို့လက်ကို အတင်းရုန်းပြီး အတင်းငြင်းပေ မရ။

"လုပ်ပါကွာ . . . ခါ ကိုယ့်ကို တကယ်ချစ်တယ်ဆိုရင် လျှော့ရမှာပေါ့၊ ဟိုကျရင် ခါက အစ်မနဲ့ ကိုယ့်တူမလေးတွေနဲ့ နေ ကိုယ်နဲ့ ယောက်ဖက တစ်ခန်း"

ကိုယ် ဘယ်လိုပဲပြောပြော ဟေမာန် ခေါင်းမညိတ် အဖြေကို ကြိုသိပြီးသား။ ချစ်သူဆိုတာ ဒုက္ခအပေးနိုင်ဆုံး ယော တစ်ယောက်ပါပဲ၊ ဟေမာန်ခါ မျက်ရည်ကျလာတော့မှ သူက ပေးခဲ့သည်။

"ဆို ဟေမာန့်ကို အကြံအဖန်တွေ လုပ်နေတယ်၊ ဟေ အရမ်းစိတ်နာတယ်၊ နောက် ကျွန်မကို ဒီလိုအထင်သေးမယ်, ချဖို့ စဉ်းစားမယ်ဆိုရင် မလာနဲ့တော့"

ဟေမာန် အဆောင်ပေါ်သို့ ပြေးသွားလျှင် ချစ်ဦးသူ ‌ေ





တွေနှင့် ပူလောင်ကျန်ခဲ့ရသည်။

ဟုတ်သားပဲ . . . ငါက ကိုယ့်အတွေးနဲ့ကိုယ် သူကလေးကို ညှော်နှောင်ထားချင်ပေမယ့် ရိုင်းသလို ဖြစ်သွားရတယ်။

ခွင့်လွှတ်ပါ ခါကလေးရေ။

❁ ❁ ❁

www.burmeseclassic.com

## အခန်း (၁၄)

နွေနှောင်းကို ဒီနေ့ညဦးပိုင်းမှစပြီး ကားမောင်းသင်ပေးမ
တဲ့။ လူရှင်းသည့်လမ်းများသို့ သွားပြီးသင်ပေးမည်မို့ ကြောက်စ
မလို။

အဘိုးက ဝရန်တာမှာထွက်ပြီး ဗိုးချဲနှင့်ယိုင်ရင်း သူတို့
လက်ပြနှုတ်ဆက်နေ၏။

"ကောင်လေးရေ့ မြန်မြန်တတ်အောင်သင်၊ ဒါမှ အဆင်
သွားအောင်"

သန့်မင်းထွဋ်နှင့် နွေနှောင်းတို့နှစ်ယောက် ကားတစ်စီး
ထွက်ခဲ့တော့ အိမ်မှာ ညီမင်းထွဋ်၊ ဒေါ်လုံးနှင့် မိဖြူတို့ ကျန်ခဲ့သ
ညီမင်းထွဋ်ကတော့ မျက်မှောင်ကြီးကုတ်လို့၊ နွေနှောင်းကို အရာ





သွန်းသည်ဟု မကြည်လင်။

သူတို့နှစ်ယောက်သား ကားနှင့် မြို့ဆင်ခြေဖုံးဘက်သို့ ထွက်ခဲ့ကြသည်။ သူက သဘောတရားများကို ရှင်းပြပြီး နွေနှောင်းကို လက်တွေ့ ဝင်မောင်းခိုင်း၏။

ဆောင်းမကုန်သေးသည်မို့ သန့်မင်းထွဋ်က ဂျာကင်အကောင်းစား ဝတ်ထားသလို နွေနှောင်းကတော့ ဂျင်းဂျာကင် တစ်ထည်နှင့်။ စပိုင်ဘောင်းဘီအနက်၊ တီရှပ်အဖြူ။ ဖွာလန်ကြဲနေသည့် ဆံပင်များက အညိုနုရောင်။

နှစ်ယောက်သား ကားမောင်းလာလိုက်တာ ဟိုင်းဝေးလမ်းမကြီးက လူရှင်း၊ ကားရှင်းလျက်။ ည ၈ နာရီကျော်မှ ထွက်ခဲ့တာမို့ အချိန်က ၉ နာရီကျော်နေပေပြီ။

"ဆရာ . . . ကျွန်တော်တို့ လှည့်ပြန်ရအောင်"

"မောင်းစမ်းပါ၊ ဒါ ပဲခူးဘက်သွားတဲ့လမ်းကွ၊ မြန်မြန်တတ် အေးမှာ"

ကားလမ်းဘေးမှာ လူနေအိမ်က မရှိ၊ လမ်းမီးက ခပ်မှိန်မှိန်။ နွေနှောင်းက မိန်းကလေးမို့ တွေးပြီးကြောက်သည်။ သန့်မင်းထွဋ်ကတော့ မကြောက်။ သူက နွေနှောင်းကို ကားမောင်းမြန်မြန်တတ်စေချင်သည့် စိတ်သာရှိ၏။

"ဆရာ . . . နောက်ပြန်လှည့်ရအောင်၊ လူတွေ မရှိတော့ သလိုပဲဗျ"



www.burmeseclassic.com

www.burmeseclassic.com



"မင်းကလည်းကွာ . . . ယောကျ်ားဖြစ်ပြီး တယ်ကြောက်တတ်တာကိုး။ ကဲ ကဲ . . . ပြန်လှည့်ရအောင်"

နွေနှောင်း ပြောလွန်းအားကြီးလို့ သန့်မင်းထွဋ်က ကားကို နောက်ပြန်လှည့်ဖို့ပြင်စဉ် အဝေးမှ တရကြမ်းမောင်းလာသည့် ကား တစ်စီးနှင့် တိုက်မိမလို ပွတ်ဆွဲမိသွား၏။

သူတို့ဘက်က ကားကြမ်း ဂျစ်ကား။ ဒါတောင် သူတို့ဘက် က ကားပေါ်ပါသမျှ လူတွေ အကုန်ဆင်းကာ ပြဿနာရှာသည်။

"ဟာင် . . . ဆရာ"

သူတို့ ကားပေါ်မှာ လူငယ်တွေချည်း လေးယောက်။ မြီး မှုးလည်းမှုးနေကြလျှင် နွေနှောင်းမျက်နှာမှာ သွေးမရှိတော့။

ကိုယ့်ဘက်မှာတော့ ကိုယ်က မိန်းကလေး၊ ဆရာကလည်း သူဌေးသား၊ ခပ်နုနု။ ဘယ်လိုမှ အခြေအနေက မကောင်းနိုင်၊ သို့ သော် သန့်မင်းထွဋ်က လူယဉ်ကျေးမို့ ပြဿနာကို ပြေလည်အောင် ရှင်းမည့်ပုံ။

"နွေနှောင်း . . . ကားပေါ်မှာ ကျန်ခဲ့၊ အခြေအနေမဟန်ရင် မောင်းပြေး"

"ဟာ . . . ဆရာကလည်း"

"ငါပြောသလို လုပ်ပါ၊ တော်ကြာ မင်းပါ ဒုက္ခရောက်လိမ့် မယ်၊ မင်းက အကူအညီရှာပြီး ငါ့ဆီပြန်လာခဲ့ပေါ့ကွ"

နွေနှောင်း စိတ်ညစ်၊ စိတ်ရှုပ်စွာနှင့် အခြေအနေကို ကြည့်





နေစဉ် သန့်မင်းထွဋ်တစ်ယောက်တည်း အောက်သို့ဆင်းရသည်။

"ဟော့ကောင် . . . မင်းက ဘာအချိုးချိုးတာလဲ၊ မင်းကိုယ် မင်း လင့်ခရူဆာစီးနိုင်တယ်ဆိုပြီး ဂျစ်ကားကို စိန်ခေါ်တာလား"

"မဟုတ်ပါဘူး ငါ့ညီတို့ရာ၊ အစ်ကို့ကား လူရှင်းတယ်ဆိုပြီး ကွေ့လိုက်တုန်း ငါ့ညီတို့က ဝင်တိုက်တာပါ"

"ဘာ . . . . ဘာ ငါ့ညီလဲ၊ စကားပြောတာကိုက ပတ်ချွဲနှပ်ချွဲ နဲ့ မင်းတစ်ယောက်တည်းလား"

လေးယောက်လုံး ဂျစ်ပစီတွေလို ခပ်ရိုင်းရိုင်း ခပ်ကြမ်းကြမ်း ရုပ်တွေနှင့်။ ရှေးခေတ်က လမ်းသူရဲတွေလို ရုပ်မျိုး။ ဆံပင်တွေက ဖရိုဖရဲ၊ ဝတ်ပုံစားပုံတွေကလည်း ကိုးရိုးကားယား။

တစ်ယောက်တည်းဆို ပိုပြီး ပြဿနာရှာမှာစိုးလို့ သန့်မင်း ထွဋ် နွေနှောင်းပါလာတာကို ပြောလိုက်ရသည်။ သူတို့များ မြဲမလား လို့။

"အစ်ကို့မှာ ညီတစ်ယောက်ပါ ပါသေးတယ်၊ သူက နေ မကောင်းလို့ မဆင်းတာပါ"

"အောင်မာ . . . လူတွေကို မတူသလို မတန်သလိုနဲ့ ဟော့ ကောင် . . . ဆင်း။ နှစ်ယောက်လုံးတောင်းပန်မှ ငါတို့ ကျေနပ်နိုင်မယ်၊ ငါတို့ကို ဆေးဖိုးဝါးခလည်း ပေးရမယ်"

လမ်းပေါ်မှာ ကားရှင်း၊ လူရှင်းပြီး အလင်းရောင်ခပ်ပျပျမို့ သူတို့အဖွဲ့က အနိုင်ကျင့်ချင်တိုင်းကျင့်နေလျှင် နွေနှောင်း ဒေါသထွက်



www.burmeseclassic.com

www.burmeseclassic.com



လာ၏။ သူ့ကိုပါ ကားတံခါးဖွင့်ပြီး အတင်းဆွဲချဖို့ ပြင်နေကြသည်။

သန့်မင်းထွဋ်ကတော့ ပြေရာပြေကြောင်းတွေ ပြောနေတုန်း။

နွေနှောင်း ဆင်းလာသည့်အခါ ကိုးကန့်တွေလို ရူးရဲသည့် သူတို့မျက်လုံးတွေက ထင်းခနဲ ဝင်းခနဲ။

"ဟာ"

"ဟေ့ . . . တို့တော့ စားရက်ကြီးလို့ မှတ်ဆိတ်ပျားစွဲပြီကွ"

"ဟာ . . . အမိုက်စား၊ အလန်းစားလေးပါလား။ ကျွတ် ကျွတ် ကျွတ် . . . ချောချက်ကတော့ကွာ"

လမ်းမီး ခပ်ကျဲကျဲ၏အောက်မှာ နွေနှောင်း၏ ဖိုးရိုးဖားလျား ရုပ်ကလေးက ဝင်းဝင်းပပ။ သန့်မင်းထွဋ်မှာ ပျာပျာသလဲ။

"ငါ့ညီတို့ . . . ဒါ အစ်ကို့ညီလေးပါကွာ၊ မိန်းကလေး မဟုတ်ပါဘူး၊ ယောကျ်ားလေးပါ"

"ဟား ဟား ဟား . . . ဟေ့ . . . ဒီခေတ်က ကျား ကျား မ မ အသုံးချလို့ရတယ်၊ 'ငါတို့ကတော့ ယောကျ်ားချင်းဆို ပိုလို့တောင် သဘောကျသေးတယ်၊ အခြောက်တွေဆီကမှ အေတွေ၊ ဘီတွေ ကူးနိုင်သေးတယ်၊ ဒီလို သန့်သန့်လေးတွေမှ ပိုသဘောကျတာ"

"ကဲ ဟေ့လူ . . . ခင်ဗျားသွားနိုင်ပြီ၊ ခင်ဗျားညီလေးကို ကျုပ်တို့ ဆွဲထားလိုက်ပြီ"

လေးယောက်သား နွေနှောင်းကို ဆွဲထားလိုက်ကြလျှင် သန့်မင်းထွဋ် ခေါင်းခဲရသည်။ တော်တော်ဆိုးတဲ့ကောင်တွေပါလား။





အထီးလည်းမရှောင် အစ်မလည်းမရှောင်။

"မလုပ်ကြပါနဲ့ ငါ့ညီတို့ရယ်၊ အစ်ကို မင်းတို့ကို ဆေးဖိုးဝါးခ ပေးပါ့မယ်၊ တို့ကို ပြဿနာ မရှာကြပါနဲ့ကွာ"

အိတ်ထဲမှ ပါသမျှငွေကို ထုတ်ပေးပြီး သန့်မင်းထွဋ် ချော့မော့ပေးမယ့်မရ။ သူတို့အဖွဲ့နှင့်သာ ပါသွားလျှင် နွေနှောင်း ကိုယ့် အဖြစ်ကိုယ် မတွေးရဲတော့။

သန့်မင်းထွဋ်ကိုလည်း သူမ အသည်းယားလှ၏။ ယောကျ်ား ဖြစ်ပြီး ရေမြွေလိုပဲ။ လုံးဝ အဆိပ်မရှိဘူးလား။

သည်စဉ် သူမကို ပန်းဖက်လာသည့် တစ်ယောက်က အခြေ အနေမှန်ကို ရိပ်စားမိသွားသဖြင့် ထီပေါက်သလို ထအော်ပြန်၏။

"ဟာ ဟေ့ကောင်တွေ . . . ဒါ မိန်းကလေးကွ၊ မိန်းက လေး"

"အခြောက်လား ဟေ့ကောင်"

"မိန်းကလေးအစစ်ပါဆို . . . ဒီမှာကြည့်ပါလား"

နွေနှောင်း၏ဂျာကင်ကို ဆွဲချွတ်လိုက်ကြပြီး တစ်ယောက်က ရင်ဘတ်သို့ ဓာတ်မီးနှင့်ထိုးပြလျှင် အားလုံးပင် ရုတ်ရုတ်သဲသဲနှင့် အော်ဟစ်ခုန်ပေါက် ဆူညံသွားကြသည်မှာ ငရဲသားတွေနှယ်။

"ဝေး ဟေး ဟေး"

"ကဲ . . . ဆွဲကွာ၊ တင်ကွာ . . . လစ်ကြစို့ဟေ့"

သန့်မင်းထွဋ်ကို ထည့်မတွက်ကြတော့ဘဲ နွေနှောင်းကိုသာ

www.burmeseclassic.com



ကားပေါ်သို့ ဆွဲတင်ကြလျှင် သန့်မင်းထွဋ်ရဲ့ စောစောကတည်းက မြင်ထားသည့် လမ်းဘေးမှ သစ်သားချောင်းကို ပြေးကောက်ပြီး ရှေ့မှာ အမဲရိုးကို မဲနေကြသည့် ခွေးတွေအား တခွပ်ခွပ်နှင့် ရိုက်ထည့်ပစ်လိုက်သည်။

"အား . . . သေပါပြီ"

"ဟာ . . . ဟောကောင်တွေ ပြန်ချကွာ"

ရုတ်ရုတ်သဲသဲနှင့် လူယုတ်မာတွေ ဟန်ချက်ပျက်ကုန်လျှင် နွေနှောင်း သူတို့ကားပေါ်မှာ အသင့်တွေ့ရသည့် သံတုတ်ကိုဆွဲပြီး သူ့မပါ ဝင်ရိုက်ပစ်လိုက်သည်။

နှစ်ယောက်နှင့်လေးယောက်ပေမယ့် ကိုယ့်ဘက်မှ လက်ဦးမှု ရထားသည့်ကြောင့် နွေနှောင်းတို့နှစ်ယောက် အနိုင်ရရှိလိုက်ကြသည်။

ကားလမ်းပေါ်မှာ ဖရိုဖရဲ အလဲလဲအကွဲကွဲ ဖြစ်ကျန်ခဲ့သူများကို ထားခဲ့ပြီး သူမတို့နှစ်ယောက် ကိုယ့်ကားပေါ်ကိုယ်တက်ကာ တရကြမ်း မောင်းခဲ့ကြလေသည်။

❋

"အား . . . ကျွတ် ကျွတ်"

အပြန်အလှန် ရိုက်ခဲ့ ထိုးခဲ့ကြရသည်မို့ ဒဏ်ရာတွေရခဲ့ကြ





သည့်ကြောင့် သန့်မင်းထွဋ်ရဲ့ ဆေးခန်းသို့ အရင်ဝင်ခဲ့ရသည်။ သူ့သူငယ်ချင်း ဆေးခန်း။

"မင်းကွာ . . . ဒီအရွယ်ကြီးရောက်မှ ဘယ်သွားပြီး ချိန်းရိုက်ခဲ့ရတာလဲ လုပ်ငန်းရှင်ကြီးရယ်"

"စကားများလိုက်တာ အောင်ထိပ်ရာ၊ အနာချုပ်တာလည်း ဖြည်းဖြည်းချုပ်ပါကွ"

ကိုယ်က သူ့ရိုက်၊ သူက ကိုယ့်ရိုက်ခဲ့သည်မို့ သန့်မင်းထွဋ်ရဲ့ ချိစောင်း နည်းနည်းကွဲခဲ့ရသည်။ နှစ်ချက်ချုပ်တော့ အော်လိုက်ရတာ သူ့ခွေးသားပီပီ နုနုရွရွ လူမို့။

နွေနှောင်းမှာတော့ ဘာဒဏ်ရာမှ မရခဲ့ပါ။ ဟိုအကောင်တွေ ဆွဲခဲ့၊ လွဲခဲ့သည်မို့ လက်မောင်းမှာ လက်သည်းရာတွေ ရခဲ့ရုံ။

ဒေါက်တာအောင်ထိပ်က သန့်မင်းထွဋ်ကို ကိုင်ပြီးတော့ နွေနှောင်းဘက်လှည့်သည်။ သွေးရှူးသွေးတန်း ပြေးခဲ့ကြရသည်မို့ နွေနှောင်းဂျာကင်က ဟိုလူတွေလတ်ထဲကျန်ခဲ့ရာ . . .

စတိုင်ဘောင်းဘီအနက်၊ တီရှပ်အဖြူအောက်မှ သူမ၏ရုပ်က အထီးလိုလို အမလိုလို၊ ကောင်ချောလေးလိုလို၊ ကောင်မချောလေး ဘိုလို။

"ဟကောင်ရ . . . ထွင်ပြန်ပြီလား . . . ဒါလေးက ဘာလဲ၊ ဘာ့ . . . ရုပ်ရှင်တွေ ဝတ္ထုတွေထဲကလို ကိုယ့်ရည်းစားကို အနားမှာ အချင်တာနဲ့ ယောကျ်ားလေးယောင် ဆောင်ခိုင်းထားတာထင်တယ်



www.burmeseclassic.com

www.burmeseclassic.com



အန္တရာယ်များတယ်နော် သန့်ကြီး''

''ယောက်ဖကလည်း စကားများလိုက်တာ၊ မင်းထင်နေတာ တွေ တစ်ခုမှမဟုတ်ပါဘူးကွာ၊ သူနဲ့ငါနဲ့လည်း ပြီးမှ စာရင်းရှင်းရှီ မယ်၊ ကဲ အောင်ထိပ် . . . အချိန်လည်း ဆယ်နာရီကျော်နေပြီ မြန်မြ ကပေးကွာ၊ သူလည်း ပွန်းရာပဲ့ရာလေးတွေ ဆေးထည့်ပေးဦး၊ အဘို ကို ပြန်ဖုန်းဆက်လိုက်ဦးမယ်''

သန့်မင်းထွဋ် အဘိုးထံဖုန်းဆက်တော့ အဘိုးခမျာ ရင် နေရာမှ . . .

''မင်းတို့ကြာနေလို့ အငယ်ကောင်ကို လိုက်ခိုင်းမလို့ အဘို ခိုင်းနေတာ''

''ပြန်လာနေပြီ အဘိုးရေ . . . မလိုက်ခိုင်းနဲ့တော့၊ ခုပဲ ရော လာတော့မှာနော် အဘိုး၊ အဘိုးဖို့ မုန့်ဝင်ဝယ်နေတာ''

''အေး အေး . . . ဒါဆိုလည်း မြန်မြန်ပြန်ခဲ့ကြ''

သူ အဘိုးဆီ ဖုန်းဆက်ပြီးချိန်တွင် နွေနှောင်း ဆေးထ ပြီးသွားပေပြီ။ နှစ်ယောက်အတူ ဆေးခန်းမှထွက်ခဲ့ပြီး ကားပေါ်ရော တော့ နွေနှောင်း နေစရာမရှိ။ ငါ့ဇာတိရုပ်တော့ ပေါ်သွားပြီ၊ ဘာလု မှာလဲ။ ငါ့ကို အလုပ်ထုတ်ပစ်မှာလား။

တထိတ်ထိတ်နှင့် မျက်စိမျက်နှာပျက်နေပေမယ့် သူက ဘ မှမပြောသေး။ တွေ့သည့်ဆိုင်တစ်ဆိုင်မှာ အဘိုးအတွက် မုန့်ဝင်ဝယ် ဆင်းပြန်သည်။





''ဟော့ . . . မင်းပါဆင်း၊ ငါ မေးစရာတွေရှိတယ်''

နွေနှောင်း တစ်ချက်တုန်သွားပြီး သူခိုင်းသည့်အတိုင်း လိုက်ရ လာမယ့်ဘေး ပြေးတွေ့ရမှာပဲ။ ပြဿနာဆိုတာ ရှောင်နေရုံနှင့် ပြီး။

''ထိုင်''

သူခိုင်းသည့်အတိုင်း နွေနှောင်း စားပွဲလွတ်မှာ ဝင်ထိုင်ရ၏။ ခေါင်းငုံ့ရင်း မျက်ရည်ကျလာတော့ သန့်မင်းထွဋ် မျက်မှောင် တ်သွားသည်။

''မင်းကို ငါ ဘာမှမမေးချင်ဘူး . . . မင်းဘာသာပြော''

နွေနှောင်း စိတ်ကိုတင်းပြီး ပြောစရာရှိတာ ပြောချလိုက် ည်။ ကိုယ် အကြံသမားမဟုတ်။

''ကျွန်တော့်အပြစ်က ယောကျ်ားယောင်ဆောင်ပြီး အလုပ် တာ တစ်ခုပါပဲ၊ ဒါလည်း အခု ဆရာသိသွားပြီဆိုတော့ အလုပ် လို့ရပါတယ်''

''ဟ . . . ဒီလို လွယ်လွယ်မပြောနဲ့လေ၊ အယောင်ဆောင်ပြီး ဝင်တာ ရည်ရွယ်ချက်တော့ ရှိရမှာပေါ့၊ ဘာလဲ . . . ငါတို့အိမ်က အိမ်မှ အတွင်းကျကျ ပူးသတ်ပြီး ပစ္စည်းတွေ ဖောက်ထွင်း ချင်လို့လား၊ ဓားပြတိုက်ချင်လို့လား၊ ဒါမှမဟုတ် အဘိုးကို သတ် ချင်လို့လား၊ ငါတို့ညီအစ်ကိုကို သတ်ချင်လို့လား''

''ဆရာ . . . ကျွန်တော့်ကို ဒီလိုမစွပ်စွဲပါနဲ့ ကျွန်တော် ကလိမ်



www.burmeseclassic.com

www.burmeseclassic.com



ကကျစ် မဟုတ်ပါဘူး"

"ဒါပေမဲ့ မင်း အယောင်ဆောင်ခဲ့တာပဲလေ"

"အဲဒါက လခကောင်းတဲ့အလုပ်မို့ ယောက်ျားယောင်ဆော

မိတာပါ၊ ကျွန်တာ ဘာရည်ရွယ်ချက်မ မရှိပါဘူး ဆရာ"

"ရှင်းအောင်ပြော ... ငါ မယုံကြည်ဘူး"

"ဒီလိုပါဆရာ ... ကျွန်တော့်အိမ်မှာ အစ်မနှစ်ယောက်

တက္ကသိုလ်ကျောင်းသူတွေပါ၊ အဖေနဲ့အမေက အစိုးရဝန်ထမ်းနဲ့

လီကာခိုင်ညစောင့်၊ နှစ်ယောက်ပေါင်းလခက တစ်သိန်းမပြည့်ပါဘူ

"ဒါဆိုလည်း မနိုင်တဲ့ဝန် မထမ်းကြနဲ့ပေါ့၊ မင်းအစ်မ

ကရော ဘယ်လိုလဲ ... မိဘမှာ ငွေမရှိမှန်းသိရဲ့နဲ့ ကျောင်းဆက်

ကြသလား၊ တော်တော် အလိုက်မသိတဲ့ မိန်းမတွေပဲ"

"သူ့အကြောင်းနဲ့သူ ဒါက ဒီလိုရှိပါတယ် ဆရာ၊ အ

တော့ အဖေက အငှားပြေးကားတွေ မောင်းပါတယ်၊ ငွေရေး

ရေး အဆင်ပြေလို့ ထားခဲ့ကြတာပါ၊ နောက်မှ ကားအက်ဆီးဒင့်

အဖေ ကားမမောင်းနိုင်တာနဲ့, အမှုဖြစ်ခဲ့တာနဲ့ရောပြီး အ

ကမောက်ကမတွေ ဖြစ်ကုန်တာပါ"

"ဒါနဲ့ ငါ့အိမ်မှာ အယောင်ဆောင်ရရောလား၊ ယုတ္တိ

ငါယုံအောင်ပြော"

"ဟုတ်ကဲ့ ... ပြောပါ့မယ် ဆရာ၊ ကျွန်တော့်ပါ

အမှန်တွေပဲ ပြောမှာပါ၊ ကျွန်တော် အရောင်းစာရေးဝင်လုပ်





ညီး လခက ၃-၄ သောင်းပဲ ရပါတယ်၊ ဒါနဲ့ ဆရာ့ကုမ္ပဏီမှာ

လုပ်လုပ်တဲ့ သူငယ်ချင်းက ဆရာ့အဘိုးအတွက် ယောက်ျားလူနာ

စောင့် လိုတယ်၊ တစ်လတစ်သိန်း ရမယ်ပြောလို့ ယောက်ျားယောင်

ဆောင်ပြီး အလုပ်ဝင်မိခဲ့တာပါ၊ ကျွန်တော့်အပြစ်က ယောက်ျားယောင်

ဆောင်မိတာ တစ်ခုတည်းပါ၊ ကျွန်တာ ဘာရည်ရွယ်ချက်မှ မရှိရပါဘူး

ဆရာ"

"အင်း"

သန့်မင်းထွဋ် နွေနှောင်းကို သေသေချာချာကြည့်ပြီး ကိုယ့်

အတွက်၊ အဘိုးအတွက် စဉ်းစားရ၏။ ဘာဆက်လုပ်ရမလဲ။

ဒီလိုပဲ မသိချင်ယောင် ဆက်ဆောင်နေရမလား။

အဘိုးရော နွေနှောင်းကို မိန်းကလေးမှန်း မသိသေးဘူးလား။

ပဲဖြစ်ဖြစ် သူမဟာ အဘိုးနှင့် အဆင်ပြေလှသည်။ အိမ်အတွက်

ည်း အားကိုးရသည်။ စိတ်ရင်းလည်း ကောင်းတာပဲ၊ အနှတ်သိမ်းတို့

သူ့ကြောင့် ဖမ်းမိတာမဟုတ်ပါလား။

နွေနှောင်းကတော့ တရှုပ်ရှုပ်ငိုရင်း သူ့ကို မျှော်လင့်တကြီး

ကြည့်လျက်။ တရားသူကြီးထံမှ အမိန့်စောင့်နေသည့် တရားခံနှယ်။

"အေး ... မင်းမှာအပြစ်ရှိတာ ဝန်ခံသလား"

"ကျွန်တော့်မှာ အပြစ်မရှိပါဘူး ဆရာ၊ ယောက်ျားလေး

ဆောင်ဆောင်မိတာလေး တစ်ခုပါ"

"မင်း တော်တော်လျှာရှည်တဲ့ကောင်း ကဲ ... စားပြီးရင်လေ



www.burmeseclassic.com

www.burmeseclassic.com



အဘိုးမျှော်လှုပြီ၊ မင်းကို ငါ ပြီးမှစီရင်မယ်''

သူက အဘိုးအတွက် မုန့်ထုပ်ကို လက်မှဆွဲကာ ကားဆီသို့ ပြန်လာခဲ့လျှင် နွေနှောင်းလည်း နောက်မှလိုက်ရသည်။ သူမ ရင်ထဲမှ ပူလောင်လှပါပြီ။

ဆရာရယ် စီရင်ရင်လည်း မြန်မြန်စီရင်ပါတော့။ အနေကျ လှ၊ စိတ်ဆင်းရဲလှပါပြီ။

ကားမောင်းရင်းမှ သူက ခပ်တည်တည်နှင့် အမှုကို စီရ ချက်ချခဲ့သည်။

''မင်းမှာ အပြစ်ရှိတာမှန်ပေမယ့် မင်း ငါတို့အိမ်အပေါ်မှ ကောင်းခဲ့တာရယ်, အဘိုးက မင်းကိုချစ်တာရယ်ကို ထောက်ထား ငါ မင်းကို အလုပ်မထုတ်ဘူး''

နွေနှောင်း ဝမ်းသာလိုက်ပုံမှာ ဖုံးမရ။ ဘာပဲဖြစ်ဖြစ် ဒီအလ ဟာ အဆင်ပြေလှသည် မဟုတ်ပါလား။

''တကယ်ပြောတာလား ဆရာ၊ ဝမ်းသာလိုက်တာဗျာ ... ဆရာ့ကို တကယ်ကျေးဇူးတင်ပါတယ်''

''ဟော့ကောင် ... ငါ့စကားမဆုံးသေးဘူး၊ နားထောင်ဦး''

''ဟုတ် ဟုတ်ကဲ့ ... ပြောပါ ဆရာ''

''အေး ... ငါတို့အပေါ်မှာ တစ်ခုခု ကြံစည်မယ်ဆိုရင်တော့ မင်းကို ငါ ညှာနေမှာမဟုတ်ဘူး''

''မညှာပါနဲ့ဆရာ ... တကယ့်ကို ကျွန်တော့်မှာ ဘာအ





အစည်မှ မရှိရပါဘူး''

''ပြီးတော့ တို့အိမ်မှာ ယောကျ်ားတွေချည်းရှိတဲ့အတွက် ဒင်း ယောကျ်ားလိုပဲ ဆက်နေပါ၊ အများအမြင်လည်း ကောင်း၊ အဘိုးလည်း မင်းကို အားနာမနေရတော့ဘူး''

''ဟုတ်ကဲ့ပါ ဆရာ ... ကျွန်တော် ဒီအတိုင်းပဲ တာဝန်ဆက် ဆက်ပြီး ထမ်းဆောင်ပါ့မယ်''

''အေး ... ဒါပဲ၊ မင်းကို ငါတစ်ယောက်ပဲ သိပါစေ''

နွေနှောင်း ဝမ်းသာသည့်ရုပ်ကလေးနှင့် အိမ်ပြန်ရောက်တော့ ညဆယ်နာရီခွဲ။ အဘိုးအခန်းထဲ မဝင်ခင် ကိုယ့်ဂျာကင်တစ်ထည်ကို ယူပြီး ဝတ်ရသေးသည်။

သူတို့နှစ်ယောက် ပြန်မရောက်သေးသည့်မို့ ဘယ်သူမှ အိပ်သေးကြ။ ညလယ်စာ မုန့်စားပွဲဝိုင်းလေးကို အဘိုးအခန်းထဲမှာ-ပေါင်းစားကြရင်း ...

သူ့ခေါင်းမှ ဒဏ်ရာက ဖုံးမရသည့်မို့ ဖြစ်ခဲ့တာတွေကို ပြောပေါ့၊ ဖုံးဖိပြီး ပြန်ပြောကြရသည်။

စိုးရိမ်သွားသည့်အဘိုးက နွေနှောင်းကို ကားမောင်း ဆက် မသင်ခိုင်းတော့။

အဘိုးကို ညဆေးတိုက်ပြီး နွေနှောင်းအိပ်ရာဝင်ခဲ့တော့ ဆည်းပိုင်းက အဖြစ်အပျက်တွေက သည်းထိတ်ရင်ဖိုဖွယ် အစီအရီပေါ် လာကြ၏။



www.burmeseclassic.com

www.burmeseclassic.com



ဩော် ဆရာရယ် ... ငါ့ကို ခွဲခေါ်သွားကြမယ်ဆိုတော
လည်း ဝင်ကယ်ရှာသားပဲ။ ဒီအတွက် ငါ အကြွေးတင်သွားပြီ။ သူ့
အတွက် ငါ ဦးခေါင်းဆံမြည့်အမှုထမ်းရမယ်။

❁ ❁ ❁

## အခန်း (၁၅)

ဝသန်ခါ ...။

အဆောင်ကြေးနှင့် ကျောင်းစာအုပ်ဖိုးတွေ မပေးရသေး။
ထဲ အိမ်ကိုပြန်တောင်းနေရတာလည်း တစ်သိန်းကျော်နေပြီ။

ဩော် ... ဟေမာန်ကျတော့လည်း အဆင်ပြေနေလိုက်တာ။
ည်းစားက အရုပ်ဆိုးကြီးမို့ ရှုတ်ချမိပေမယ့် အလိုက်သိတာတော့
လွန်။ ဟေမာန် ပါးစပ်မဟရဘဲ အရာအားလုံး ပြီးပြည့်စုံရသည်။
တ်အစား အဝတ်အစားမို့ ရွှေငွေတောင် ဟေမာန် မယူချင်လို့ပါ။
[illegible]... ကျောင်းစရိတ်မဟုတ်တောင် မုန့်ဖိုးအဖြစ်ပေးနေတာနှင့်ပင်
မာန်ကတော့ အိမ်ကိုတောင် ငွေသိပ်မတောင်းတော့။

ဝသန် အားတော့မကျပါ။ ယခုခေတ် ယောကျ်ားတွေက



www.burmeseclassic.com

www.burmeseclassic.com



လွယ်တာမဟုတ်။ မြင်နေရသားပဲ။ ရည်းစားဖြစ်တာနှင့် ဖြားယောင်း အမျိုးမျိုး၊ နားလည်မှုအမျိုးမျိုးနှင့် သူတို့ဆန္ဒကို ဖြည့်ဆည်းစေချ ကြတာ။

ဖြူစင်မြင့်မြတ်သော အချစ်ဆိုတာ ခပ်ရှားရှား။ ရောက် သောကောတွေထဲမှာ ရည်းစားမထားတာဘဲ ကောင်းတယ်။ အိမ် မဟောမာန်လည်း နုံနုံအအမို့ တစ်နေ့ ဘာပြဿနာပေါ်မလဲလို့ ရင် ထိတ်ထိတ်။ မေးတိုင်းလည်း ဘယ်တော့မှ ဝန်မခံ။ မနေ့က အိမ် ပြန်တော့ သူ့ရည်းစားလိုက်ပို့တာ လမ်းထိပ်ထိ။

ကိုယ် လိုင်းကားနှစ်ဆင့်စီးလာတဲ့သူတောင် အိမ်ကို ည (၆) နာရီခွဲလောက်မှာ ရောက်လာပေမယ့် သူတို့က (၇) နာရီခွဲလော မှ ရောက်သည်။ ဟောမာန်က အိမ်ထဲခေါ်မလာပေမယ့် သူ့ရည်း လိုက်ပို့တယ်ဆိုတာ ဝသန်သိပါသည်။

ကိုယ့်ညီမပုံစံက ရှက်ကိုးရှက်ကန်း၊ မလုံမလဲ ဖြစ်နေသည် ဝသန် စိုးရိမ်သွားမိ၏။ အဖေက ညစောင့်အလုပ်သို့ သွားပြီမို့ အိမ် အမေပဲရှိသည်။ အမေက သိုးမွေးထိုးလျက်၊ သူ့အာရုံနှင့်သူ။

ဝသန် ဟောမာန့်ကို အိမ်ခန်းထဲသို့ လက်ကုတ်ခေါ် စုံထောက်ကြီးဦးစံရှားလို စစ်မေးလိုက်၏။

"ဟောမာန် မှန်မှန်ပြော ... နင် တစ်ခုခုဖြစ်လာတယ် မဟု လား။ မလည်မဝယ်နဲ့၊ တော်ကြာ ဗိုက်ပူလာလို့ ကျောင်းမပြီးလိုက် ဒုက္ခများသွားမယ်"





ဟောမာန့်မျက်နှာလေးက ရှက်လန့်တကြား။

"ဟာ ... မဟုတ်ပါဘူး။ မမကလည်း ငါ ကိုယ့်ကိုယ်ကိုယ် အထိမခံပါဘူး။ ထိန်းသိမ်းရမှန်းသိပါတယ်"

"အေး ... နင်က ထိန်းပေမယ့် နင့်အကောင်က မထိန်းရင် နင် ဘာတတ်နိုင်မလဲ။ ဒီကြားထဲ နင်က သူ့အထောက်အပံ့တွေနဲ့ နေ နေတာလေ"

"မဟုတ်ပါဘူးဆို၊ သူကတော့ ဟိုဟိုဒီဒီသွားဖို့ ခေါ်တာပေါ့၊ ငါကကြောက်လို့ ဘယ်မှမလိုက်ဘူး"

"ဒါဖြင့် ဒီနေ့ နင့်ရုပ် ဘာလို့ပျက်လာတာလဲပြော၊ နင်က ခလိမ်တတ်ပါဘူးဟာ၊ တစ်ခုခု ဖြစ်ခဲ့တယ်မဟုတ်လား"

ဝသန် ဆရာကြီးလေသံနှင့်ပြောလျှင် ဟောမာန် မျက်လုံးပြူး လေးနှင့်။ သူမတို့မှာ ညီအစ်မသုံးယောက်ရှိပေမယ့် ပုံစံက သုံးမျိုး။ အကြီးဆုံးဝသန်က စိတ်မာပြီး ဆရာကြီးပုံစံနှင့်နေသလောက် အလတ် ဟောမာန်က ရိုးရိုးအေးအေးနှင့် နုံနုံအအ။ အငယ်ဆုံး နွေနှောင်းကျ တော့ စိတ်ဓာတ်နူးညံ့ပြီး အနစ်နာခံတတ်ပေမယ့် လူက လုပ်ရဲကိုင် ရဲ ဟောမာန်လို ပြူတ်မနူး မဟုတ်။

"ပြော ... ငါက နင့်ကို ကူညီမလို့မေးနေတာ၊ မာန်မလို့ မဟုတ်ဘူး"

"ငါ့ကို အမေတို့နဲ့ ပြန်မတိုင်ပါနဲ့နော်"

"မတိုင်ဘူး ပြော ... နင် ဘာဖြစ်လာသလဲ"



www.burmeseclassic.com

www.burmeseclassic.com



သည်တော့မှ မချောက မျက်ရည်စလေးတွေနှင့် နောက်ကြောင်းပြန်ခဲ့သည်။

✲

ညနေ (၃) နာရီထိုးလို့ ကျောင်းဆင်းသည်နှင့် စာသင်ဆောင်ရှေ့မှာ ချစ်ဦးသူရဲ့ကားက အဆင်သင့်စောင့်နေခဲ့သည်။ သူ့အသွင်က ခါတိုင်းလို ရွှင်ရွှင်လန်းလန်း မဟုတ်၊ ညှိုးညှိုးနွမ်းနွမ်း။ ကိုယ့်ချစ်သူဆိုတော့လည်း ဟေမာန်စိုးရိမ်မိပါသည်။

"ကို ဘာဖြစ်လို့လဲဟင်၊ နေမကောင်းသူလား မှန်"

ကားထဲမှာ သူ့နဖူးကို စမ်းကြည့်မိတော့ သူက ခပ်ညည်းညည်းနှင့်။

"လူက နေကောင်းပါတယ်၊ စိတ်က နေမကောင်းတာ"

"ဘာဖြစ်လို့လဲ ... ဟေမာန့်ကို ကြိုရ၊ ပို့ရ၊ လာတွေ့ရမှန့်တွေဝယ်ပို့ရတာ မောသွားပြီလားဟင်၊ အဲဒါကြောင့် ပြောတာကို နေ့တိုင်းလာရတာ မောပါတယ်လို့ ... တစ်ပတ်တစ်ခါလောက်လာလည်း ပြီးတာပဲ"

"တော် တော် ခါ ... ကိုယ်ထင်ရာကိုယ် လျှောက်ပြောမနေနဲ့၊ ကိုယ့်သူငယ်ချင်းတွေ၊ မိတ်ဆွေတွေက ခါဟာ ကိုယ့်ကို အပျော်ရဲ့





နေတာ၊ ညာစားနေတာလို့ ပြောကြတာ ခံစားရလွန်းလို့ပါ"

"ဟာ ကိုကလည်း ... ကလေးလည်း မဟုတ်ဘဲနဲ့၊ ခါက ညာစားရ၊ အပျော်တွဲရအောင် ခါက လူလည်မကြီးမို့လား။ ပြန်ပြောလိုက်ပါလား။ ငါ့ခါက ငါ့ရဲ့အရုပ်ကလေးပဲလို့"

"ပြောချင်တာပေါ့၊ အခု အဲဒီကိစ္စအတွက် သူတို့နဲ့ လောင်းကြေးထပ်ထားတယ်"

"ဘယ်လို ဘယ်လို"

"ခါက ငါးမျှားချိတ်မှာတပ်ထားတဲ့ ငါးစာကို မဟပ်ဘဲလှည့်ပတ်စားနေတဲ့ငါး လူလည်မလေးတဲ့"

"အောင်မယ် အောင်မယ်"

"သူတို့နဲ့ ကို လောင်းကြေးထပ်ထားတယ်နော်"

"ဘာလောင်းကြေးလဲ ဘာတွေလဲကွာ"

"ခါ့ကို ကို့အိမ်ခဏလောက် ခေါ်နိုင်ရင် လောင်းကြေးနိုင်ပြီ"

ဟေမာန်ခါ သူ့အိမ်ကို တစ်ခါမှမလိုက်ပါ။ ဒါကလည်း မိန်းကလေးမို့ စောင့်စည်းခြင်းပါပဲ။ သူ့အိမ်မှာက သူတစ်ယောက်တည်းလိုလို။ အမေရှိတယ်ဆိုပေမယ့် အိမ်ကပ်ခဲသည် ထင်၏။

"ဒါလေးများ ကိုရယ် ... လိုက်ခဲ့ဆိုလိုက်ပေးပါ့မယ်၊ ကိုယ့်အနေတော့ ခါ့ကို ဘာမှ လာမထိနဲ့ပေါ့"

"အင်းပါ ... မထိပါဘူး။ တကယ်နော် ခါ၊ တော်ပါသေးရဲ့ကွာ ... နို့မို့ သူတို့ကို လောင်းကြေးပေးရရင် မလွယ်ဘူး ခါရဲ့၊ ရှုံ



www.burmeseclassic.com

www.burmeseclassic.com



တို့သုံးယောက်ကို ချောင်းသာခ ကိုယ်ခံရမှာ၊ အနည်းဆုံး ၃–၄သိန်း သွားမှာ''

ယခုမှ ကိုယ့်မျက်နှာ ရွှင်လန်းသွားပြီး ဟေမာန်ခါ့ကို သူ့အိမ်သို့ ခေါ်သွားတော့သည်။ လိုက်မယ်ပြောပြီးမှ ဟေမာန် တစ်ခုံးတွေးပြီး ကြောက်ရပြန်၏။

''ကို''

''ဟင် . . . ဘာလဲကွာ၊ ပြောပြီးပြီးနော် . . . ကတိ''

ယောက်ျားပီသသည့်ရုပ်နှင့်ကိုဟာ ဘောင်းဘီရှည်တွေ၊ စိုးရှပ်တွေနှင့် ကြည့်လို့ကောင်းသူပါ။ ဟေမာန်ကတော့ နုနုနယ်နယ် မိန်းမချောလေး။

''လိုက်ရုံပဲနော်၊ ခဏလေးပဲနော်၊ ပြီးရင် အိမ်ကို မြန်မြန်ပို့ပေး''

''အေးပါ ချစ်ရယ် . . . အေးပါ''

သူ့အသံက အရမ်းကို ရွှင်မြူးအားဖြစ်နေလျှင် ဟေမာန်ခါ ကျောထဲစိမ့်ရပြန်၏။ ကို့အချစ်က တာနောယက္ခကြီးလို ပါးစပ်ထဲ ငုံထားမည့်ပုံကြီး။ အခွင့်အရေးမပေးသည့်ကြားကပင် လစ် လစ်သလို နိုးနှမ်း၊ ခိုးဖက်ဖို့ ကြံနေတဲ့လူကြီး။

ဝပ်ရှော့ကတော့ ထုံးစံအတိုင်း ကားသံ၊ လူသံတွေနှင့် ဆူညံလျက်။ အဲဒီမှာ သူ့မိတ်ဆွေဆိုတဲ့လုံးယောက်က ပြုံးပြုံးကြီးတွေနှင့်။ ကပွဲတစ်ခု၊ ရှီးပွဲတစ်ခုကို သဘောတကျကြည့်ကာ လက်ခုပ်တိုး





တီးကြမည့်ပုံတွေ။

သူက ထိုလူတွေကို ခေါင်းထုတ် လက်မ,ထောင်ပြကာ အိမ်ထိ ကားကို ဆက်မောင်းသွားတော့ ဟေမာန်ခါ ထိတ်လန့်ရသည်။

''ကို . . . ဘာတွေ မဟုတ်တာလုပ်မလို့လဲ''

''မဟုတ်ပါဘူးကွာ ခါကလည်း၊ ခုထိ ကိုယ့်အချစ်တွေကို မယုံသေးဘူးလား၊ တစ်ဘဝစာ မရည်ရွယ်သေးဘူးလား''

''ရည်ရွယ်ပါတယ် ကိုရဲ့ . . . ဒါပေမဲ့ လက်မထပ်ခင် ခါ ဘာမှမဖြစ်ချင်ဘူးကွာ၊ သန့်သန့်စင်စင်ပဲ ရှိချင်တယ်''

''အဲဒီချစ်ပန်းလေးဟာ ကိုယ့်အတွက် မဟုတ်လား''

''ဒါပေမဲ့ အချိန်မတန်သေးဘူးလေ ကိုရဲ့''

''အေးပါကွာ . . . ကိုယ် နားလည်ပါတယ်''

သူက တံခါးဖွင့်ပြီး ခါ့ကို အိမ်ထဲခေါ်တော့ သူမမှာ တွန့်ဆုတ် တွန့်ဆုတ်။ သူက ကိုယ်တိုင်ပင် ကော်ဖီဖျော်၊ မုန့်တွေယူလာပြီး အတူစားကြသောက်ကြသေးသည်။ နောက်တော့ ဟေမာန် သတိလစ်သွားသလို၊ အိပ်ပျော်သွားသလိုလို။

ဟေမာန် သတိရတော့ သူမက သူ့ရင်ခွင်ထဲမှာ၊ သူ့အိပ်ရာထဲမှာ။ ခါ လူးလဲထမိသည်။

''ဟင် . . . ကို ရက်စက်လိုက်တာ၊ ရက်စက်လိုက်တာ ကို ရယ်'' ခါ့ကို တစ်သက်လုံးမွေးလာပြီး တစ်မနက်တည်းနဲ့ ရိုက်ချိုးစား



www.burmeseclassic.com

www.burmeseclassic.com



လိုက်တာလား ... အဟင့် ဟင့်"

သူ့ကို ထုရိုက်ရင်းပိုတော့ သူက ခါ့ကို သူ့ရင်ဘတ်ပေါ်မှာ ကြင်နာစွာ ဆွဲဖက်ထိန်းပွေ့ထားခဲ့သည်။

"ခါတို့ စာမေးပွဲဖြေရတော့မယ်၊ ကျောင်းတွေပိတ်တော့မယ်၊ ခုထိ ကိုယ့်ကို အိမ်ထိမခေါ်သေးတဲ့ ခါ့ကို ဆုံးရှုံးရမှာ ကြောက်လို့ပါ၊ ခါ စာမေးပွဲဖြေပြီးရင် ကိုယ့်ကို မိဘားဖသားပီပီ လာတောင်းခွင့်ပြုပါတော့၊ လက်ထပ်ခွင့်ပြုပါတော့ ခါရယ်၊ နော် ... ကိုယ်တောင်းပန်ပါတယ်၊ ကိုယ့်ကို မထားခဲ့ပါနဲ့နော်"

"အီး ဟီး ... ခါက မိဘတွေကို ဘာမှတောင် ပြန်လုပ်မကျွေးရသေးဘူး"

"ပြော် ... ကိုယ်ရှိသားပဲ ခါရယ်၊ ကိုယ် ထောက်ပံ့မှာပေါ့၊ ခါသာ ကိုယ့်ကို စာမေးပွဲပြီးတာနဲ့ ချက်ချင်းလက်ထပ်နော်၊ မခွဲနိုင်ဘူး မခွဲချင်ဘူး အချစ်ရယ်၊ အမြန်ဆုံး လက်ထပ်ကြရအောင် ... နော် နော်"

ရုပ်ကြမ်းကြီးနှင့် နွဲ့နေသည့် ချစ်သူအား ခေါင်းညိတ်ပြရန်တစ်ပါး။

❋





"ဟင် ... ဒါ ဒါဆို နင်တို့ လွန်ကျူးလာခဲ့ကြပြီပေါ့"

ဝသန့်အသွင်က ထိတ်ထိတ်လန့်လန့်။

"ဟုတ်တယ် ... ငါတော့ စာမေးပွဲပြီးတာနဲ့ တန်းယူရတော့မှာပဲ၊ မိဘတွေကို ပြုစုလုပ်ကျွေးချင်ပါတယ်ဟာ၊ ဒါပေမဲ့ သူ့ကို မယူလို့ မဖြစ်တော့ဘူး။ ငါ အပျိုမဟုတ်တော့ဘူး"

ဝသန်ကတော့ ဆရာဝန်လောင်းပီပီ ...

"ဒါက ထားပါ။ နင် ကိုယ်ဝန်တွေ ဘာတွေမရှိအောင် ငါ အရေးပေါ်ဆေး ဝယ်တိုက်ပါ့မယ်၊ ယောကျ်ားတစ်ယောက်အတွက်နဲ့များ ကိုယ့်ရည်ရွယ်ချက် အပျက်မခံပါနဲ့ဟာ"

"တော်ပါပြီ မမရယ် ... သူကလည်း ငါရှောင်ပြေးလို့ရမယ့်လူမဟုတ်ပါဘူး။ ရည်းစားထားမိတာကိုက ငါ့အမှားပါ၊ ယူလိုက်တာပဲ အေးပါလိမ့်မယ်၊ ဒါပေမဲ့ ငါအလုပ်ရရင် မိဘတွေကို လစာအစ်ဖို့ သူ့ကို ပြောပြီးသားပါ"

"အေးလေ ... ဒါပေမဲ့ လက်မထပ်ခင် ဘာမှထပ်မဖြစ်စေနဲ့တော့နော်၊ စာမေးပွဲပဲ ကောင်းကောင်းဖြေ"

"အေးပါ ... ငါ သူ့ကို သေသေချာချာ ပြောထားလိုက်ပါပြီ"

ဟေမာန်အတွက် စိတ်ချပ်ရပေမယ့် သူ့လူက ရိုးရိုးသားသားနှင့် ယုယကြင်နာ၊ ရိုးမြေကျမည့်သူမို့ ဝသန် စိတ်မပူရပါ။

စိတ်ပူရတာ ကိုယ့်အတွက်။



www.burmeseclassic.com

တစ်ဖွတ်ထိုး တခေါက်ကန်းနိုင်သည့်သူဌေးသားကို ချစ်မိသည့်အတွက် မာနချင်းပြိုင်၊ အချစ်ချင်းပြိုင်လို့။

❁ ❁ ❁

## အခန်း (၁၆)

ညီမင်းထွဋ်ရဲ့ တောင်းဆိုမှုကြောင့် ဒီနေ့ ဝသန်ခါ ကျောင်း
ဖ်ခဲ့ရသည်။ နောက် သူ့ကားနှင့် သူခေါ်သွားရာသို့ လိုက်ရသည်။
်သူသက်တမ်း လေးလပြည့် အမှတ်တရတဲ့။

အင်းလျားကန်ကို မျက်နှာပြုပြီး ရောင်းချတဲ့ စားသောက်
်တစ်ခုရဲ့ ရေစပ်စားပွဲမှာ စားရင်းသောက်ရင်း စကားတွေ သူပြော
ည်။

"ကိုယ်တို့နှစ်ယောက်ရဲ့ ချစ်သူသက်တမ်း လေးလမှသည်
က်ပန် ရှည်လျားဖို့အတွက် ဒီနေ့ ဘုရားသွားမယ်၊ ရွှေပင်ထွက်
နောက် ..."

သူက စကားကိုမဆက်ဘဲ ရပ်ထားခဲ့လျှင် ဝသန် ရင်တုန်နေ



www.burmeseclassic.com

www.burmeseclassic.com



ရသည်။ မနေ့ကပဲ ဟောမာန် ပွဲသိမ်းခဲ့ပြီ မဟုတ်ပါလား။ ယခုခေတ် ယောက်ျားတွေက မလွယ်။

ဖောမာန့်လူက ဟောမာန့်ကို လက်ထပ်ဖို့ သေချာပေမယ့် ကိုယ့်လူက ကိုယ့်ကို လက်ထပ်ချင်မှထပ်မည်။ သူက တကယ့်လူငွေ သား။ ကိုယ်ကရော ဘာဖြစ်လို့ တွဲနေမိပါလိမ့်။ အချစ်ကြောင့်လား

အချစ်ဆိုတာရော ကမ္ဘာပေါ်မှာ တကယ်ရှိရဲ့လား။ ငွေရေး ကြေးရေးတွေ၊ မပြေလည်မှုတွေနဲ့ လုံးထွေး ရှုပ်ပွနေရသည့်ဘဝမှာ အချစ်ဆိုတာကိုပင် မယုံကြည်ချင်တော့ပါ။

မိန်းကလေးတစ်ယောက်နှင့် ယောက်ျားလေးတစ်ယောက် ချစ်ကြသည်ဆိုတာလည်း တဖြည်းဖြည်းနှင့် နားလည်မှုတွေယူ၊ အ တူနေကြ။

ဝသန့်မျက်နှာမှာ အသင့်အနေအထား။ ချစ်သူက ဘာ တောင်းဆိုမှာလဲ။ တထိတ်ထိတ်နှင့်။ ငါကတော့ ဟောမာန့်လို အကျ မခံနိုင်ဘူး။ ငါ့ဘဝက ရေရာသေးတာမဟုတ်ဘူး။

"ကဲ ထ ... ရွှေတိဂုံဘုရား သွားကြစို့"

ဘောင်းဘီမီးခိုးရင့်၊ တီရှပ်လက်ရှည်နှင့် လှပနေသည့် ညီ မင်းထွဋ်အသွင်ကို ဝသန် အားငယ်စွာ မော့ကြည့်ရသည်။ သူ တော့ ခေတ်လူငယ်ပေမယ့် မဝတ်နိုင် မစားနိုင်ပါ။ ချည်ထည် ရောင်လေးကိုသာ ပုံဆန်းဝမ်းဆက်လေးနှင့်။ လှတော့လှနေမည်

ခေတ်ပေါ်ကောင်မလေးတွေလို လန်ထွက်မနေပေ





အသွင်တစ်မျိုးနှင့် ချစ်ရော။

ဝသန် ညီမင်းထွဋ်ကမ်းပေးသည့်လက်ကို ဆုပ်ရင်း သူသွား ရာနောက်သို့ လိုက်ရသည်။ မနက်ပိုင်းမှာ ဘုရားအတူဖူးကြပြီးတော့ နေ့လယ်မှာ ရှော့ပင်ထွက်ကြသည်။

သူမက ပိုက်ဆံမရှိသူမို့ သူသွားရာ လျှောက်လိုက်ရုံ။ သူ မိန်းကလေးအသုံးအဆောင်တွေ ဝယ်နေတော့ ဝသန်တားရသည်။

"ကိုညီ ... ဝသန် ဘာမှမလိုဘူးနော်၊ ဘာမှ သုံးလေ့သုံးထ ရှိတဲ့အတွက် ဝသန့်ဖို့ ဘာမှမဝယ်ပါနဲ့၊ ကိုညီဘာသာ ဝယ်ချင်တာ ယ်၊ ဝသန်က အဖော်လိုက်ပေးတာ၊ သူစိတ်ချမ်းသာအောင် လျှောက် ပေးနေရတာပါ"

"ဝသန့်ကြည့်ရတာ အရောင်မှိန်နေလို့၊ ကိုယ် နည်းနည်း လောက် အရောင်တင်ပေးမလို့"

"မလုပ်ပါနဲ့ ကိုညီရယ် ... ဝ မရှိဘဲ ဝ မလုပ်ချင်ပါဘူး။ နောက် ကိုယ်အဆင်ပြေမှ ဝတ်ပါ့မယ်"

"ငြိမ်ငြိမ်သာ လိုက်ခဲ့ပါကွာ၊ ဒီနေ့ တစ်နေ့လုံး ကိုယ် စိတ် ချမ်းသာပါရစေ"

ဝသန် ဘာမှမပြောနိုင်၊ မတားဆီးနိုင်တော့။ သူ ရှေ့မှဝယ် သွေ့ နောက်မှ အတူကိုင်ပြီးလိုက်ရသည်။ အင်္ကျီတွေ၊ ဖိနပ်တွေ၊ အတ်တွေ၊ လုံချည်တွေ၊ နောက် စိတ်ကာဝ်၊ နှုတ်ခမ်းနီကအစ။

"ကိုညီ ... ဘာဖြစ်လို့ ဒါတွေ ဒီလောက်တောင် ဝယ်နေ



www.burmeseclassic.com

www.burmeseclassic.com



တာလဲဟင်၊ ခေတ်ပျက်တော့မှာ ကျနေတာပဲ''

''လိုအပ်လို့ ဝယ်တာပေါ့၊ ဝသန့်မှာ ဘာမှမရှိလို့ ဝယ်တာ''

''ဒုက္ခပါပဲ . . . ဝသန့်က ဒီလိုပဲ နေတတ်တယ်လေ''

နောက်ဆုံး သူဝယ်ချင်တာ ဝယ်ပြီး ကားပေါ်ပြန်တက်တော့ နေ့လယ် (၁၂) နာရီ။ သူက ဒန်ပေါက်ထုပ်တွေ၊ မုန့်ထုပ်တွေလည်း ဝယ်ခဲ့သေး၏။

''ကိုယ့်ကို အဖေပေးခဲ့တဲ့ မုန့်ဖိုးတွေနဲ့ ဝယ်ထားတဲ့တိုက်ခန်း ရှိတယ်၊ သွားကြည့်ရအောင်''

''ဘုရားရေ . . . မုန့်ဖိုးက ဘယ်လောက်တောင်မို့ တိုက်ခန်း ဝယ်လို့ ရတာလဲ၊ အများကြီးလား''

''ဖေဖေ နိုင်ငံခြားရောက်နေတာပဲ ကြာလှပြီ၊ ကိုယ်က တိုက်ခန်းဝယ်တာ ဝါသနာပါတယ်လေ၊ ကွန်ဒိုကြီးတွေတော့ မဟုတ် ပါဘူး၊ ဒါပေမဲ့ ဈေးတန်ရင် ဝယ်ထားလိုက်တာပဲ၊ တိုက်ခန်းဆိုတော ကြာကြာထားလေ ဈေးကောင်းလေ၊ မရောင်းခင်လည်း ငှားစား ရတယ်''

''ကိုညီ့အစ်ကိုကရော မုန့်ဖိုးတွေ ဘာလုပ်ပစ်တာလဲ''

''သူက ငွေစုတာ ဝါသနာပါတယ်၊ ကိုယ်ကတော့ တိုက်ခ ဝယ်တာ ဝါသနာပါတယ်၊ ကဲ လာ . . . မငှားဘဲ ကိုယ် သွား ... စာကျက်တတ်တဲ့ အခန်းကို သွားကြည့်ရအောင်''

''ကိုညီ''





''လာပါကွာ . . . ဘာမှမဖြစ်ပါဘူး၊ အဲဒီတိုက်ခန်းမှာ အားလုံး ပြည့်စုံတယ်၊ တကယ့်ပျော်စရာ, စိတ်ချမ်းသာစရာ နိဗ္ဗာန်ဘုံလေးပဲ''

ဝသန် စိတ်တထင့်ထင့်နှင့်ပင် သူ့ စိတ်ဆိုး၊ စိတ်အဆင်မပြေ ဖြစ်မှာစိုးလို့ နောက်မှလိုက်သွားရသည်။ သူ့တိုက်ခန်းက သုံးလွှာမှာမို့ လေကောင်းလေသန့်တော့ ရသည်။

''ဒီရပ်ကွက်ထဲမှာပဲ ကိုယ်ဝယ်ထားတဲ့ တိုက်ခန်းသုံးခန်း ရှိသေးတယ်''

''ကိုညီ ကြွားနေတာတော့ မဟုတ်ပါဘူးနော်''

ဝသန့်မေးခွန်းကို သူက ပခုံးတွန့်ပြရင်း တိုက်ခန်းတံခါးကို ဖွင့်၏။ နှစ်ယောက်လုံး အထုပ်အပိုးတွေက အများအပြား။ နားချင် ...တော့ အမှန်။

တံခါးပွင့်သွားတော့ အိမ်ထောင်ပရိဘောဂတွေ အပြည့်ရှိ သည့် နေချင်စဖွယ် တိုက်ခန်းလေးက ဘွားခနဲ ပေါ်လာ၏။ သိပ် ...ကောင်းစားကြီးတွေနှင့် စီစဉ်မထားပေမယ့် ဆက်တီတွေ၊ ဗီရိုတွေ၊ ...ဒီတွေ၊ ရေခဲသေတ္တာတွေနှင့် ကျောင်းသားတစ်ယောက်ရဲ့အခန်းနှင့် ...တောင် မတူ။

''ကိုယ်က စရိုက်တစ်မျိုး၊ အိမ်မှာ အဘိုးနဲ့, အစ်ကိုနဲ့က ...သောကောင်းပေမယ့် ကိုယ့်အခေါ် ...ကွဲက ချုပ်ချယ်, ဆူညံလွန်း ...တော့ ဒီတိုက်ခန်းမှာ လာနေလိုက်တာ၊ အိမ်ကို တစ်ပတ်မှာ နှစ်ရက် ...ရက်ပဲပြန်တာ၊ ခုတော့ ကိုယ့်အဒေါ် မရှိတော့ပါဘူးလေ၊ သူ့

www.burmeseclassic.com



အကုသိုလ်နဲ့သူသွားပြီ"

"ဒါဆိုလည်း ဒီတိုက်ခန်းပါ ငှားလိုက်ပေါ့ ကိုညီရဲ့၊ အပို

ငွေ ရတာပေါ့"

"နေရာတကာ ငွေချည်းမကြည့်နဲ့လေ ကောင်မလေးနဲ့

ရည်းစားလေးနဲ့ အေးအေးလူလူ အနားယူချင်တော့ ဘယ့်နှယ်လု

မလဲ"

"အင်"

"ကဲပါ ... တွေးကြောက်မနေပါနဲ့ ဘာမှမဖြစ်ပါဘူး။ သူ

ကွာ ... အမောပြေ အအေးနှစ်ဘူးလောက် ယူပေး"

ရေခဲသေတ္တာကို လက်ညှိုးထိုးပြတော့ ဝသန် သူ့အမိန့်

တိုင်း အအေးဘူးတွေ ယူပေးရသည်။ သူက ဝသန်ကို တစ်

အရင်ဖောက်ပေး၏။ ပြီးမှ သူလည်း တစ်ဘူးသောက်သည်။

"အဲကွန်းကတော့ ကိုယ့်အခန်းတစ်ခုပဲ ရှိတယ်၊ ဝ

အဲဒီမှာ သွားနားလေ၊ ကိုယ်ကတော့ အပြင်မှာ ပန်ကာဖွင့်နေမယ်

"ရတယ် ကို၊ ထမင်းစားကြမယ်လေ ... ၁၂ နာရီခွဲ

စားပြီးရင် ဝသန့်ကို ပြန်ပို့နော်"

"နေစမ်းပါဦးကွာ ... အေးအေးဆေးဆေးပေါ့၊ ကို

အခန်းလေး သဘောမကျဘူးလားဟင်၊ တကယ် လက်ထပ်ပြီးကြ

တော့ ဒီထက်ကောင်းတဲ့အိမ်မှာ နေကြမှာပေါ့၊ ခုကတော့ ကျေ

သားဘဝမို့ ဒီလောက်နဲ့ပဲ ကျေနပ်နော်"





"ဟင် ကိုညီ ... ဘာတွေပြောနေတာလဲ၊ ဝသန်က ဘာကို ကျေနပ်ရမှာလဲ"

ဝသန် သွေးလန့်ရသည်။ သူဟာ ဒီလိုပဲ ရည်းစားတွေထား ဒီကို ခေါ်လာတတ်သူလား။

"ကိုညီ ... ဒီ ဒီလိုပဲ မိန်းကလေးတွေကို အမြဲခေါ်လာတတ် သလားဟင်"

ဝသန် သံသယတွေနှင့်မေးတော့ ညီမင်းထွဋ်၏ အလွန်အကျွံ ပေါက်ကွဲပုံက ကြောက်စရာ။

"ဘာ ဝသန် ... မင်းက ငါ့ကို ဘာကောင်များ ထင်နေသ လဲ၊ အခု ငါ့အသက်အရွယ် နှစ်ဆယ့်လေးနှစ်၊ နောက်ဆုံးနှစ်ထိ ရည်းစားလည်း ပီပီပြင်ပြင် မထားခဲ့ဘူး။ မင်းတစ်ယောက်တည်းကိုပဲ ချစ်မိလို့ မရ,အရ လိုက်ခဲ့တာ၊ မင်းကို ဟိုး ... တတိယနှစ်လောက် ကတည်းက သဘောကျခဲ့တယ်၊ ခုမှ ဖွင့်ပြောတာ၊ တောက် ... ငါ့ အချစ်တွေကို မင်းမို့ စော်ကားရက်တယ်"

"မဟုတ် မဟုတ်ပါဘူး ကိုညီရယ်၊ ဝသန်က အကြောက် လွန်ပြီး မေးမိတာပါ"

"မကြောက်နဲ့ ... မင်းကို ငါ ဘာမှမလုပ်ဘူး။ ဒါပေမဲ့ ငါ ကျောင်းပြီးတာနဲ့ မင်း ငါ့ကို ယူရမှာပဲ၊ လူကြီးတွေ မသိအောင် နိုး လက်ထပ်ထားမယ်၊ အဆောင်မှာ မနေနဲ့ ... ဒီမှာနေ"

"ရှင်"



www.burmeseclassic.com

www.burmeseclassic.com



ဝသန့်အဖြစ်က ဟောမာန့်ထက်တောင် ဆိုးနေရပါလား။ သူမက ကျောင်းပြီးဖို့ နောက်ထပ်တစ်နှစ်လိုသေးသည်။ အယူခံဝင်ဖို့ ညီမင်းထွဋ်ကို လှမ်းကြည့်တော့ သူ့ရုပ်က ထန်တင်းလျက်။ ဒါပေမဲ့ ဝသန့်ပြောရမှာပါပဲ။

"ကိုညီ့ဘက်က သဘောမတူမှာစိုးလို့ နိုးလက်ထပ်ထားရမှာလား"

"မဟုတ်ဘူး ... ကိုယ့်အဘိုးက မကျန်းမာသေးတော့ ကိုယ်တို့တွေ မိန်းမယူမှာ စိုးနေတယ် ... ဒါကြောင့်ပါ၊ လူကြီးတွေမသိမယ့် တရားရုံးမှာ တရားဝင်လက်ထပ်ထားမှာပဲလေ၊ အပေါင်းအသင်းတွေရှေ့မှာပေါ့။ ပြီး ဝသန့်မိဘတွေဘက်ကရော ဘယ်လိုသဘောထားမှာလဲ"

"မိဘတွေကတော့ ကျောင်းမပြီးဘဲ ဘယ်ယူစေချင်ကြမလဲ၊ ဝသန့်တို့မှာက ညီအစ်မသုံးယောက်ရှိတယ်၊ နှစ်ယောက်တက္ကသိုလ်တက်နိုင်တယ်၊ ဝသန့်ညီမကလည်း ဒီလထဲမှာပဲ မပြီးမနေ ယောက်ျားယူရမယ့်သဘော ရှိနေတော့ ဝသန့်မယူချင်သေးဘူး"

"မရဘူး ... ကိုယ် ကျောင်းပြီးတာနဲ့ ယူရမယ်၊ ဝသန့်ကို ကိုယ် ကျောင်းဆက်ထားနိုင်တယ်"

"မဖြစ်ဘူး ... ဝသန့်တို့ကို မိဘတွေက အရမ်းအဆင်းအချို့တဲ့ခံပြီး ကျောင်းထားခဲ့ရတာ၊ အငယ်ဆုံးဆို ကျောင်းတောင် မတက်ရှာဘူး။ အကြီးနှစ်ယောက်အတွက် ကျန်တဲ့မိသားစုဝင်တွေ





အနစ်နာခံရတဲ့ကြားထဲ ဝသန့်တို့က လုပ်ချင်ရာလုပ်သွားလို့ ဘယ်ဖြစ်မလဲ"

နှစ်ယောက် အချေအတင်ပြောနေရတာက ကြာလျှင် ပေါက်ကွဲတော့မည်လား။ အအေးပင် ကုန်အောင်မသောက်နိုင်ကြတော့။

"ဝသန့်ညီမကျတော့ အငယ်ဖြစ်ပြီး ချက်ချင်းယူခွင့်ရှိတယ်၊ ဝသန့်ကျမှ ဘာဖြစ်လို့ ဟိုငဲ့၊ ဒီငဲ့ ဖြစ်နေရတာလဲ"

"သူက မယူမဖြစ်တဲ့အခြေအနေမို့ ဝသန့်တို့က ဘာမှ ဖြစ်ဘူးလေ"

"ဪ ဒီလိုလား ... ဒီလိုလား ဝသန့်"

သူက မဲ့ပြုံးနှင့် ဝသန့်ဆီ ထလာခဲ့လျှင် ဝသန့် မျက်လုံးပြူးရသည်။

"ကိုညီနော် ... ဝသန့်ယုံကြည်မှုတွေကို အလွဲသုံးစားမလုပ်နဲ့ ကိုယ့်ချစ်သူကို တစ်သက်လုံး အထင်မသေးပါရစေနဲ့"

"ရတယ် ... မင်း ဘာပြောပြော ချစ်သူချင်း ပေါင်းရဖို့က အဓိကပဲ"

"ကိုညီ ကိုညီနော် ... ကျွန်မ ပြတင်းပေါက်က ခုန်ချလိုက်မယ်"

ဝသန့် သွေးမျက်လာတော့ သူက အေးစက်သောမျက်နှာနှင့် ဝသန့်ကို ဆတ်ခနဲ ပွေ့ချီပြီး သူ့အခန်းထဲသို့ ခေါ်သွားခဲ့သည်။

အောင်မယ်လေး ... ဟောမာန့်ထက်တောင် အဖြစ်ဆိုးတော့



www.burmeseclassic.com

www.burmeseclassic.com



မှာလား။ သူမကို ကိုညီ မေ့ဆေးပင်မပေးဘဲ အစိမ်းခွဲတော့မည်

ဝသန် မျက်ရည်တွေကျလာပြီး တောင်းပန်ရလေပြီ။

"ကိုညီရယ် ... ဝသန့်ကို အကြွမ်းမဖက်ပါနဲ့နော်၊ ဝသ

နောင်တမရပါစေနဲ့၊ ကိုညီပြောတဲ့အတိုင်း ကိုညီကျောင်းပြီးမှပဲ လက်

ထပ်ပါ့မယ် ... နော် နော်"

မှန်ယိုတော့မည့် ဆင်ကြီးကို သူ့ရင်ခွင်ထဲမှ လက်ကလေ

နှစ်ဖက်ယှက်၍ ဝသန်တောင်းပန်တော့ ကိုညီ သတိပြန်ရသွားပုံေ

၏။

"တကယ်နော် ... ကိုယ့်စီမံချက်အတိုင်းပဲနော်၊ နောက်

စကားမပြောင်းနဲ့"

"မပြောင်းပါဘူး ကိုညီရယ် ... ရှင့်ကို ကြောက်ပါတ

လေးစားပါတယ်ရှင်"

"ကြောက်ရမယ်လေ ... ဒီမှာ လက်နက်တွေ အပြည့်အ

ရှိတယ် ... သိလား"

သူ့မျက်နှာ ကြည်သာပြီမို့ သူ့ရင်ခွင်ထဲမှ လျှောဆင်း

ဝသန် အိမ်ရှေ့ညှော်ခန်းသို့ ပြန်ပြေးခဲ့သည်။ နောက် ထမင်းစား

ရှိရာသို့ သွားပြီး ထမင်းစားဖို့ ပြင်ဆင်လိုက်သည်။

"ကိုညီရေ ... ထမင်းစားကြစို့၊ (၁) နာရီထိုးနေပြီ"

"ရပါတယ်ကွာ ... ချစ်သူ့မျက်နှာမြင်နေရတာနဲ့ ထမင်း

ဟင်းမေ့ ဖြစ်နေရပါပြီ"





"ပိုကီးမလုပ်နဲ့၊ အစာအိမ်က အစာအိမ်, အသည်းနှလုံးက အသည်းနှလုံးပဲ"

နှစ်ယောက်သားရယ်မောကြရင်း ထမင်းအတူစားကြတော့ စောစောက ပြဿနာတွေအားလုံး မေ့သွားရသည်။

"တစ်ပတ်မှာ တစ်ရက်လောက်တော့ ဒီနေရာလေးမှာ အပန်းဖြေကြမယ်ကွာနော်"

"အံမယ် ... ဒါဆို ဝသန်က တစ်ပတ်တစ်ခါ ကျောင်းပြေးရမယ့်သဘောပေါ့၊ ကျောင်းတော့ အပျက်မခံနိုင်ပါဘူး"

"ရည်းစားပဲ အပျက်ခံမယ်ပေါ့ ... ဟုတ်လား"

"ဒါလေးနဲ့ စိတ်ကောက်ပြီး ပျက်ချင်လည်း ရတယ်လေ ကိုညီရဲ့၊ ဝသန်ကလည်း ကိုညီနဲ့နှစ်ယောက်တည်း နေရမှာ လန့်ပါတယ်"

"အံမယ် ... ဘာမှတောင် Lesson မပေးရသေးဘူး၊ ဒီလောက်နဲ့ သွေးပျက်ရသလား၊ နောက်ထပ်တွေ ကြုံရမယ့် Lesson တွေက အကြီးကြီးတွေမှ အကြီးကြီးတွေနော်"

သူ့ရုပ်က မချိုမချဉ်ဖြစ်နေလျှင် ဝသန် နေစရာမရှိတော့။ ထိုနေ့က ဘာမှမဖြစ်ခဲ့ပေမယ့် ဝသန် သင်ခန်းစာရခဲ့တာတော့ အမှန်။

မိန်းကလေးဆိုတာ ချစ်သူနဲ့နှစ်ယောက်တည်း မနေအပ်ဘူးလေ။

❁ ❁ ❁



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၇)

နွေနှောင်းနားထဲ ညည်းသံကြားနေရသဖြင့် အိပ်ရာမှ ထ
ထိုင်လိုက်ရသည်။ အဘိုးလား။ အဘိုးနေမကောင်းလို့ ညည်းနေတာ
လား။ သူမ အဘိုးအခန်းသို့ သွားချောင်းကြည့်လိုက်သည်။

"အဘိုးလည်း မဟုတ်ဘူး။ ဒါဖြင့် ဘယ်သူလဲ ... အဲ"

ဟိုနေ့ညက သန့်မင်းထွဋ်ခေါင်းကွဲခဲ့သည် မဟုတ်လား
ဒီနေ့မှ အနာဝင်ပြီး အဖျားတွေတက်နေသလား။ နွေနှောင်း စိုးရိမ်
တကြီးနှင့် သန့်မင်းထွဋ်အခန်းသို့ သွားကြည့်မိသည်။ အိပ်ရာပေါ်မှာ
ညည်းညူနေသည့် သန့်မင်းထွဋ်ကိုတွေ့လိုက်ရ၏။

"အို ... ဒုက္ခပါပဲ၊ တော်တော်များ အခြေအနေဆိုး
သလား၊ ငါ့ကြောင့် သူ ခေါင်းကွဲခဲ့ရတာ ... သနားပါတယ်"





သနားကြင်နာစိတ်ကြောင့် နွေနှောင်း ကြောက်ကြောက်နှင့်
ပင် သန့်မင်းထွဋ်အခန်းထဲဝင်ပြီး သူ့နဖူးကို စမ်းကြည့်မိလိုက်သည်။

"အို ... ကိုယ်တွေပူနေပါလား"

သူက နွေနှောင်းလက်ကို ကယောင်ကတမ်းဖြင့် လှမ်းဆုပ်
လိုက်လျှင် သူမ လန့်သွား၏။

"ဆရာ ... ဆရာ ကျွန်တော်ပါ၊ ဆရာ ကိုယ်တွေပူနေ
တယ်၊ ကျွန်တော် ဆရာ့ဝန်ခေါ်ပေးမယ်နော်"

"အား ကျွတ် ကျွတ် ... ရတယ်၊ ငါ ခေါင်းတွေအရမ်းကိုက်
နေတယ်၊ အကိုက်အခဲပျောက်ဆေး မရှိဘူးလား"

"ရှိတယ်၊ နေဦး ... ကျွန်တော် အဘိုးအခန်းထဲမှာ သွားယူ
ခဲ့မယ်၊ ကော်ဖီလည်း ဖျော်ခဲ့မယ်၊ ဆရာ လိုက်သောက်ပါလား"

"မင်းပဲ ယူလာခဲ့"

နွေနှောင်း သူ့အခန်းထဲမှ ပြန်ထွက်လာပြီး အဘိုးအခန်းထဲ
ကကာ အသံတိတ် ကော်ဖီဖျော်၊ ဆေးယူပြီး သန့်မင်းထွဋ်အခန်းဆီ
ပြန်လာခဲ့၏။ သူမစိတ်ထဲမှာ သူ့အတွက် စိုးရိမ်နေတာတွေပဲ ရှိသည်၊
ကျန်တာ ဘာမှ မတွေးမိ။

သန့်မင်းထွဋ်ကို ဆေးတိုက်၊ ကော်ဖီတိုက်ပြီးတော့ သူမ
အခန်းထဲမှ ပြန်ထွက်ဖို့ပြင်ရာ သူက နွေနှောင်းလက်ကို ဆွဲထားခဲ့
သည်။

"ငါ့ကို တစ်ယောက်တည်းမထားခဲ့ပါနဲ့ကွာ၊ အနားက ထိုင်

www.burmeseclassic.com



စောင့်ပေးနေပါ၊ ငါ့အမေရှိတုန်းက ဒီလိုပဲ ငါ့ကို စောင့်ပေးတယ်"

နွေနှောင်း တွန့်သွားသည်။ ဘယ့်နှယ် . . . ယောကျ်ားကြီး တစ်ယောက်ရဲ့အခန်းထဲမှာ သူမက ဘယ်လိုစောင့်ပေးမလဲ။

"ဟာ ဆရာကလည်း . . . တစ်ယောက်ယောက် မြင်သွားရင် ဘယ်ကောင်းမလဲ"

"သူများတွေအမြင်မှာ မင်းက ယောကျ်ားတစ်ယောက်ပါ။ ငါနဲ့ဖက်အိပ်နေတောင် တစ်မျိုး ဘယ်ထင်မလဲ"

"ဟာချာ . . . ဆရာမကောင်းဘူး၊ အရမ်းပြောတယ်"

ရှက်ရှက်နှင့် နွေနှောင်း ထွက်ပြေးသွားတော့ သန့်မင်းထွဋ် ခေါင်းကိုက်တာတွေ ပျောက်သွား၏။ ညလယ်ကောင် အိပ်ရာနိုးစအလှ နှင့် ကောင်မလေးရုပ်က တကယ့်ကို ဘယ်လိုလေးမှန်းမသိ။

ဘုရားရေ . . . ခံတွင်းပျက်နေတဲ့ကြောင်ကြီး သည့်တစ်ခါ တော့ အချစ်ကို မွေးဖွားတော့မှာလား။

သန့်မင်းထွဋ် စောင်ခြုံပြီးအိပ်ပေမယ့် အိပ်မပျော်ခင် သူမရဲ့ ပုံရိပ်တွေက မျက်လုံးထဲမှာ အစီအရီ။ မိန်းကလေးမှန်းသိတော့ ချစ်စရာကောင်းနေသည့် သူမရဲ့အလှတွေက သူ့ရင်ကို ပုတ်နှိုးနေတော့ သည်။

✿





"အဘိုးရေ . . . ကျွန်တော့် အဘိုးကို ကမ်းခြေပို့ဖို့ စီစဉ်ခဲ့ပြီ"

အခန်းထဲသို့ဝင်လာပြီး သန့်မင်းထွဋ် ပြောချိန်မှာ နွေနှောင်း အဘိုးကို လက်သည်းခြေသည်းများ ညှပ်ပေးနေ၏။ ညနေ (၅) နာရီခန့် ရှိပြီမို့ အဘိုးရော၊ နွေနှောင်းပါ ရေချိုးပြီးကြပေပြီ။ နှစ်ယောက် လုံး သန့်ရှင်းမွှေးကြိုင်လို့။

သူတို့အိမ် ရောက်တာကြာပြီမို့ နွေနှောင်းဆံပင်တွေပင် ရှည် လို့ လမ်းသရဲဆံပင်လို ကုပ်ကျော်နေပေပြီ။ ကောင်လေးအစစ်တွေက ဆံပင်မျိုးကို နောက်တက်မှာ သားရေကွင်းနှင့် စည်းထားလို့ရပေမယ့် နွေနှောင်း မစည်းရဲ။

ကိုယ်က မိန်းကလေးမို့ မိန်းမနှင့်တူသွားမှာ စိုးရသည်။

သန့်မင်းထွဋ်နောက်မှာ ညီမင်းထွဋ်ပါ ပါလာ၏။ သူက တော့ အဘိုးကို တယုတယပြုစုနေသည့် နွေနှောင်းကို ထုံးစံအတိုင်း ကြည့်မရ။ အလကားကောင်၊ ကပ်ပလီ။

အဘိုး၏ ကျန်းမာရေးအခြေအနေမှာလည်း များစွာတိုးတက် လာ၏။ ဗိုးချဲပင် သိပ်မသုံးရတော့။ လူတွဲနှင့် သွားလိုရာသွားနိုင်ပေပြီ။

"ဘယ်တော့သွားမှာလဲ လူလေးရဲ့၊ မင်းအလုပ်တွေကရော အားလို့လား။ အငယ်ကောင်ရော လိုက်မလား။ မင်း ကျောင်းပိတ် နေပြီ မဟုတ်လား"

ညီမင်းထွဋ် ပန်းတွန့်ပြသည်။ သူ့ရုပ်က ဂျစ်ကန်ကန်။ မှန်



www.burmeseclassic.com

www.burmeseclassic.com



ကုပ်ကုပ်။

"အဘိုးတို့နဲ့ မလိုက်ချင်ပါဘူး ... အကုသိုလ်များတယ်၊ ကျွန်တော့်ဘာသာ ကိုယ့်အတွဲနဲ့ကိုယ် သွားမှာ"

သူ့စကားကြောင့် အဘိုးမျက်လုံးပြူးသွားရ၏။

"ဟ ... မင်းက နို့နံ့တောင် မစင်သေးဘူး၊ မိန်းမယူတော့ မလို့လား၊ လူလေးတောင် ဘာသံမှကြားရသေးဘူး"

"ဟာ အဘိုးကလည်း ... ကိုကိုက အဘိုးတို့ပေးစားမယ့် မိန်းမ စောင့်နေတာ၊ သားကတော့ ကိုယ်ကြိုက်တာ ကိုယ်ရွေးမှာ၊ သူလည်း ဆရာဝန်၊ ကိုယ်လည်းဆရာဝန်၊ ဂုဏ်ရည်တူချင်း မကောင်း ဘူးလား"

ကြုံတုန်း ဖွင့်ပြောခွင့်ရသဖြင့် ညီမင်းထွဋ် ပီတိဖြစ်နေရ၏။ ပြီး အဘိုးပုံစံက သိပ်မကန့်ကွက်ဘူး မဟုတ်လား။

"ကျောင်းတောင် မပြီးသေးဘူး၊ မင်း တော်တော်လွန်နေပြ လား"

"ကျောင်းက ပြီးပါပြီ အဘိုးရဲ့၊ နောက်ဆို သားက မိန်း ယူလာပြီး အဘိုးကိုပြုစုနိုင်းဦးမှာ"

"မလိုပါဘူး ... ငါ့မှာ ကောင်လေးရှိသားပဲ"

"အဘိုးကောင်လေးက ငွေပေးရတာပဲ၊ သားမိန်းကလေး ငွေမပေးရဘူး၊ စေတနာနဲ့ လုပ်ပေးမှာ"

ညီမင်းထွဋ်စကားကြောင့် နွေနှောင်း မျက်နှာပျက်သွား





အဘိုးကို ညှပ်ပေးနေသည့် လက်ကလေးများ တုန်ယင်သွားလျှင် ညီမင်းထွဋ်မှ မြေးကို စိတ်ဆိုးတော့သည်။

"ဟော့ကောင် ... စကားကို အရမ်းမပြောနဲ့၊ ငါ မကြိုက်ဘူး။ မင်းဘာသာ လိုက်ချင်လိုက် မလိုက်ချင်နေ၊ လူလေး ပြော ... ဘယ် တော့ ဘယ်လိုစီစဉ်ထားလဲ"

"ရွှေအပတ်ထဲမှာ အဘိုး လေယာဉ်နဲ့သွားကြမယ်၊ ဘန်ကလို စ်ခု လှမ်းချိတ်ထားတယ်၊ လေယာဉ်လက်မှတ်ကတော့ ညီညီပါ လိုက်ရင် (၄) စောင်ပေါ့"

"(၅) စောင်လုပ်၊ ကျွန်တော့်ချစ်သူပါ ခေါ်လာမယ်၊ အကြို န်းနီးမွန်းပေါ့"

"ဟော့ကောင် ... အဘိုးကို မလေးစားရာရောက်မှာပေါ့၊ က်မထပ်ဘဲရော ဘယ်မိန်းကလေးက မင်းနောက်လိုက်မလဲ"

"ဟာ ကိုကိုကလည်း ... တစ်မျိုးမတွေးနဲ့လေ၊ သူ့ကို သားစုနဲ့ သွားမှာ၊ အဘိုးနဲ့ အစ်ကိုလည်း ပါတယ်၊ အစ်မတွေပါမယ် ... အဲလိုပြောခေါ်မှာပေါ့၊ ဗိုင်ပါတယ်"

"မဖြစ်သေးပါဘူးကွာ၊ ငါတို့ မျက်စိရှက်တယ်၊ မင်းဘာသာ ချင် သတ်သတ်သွား၊ ငါတို့အဖွဲ့နဲ့ လာမရောနဲ့"

"ဒါဆိုလည်း ပြီးရော၊ အဘိုးနဲ့ကိုကိုက အလကား ခေတ် က်ပြန်ဆွဲနေတဲ့ အဘိုးကြီးတွေ"

"ထားလိုက်ပါတော့ကွာ ... မင်းတစ်ယောက်တည်းပဲ



www.burmeseclassic.com

www.burmeseclassic.com



ခေတ်မီနေလိုက်တော့၊ ငါတို့သုံးယောက်စာပဲလုပ် လူလေး အဲ ...
အငယ်ကောင် လိုက်ချင်ရင် မင်းတစ်ယောက်တည်းပဲ လိုက်ရမယ်
နော်၊ ရှည်းစားခေါ်လာလို့ မရဘူး"

ညီမင်းထွဋ်မှ တစ်ချက်စဉ်းစားလိုက်ပြီး အယူခံဝင်လိုက်
"အဘိုး ... ဒါဆိုလည်း သူငယ်ချင်းတော့ ခေါ်လာမယ်
အဘိုးတို့လူကြီးတွေကြားမှာ သားပျင်းလို့ပါ"

"မင်းသူငယ်ချင်းက အထီးလား အမလား"

"အထီးပေါ့ အဘိုးရဲ့၊ အထီး"

"အေး ... ဒါဆို ခေါ်ချင်ခေါ်"

"ဝေး ပေး ပေး ... အဘိုးက အရမ်းချစ်ဖို့ကောင်းတယ်
ဒါကြောင့် ချစ်ရတာ"

ညီမင်းထွဋ်တစ်ယောက် ကလေးလို ခုန်ပေါက်ပြီး အဘိုး
ကို ဘယ်ပြန်ညာပြန် နမ်းနေလျှင် နွေနှောင်း၊ သန့်မင်းထွဋ်ကို
ကြည့်မိသည်။ ဘုရားရေ ... သူကလည်း ခိုးကြည့်လို့ပါလား။ အ
ကတော့ တဟားဟားနှင့် စိတ်ချမ်းသာနေ၏။

"ခွေးကောင် ... သွားတော့ သွားတော့ ... တော်ပြီ
သွားချိုးကြ၊ ညစာ အဘိုး အောက်မှာ မိသားစုစုံစုံညီညီနဲ့ စားမယ်

"အိုကေ ... (၆) နာရီမှာ အဆင်သင့် ထမင်းစားခ
ရောက်လာရမယ် အဘိုး"

ညီမင်းထွဋ်နှင့်သန့်မင်းထွဋ်မှ အဘိုးအခန်းထဲမှ ထွက်ခွာ





ကြတော့ ဦးမင်းထွဋ်မှ နွေနှောင်းကို သေသေချာချာကြည့်မိသည်။
ကလေးလည်း ရွှင်လန်းနေပါလား။ တမ်းခြေဆိုတော့ ပျော်မှာပေါ့
သေး။

"ကောင်လေး ... ကမ်းခြေသွားရမှာ ပျော်လား"

"ပျော်တာပေါ့ အဘိုးရဲ့၊ ငပလီဆိုတာ ရုပ်ရှင်ထဲပဲ မြင်ဖူး
သေး ကျွန်တော်တို့အဆင့်တွေဆို ရောက်ဖို့ ဘယ်လွယ်မလဲ"

"မင်းကတော့ စကားကြီးစကားကျယ် တကယ်ပြော"

"ဟုတ်တယ် အဘိုးရဲ့ ... လေယာဉ်လက်မှတ်ခ၊ ဘန်ဂလို
ခ၊ စားသောက်စရိတ်တွေနဲ့ သာမန်လူတန်းစား ဘယ်သွားနိုင်
"

"ကဲ ... ထားလိုက်ပါတော့ကွာ၊ ဖေဖော်ဝါရီလထဲဆိုတော့
မပူပါဘူးနော်"

"ပူလည်း ပင်လယ်ရေနဲ့ ဆေးမယ်လေ အဘိုးရဲ့ အဲ ..."
ပြောပြီးမှ နွေနှောင်း သတိရသွား၏။ သူမဘဝက ရေချိုးလို့
တမ်းခြေအရသာ ငါ ခံစားရမှာမဟုတ်တော့ပါဘူး။

"အဘိုး ... ကျွန်တော် အိမ်တော့ခဏပြန်လိုက်ဦးမယ်၊
နဲ့ အမေကို ပြန်နှုတ်ဆက်ဦးမယ်"

"အေးပါကွာ၊ ညတော့မအိပ်နဲ့နော် ကောင်လေး ... မနက်
ညနေပြန်လာ၊ အဲ ... လူလေးကိုလိုက်ပို့ခိုင်းမယ်၊ ငွေလည်း
ဦး။ လကုန်တော့မယ်၊ တစ်ပတ်ပဲ လိုတော့တာ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့်တာသာပြန်ပို့မယ် အဘိုးရယ်၊ ဆရာ့ကို အား

ပါတယ်၊ သူက အလုပ်ရှုပ်တာနဲ့"

"ဒါဆိုလည်း ညီညီ့ကို ပို့နိုင်းမယ်၊ သူက ကျောင်းပြီး

အားနေတဲ့ကောင်"

"အောင်မယ်လေး . . . သူ့တော့ကြောက်တယ် အဘိုး . . .

အလကားနေရင်း ကျွန်တော့်ကို ကြည့်မရဖြစ်နေတာ"

"အငယ်ဆိုတော့ သဝန်တိုတတ်တာပေါ့ကွာ၊ သူ့ကို မေ

တော့မှာ စိုးမှာပေါ့"

"ကျွန်တော်လည်း အငယ်ပါ အဘိုးရာ၊ သူ့လို စိတ်

ပါဘူး"

"ခွင့်လွှတ်လိုက်ပါ ကောင်လေးရာ၊ ကဲ . . . တို့မြေးအ

ထမင်းစားခန်းကို ဖြည်းဖြည်းသွားကြစို့၊ ဒါမှ (၆) နာရီထိုး

အောက်ကိုရောက်မှာ"

အဘိုးရဲ့ပြောသကြောင့် ရယ်မောရင်း သူတို့နှစ်ယော

အောက်ထပ်ထမင်းစားခန်းသို့ ဖြည်းညင်းစွာ ဆင်းနင့်ခဲ့ကြသည်

❁ ❁ ❁



## အခန်း (၁၈)

ကြိုတင်လစာငွေတစ်သိန်းကို ယူပြီး နွေနှောင်း အိမ်သို့ လာခဲ့သည်။ ကျောင်းပိတ်ရက်တွေမို့ အိမ်မှာ အစ်မတွေလည်း မည်။ အဘိုးက မုန့်ထုပ်တွေလည်း ပေးလိုက်သည်မို့ အိမ်အပြန် နှောင်း ခြေထောက်တွေ သွက်နေ၏။

သူမ အိမ်ရောက်တော့ မိဘနှစ်ပါးနှင့် မမကြီးဝသန်ကိုပဲ ငေးငူငူနှင့် တွေ့ရသည်။ လူကြီးတွေမျက်နှာညှိုးနွမ်းနေလျှင် နှောင်းရင်ထဲ ထိတ်ခနဲ ဖြစ်ရသည်။ ခါတိုင်းလို စကားတွေ ဖောင်ဖောင် မပြောနိုင်တော့ဘဲ အမေ့အနားသို့ နွေနှောင်း ကပ်ထိုင် သည်။

"အမေ ဘာတွေဖြစ်နေလဲဟင်၊ ဘာပြဿနာတွေ ရှိလို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာမှမဖြစ်ပါဘူး သမီးရယ်၊ နှင့်အစ်မ နှင့်အစ်မ အလို တုံးကြီး လင်နောက်လိုက်သွားလို့"

"ဟင်"

မမဟောမာန်ပေါ့။ လူကြည့်တော့ ရိုးရိုးအေးအေး။ အလု တောင် မရသေးဘဲ ကျောင်းပြီးတာနဲ့ လင်နောက်တန်းလိုက်ရသလာ

"ဒါလည်း အမေရယ် သူ့လူက အလုပ်နဲ့အကိုင်နဲ့ မဟု လား။ အခြေအနေကောင်းရင် တော်သေးတာပေါ့၊ အလုပ်မရှိ အ မရှိတဲ့ လူပေါ်ကြော့မဟုတ်ရင် ပြီးတာပဲ"

နွေနှောင်း တတ်သမျှမှတ်သမျှ မိဘနှစ်ပါးကို ဖျောင် လျှင် အမေ့မျက်ရည်တွေက တသွင်သွင် စီးကျလာ၏။

"ဒင်း မလိမ္မာတာတွေးပြီး ရင်နာလို့ပါ၊ ငါတို့မှာ အကြီးနှစ်ယောက်ကို ပုံပိုးလိုက်ရတာ၊ အငယ်မလေးအပေါ် တာ မကျေနိုင်ခဲ့ကြဘူး။ ငါတို့ရဲ့ဒုက္ခတွေကို ငါ့သမီးလေးက ကူထမ်း တယ်၊ အခုကျ ငါတို့မှာသာ ဒုက္ခတွေ ပင်လယ်ဝေကျန်ခဲ့ရတ သူကတော့ သူ့ဘဝနဲ့သူ ခေါင်းမော့ ရင်ကော့ ထွက်သွားခဲ့ပြီ ငါတို့တွေကို ခု နင်းပြီး သူ့ဘဝမြင့်မားလာပအောင် လုပ်သွားခဲ့

အမေ ရင်နာနေတော့ အဖေနှင့်နွေနှောင်းက ဖျောင်းဖျ မော့ရသည်။ ဝသန်ခါ စကားမဆိုရဲ၊ ဘာပဲဖြစ်ဖြစ် သူလည်း ဟော လိုပဲ အမေတို့ရင်ခွင်မှ ထွက်ခွာမယ့်သူ မဟုတ်ပါလား။

"မိန်းမရယ် . . . ဒါ မမှတာပဲကွာ၊ ကိုယ့်သမီးဘဝ အ





ပြသွားတယ်ဆိုလည်း တို့တွေ ကျေနပ်ရမှာပေါ့၊ မိဘဆိုတာ သား သမီး ဆင်စီးပြီးမြင်းရံတာ ကြည့်ရရင် ပြီးတာပဲမဟုတ်လား။ သူ့ ကောင်လေးက ဝပ်ရှော့ပိုင်တယ်၊ တိုက်နဲ့ကားနဲ့ဆို ပြီးတာပဲကွာ"

"ဟုတ်ပါတယ် အမေရယ် . . . မမဟောမာန်က အေးတော့ အိမ်းတတ်,မရှောင်တတ်နဲ့ ယောကျ်ားရသွားတာ နေမှာပါ၊ မမ တတ်ကို ခွင့်လွှတ်လိုက်ပါနော်"

ယောကျ်ားနှင့်သမီးငယ်က ချော့မော့နေပေမယ့် ဝသန် ကားသံတိတ်နေလျှင် ဒေါ်နှင်းနု သတိထားမိသွားသည်။ သင်းလည်း တ်ထဲက ဒီပဲလား။ မိဘက မကုန်ခန်းနိုင်သည့် မေတ္တာတို့နှင့် တို့ကို ပြုစုပျိုးထောင်ခဲ့တာ။ ရှိသမျှပစ္စည်းတွေ ကုန်သည့်အပြင် ကြွေးတွေပါ တင်နေခဲ့၏၊ တက္ကသိုလ်ကျောင်းသူသမီးနှစ်ယောက် နှစ်ရှည်လများစရိတ်ကြောင့် သူမမှာ အကြွေးတွေနှင့်။

အကြွေးကိစ္စကို မည်သူ့ကိုမှမပြောရက်လို့ မပြောခဲ့ပေမယ့် ပ်ဖြန် စစ်ဆေးရေးဝင်တော့မည်မို့ ဒေါ်နှင်းနု မမျိုသိပ်နိုင်တော့။ တစ်ယောက်တည်း ကြိတ်မှိတ်ခံစားရလွန်းလို့ လူလည်း ပိန်ချုံး ခဲ့ပြီ။

မင်းကတော် သမီးနှစ်ယောက်အတွက် သူတို့သုံးယောက် ည်း။ ခါးစည်းခံခဲ့ရပေမယ့် မင်းကတော်တစ်ယောက်က ကျော ပြီး သူ့လမ်းသူလျှောက်သွားခဲ့ပေပြီ။

ဒေါ်နှင်းနု မခံစားနိုင်တော့။ ကိုယ့်ရင်ဘတ်ကိုယ်ထုပြီး မျို



www.burmeseclassic.com

www.burmeseclassic.com



တင်ကဲအသံနှင့် . . .

"အောင်မယ်လေး . . . ငါ့မှာတော့ ငါ့သမီးနှစ်ယော အလုပ်ရရင် ဒီကြွေးတွေ ပြန်ဆပ်နိုင်မယ်၊ ငါတို့ရဲ့ ဆင်းရဲမွဲတေလှ ဘဝလည်း သက်သာရာရမယ်၊ သူတို့ပါ ကူထမ်းပြီး ဘဝကို သက် ရှူခွင့်လေးရမယ် မှတ်ခဲ့တာ၊ အခုတော့ သူတို့က အာကာဟပ် တိမ်ညွန့်စားတဲ့ တိမ်မင်းသမီးတွေပါလား။ ငါတို့နဲ့ ဒိုးတူပေါင်ဖ အေးအတူ ပူအမျှ ခံစားမယ့်သမီးတွေ မဟုတ်ပါလား"

နွေနှောင်း အမေ့ကို အတင်းဖက်၊ အမေ့လက်တွေကို ချ ထားရင်း သူမပါ မျက်ရည်ကျရသည်။

"တော်ပါတော့ အမေရယ်၊ မမလတ်လည်း သူ့အကြောင် နဲ့သူ ရှိပါလိမ့်မယ်၊ နားလည်ပေးလိုက်ပါ အမေရယ်၊ အမေ့အကြေ တွေကို သမီး ကူဆပ်ပေးမယ်နော်၊ သမီး ကြိုးတင်လစာတောင်းပေ မယ် . . . နော် နော်"

နွေနှောင်းက ကလေးမို့ ကလေးအတွေးနှင့် သူ့အမေ အကြွေးကို နည်းနည်းလေးထင်ပေမယ့် ဦးဘသက်ကတော့ ရိပ်မိ သည်။

"ကဲ နှင်းနုရယ် . . . ဘာမှ စိတ်ဆင်းရဲမနေနဲ့တော့၊ တင်နေတဲ့ အကြွေးတွေကို ငါတို့ အိမ်ရောင်းဆပ်ကြမယ်၊ ဒီအိမ် ရောင်းလည်း လေးငါးသောင်းတော့ ရပါတယ်ကွာ"

ဝသန့်ထံမှ ကန့်ကွက်သံ ထွက်လာ၏။





"အို အဖေကလည်း . . . သမီးတို့က ဘယ်မှာသွားနေကြ မလဲ၊ ခုလို အိမ်စုတ်လေးတောင် မရှိရင် ဘယ်လိုလုပ်မလဲ"

"အိမ်ငှားနေရမှာပေါ့၊ ဒီအိမ်ကို ရောင်းတောင် အကြွေးက ကျေပါ့မလား။ မင်းသုံးထားတာ ဘယ်လောက်တောင်လဲ"

"စုစုပေါင်း (၄၅) သိန်းရှိတယ်၊ ဒါပေမဲ့ အစ်ကိုရယ် . . . စာရင်းစစ်က မနက်ဖြန်ဝင်မှာ၊ အိမ်က ချက်ချင်းရောင်းထွက်မှာ မဟုတ်ဘူး။ ကျွန်မတော့ အရက်တွေကွဲ အချုပ်ခံရပြီး အလုပ်ပါပြုတ် ရတော့မှာ"

သမီးလင်နောက်လိုက်လို့ ပူဆွေးကြရာမှ အကြွေးကိစ္စသို့ ရောက်သွားသည့်အခါ ဝသန့်မှလွဲ၍ အားလုံး စိတ်သောက ရောက် သွားကြရသည်။

ဝသန့်ကတော့ ဒီလောက်ဆင်းရဲလှသည့်အိမ်မှ ထွက်ပြေး ချင်နေပေပြီ။ ဘယ်လိုမှ ကူလို့ကယ်လို့ မရမည့်အိမ်ကြီး။ အင်း . . . အိမ်မရှိရင်တော့ တော်တော် ရှုပ်ပျက်မှာပဲ။ အခုလိုအိမ်လေး လောက်တောင် မပိုင်တော့ရင် ငါတို့ကို လူတွေ အထင်သေးမှာပဲ။

ကိုညီကလည်း မနေ့ကတွေ့တော့ ပြောတယ် . . . သူ့အဘိုး နဲ့ ကမ်းခြေကိုသွားရမယ်တဲ့။ သူ့ကိုချစ်ရင် ယောကျ်ားလေးလိုဝတ်ပြီး လိုက်ခဲ့ရမယ်တဲ့။ ငါ ကိုညီနဲ့ စိတ်အခန့်မသင့် မဖြစ်ချင်ဘူး။

အခုဆို အိမ်မှာ အခြေအနေမကောင်းတော့ဘူး။ ငါ ကိုညီကို အပိုင်ကပ်ထားမှဖြစ်မယ်။ ဒါပေမဲ့ အိမ်ကို ဘယ်လိုလို့မ့်ထွက်ရမလဲ။



www.burmeseclassic.com

www.burmeseclassic.com



သူတို့တွေကို ငါလည်း မကူညီနိုင်တဲ့အတူတူ ကိုယ့်လမ်းကိုယ်လျှောက်တာ ကောင်းပါလိမ့်မယ်။ ကျောင်းပြီးဖို့ တစ်နှစ်လိုတာကို ကိုညီ ဆက်ပြီးထားလိမ့်မှာပေါ့။

မိသားစုသုံးယောက် ပူဆွေးသောကရောက်နေကြချိန်မှာ ဝသန်ကတော့ ကိုယ်လွတ်ရုန်းဖို့သာ စိတ်ကူးနေ၏။ ငယ်စဉ်ကတည်းက တတော်အောင် ကြိုးစားပြီး ရည်မှန်းချက်ကြီးခဲ့သူမို့ ဝသန့်နှလုံးသားတွေက မိသားစုစိတ် ခပ်နည်းနည်း။ သူ့အတွေးက သူ့အတွက်အတွက်ပဲ ဗဟိုပြုသည်။

"အင်း ... ငါ အလုပ်ရရင်တော့ သူတို့ကို ပြန်ပြီးကြည့်ပါ့မယ်လေ၊ အနည်းဆုံး ငါ့အတွက် ကုန်ထားတဲ့ငွေတော့ ကျေအောင် ပြန်ဆပ်မယ်"

နွေနှောင်းနှင့် ဦးဘသက်မှာ ဒေါ်နှင်းနုအတွက် အမျိုးမျိုး ကြံစည်စိတ်ကူးနေကြရသဖြင့် ထမင်းပင် မချက်နိုင်။ ဒေါ်နှင်းနုမှာလည်း ချက်ချင်စိတ်မရှိတော့။ သားအမိ သားအဖသုံးယောက် ညနေခင်းထဲမှာပင် နံရံကိုမှီပြီး ငေးမိငေးရာ၊ တွေးမိတွေးရာ တွေးပြီးနေကြ၏။

ဝသန်ကတော့ ဟိုလိုလို၊ ဒီလိုလိုနှင့် လစ်ထွက်သွားပြီး ကိုညီ့ထံ ဖုန်းဆက်နေခဲ့သည်။

"ကိုညီ ပေလီသွားဖို့ ဝသန်လိုက်မယ်လို့ သတင်းပို့တာပါ"

"ဟာ ဝသန် ... တကယ်ပြောတာနော်၊ တကယ်နော်"

တစ်ဖက်မှ ဝမ်းသာအားရသံထွက်လာသဖြင့် ဝသန် သက်





ပြင်းချရ၏။ တော်သေးတာပေါ့။

"တကယ်ပါ ကိုညီရယ် ... ရှင်စိတ်ဆိုးမှာ ဝသန် မခံယူချင်ပါဘူး။ ကမ်းခြေဆိုတာလည်း ရောက်ဖူးချင်ပါတယ်၊ ကိုညီ့အဘိုးက ဝသန့်ကို သံသယတွေများ ဝင်နေဦးမှာလား။ ဝသန့်ဆံပင်တွေ ညှပ်ပစ်ရမှာလည်း နမြောတယ်"

"ဝသန်ရယ် ... အခု ဝသန့်ဆံပင်ကရော ဘယ်လောက်ရှည်လို့လဲ၊ ယောကျ်ားလေးနဲ့တူအောင် နည်းနည်းလောက်ပဲ ညှပ်ပစ်ရမှာပဲဟာ".

"ယောကျ်ားဝတ်တွေလည်း မရှိဘူးနော်"

"သိပါတယ် အချစ်ရယ်၊ ကိုယ်ဝယ်လာခဲ့မှာပေါ့၊ သွားဖို့က တစ်ပတ်လိုပါသေးတယ်၊ နှစ်ရက်ကြိုလောက်ကစပြီး ပုံသွင်းပေးမယ်လေ၊ ဝသန်လိုက်ဖြစ်မှာ အရမ်းဝမ်းသာတယ်ကွာ"

"ကဲ ... ဒါဆိုလည်း ဒါပဲနော်၊ ဝသန် အိမ်မှာ စိတ်ညစ်နေလို့"

"ဘာတွေများလဲကွာ ... ကိုယ့်ကိုပြောလေ၊ ကူလို့ရရင် ကူမှာပေါ့"

"နေပါစေ ကိုရယ် ... သူတို့ပြဿနာ သူတို့ ရှင်းလိမ့်မယ်၊ ကိုလည်း မကူနိုင်ပါဘူး၊ ဒါပဲနော် ... ဖုန်းချလိုက်ပြီ"

ဝသန် ဖုန်းချလိုက်ရင်း သက်ပြင်းချရ၏။ ကြွေးကိစ္စကို သူ့အား မပြောရ။ တော်ကြာ အထင်သေးတာပဲ အဖတ်တင်လိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်အမေက အစိုးရငွေကို အလွဲသုံးစားလုပ်ခဲ့သည်မို့။

ဝသန် ရပ်ကွက်ထဲကသူငယ်ချင်းတွေရှိရာသို့ လျှောက်သွားလိုက်သည်။

အိမ်မှာတော့ သားအမိသားအဖသုံးယောက် ဆွေးနွေးနေကြခဲ့။ ဦးဘာသက်က ...

"လောလောဆယ် ဒီအိမ်ကို ပေါင်လိုက်မယ်ကွာ၊ လိုတဲ့ငွေမရတောင် (၃၀) လောက်တော့ရမယ်"

"ဒါနဲ့လည်း မပြည့်သေးပါဘူးရှင်၊ ကျန်တဲ့ငွေ ဘယ်လိုရှာမလဲ"

"နေဦး အမေ ... ကျွန်တော် အဘိုးဆီ အကျိုးအကြောင်းပြောကြည့်ဦးမယ်၊ ရလည်း ရ အကုန်မရလည်း တချို့တစ်ဝက်ရရင် အိမ်ပေါင်မယ့်ငွေနဲ့ မနက်ဖြန် စာရင်းစစ်မလာခင် အမေပြန်ထည့်နိုင်မှာပေါ့"

"ဒီလောက်ငွေအများကြီးကို ပေးပါ့မလား သမီးရယ်"

"ပြောကြည့်မယ်လေ အမေရယ် ... ကြိုးတင်လစာပေါ့၊ အလကားတောင်းတာမှ မဟုတ်တာ၊ ဒါမှမဟုတ်လည်း မမဟေမာန်ကို လှမ်းပြောကြည့်ပါလား"

"သူများမင်္ဂလာဦးမှာ စိတ်ဆင်းရဲကုန်ပါ့မယ် သမီးရယ်၊ နေပါစေတော့ ... အမေပဲ ထောင်ချခံလိုက်ပါတော့မယ်၊ တစ်ခုတော့ စိတ်မကောင်းဘူး၊ အမေ့အတွက် သမီးတို့မှာ အမည်းစက်တွေ





ထင်ကုန်လိမ့်မယ်"

မျက်ရည်များနှင့်အမေ ကြေကွဲနေလျှင် နွေနှောင်း အမေ့မျက်ရည်တွေကို သုတ်ပေးရင်း ကိုယ့်မှာလည်း မျက်ရည်လည်ရွဲ။

"အမေရယ် ... သမီး အဘိုးကိုပြောကြည့်မယ်၊ သူတို့က သူဌေးတွေပဲ၊ စိုက်ပေးမယ်ဆို ပေးနိုင်ပါလိမ့်မယ်၊ ခဏလေးနော် အမေ"

အမေနှင့်အဖေ တားနေသည့်ကြားမှပင် လမ်းထဲရှိ ဖုန်းအငှားဆိုင်သို့ နွေနှောင်း အမြန်သွားလိုက်သည်။ အဘိုးတို့အိမ်မှ ဆင်ထားသဖြင့် စတိုင်ဘောင်းဘီ အမျိုးမျိုး၊ တီရှပ်၊ စပို့ရှပ် အမျိုးမျိုးနှင့် နွေနှောင်းပုံစံက ခပ်မိမိ။ အပေါ်မှ ရှပ်တွေ၊ ဂျာကင်တွေ ထပ်ဝတ်မထားသဖြင့် ယောက်ျားလျာပုံစံ ဖြစ်နေ၏။

ခပ်ချောချောကောင်လေးပုံပေါ့။ နွေနှောင်း အိမ်သို့ ဖုန်းခေါ်လိုက်တော့ အဘိုးနှင့်မတိုးဘဲ ညီမင်းထွဋ်နှင့် သွားတိုးနေ၏။

"ဘာလဲ ... ဘာကိစ္စလဲ၊ ခဏလေးအိမ်ပြန်တာတောင် အဘိုးကို ပြန်ချွဲနေသေးသလား"

"မဟုတ်ပါဘူး ကိုညီရယ် ... ကျွန်တော် ပြောစရာရှိလို့ပါ"

"ပြောစရာရှိရင် ငါ့ကိုပြောပေါ့၊ အဘိုးအိပ်နေတယ်၊ နှိုးမပေးနိုင်ဘူး"

ညီမင်းထွဋ်စကားကြောင့် နွေနှောင်း ဘာဆက်ပြောရမှန်းမသိတော့။ ကိုယ်တိုင်ပင်ပြေးပြီး အဘိုးကို အကျိုးအကြောင်း ပြော



www.burmeseclassic.com

www.burmeseclassic.com



လိုက်ချင်တော့သည်။

"ဒါဆိုလည်း ဆရာ့ကို ညနေကျ ကျွန်တော့်ကို လာကြိုဖို့ ပြောပေးပါဗျာ"

"အောင်မယ် ... မင်းက ဘာကောင်မို့ လာကြိုရမှာလဲ၊ မင်း တော်တော် အခွင့်အရေးယူနေပါလား။ အဲဒါတွေ ငါကြည့်မရ တာပဲ၊ ဟောကောင် ... မင်းဘာသာ ပြန်ချင်ပြန်၊ မပြန်ချင်နေ ... ဒါပဲ"

တစ်ဖက်မှ ဖုန်းပိတ်သွားရာ နွေနှောင်း မျက်ရည်ကျရသည်။ အမေ့အတွက် ဘယ်လိုလုပ်ပေးနိုင်မလဲ။ မနက်ဖြန်ဆို စာရင်းစစ်တွေ လာတော့မည်။

အမေ့ကို သမီးသုံးယောက်လုံး မကူနိုင်တော့ဘူးလား။ မကယ်နိုင်တော့ဘူးလား။ ငွေအလွဲသုံးစားလုပ်တယ်ဆိုပြီး လူတွေ အထင်သေး၊ အမြင်သေးဖြစ်ခံရ၊ နောက် ထောင်တွေ ဘာတွေကျ။

ကွေးရုံနှင့်ပင် ရင်ထဲမှာ မီးလိုပူလာသည့်အခါ နွေနှောင်း မရှက်နိုင်တော့။ သန့်မင်းထွဋ်၏ဟန်းဖုန်းသို့ ဆက်သွယ်မိလေ၏။

"ဆရာ ကျွန်တော်ပါ ... နွေနှောင်းပါ"

"အေး ပြော ... ဘာဖြစ်လို့လဲ"

သူ့အသံက ခပ်ဆတ်ဆတ်ဖြစ်နေလျှင် နွေနှောင်း အားငယ် ရ၏။ သို့သော် အားတင်းပြောရမှာပဲ။

"ဆရာရယ် ... ကျွန်တော်တို့အိမ်မှာ သေရေးရှင်ရေး





လောက်ကို ပြဿနာဖြစ်နေလို့ပါ၊ ဆရာကူညီပါဦးဗျာ၊ အဘိုးဆီ ဖုန်းဆက်တော့လည်း ကိုညီနဲ့တိုးပြီး ကျွန်တော့်ကို ဟိန်းဟောက်နေ လို့ပါ"

"ဖုန်းထဲမှာ ပြောလို့ဖြစ်ရဲ့လား။ ပြောစရာရှိတာ နောက်မှ ပြော၊ ကိုယ်ဘာကူညီရမလဲ ... ငွေလား"

သန့်မင်းထွဋ် ပွင့်ပွင့်လင်းလင်းပြောဖော်ရလျှင် နွေနှောင်း ဝမ်းသာရ၊ အားတက်ရသည်။ ဆရာရယ် သဘောကောင်းလိုက်တာ။

"ဟုတ်ပါတယ် ဆရာရယ် ... ကျွန်တော်တို့မှာ ငွေ (၅၅) သိန်းမှ ဒီညနေမရရင် မနက်ဖြန် အမေ အချုပ်ခံရ၊ အလုပ်ပြုတ်ရ တော့မှာပါ၊ တကယ်တော့ ဒီငွေတွေကို အမေသုံးရတာ မဟုတ်ပါဘူး။ သမီးတွေအတွက်"

"ဟိုး ... ဒါတွေ ကိုယ်နားလည်ပါတယ်၊ ညနေကျ မင်းကို လာကြိုရင်း ယူခဲ့မယ်၊ ဒါပဲမဟုတ်လား ... ငါ့မှာ အလုပ်တွေရှိသေး တယ်"

"ဟို ဆရာ ... အဲ အဲဒီငွေကို ကျွန်တော် ပြန်ဆပ်"

"ရတယ် ... နောက်မှ ဆွေးနွေး၊ ညနေမှ တွေ့မယ်"

တစ်ဖက်မှ ဖုန်းပိတ်သွားသော်လည်း နွေနှောင်း နေရာမှာ င် ခုန်ပေါက်ကမိတော့မတတ် စိတ်ချမ်းသာသွားရသည်။ ပြီးမှ ကျွန် ခံ ဆပ်ရ ဆပ်ရ၊ လောလောဆယ် အမေ့ကို ကယ်တင်နိုင်ပေပြီ။

နွေနှောင်း အိမ်သို့အပြေးပြန်လာခဲ့ပြီး အိမ်ပေါ်မှာ မျက်ရည်



www.burmeseclassic.com

www.burmeseclassic.com



ကျနေသည့် အမေ့ကို ပြေးဖက်လိုက်သည်။ အမေ့အနားကုလားထိုင်မှာ ခြေကုန်လက်ပန်းကျကာ ကြေကွဲဝမ်းနည်းနေသည့်အဖေလည်း နွေနှောင်းကို အားကိုးတကြီးကြည့်လျက်။

"အဆင်ပြေတယ် အမေ . . . ဆရာက ညနေလာရင် ယူခဲ့မယ်တဲ့"

"ဟော"

ငွေ (၃၅) သိန်းကို လွယ်လွယ်ကူကူ ယူလာခဲ့မည်၊ ချေးငှားမည်ဆိုတော့ လင်မယားနှစ်ယောက် တအံ့တသြ။

"သမီးရယ် . . . အမေတို့အတွက် မျက်နှာငယ်နေရမလား ကြိုတင်လစာဆိုလည်း ငါ့သမီး သုံးနှစ်လောက် လုပ်ပေးနေရမှာပေါ့"

"ရပါတယ် အမေရယ် . . . သုံးနှစ်မက နှစ်အနှစ် (၃၀) ပဲ လုပ်ရ လုပ်ရပါ၊ အမေ ဒုက္ခမရောက်ရင် ပြီးပါတယ်"

"သမီးရယ် သမီးလေးရယ် . . . အမေတို့မှားခဲ့ကြတယ် အမေတို့အားကိုးတဲ့ သမီးတွေက ဘာမှမကူညီနိုင်ဘဲနဲ့ ဖြစ်သလို ကြီးပြင်းခဲ့ရ၊ တက္ကသိုလ် မတက်ရရှာတဲ့ သမီးလေးကပဲ အမေတို့ကို ကူညီနေရတယ်"

အမေ နွေနှောင်းကိုဖက်ပြီး ယူကျုံးမရတွေဖြစ်နေလျှင် သူ ဖျောင်းဖျရသည်။

"အမေရယ် နွေနှောင်း ကျေနပ်ပါတယ်၊ အမေတို့ မတတ် နိုင်လို့ သမီးကို မထားနိုင်တာဘဲ၊ မမတွေလည်း မကူညီချင်လို့တော





ဘယ်ဟုတ်မလဲ၊ ဒီစကားတွေ မပြောပါနဲ့တော့ အမေရယ်၊ ကဲ . . . အမေရော အဖေရော စိတ်ချမ်းသာတော့နော်၊ ညနေဆို ငွေပါ လာတော့မှာ။ ကဲ . . . ထမင်းစားကြစို့"

မရှိ ရှိတာလေးတွေနှင့် ပြင်ဆင်ပြီး သားအမိ သားအဖ သုံးယောက် ထမင်းစားလိုက်ကြသည်။

❁ ❁ ❁

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၉)

ညနေ သန့်မင်းထွန်း ရောက်လာချိန်မှာ ငွေထုပ်ပါလာခဲ့သည်။ ငွေ (၄၅) သိန်းဟာ သူမတို့အတွက်သာ အကြီးအကျယ်ဖြစ်နေပေမယ့် သူတို့လို သူဌေးတွေအတွက်တော့ ပါးပါးလေး။ သူက ကျေးဇူးတင်တောင်းခံတာမဟုတ်၊ ဘာစကားတွေမှ ပြောမနေဘဲ ...

"ကဲ ... သွားစို့ ခွေနှောင်း။ အဘိုးတစ်ယောက်တည်း အိမ်မှာ၊ ဒေါ်လုံးတို့က အိမ်ပေါ်တက်ကြည့်မှာ မဟုတ်ဘူး။ သွားလိုက်ပါဦးမယ် ခင်ဗျာ"

ဦးဘသသက်နှင့် ဒေါ်နှင်းနုကို နှုတ်ဆက်ခဲ့ပြီး သူ ခွေနှောင်းကို ခေါ်ပြီး ပြန်ခဲ့သည်။ ကားပေါ်မှာ ခွေနှောင်း သူ့ကို ကျေးဇူးတင်စကား ပြောမိသည်။





"ဆရာ ... အဲဒီငွေအတွက် ကျွန်တော် အဘိုးဆီမှာ တစ်သက်လုံး လူနာစောင့်လုပ်ပေးပါ့မယ်ဗျာ၊ ကျွန်တော်တို့ ဒုက္ခရောက်နေတုန်း ခုလိုကူညီတာ သိကြားမင်းကြီး ဘွားခနဲ ကိုယ်ထင်ပြလိုက်သလို ခံစားရပါတယ်"

"ဒါဆို ကိုယ်က သိကြားမင်းကြီးပေါ့"

"ဟုတ်ပါတယ်၊ အဲ ... မဟုတ်ပါဘူး။ ကျေးဇူးတင်လွန်းလို့ပါ ဆရာ"

"ရပါတယ်ကွာ ... မင်းကလည်း ငါတို့အပေါ်မှာ အများကြီးကောင်းခဲ့တာပဲ၊ အပြန်အလှန်ပေါ့"

"ကိုညီသိရင် ကျွန်တော့်ကို ပါးပါးလှီးတယ်၊ ထုထုလှီးတယ် ယမ်းပုံမီးကျဖြစ်တော့မှာပဲ"

"သူ မသိစေနဲ့ပေါ့၊ ဒီကိစ္စလေးအတွက်နဲ့ သူသိစရာမလိုဘူးကွာ၊ ခရီးထွက်မယ့်ကိစ္စရော အိမ်ကိုပြောခဲ့ပြီလား"

"အဲ ... ဝမ်းသာလုံးဆို့နေတာနဲ့ မပြောဖြစ်ခဲ့ဘူး ဆရာ၊ ကိစ္စမရှိပါဘူး ... ဖုန်းနဲ့ပဲ ပြောလိုက်တော့မယ်"

"မင်းအိမ်ကတော့ မင်း လူလည်လုပ်နေတဲ့ကိစ္စ သေချာသိဘူးမဟုတ်လား"

"ဗျာ"

"ရှုရှင်ယောင်ဆောင်မနေနဲ့ မင်း ယောကျ်ားလို အလုပ်ဝင်တာ အိမ်က မသိဘူးမဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



သန့်မင်းထွဋ်စကားကြောင့် နွေနှောင်း မျက်နှာလေးငယ်သွား၏။ သူပြောတာ မှန်တာပဲလေ။

"အမေတို့တော့ ဘယ်သိမလဲ ဆရာရယ်၊ ဒါပေမဲ့ အိမ်အတွက် အဆင်ပြေအောင် ကျွန်တော်လည်း ညာရတာပဲလေ"

ကားပေါ်မှာ စကားတွေမပြောဖြစ်ကြဘဲ နှစ်ဦးသား ငြိမ်သက်နေကြသည်မှာ အတွေးတွေကိုယ်စီကြောင့်ပါပဲ။ သန့်မင်းထွဋ်က တွေးတွေးဆဆနှင့် ...

"မင်း ခရီးထွက်မှာ အိမ်က ခွင့်ပြုပါ့မလား"

"ရပါတယ် ဆရာ ... အဘိုးအတွက် လိုအပ်လို့ပဲလေ ပြီးတော့ ဒီခရီးမှာ မိန်းမတွေပါတယ်လို့ အိမ်ကိုညာရမှာပေါ့"

"မင်းက ညာတတ်တယ်ပေါ့"

"မိဘတွေ စိတ်မဆင်းရဲအောင်ပါ၊ ဆရာတို့နဲ့သွားတဲ့ခရီး ဘာအန္တရာယ်မှလည်း မရှိနိုင်ပါဘူးလေ"

"အေး ... ပြီးရော၊ အဲ ... မင်းအတွက် ရေကူးဝတ် ဝယ်သွားရအောင်"

"ဗျာ ... ဆရာ"

နွေနှောင်း အရှက်မျက်နှာလေးနှင့် သူ့ကို အလန့်တကြား ကြည့်တော့ သန့်မင်းထွဋ် ရယ်နေ၏။ တော်တော်နောက်တဲ့ဆရာ သူမက ယောကျ်ားလေးလို ဟန်ဆောင်နေရသူမို့ ကမ်းခြေမှာ ... တောင်ချီးရမည်မဟုတ်။ ပေါ်ကုန်မှာပေါ့။





အိမ်ရောက်တော့ အရင်ရောက်နှင့်နေသည့် ညီမင်းထွဋ်က သူမကို မလိုတမာအကြည့်နှင့်။ ဘုရားရေ ... ဘယ်တဝက ရောက်တွေလဲ။ ဒါတောင် ငွေကိစ္စကို သိတာမဟုတ်သေး။ သိများသိလျှင် သည်ပင်း ထညှစ်မလားပဲ။

"အစ်ကိုကလည်း လူနာစောင့်များ သွားပင့်နေရသေးတယ်၊ ဒါကြောင့် ဒီကောင် ရောင့်တက်နေတာ"

"ညီညီရယ် ... အလကားနေရင်း ဒေါသတွေ ပွားမနေပါနဲ့ကွာ၊ ဘာတွေ အဆင်မပြေဖြစ်နေသလဲ"

"ပြေပါတယ် ... ဒီကောင့်ကို ကြည့်မရတာ သက်သက်ပါ"

"စိတ်လျှော့ ငါ့ညီ ... စိတ်လျှော့"

နွေနှောင်းကတော့ သူတို့ညီအစ်ကိုရှေ့မှ အသာလစ်ကာ အိုးအခန်းသို့ ပြေးခဲ့လေတော့သည်။

❁ ❁ ❁

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၀)

ပေလီ ...။

ရုပ်ရှင်ထဲမှာပဲ ကြည့်ဖူးသည့်၊ စာအုပ်ထဲမှာပဲ ဖတ်ဖူးသည့် နိုင်ငံကျော် ပေလီကို နွေနှောင်း မျက်ဝါးထင်ထင် တွေ့မြင်လိုက်ရသည့်အခါ ပျော်လွန်းလို့ ရူးချင်ချင်ပင် ဖြစ်မိ၏။

မေမေ့ကြွေးပြဿနာလည်း ရှင်းသွားပြီဆိုတော့ သူမ ဘာစိတ်ဆင်းရဲစရာမှ မရှိတော့။ သည်တော့ ပေါ့ပါးနုသစ်သည့် နှလုံးသားလေးမှာ အပျော်တွေက အပြည့်။

မစီးဖူးသည့်လေယာဉ်ကို စီးခဲ့ရကတည်းက လောကနိဗ္ဗာန်ဆိုတာ ဒါလားလို့ ပျော်ရွှင်ခဲ့ရသည့် နွေနှောင်းမှာ သံတွဲလေဆိပ်မှ ပေလီသို့ ကားနှင့်ဆက်လာခဲ့ကြပြီး ပင်လယ်ပြာကြီးကို မြင်လိုက်





ကတည်းက အတူပါလာသည့် အဘိုးအိုလက်ကို ဆွဲလှုပ်ကာ ကလေးတစ်ယောက်လို အော်ပစ်လိုက်၏။

"ဝေး ဟေး ဟေး ... ကျွန်တော် လူဖြစ်ရကျိုးနပ်ပြီ၊ ပင်လယ်ကမ်းခြေကို ရောက်ဖူးပြီးဟေ့၊ အဘိုးရေ ... အဘိုး ပင်လယ်ရေစိမ်ချင် ကျွန်တော်လည်း ပင်လယ်ထဲမှာ ကျွမ်းထိုးမယ်နော်"

"အေးပါကွာ အေးပါ ... မင်းပျော်နေတာ ကြည့်ပြီး ငါ ဝမ်းသာရပါတယ်"

"အဘိုးရော ပေလီကို ခုမှရောက်ဖူးတာလားဟင်"

နွေနှောင်းက ရိုးရိုးသားသားမေးလျှင် သန့်မင်းထွဋ်က ရယ်နေပြီး ညီမင်းထွဋ်ကတော့ ကောင်းကောင်းဩဘာပေးလိုက်သည်။

"ငပေါ သောက်ရူး ... သူ့လိုမှတ်လို့"

"ကောင်လေးကို ဒီလောက်မဖဲ့ပါနဲ့ကွာ၊ အဘိုး ပေလီရောက်တာ (၇) ကြိမ် (၈) ကြိမ်လားပဲ"

"ဩော် ... ဒါကြောင့် အဘိုးက မပျော်တော့တာကိုး၊ သူတွေဟာ ပထမဆုံးအကြိမ်ကိုပဲ အရမ်းခံစားရတယ် ထင်ပါတယ်နော်"

ယခုမှ ညီမင်းထွဋ် နှိပ်ကွပ်လိုက်လို့ အရှိန်သေသွားသည့် နွေနှောင်းအသွင်က ခပ်ညည်းညည်း။ ညီမင်းထွဋ်ကတော့ အလိုလို သတိတိုနေရသည်။ သူ့ဝသန်က လိုက်မယ်ပြောပြီးမှ ရောက်မလာခဲ့။ သည်တော့ ညီမင်းထွဋ် မည်းမည်းမြင်ရာ ရန်ရှာနေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့တည်းခိုရမည့် ဘန်ဂလိုမှာ အခန်းက နှစ်ခန်းပါပြီး ဝရန်တာညှို့ခန်းက တစ်ခန်း။ ပင်လယ်ပြင်ကို လှမ်းမြင်နေရသည့် လသာဆောင်လိုအခန်းက အကာအရံက နိမ့်နိမ့်လေး။

စောစောက အထူးပျော်ရွှင်နေခဲ့သည့် နွေနှောင်းမှာ ယခု နေရေး၊ စားရေးနှင့် ညရေးညတာကို သွားသတိရပြီး ရင်ထဲ အလုံး ကြီး ဆို့သွား၏။

သူတို့ရေ့ ငါ ဘယ်လိုရေချိုးမလဲ။ ဘယ်လို ပင်လယ်ထဲ ဆင်းမလဲ။ ဆရာကတော့ သူ့အကြောင်းသိပါသည်။ ညီမင်းထွဋ်နှင့် အဘိုးက မသိသေး။

ပစ္စည်းတွေထားကြတာက စပြီ ပြဿနာ။ ညီမင်းထွဋ်ကထ နေရာဦးလေ၏။

"သား စိတ်ညစ်နေတယ်၊ သူငယ်ချင်းကလည်း လိုက်မယ် ပြောပြီး မလိုက်ဘူး။ လေယာဉ်လက်မှတ်ဆုံးတာထက် သူက ကထ မတည်တာကို ပိုပြီးခံစားရတယ်၊ လူတွေနဲ့ မနေချင်ဘူး။ ခြေရင်းခန်း ကို သားယူပြီ"

ပြောပြီး သူ့အထုပ်အပိုးနှင့်သူ ခြေရင်းခန်းကိုအပိုင်စီးလျှင် ကျန် (၃) ယောက်မှာ တစ်ခန်းနေရတော့သည်။ အဘိုး၊ သန့်မင်းထွဋ် နှင့် နွေနှောင်း။ အဘိုးက နွေနှောင်းကို အားပေးသည်။

"အခန်းက ကျယ်ပါတယ်ကွာ၊ မင်းက ဟိုဘက်ထောင့်မှာ နေရာယူ၊ အဘိုးက အလယ်မှာနေမယ်၊ လူလေးက ဒီဘက်ထောင့်





အဘိုးပြောသလောက်လည်း အခန်းက မကျယ်ပါ။ သို့သော် ဘာတတ်နိုင်မှာလဲ။ ဘာမှတော့ ဖြစ်စရာအကြောင်းမရှိ။ အဘိုးရှိနေ တာပဲ။

"ရပါတယ် အဘိုး ... ကျွန်တော် နေလို့ရပါတယ်၊ ဒါထက် အဘိုးတို့ ဘယ်နှရက်နေမှာလဲ"

"လာလက်စနဲ့ အဘိုး တစ်ပတ်,ဆယ်ရက်တော့ နေရမှာ ပေါ့ကွာ"

ဗုဒ္ဓေါ ... တစ်ပတ် ဆယ်ရက်ကြီး။ သူမ ဘယ်လိုနေရပါ့ မလဲ။ အကုန်ရိပ်မိကုန်တော့မှာပဲ။ ညီမင်းထွဋ်သာသိရင် မလွယ်။ သူကမှ တကယ့်ပြဿနာ။ အိုလေ ... အဘိုးကတော့ ငါ့ဘက်ပါမှာ ပါ။

"ကဲ ... အပြင်ထွက်ထိုင်ပြီး ပင်လယ်လေရှူရအောင်"

အဘိုးကို ဘန်ဂလို၏ ဝရန်တာဆောင်သို့ ပို့ပေးပြီး နွေနှောင်း နှင့် သန့်မင်းထွဋ်ပါ ဝိုင်းထိုင်လိုက်ကြသည်။ နေလယ်ပေမယ့် အုန်းပင် နိုင်နှင့် ပင်လယ်ပြာကြောင့် သဘာဝတရားကြီးက အေးမြသင်းပျံ့နေ၏။

"အား ... ရင်ထဲကို အေးမြလတ်ဆတ်သွားတာပဲ"

"ညနေကျမှ ပင်လယ်ရေစိမ်ရအောင် ... နော် အဘိုး"

"အေးပေါ့ကွာ ... ငါလည်း ငယ်မူပြန်ရတာပေါ့"

သည်စဉ် ဟိုတယ်မှ နေ့လယ်စာလာပို့သဖြင့် လေးယောက်



www.burmeseclassic.com

www.burmeseclassic.com



သား ပျော်ရွှင်စွာ စားသောက်လိုက်ကြသည်။

စားသောက်ပြီးတော့ လာသိမ်းသည့်အလုပ်သမားက သူတို့

အဖွဲ့ကို ဖျတ်ခနဲ ကြည့်ပုံက တစ်မျိုးကြီး။ ဝန်ထမ်းဝတ်စုံနှင့် ညို

မောင်းထွားကျိုင်းသည့် သူ့ကို မြင်ဖူးသလိုလို။

နွေနှောင်း သေသေချာချာ စဉ်းစားကြည့်၏။ ပေလီမှလူကို

သူမတို့မြင်ဖူးတာ မဖြစ်နိုင်။ တစ်ယောက်ယောက်နှင့် ရုပ်တူတာလား

ကဲပါလေ ... တွေးမရတဲ့အတူတူ မတွေးတာဘဲ ကောင်းပါ

တယ်။

"ထမင်းစားပြီး တစ်ရေးအိပ်ကြဦးစို့ဟေ့၊ ညနေမှ ပင်လယ်

ရေချိုးကြ, သောကြတာပေါ့"

အဘိုး ခေါ်ပြောပေမယ့် သန့်မင်းထွဋ်နှင့် ညီမင်းထွဋ်

တော့ လူငယ်တွေပီပီ ...

"အဘိုး အိပ်၊ အဘိုး အိပ် ... သားတို့တော့ လျှောက်လည်

လိုက်ဦးမယ်၊ ကျန်တဲ့ ဘန်ဂလိုတွေ, ဟိုတယ်ခန်းတွေမှာ အလန်း

လေးတွေ ရှိ,မရှိ လျှောက်ကြည့်လိုက်ဦးမယ်"

နှစ်ယောက်သား ဟိုတယ်ဘက်၊ ကမ်းခြေဘက် ဆင်း

လျှောက်သွားကြတော့ အဘိုးနှင့် နွေနှောင်းပဲကျန်ခဲ့သည်။ နွေနှောင်း

အဘိုးကို အခန်းထဲသို့တွဲပို့ပြီး သူမလည်း အခန်းထောင့်မှာ အိပ်

လိုက်သည်။

❋





ညနေစောင်းတော့ အဘိုးနှင့်မြေးနှစ်ယောက်က ကမ်းခြေ

ဝတ်စုံတွေနှင့်။ ဘောင်းဘီဒူးကျ၊ အပေါ်က အင်္ကျီဖားဖား၊ ခေါင်းမှာ

လည်း ဦးထုပ်တွေနှင့်။

ခက်တာက နွေနှောင်းပင်။ ဘောင်းဘီဒူးကျ ဝတ်လို့လည်း

မဖြစ်။ ခြေသလုံးဝင်းဝင်းတွေ ပေါ်ကုန်မှာ မုချ။ ခြေထောက်ကရော

ရှုးစီးထားလျှင် တော်သေး၏။ ခြေပြောင်လျှောက်မြေးနေလို့ကတော့

ဝင်းမွတ်ဖောင်းအိနေသည့် ခြေထောက်တွေကို ဘယ်လိုဖုံးထားမလဲ။

သည်တော့ အရှုးလို့ပဲဆိုဆို၊ ပင်လယ်ကမ်းခြေလာပြီး ဒူး

ကျလည်း မဝတ်ရဲ၊ ကိုယ်က ကျားမဟုတ် မ,မဟုတ်မို့ ဘောင်းဘီ

အရှည်၊ တီရှပ်လက်စက၊ အပေါ်မှာ ထုံးစံအတိုင်း ဂျာကင်လက်ပြတ်

ထပ်ဝတ်လို့ပေါ့။ အပေါ်က ဂျန်းဂဲလ်ဟက်နှင့်။

ညီမင်းထွဋ်ကတော့ နွေနှောင်းကို ကောင်းကောင်းဟား၏။

"ဟား ဟား ဟား ... ကြောင်၊ အဲဒါပေါ့ တောသား

မြို့ရောက် ဖာလူဒါသောက်၊ ကမ်းခြေလာပြီး ကမ်းထရီးစတိုင်နဲ့

ဖော့ကောင် ...မင်းကြောင်တာ ကိစ္စမရှိဘူး၊ အဖွဲ့သိက္ခာကျတယ်ကွ၊

သွား ... ငါတို့ပုံစံမျိုးပြောင်း၊ ဒူးကျဝတ်"

"ကျွန်တော် ပင်လယ်ရေကြောက်လို့ပါ ကိုညီရယ်၊ ရှိနိုးပါ

ဘယ်မျာ၊ ကျွန်တော် ရေမချိုးပါဘူး၊ အဘိုးရေစိမ်တာကို ကူရအောင်



www.burmeseclassic.com

www.burmeseclassic.com



လိုက်မှာပါ''

''မလိုချင်ဘူး ပျော့ကောင် ... သွားလဲဆို လဲ''

ညီမင်းထွဋ်ရဲ့ အနိုင်ကျင့်နေလျှင် သန့်မင်းထွဋ်နှင့် အဘိုး ဝင်ရ၏။

''ကဲပါ ကိုညီရယ် ... သူစိတ်ချမ်းသာသလိုနေပါစေ၊ လာ လာ ... နောက်ကျနေလိမ့်မယ် ... သွားစို့''

ကမ်းခြေရောက်လျှင် အဘိုးကို ဘောကွင်းထဲထည့်ပြီး သန့်မင်းထွဋ်နှင့် ညီမင်းထွဋ်က ထိန်းပေးထား၏။ အဘိုးက ရေထဲမှာ ယက်ကန် ယက်ကန်။

ညနေလှိုင်းကို ကျောပေးကြပြီး မြေးအဘိုးသုံးယောက် ပျော်ရွှင်နေကြတာကိုကြည့်ပြီး ရေကြိုက်မလေး နွေနှောင်းမှာလည်း ပင်လယ်လှိုင်းစီးချင်စိတ်တွေက တဖွားဖွား။ ရင်ထဲမှာကို ယားကိုကျိ။

တောက် ... မြင်သာမြင်ရ မကြင်ရဆိုတာ ငါပဲ။ ငါ့အဖြစ်က ဆိုးလိုက်တာ။ ကဲဟာ ... အဘိုးအနားမှာ သူတို့နှစ်ယောက်ရှိတာပဲ ငါ ဟိုဘက်နားသွားပြီး လှိုင်းစီးမယ်။

နွေနှောင်း ကိုယ့်စိတ်မထိန်းနိုင်တော့ပြီမို့ ခပ်လှမ်းလှမ်းသို့ လစ်ထွက်ပြီး ဘောကွင်းတစ်ခုငှားကာ ရေထဲသို့ ဆောင်းဘီရှည်နှင့်ပင် ပြေးခုန်ဆင်းလိုက်သည်။ ဂျာကင်ချိုင်းပြတ်နှင့် ဦးထုပ်ကိုလည်း သောင်ပြင်မှာ ထားပစ်ခဲ့၏။





''ဝေး ဟေး ဟေး''

တစ်ယောက်တည်းပေမယ့် အများထဲမှာ ရောနှော အော်ဟစ်ရင်း လှိုင်းတွေကို ကျောပေးပြီး တဖြုန်းဖြုန်းအရိုက်ခံလိုက်၊ ဘောကွင်းစီးလိုက် လုပ်နေတာ ဘယ်လောက်တောင်ကြာသွားသည် မသိ။ သူ သတိရတော့ သူ့အနားမှာ ညီမင်းထွဋ်က ခါးကြီးထောက်လျက်။ မလိုတမာရုပ်၊ သူခိုးဖမ်းသည့်ရုပ်နှင့် ...

''ငါထင်သားပဲ ... နင့်ရုပ်က အထီးလိုလို၊ အမလိုလိုရုပ်မို့ နင့်ကို မသင်္ကာဖြစ်နေတာ၊ ကဲ မယ်မင်းကြီးမ ... ဘာအကြံအစည် နဲ့ တို့အိမ်ကို ရောက်လာခဲ့တာလဲ''

နွေနှောင်း တစ်ကိုယ်လုံး ဖောခွဲ့တွေပြန်နေရ၏။ ရေစို နေသည်မို့ တီရှပ်အောက်မှ သူမကိုယ်လုံးက အထင်းသား။ ဘယ်လိုမှ ဖုံးမရတော့။

''ကျွန် ကျွန်တော် အလုပ်ရချင်တာ သဲကြသက်ပါ''

''မယုံဘူး ... လာခဲ့၊ နင့်ကို အဘိုးနဲ့ကိုကို့ရှေ့ ဆွဲခေါ်ပြရမယ်၊ အလကား ... အိညောင့် အိညောင့်နဲ့ ရိုးသမျှပစ္စည်း အကုန်ချမယ့်အကြံနဲ့ ကပ်နေတာ၊ ငါ့အဘိုးကိုလည်း နင် ပစ်ချွဲ နပ်ချွဲနဲ့''

နွေနှောင်း၏လက်မောင်းကို အတင်းဆွဲပြီး သူ အဘိုးနှင့် သန့်မင်းထွဋ်ထံသို့ ခေါ်လာခဲ့လျှင် နွေနှောင်းမှာ အပြင်းအထန် ရှက်ရွံ့ ချောက်ချားရသည်မို့ လိပ်ပြာပင်လွင့်ချင်ချင်။

အထူးသဖြင့် အဘိုး သူမကို အထင်လွဲသွားမှာ သေမတတ်



www.burmeseclassic.com

www.burmeseclassic.com



ကြောက်မိသည်။ အဘိုး စေတနာတွေကို စော်ကားရာမရောက်ချင်ပေ။

"ကိုညီ . . . ကျွန်မကိုလွှတ်ပါ။ လွှတ်ပါရှင်၊ ရှင် မကျေနပ်ရင် ကျွန်မ ရှင်တို့ဆီက ထွက်သွားပေးပါ့မယ်၊ ကျွန်မကို အဘိုးဆီခေါ် မသွားပါနဲ့နော်"

မျက်ရည်လည်ရွဲနှင့် သူမ တောင်းပန်လွန်းမှ ညီမင်းထွဋ် နွေနှောင်းလက်ကို လွှတ်၏။

"နင့်ကတိနဲ့ နင်တည်ရမယ်၊ ရန်ကုန်ပြန်ရောက်ရင် အိမ်က ထွက်သွားပေတော့၊ ငါ နင့်မျက်နှာ မမြင်ချင်ဘူး . . . အလကား အညာပလိမ်"

နွေနှောင်း ငိုရှိုက်ရင်း သူ့ကို ကတိပေးရ၏။ သူမအဖြစ်က ဘေးကျပ်နံကျပ်။ အစ်ကို့ထံမှ ငွေ (၄၅) သိန်းယူထားမိပြီး ညီက ချက်ချင်း ထွက်ခွာသွားရမည်ဆိုတော့ ဘာတွေ ဘယ်လိုစီစဉ်ရမှန်းပင် မသိ။ သူမ လူလိမ်လူညာ အဖြစ်မခံနိုင်။

ညီမင်းထွဋ်လွှတ်ပေးခဲ့မှ ကိုယ်ပေါ်မှာ ဂျာကင်ထပ်ဝတ်၊ ဦးထုပ်ဆောင်းပြီ၊ သူမ ဘန်ဂလိုသို့ ပြန်ခဲ့ရသည်။

စောစောက သာယာအေးမြလှသည့် ပင်လယ်ပြာကြီးဟာ ယခုတော့ မီးတွေ ပွက်ပွက်ဆူနေသည့်နှယ်။

လူ့ရဲ့စိတ်ခံစားချက်ကို လိုက်ပြီး သဘာဝတရားဟာ ပြောင်းလဲ တတ်ပါသလား။ နွေနှောင်း၊ ယခု လုံးဝမပျော်တော့။





အဘိုးက ဘန်ဂလိုမှာ ရောက်နှင့်နေပေပြီ။ အဘိုးကတော့ နွေနှောင်း ဒုက္ခရောက်နေတာ မသိ။ ကြည်လင်လန်းဆန်းပြီး ပြုံးရွှင်နေလေ၏။

"လာဟေ့ ကောင်လေး . . . အဘိုးကို အဝတ်ကူလဲပေးဦးကွ"

"ဟုတ်ကဲ့ပါ အဘိုး"

အဘိုးအတွက် ဝတ်စုံတစ်စုံထုတ်ပေးပြီး ကူလဲပေးလိုက်နေ ခိုက် နွေနှောင်း မျက်နှာညှိုးနေတာ အဘိုး သတိထားမိသွားသည်။

"ကောင်လေး . . . ဘာဖြစ်နေတာလဲ၊ နေမကောင်းဘူး လား"

"ကောင်းပါတယ် အဘိုးရယ် . . . အိမ်ကို သတိရလို့ပါ"

"ပျော်ပျော်နေစမ်းပါကွာ၊ ဒီလိုတမ်းခြေမျိုးဆိုတာ ရောက်ခဲ တယ်၊ ရောက်တုန်း ပေါ့ပေါ့ပါးပါးနေ၊ အဘိုးကိုလည်း ဒီလောက် ပြုစုစရာ မလိုတော့ဘူး။ ဒီရောက်မှ ကျန်းမာရေးအရမ်းကောင်းနေ တယ်၊ ညကျရင်လည်း သောင်ပြင်မှာ လမ်းလျှောက်ဦးမယ်"

"အဘိုး . . . ဒီနေ့ ပင်ပန်းနေပြီ၊ နားပါတော့၊ ညစာစားပြီး ဆေးသောက်ပြီးရင် အိပ်ရမယ်"

သန့်မင်းထွဋ် ဝင်လာပြီ၊ အဝတ်လဲရင်း အဘိုးကို လှမ်းပြော သလို ညှိုးနေသည့် နွေနှောင်းကိုလည်း မျက်မှောင်ကြုတ်ကြည့်၏။

"နွေနှောင်း . . . ရေချိုးပြန်မချိုးဘူးလား။ မင်းကြည့်ရတာ



www.burmeseclassic.com

www.burmeseclassic.com



မလန်းဘူး။ ပင်လယ်ရေက ငန်ပြီး စေးထန်းနေတာနော်၊ ရေချိုပြန်ချိုးရတယ်''

''ဟုတ်ကဲ့ ဒါပေမဲ့''

သူမဘဝက သိုသိုသိပ်သိပ် နေရမှာမဟုတ်လား။ အထူးသဖြင့် အဘိုးအထင်လွဲမှာ နွေနှောင်း အရမ်းကြောက်သည်။

''သွားပါ သွားချိုး''

ရေချိုးခန်းလေးဆီ တွန်းလွှတ်တော့ ဝတ်စုံပြည့်နှင့်နွေနှောင်း ဝင်သွားရ၏။ နောက် ရေချိုး၊ အဝတ်လဲပြီးမှ ထွက်ခဲ့တော့ ဟိုတယ်မှ ထမင်းဟင်းလျာ လာပို့နေပေပြီ။

ထမင်းလာပို့သူက မနက်ကလူ။ သူ့ရုပ်က မှုန်တေတေ မကျေမနပ်ရုပ်ကြီးနှင့်။ နွေနှောင်း သူ့ကို အသေအချာကြည့်ပြီး စဉ်းစားပြန်၏။ ဘယ်သူနဲ့တူတာလဲ။

ထမင်းစားပြီးကြတော့ ဝရန်တာမှာ ထွက်ထိုင်၊ လေညှင်းခံနေကြစဉ် အဘိုးက လမ်းလျှောက်ကြဖို့ ခေါ်၏။

''ကဲ . . . တို့မြေးအဘိုးတွေ သောင်ပြင်မှာ လမ်းလျှောက်ကြမယ်ဟေ့၊ ပြန်ခါနီးကျရင်တော့ မီးပုံပွဲလေး ဘာလေးပါ လုပ်ကြတာပေါ့ကွာ၊ လကလည်း မသာတသာနဲ့ လှိုင်းသံကို အနီးကပ် နားထောင်ကြရအောင်''

''အဘိုးကလည်း ကမျာဆန်နေရပါပြီ၊ လှိုင်းသံက မြို့လည်း အကျယ်ကြီးကြားနေရတာပဲ''





''မတူဘူးလေကွာ၊ ပင်လယ်ကိုလာတာ ပင်လယ်ရဲ့အရသာ အပြည့်အဝ ခံယူမှပေါ့ကွ၊ ကဲ ,. . ထကြ ထကြ၊ ဦးထုပ်ဆောင်းချင်ဆောင်း''

နှင်းတွေ ခပ်ပါးပါးကျနေသည်မို့ ဦးထုပ်ကိုယ်စီဆောင်းပြီး လမ်းလျှောက်ဖို့ ဝရန်တာမှ ဆင်းကြသည်။ ဘန်ဂလိုကိုပိတ်ပြီး နောက်ဆုံးမှ နွေနှောင်းဆင်းရသည်။ အဘိုးဟာ လမ်းလျှောက်ချင်တာထက် အားလုံး စည်းလုံးနွေးထွေးစေချင်လို့ ဖြစ်မည်။

စကားတွေပြောရင်း သောင်ပြင်မှာ လမ်းလျှောက်ရတာ ဘကယ့်ကိုအရသာ။ နွေနှောင်း လောလောဆယ် သောကတွေကို မေ့သွားပြီး ရေစိုနေသည့် သောင်ပြင်မွမွလေးတွေပေါ် အရူးတစ်ယောက်လို လျှောက်ပြေးလိုက်၏။

သူမရင်ထဲမှာ ဟန်ဆောင်နေရတဲ့ သောကတွေ ညီမင်းထွဋ်ရဲ့ ကြိမ်းမောင်းထားတာတွေ အဘိုးအထင်လွဲမှာတွေ တွေးပြီး မွန်းကျပ်ဆန်းလှပါပြီ။ လောလောဆယ် လွတ်မြောက်ချင်စိတ်နှင့် ဆံပင်ားတွေ ဖွာကာ မြင်းရိုင်းတစ်ကောင်လို သူမ ခုန်ပေါက်ပြေးလွှားချင် . . .

ဦးမင်းထွဋ်ရဲ့ သူကလေးခံစားနေရတာတွေကို နားလည်ပေးမိည်၊ နွေနှောင်း၊ ခပ်လှမ်းလှမ်းသို့ ရောက်သွားသဖြင့် . . .

''လူလေး နောက်ကလိုက်သွားပေးလိုက်ဦး၊ ကဲ ညီညီ အဘိုးတို့က ဘန်ဂလိုဘက် ပြန်လျှောက်ကြမယ်၊ လူလေးက



www.burmeseclassic.com

www.burmeseclassic.com



နွေနှောင်းကို စောင့်ခေါ်ခဲ့နော်"

ညီမင်းထွဋ်က အစ်ကိုကို နွေနှောင်း မိန်းကလေးဆိုတာ သတိပေးလိုက်ချင်ပေမယ့် အဘိုးရှေ့မှီ မပြောသာ။ အဘိုးအမိ အတိုင်း ဘန်ဝလိုဘက်သို့ ပြန်လိုက်သွားရသည်။

သန့်မင်းထွဋ် တော်တော်ဝေးသွားပြီဖြစ်သည့် နွေနှော နောက်သို့ သူပါ အပြေးလိုက်ရသည်။ သူက အားကစားလိုက်ေ သူမို့ နွေနှောင်းကို မီအောင်ပြေးလိုက်နေစဉ် ရှေ့မှ လူနှစ်ယော ဘွားခနဲ ဆိုင်ကယ်နှင့်ပေါ်လာပြီး သူမကို ဆွဲတင်သွားတာ မြင်လို ရသည်။

"ဟေ့ ... ဟေ့ ဟေ့"

အော်ရင်းဟစ်ရင်း ဝေးကွာသွားပေမယ့် သူ့အနားသို့ ကယ်တစ်စီးရောက်လာပြန်သဖြင့် သန့်မင်းထွဋ် အကူအညီတော လိုက်သည်။

"ငါ့ညီရယ် ... ရှေ့မှာ အစ်ကို့ညီမလေးကို ဆွဲတင်သွာ လို့ မီအောင်လိုက်ပေးပါ"

"ဟင် ... ဟုတ်လား။ ဒါဆို ကျွန်တော် ပို့ပေးပ ကျွန်တော် ရန်တော့မဖြစ်ရဲဘူး အစ်ကို"

"ပို့ရုံပဲ ပို့ပါ ... လုပ်ပါ ညီရယ်၊ မျက်ခြည်ပြတ်ကု မယ်"

ဆိုင်ကယ်ပိုင်ရှင်က လူ့ဖလံလေး။ သို့သော် အပေါ





ျှမ်းပါသည်။ အေသခံပေမို့ ရှေ့မှဆိုင်ကယ်နောက်သို့ သူတို့ မီအောင် ိုက်နေကြရင်းမှ အုန်းပင်များကြားတွင် မျက်ခြည်ပြတ်သွားရလျှင် သန့်မင်းထွဋ် ဆိုင်ကယ်ပေါ်မှ ဆင်းလိုက်သည်။

"ငါ့ညီရယ် အစ်ကို့ကိုကူညီပါဦး ... အစ်ကိုတို့ခြည်းတဲ့ ဘန်ဝလိုကိုသွားပြီး အကြောင်းကြားပေးပါ ... ရော့ လိပ်စာ"

လောလောဆယ် လိပ်စာကိုပေးလိုက်ပြီး သူ အုန်းပင်တွေ ကြားမှာ ပြေးလွှားရှာနေမိသည်။ ဆိုင်ကယ်ကတော့ နောက်ကြောင်း ိုကွေ့သွားပေပြီ။

နွေနှောင်းပျောက်ဆုံးသွားသည့်ကိုစွန့်ပတ်သက်ပြီး သန့်မင်း ိုရင်ထဲ မီးလို့ပူလောင်နေမိသဖြင့် ကိုယ့်ကိုယ်ကိုယ်ပင် အံ့ဩမိ၏။ ဘာဖြစ်နေတာလဲ။ နွေနှောင်းကို တင်သွားသည့်ဆိုင်ကယ်မှာ နားတွင်ပင် ပျောက်သွားခြင်းဖြစ်သဖြင့် အုန်းပင်များကြားတွင် သေရှာစွာ လျှောက်ကြည့်နေလေသဲ နောက်မှ ခုတ်ခနဲ ရိုက်ချက် တွေ့ သူ မှောက်သွားခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၁)

"အား ... ကျွတ် ကျွတ် ကျွတ်"

ခေါင်းထဲမှ မူးနောက်နေသည်မို့ ညည်းညူရင်း သူ ကြ
လိုက်လျှင် လက်ကလေးနှစ်ဖက်က သူ့ကို ဆွဲထူပေးခဲ့သည်။

"ဆရာ ... သတိရလာပြီလား။ ဆရာ့ခေါင်းမှာ ဘု
ကွဲတော့မသွားပါဘူး"

"အေးဟာ ... နာလိုက်တာ၊ ဦးနှောက်များ သွေး
သလား မသိဘူး။ ဒါထက် ငါတို့ အခုဘယ်ရောက်နေတာလဲ"

သန့်မင်းထွဋ် မှောင်နေသည့်အခန်းလေးထဲ မျက်
ကြည့်ရင်း ရှုံ့မဲ့နေမိသည်။

"ပေလီဘာနဂလိုနဲ့တော့ တော်တော်ဝေးတယ် ဆရာ





နောင်းတို့ကို စက်လှေနဲ့တင်ခေါ်လာတာ"

"ဟေ ... ဘာလုပ်ရအောင်လဲ၊ ငါတို့ကို ပြန်ပေးဆွဲတာ
သား။ နင့်ကို အရင်ဖမ်းတာဆိုတော့ နင့်ပြဿနာ ထင်တယ်"

"ဟုတ်မယ် ဆရာ ... ကျွန်တော် မပြောတတ်ဘူး"

သန့်မင်းထွဋ် နွေနှောင်းကို ဝိုးတဝါးအလင်းမှာ သေသေချာ
ချာ ကြည့်လိုက်သည်။ အသားက ဖြူဝင်းနေပြီး ဆံပင်က ပခုံးထိလို့
ဝ်လန်လန်ပုံစံ မျက်နှာလေး လှနေပုံက ဘယ်လိုမှ ယောကျ်ားနှင့်
ဘူတော့။ စပို့ရှပ်နှင့် ဘောင်းဘီရှည်ဝတ်ထားပေမယ့် ...

"မင်းကို ဘာလုပ်ကြသေးလဲ"

နွေနှောင်းမျက်နှာလေး နီသွား၏။

"ဆရာကလည်း ဘာမှမလုပ်ပါဘူး။ ဆရာ ရှိနေတာပဲ"

"ငါက သတိမေ့နေတာလေ"

"သတိမေ့ပေမယ့် စက်လှေပေါ်မှာလေ၊ ဘာမှမဖြစ်ဘူး"

"မသက်ာစရာ၊ မဖွယ်မရာ"

"ဩော် ... ဆရာကလည်း ကျွန်မ မသိဘူး"

သူ ဆက်မမေးတော့ဘဲ ခေါင်းကို ဖျစ်ခါ ရှုံ့မဲ့နေတော့
နှောင်း ပျာပျာသလဲ။

"ဆရာ အရမ်းအနေရဆိုးသလားဟင်"

"အင်း ... ဆိုးတယ်၊ ထားပါတော့လေ"

"နွေနှောင်းကြောင့် ဖြစ်ရတာပါရှင်၊ နွေနှောင်းသာ အရှု

ပြီး လျှောက်မပြေးမိရင် ဒီလိုဖြစ်မှာမဟုတ်ဘူး"

"ထားပါတော့လေ၊ မင်းကလည်း ခေါင်းကွဲမတတ် ခံစား လွန်းလို့ လျှောက်ပြေးတာ မဟုတ်လား။ မင်း ရေချိုးတဲ့ဘက် ညီ လျှောက်သွားလိုက်ကတည်းက ပြဿနာတက်ပြီဆိုတာ ကိုယ် သိတယ်"

"ဟင် ... ဆရာသိတယ် ... ဟုတ်လား"

"သိတယ်၊ ဘန်ဂလိုပြန်လာတော့ မင်းရုပ်က အရမ်းမှု နေတယ်လေ၊ ဘာဖြစ်လို့ ဒီလောက်ခံစားနေရတာလဲ"

"ဆရာရယ် ... အဘိုးသိမှာ စိုးလို့ပါ၊ အဘိုးက နွေနှော ကို ကလိမ်ကကျစ်, သူ့ကိုညာနေတယ်ထင်မှာ အရမ်းစိုးရိမ်လို့ နွေနှောင်း အဘိုးကို တကယ် သံယောဇဉ်ရှိပါတယ်၊ အလုပ်မ ဝင်လုပ်နေတယ်ဆိုပေမယ့် တကယ့် သွေးရင်းသားရင်းလို ..."

"ဒါတွေကို အဘိုးသိပါတယ်၊ မင်း မိန်းကလေးဆိုတာ အဘိုးသိပါတယ်"

"ရှင်"

"ဟုတ်တယ်၊ ဒါကြောင့် မင်းနောက်ကို ကိုယ့်လိုက် ရောက်ခိုင်းတာပေါ့၊ ကဲ ... ဒီတော့ ဘာမှ ပူမနေနဲ့တော့ အိမ်မှာရှိသမျှ လူသုံးယောက်လုံး မင်း မိန်းကလေးဆိုတာသိပြီ မိန်းကလေးလိုပဲ နေပေတော့၊ ဟန်ဆောင်စရာ မလိုတော့ဘူ

နှစ်ယောက်သား စကားပြောနေရင်း သန့်မင်းထွဋ်





နာရီကို ကြည့်လိုက်သည်။ ည ၁၂ နာရီ။ အခန်းထဲမှာ ဘာမှလည်း ပေးမထား။ ခေါင်းအုံး၊ စောင် ဘာမှမရှိ။ မြေအောက်ခန်းလို မှုန်း ကျုပ်ကျုပ်အခန်းထဲမှာ ခုတင်တစ်လုံးပဲရှိသည်။ နောက် ဖျာခင်းထား သည်။ ကြမ်းပြင်က သမံတလင်းမို့ အေးစက်စက်။

ရာသီဥတုကလည်း ဆောင်းမကုန်သေးသည်မို့ အေးစက် က်။ သို့သော် သူ့မှာ ဂျာကင်ပါသည်မို့ အအေးဒဏ် ခံနိုင်နေ၏။ နွေနှောင်းမှာလည်း ဆွယ်တာပွပွနှင့်။

ခုတင်က ကျယ်ကျယ်လွင့်လွင့်တော့ မရှိ။ နှစ်ယောက်အိပ် ခုတင်။ ဘာသဘောနဲ့ သူတို့နှစ်ယောက်ကို အတူချုပ်ထားရသလဲ၊ သန့်မင်းထွဋ် စဉ်းစားမရ။

ဘာပဲဖြစ်ဖြစ် နှစ်ယောက်တည်းဟူသည်အသိကြောင့် နွေ နှောင်း တုန်လှုပ်မိသည်။ ဘန်ဂလိုမှာဆို အဘိုးရှိနေလို့ စိုးရိမ်စရာမရှိ၊ ပင်ခံထားရလို့ ရှေ့ဆက် ဘာဖြစ်မလဲဆိုတာ ကြောက်ရသည်က တစ်မျိုး၊ ညသန်းခေါင်ရောက်ပြီမို့ အိပ်ချင်တာကတစ်မျိုး။

သန့်မင်းထွဋ်ကမှ လူကြီးမို့ အိပ်ချင်စိတ်နည်းချင်နည်းမည်။ နွေနှောင်းဆိုတာ အိပ်ပုပ်မလေးမို့ အိပ်ချင်လှပါပြီ၊ ခေါင်းအုံးမရှိ၊ စောင်မရှိသည်ပဲ ဖြစ်စေ။

"ကဲ နွေနှောင်း ... ရှေ့ရေးတွေတွေးပြီး ကြောက်မနေနဲ့ ယ်တစ်ယောက်လုံး ရှိတယ်၊ အိပ်ချင်အိပ်လိုက်"

"ဆရာရော"

www.burmeseclassic.com



"ငါ အိပ်ချင်တော့မှ အိပ်ပါ့မယ်၊ ခက်တာပဲကွာ ... တော်တော်ရက်စက်တဲ့လူတွေ စောင်လေး, ခေါင်းအုံးလေး ပေးဖို့ကောင်းပါတယ်"

သူ ညည်းညူနေဆဲ နွေနှောင်း ကိုယ့်လက်ကိုယ် ခေါင်းအုံးကာ အိပ်ပျော်သွား၏။

အခန်း၏အကြိုအကြားမှ ဝင်လာသည့် လရောင်ကြောင့် မြင်နေရသည့် နွေနှောင်းကို ကြည့်ကာ သန့်မင်းထွဋ် ရင်တွေခုန်နေ၏။ ခက်တော့တာပဲ ... ဒီဟာလေးကို ငါချစ်မိနေပြီ၊ သဘောဖြူဖြူ အူစင်းလေး၊ သဘောရိုးလေးမို့လား၊ ချစ်စရာကောင်းလွန်းသည့် မိန်းမချောလေးမို့လား။

"အား ... ကျွတ် ကျွတ် ကျွတ်"

ခေါင်းကို အရိုက်ခံထားရသည်မို့ နာနေတာကလည်း တစ်စိမ့်။ ခုတင်မာမာကြီးပေါ် ဘယ်လိုလုပ်အိပ်ရမှာလဲ၊ ဒီကြားထဲ ခုတင်က သိပ်မကျယ်သည်မို့ သူမနှင့်အတူ ယှဉ်အိပ်သလို ဖြစ်နေမှာလည်း အားနာသည်။ သူ အခန်းထဲ ဆင်းလျှောက်ပြီး ရှာကြည့်မိတော့ အခန်းထောင့်မှာ စောင်အဟောင်းတစ်ထည် ပုံထားတာတွေ့ရသဖြင့် ခေါင်းအုံးဖို့ယူလိုက်သည်။

စောင်ကို ရှည်ရှည်လေးခေါက်လိုက်ပြီး နှစ်ယောက်အုံးရအောင် လုပ်လိုက်သည်။ နွေနှောင်းကို အားနာပေမယ့် သူလည်း အိပ်ချင်လှပြီမို့ သူမကို ကျောခိုင်းကာ လှဲအိပ်မိသည်။





ခေါင်းက နာပေမယ့် အိပ်ချင်လွန်းအားကြီးသဖြင့် သူ အိပ်ပျော်သွားခဲ့သည်။

❋

နွေနှောင်းနိုးတော့ အခန်းထဲမှာ လင်းနေပေပြီ။ ပြတင်းပေါက်တွေမရှိ၊ ဘာမရှိနှင့်ပေမယ့် အလင်းရောင် ကြဲဖန့်ပြီး ဝင်နေတာကြောင့် နေ့ဖြစ်မှန်းသိသာ၏။

"အဲ"

ခုတင်ပေါ်မှာ နှစ်ယောက်အတူအိပ်နေလိုက်တာ သူမက သူ့ရင်ခွင်ထဲမှာ။ ဒါကြောင့် နွေးနေတာကိုး။ သို့သော် သူ့ပုံစံကြည့်ရတာ အသားယူပုံလည်း မပေါ်ပါ။ ဖက်တော့ဖက်တာပေါ့။ အဲ ... ဆက်ရုံတင် ထင်ပါသည်။

သူမက သူ့ရင်ခွင်ထဲမှာ သူ့လက်မောင်းပေါ်မှာ အိပ်နေပြီး သူက ကိုယ့်ကိုဖက်လို့လေ။ ဒါကြောင့် အအေးဓာတ်မရှိတော့ဘဲ နွေးနေတာ ဖြစ်မည်။ နွေနှောင်း ဖောခွျေးတွေ ပြန်နေမိတာ ရှက်လို့ပါပဲ။

ကိုယ့်ရင်ခုန်သံတွေကို သူကြားသွားမှာလည်း စိုးသည်။ သူ့ကို တိတ်တခိုးမော့ကြည့်လိုက်တော့ ယောကျ်ားပီသပြီး ချောလို့



www.burmeseclassic.com

www.burmeseclassic.com



တည်ကြည်သည့်ရုပ်က သူမကို ရင်ခုန်သံတွေ မြန်စေသည်။

ကိုယ်ဟာ ကလေးလိုနေလာခဲ့ရာမှ ရင်ခုန်သံတွေ နိုးထခဲ့ပြီလား။ ရှုန်းထွက်လိုက်လို့ သူနိုးသွားရင် ဘယ်လိုတွေ ရင်ဆိုင်မလဲ။ အကြံရအိုက်နေဆဲ သူ့မျက်ဝန်းတွေ ဖြည်းဖြည်းချင်း ပွင့်လာခဲ့လျှင် နွေနှောင်း ရှက်ရွံ့စွာ မျက်စိကို ပြန်မှိတ်လိုက်၏။

သူက သူမ၏နဖူးလေးကို ညင်သာစွာ ငုံနမ်းလိုပါလား။ ရမှက်မဆန်သည့် အကြင်နာတွေကြောင့် နွေနှောင်းရင်ထဲ ရေနွေးမြစ်လေး စီးဆင်းသွား၏။

"ချာတိတ် ထတော့ကွာ၊ နိုးနေတာ သိတယ်နော် . . . တဝကြီး နိုးကြည့်ပြီးမှ အိပ်ချင်ယောင်ပြန်ဆောင်တာ ဘယ်ကောင်းမလဲ"

အို . . . ရှက်ဖို့ကောင်းလိုက်တာ။ သူသိနေတယ်ပေါ့။ နွေနှောင်းမျက်နှာလေးမှာ ပန်းသီးလေးလို နီနီနီ။ မျက်နှာလေး အပျက်ပျက်နှင့် မျက်ဝန်းဖွင့်ကြည့်တော့ သူက နွေနှောင်း၏ပါးပြင်မို့မို့လေးများကို ငုံ့မွှေးရင်း . . .

"ချာတိတ်ကို ကိုကိုချစ်မိသွားပြီ၊ အဘိုးကိုပြောပြီး လက်ထပ်ကြမယ်နော်၊ အဟဲ . . . ရှေးတုန်းကလို ကောင်မလေးတစ်ယောက် ကြွေးတူလို့ ကြွေးနဲ့သိမ်းလိုက်တာပေါ့ကွာ"

သူက နွေနှောင်းကို ရင်ခွင်ထဲမှာ ပွေ့ဖက်ရင်း အနမ်းတွေနှင့် ချော့မြူနေလျှင် သူမ အရှက်တွေကြောင့် ရေခဲရုပ်ကလေး ဖြစ်နေသည်။ မျက်စိလည်း မဖွင့်ရဲ၊ လှုပ်လည်းမလှုပ်ရဲ။





အို ကိုကိုရယ် . . . နွေနှောင်းရင်ထဲမှာ စမ်းချောင်းတွေ စီးဆင်းနေကြတယ်။ ပန်းတွေ အကုန်ပွင့်ပြီး ငှက်ကလေးတွေ တေးဆိုနေကြသလိုပဲ။

ကမ္ဘာကြီးက ရုတ်ခြည်းလှပသွားခဲ့တယ်နော်။ မေ့သွားမိတယ်။

အတော်ကြာသည်အထိ သူမ ကိုကို့ရင်ခွင်ထဲမှာ အရုပ်ကလေးလို ပွေ့ပိုက်ခံနေရ၊ ပန်းကလေးလို အနမ်းရှိုက်ခံနေရစဉ် အခန်းတံခါး ဝုန်းခနဲ ပွင့်လာခဲ့ပြီး လူကြမ်းနှစ်ယောက် ဆင်းလာခဲ့၏။ မျက်နှာဖုံးတွေနှင့် တကယ့် ဘီလူးတွေလိုပါပဲ။

"ဟား ဟား ဟား . . . မင်းသားနဲ့မင်းသမီးက ခုမှ ခွင်တည့်နေပါလားဟေ့၊ ငါတို့ကိုတောင် ကျေးဇူးတင်နေပုံရတယ်၊ ကဲ ထကြ ထကြ . . . ဘယ့်နှယ် ညက တော်တော်မှ ပျော်ကြရဲ့လား"

နှစ်ယောက်လုံး ရုပ်က ကြမ်းရှ ပုပ်သိုးနေ၏။ သန့်မင်းထွဋ်ဆတ်ခနဲ ထထိုင်လိုက်ပြီး ထိုလူနှစ်ယောက်ကို ခပ်တင်းတင်းကြည့်လိုက်သည်။

"ခင်ဗျားတို့ ကျုပ်တို့နှစ်ယောက်ကို ဘာဖြစ်လို့ ဖမ်းထားရတာလဲ၊ ဥပဒေမဲ့လုပ်ရပ်တွေကို သွေးရူးသွေးတန်း လျှောက်လုပ်နေတာလား"

"ဟား ဟား ဟား . . . တော်တော်သဘောကျဖို့ ကောင်းတဲ့ကောင်ပဲ၊ ငါတို့ဖမ်းတာ ဟိုကောင်မလေးတစ်ယောက်တည်းပါ မင်း



www.burmeseclassic.com

www.burmeseclassic.com



က အတင်းလိုက်လာတာပါကွ၊ ဟိုအောက်ချင်းငှက်တွေလိုပေါ့ . . . တစ်ကောင် အဖမ်းခံရရင် တစ်ကောင်ကပါ နောက်ကလိုက်အဖမ်းခံတာ၊ ကိစ္စမရှိပါဘူး . . . ငါတို့ကလည်း အကျိုးရှိအောင် ပြန်အသုံးချရမှာပေါ့"

"ကျုပ်တို့ကို ဘာအပြစ်ရှိလို့ ဖမ်းတာလဲ၊ ဘာလဲ . . . ပြန်ပေးဆွဲတာလား"

"ဟုတ်တယ် . . . ပြန်ပေးဆွဲတာ၊ အစကတော့ ဒီကောင်မလေးကို ဖမ်းပြီး သတ်ရင်သတ်, မသတ်ရင် ရောင်းစားမလို့ပဲ၊ အခုမင်းပါလာတော့ ငါတို့အကြံအစည် ပြောင်းသွားပြီ၊ မင်းတို့နှစ်ယောက်ကို ပြန်ပေးပဲဆွဲလိုက်မယ်၊ ထွက်ပြေးဖို့တော့ မစဉ်းစားနဲ့၊ ဒါ မြေအောက်ခန်း၊ ဘယ်မှာမှ အပေါက်မရှိဘူး။ အပေါ်မှာပဲ အပေါက်ရှိတယ်၊ ဒီအထဲမှာ အေးအေးနေကြ၊ ငါတို့ မင်းအဘိုးဆီ သိန်းတစ်ရာတောင်းထားတယ်၊ သုံးရက်အချိန်ပေးထားတယ်၊ သုံးရက်အတွင်းတော့ ဖိမ်နဲ့နှပ်နေပေါ့ကွာ၊ ဟဲ ဟဲ . . . ကျေနပ်ရဲ့လား"

သူတို့စကားကို သန့်မင်းထွဋ် ဒေါသတကြီး အော်ပစ်လိုက်၏။ တော်တော် လူမဆန်တဲ့ ကောင်တွေ။

"မင်းတို့ တော်တော်လူမဆန်တဲ့ကောင်တွေ၊ ငါတို့ကို သုံးရက်တောင် ချုပ်ထားဦးမယ်ပေါ့၊ အဘိုးမှာ ခရီးထွက်လာတာ ဘယ်လိုလုပ်ပြီး သိန်းတစ်ရာပါမလဲ . . . ကြည့်လည်းစဉ်းစားကြပါဦး"

"ဒါတော့ အဆင်ပြေအောင် လုပ်ကြပေါ့၊ သူဌေးတွေပဲ





ငါတို့ကတော့ သုံးရက်အချိန်ပေးထားတယ်၊ ဒါပဲ"

ပြောပြီး လူဆိုးနှစ်ယောက် သူတို့ဆင်းလာရာ အပေါ်သို့ ကြိုးလှေကားနှင့် ပြန်တက်မည်ပြုလျှင် သန့်မင်းထွဋ် လိုအပ်တာတွေ တောင်းဆိုရ၏။ မလွှတ်မည့်အတူတူ။

"ဒါဆို ငါတို့ကို သုံးရက်လုံးလုံး အစာမပေး, ရေမပေးနဲ့ ထားမှာလား။ ညကလည်း ချမ်းလိုက်တာ အရမ်းပဲ၊ ခွေးကောင်တွေ"

"ဩော် . . . မင်းတို့ဘက်ကျတော့ သိတတ်သလား။ ငါ့ညီ နှစ်ယောက်ခများ ခုဆို ထောင်ထဲမှာ ဒီထက်တောင် ဆင်းရဲဒုက္ခရောက်ဦးမယ်၊ မင်းတို့လည်း သုံးရက်တော့ ထောင်ကျခံလိုက်ဦးပေါ့ကွာ၊ ငါ့ညီတွေထက်သာတာက မင်းကို မိန်းမတစ်ယောက်နဲ့အတူ ချုပ်ထားပေးတာပဲ၊ ကဲ . . . ကိုယ့်ကိစ္စကိုယ် ကြည့်သာရှင်းပေတော့၊ အစားအသောက်နဲ့ ရေကာ ဒီမှာထားခဲ့ပြီ"

ပြောပြီး နှစ်ယောက်သား ကြိုးလှေကားနှင့် လျင်မြန်စွာ တက်ရောက်၊ ပျောက်ကွယ်သွားကြ၏။

"တောက် . . . သူ့ညီနှစ်ယောက်တဲ့၊ ဒါဆို ဒီလူတွေဟာ အနိုင်တီစိမ်းနဲ့အတူကြံစည်တဲ့ ခနဲ့နှစ်ယောက်ရဲ့ အစ်ကိုတွေပေါ့"

ယခုမှ သူတို့တွေးလို့ရသွားကြသည်။ အခြေအနေတွေကတော့ မလွယ်။ သုံးရက်အတွင်း အဆင်မပြေလျှင် ဘာဆက်လုပ်မည်မသိ။ နှစ်ယောက်သား ခုတင်ပေါ်မှာ ခြေချထိုင်နေကြတာ စိတ်ပျက်လက်ပျက်။



www.burmeseclassic.com

www.burmeseclassic.com



သန့်မင်းထွဋ် သူတို့ထားခဲ့သည့်အထုပ်ကို လှမ်းကြည့်လိုက်သည်။ ပေါင်မုန့်ကြမ်းနှစ်လုံးနှင့် ရေတစ်ပုလင်း။ ဒုက္ခပဲ ... ဒါ တစ်နေ့လုံးစာလား။ တစ်နပ်စာလား။ လူတွေကို မသေ သေအောင် ညှဉ်းနေကြတာ။

ရေလည်းမချိုးရ၊ အပေါ့အလေးကိစ္စလည်း ဘယ်လိုလုပ်ရမလဲ။ အခန်းကျဉ်းလေးထဲ။ သို့သော် ...

"ချာတိတ် စိတ်မညစ်နဲ့နော်၊ ကိုကို လွတ်အောင် ကြိုးပမ်းမယ် ကွာ၊ ပျော်ပျော်နေ ... ဟုတ်လား"

"ဟုတ် ... ကိုကိုရှိနေတာပဲ၊ နွေနှောင်း စိတ်မညစ်ပါဘူး။ နွေနှောင်းတစ်ယောက်တည်းဆိုရင်သာ ကြောက်မှာ"

"အေး ... မကြောက်နဲ့၊ ကိုကို့ကို အားကိုးနော်"

ပေါင်မုန့်ကြမ်းက ဘယ်လိုမှ အရသာမရှိနိုင်ပေမယ့် ဆာနေကြသည်မို့ ပေါင်မုန့်ဖဲ့ပြီး ချစ်သူနှစ်ယောက် တစ်ယောက်ကိုတစ်ယောက် ခွံ့ပေးကြသည်။ နောက် ရေသောက်။

ယခုမှ ချစ်စခင်စ နှစ်ယောက်မို့ တစ်ယောက်မျက်နှာတစ်ယောက် ရွှန်းရွှန်းစားစားကြည့်ရင်း စားနေရတော့ ပေါင်မုန့်ကြမ်းသည်ပင် နတ်သုဒ္ဓါအလား။

"ကိုကို"

"ဟင်"

"အပြင်ပြန်ရောက်ရင် နွေနှောင်းကိုယ်တိုင် ကိုကို့ကို ဟင်း





ကောင်း ချက်ကျွေးမယ်နော်"

"အင်းပါ ... ကိုကိုကလည်း အပြင်ရောက်တာနဲ့ နွေနှောင်းကို ချက်ချင်းလက်ထပ်မယ်"

"ဟင် ... ဘာဆိုင်လို့လဲ"

"ဆိုင်တာပေါ့၊ မိန်းကလေးတစ်ယောက်ဟာ ယောကျာ်း တစ်ယောက်နဲ့ သုံးရက်ကြီး အတူချုပ်ထားခံရတာဆိုရင် လူတွေက ဘယ်လိုထင်မလဲ"

"ဟင် ... ကိုကိုကလည်း ဘယ်လိုထင်ထင်ပေါ့ ... ကိုယ် မဟုတ်ရင် ပြီးတာပဲ"

နွေနှောင်းက ကလေးလေးလို ပါးလေးဖောင်းရင်း ပြောပြနေလျှင် သန့်မင်းထွဋ် သူကလေးကို ချစ်လွန်းလို့ ဆွဲပွေ့လိုက်မိသည်။

"ကိုယ်ကလည်း သုံးရက်ကြီးတော့ ဘယ် အာမခံနိုင်မလဲ ကွာ၊ ဝတ္ထုထဲ, ရုပ်ရှင်ထဲမှာသာ တစ်နှစ်နေလည်း ဘာမှမဖြစ်တာ၊ အပြင်မှာ ဘယ်ရမလဲ"

"ဟင် ... ကိုကိုက လူဆိုးကြီးလား၊ အခွင့်အရေးသမား ကြီးလား"

နွေနှောင်း အလန့်တကြားရုပ်ကလေးနှင့် ပြူးပြူးမျာမျာ မော့ကြည့်လျှင် သန့်မင်းထွဋ် အသည်းယားမိ၏။

"ဒီလိုတော့ ဘယ်ဟုတ်မလဲကွယ် ... ချာတိတ်နေရာမှာ သူစိမ်း မိန်းကလေးတစ်ယောက်ဆိုရင်တော့ ဘာအရေးလဲ၊ ခုဟာ



www.burmeseclassic.com

www.burmeseclassic.com



အခုပဲ ပွင့်လင်းသွားတဲ့ အချစ်ဆုံး ချစ်သူနှစ်ယောက် ဖြစ်နေတယ်လေ"

"မဆိုင်ပါဘူး ... နွေနှောင်းတော့ ကိုကို့ကို ဘာမှ မပြစ်မှားဘူး။ ဘာစိတ်မှ မပေါ်ဘူး"

"မင်းက ဘာမှမသိတဲ့ ငတုံးမလေးပဲ ကဲပါ ... ကိုကိုလည်း အစွမ်းကုန်ထိန်းမှာပါ၊ ထိန်းမရတော့လည်း စိတ်မပူနဲ့၊ ကိုကို အမြင့်ရောက်တာနဲ့ ချက်ချင်းလက်ထပ်မှာပါဆို"

"အံမယ် ... မရပါဘူး၊ ကိုကို လူလည်မလုပ်နဲ့၊ ဘာမှမဖြစ်အောင်နေ၊ နွေနှောင်းကို မထိနဲ့"

"ပြီးရော ... ညကျမှ သရဲကြီးလာလာ၊ ဘီလူးကြီးလာလာ ကိုကိုကတော့ ကြည့်နေလိုက်မှာပဲ"

မြေအောက်ခန်းမို့ နေ့နှင့်ညက သိပ်တော့မထူး။ နေရောင်မမြင်ရ၊ လရောင်မမြင်ရဘဲ အလင်းရောင် အနုအရင့်သာကွာပြီး အမြဲ ပိုးတဝါး။

သည်တော့ သန့်မင်းထွဋ် စိတ်ကောက်သလိုနှင့် တစ်ဖက်သို့ လှည့်နေသည်။ ချစ်သူလေးကို ကျောခိုင်းလိုက်ပြီး လွတ်လမ်းလေး ဘာလေးများ တွေ့လိုတွေ့ငြား အခန်းကို ပတ်ကြည့်နေမိသည်။

အခန်းက အင်္ဂတေနှင့်ကိုင်ထားပေမယ့် ကြွက်တွင်းတွေ တွေ့ရသည်။ အင်း ... ကြွက်တွင်းထဲမှ လူတိုးထွက်လို့တော့ ရမှာ မဟုတ်။ သူ အပေါ်ကိုမော့ကြည့်ပြန်သည်။ ကြမ်းပြင်က အရာတောင် မထင်ရ၊ ညီညာပြန့်ပြူးလို့။ အံဝှက်က အထပ်ကျလွန်းသဖြင့် ဝေးဝေး





လို့တောင် မရ။

သူ့အသက် (၂၆) နှစ်ရှိပါပြီ။ သည်တစ်ခါလောက် ခေါင်းစားရတာ မတွေ့စဖူး။ အကြံတုံး ဉာဏ်တုံးနှင့် အိပ်လိုက်၊ စားလိုက်ပဲ လုပ်နေရတော့မည်ပုံ။

အင်း ... အကြံဉာဏ်ထွက်အောင် တစ်ရေးအိပ်လိုက်ဦးမှပါလေ။ တွေးမိတော့ မျက်နှာပူချင်ချင်။ ခုတင်လေးကျဉ်းကျဉ်းမှာ ချာတိတ်နှင့် နှစ်ယောက်အတူ။ သြော် ... ငါ့အဖြစ်က ရယ်ချင်၊ ငိုချင်စရာ။

သူချောင်းကြည့်လိုက်တော့ ကောင်မလေး သူ့ကို ခိုးကြည့်နေတာ မြင်ရသဖြင့် သူပြုံးမိ၏။ ကောင်မလေး သွေးလန့်နေသလား။

ချာတိတ်ရေ ... ခိုးရာလိုက်လာတယ်လို့သာ သဘောထားလိုက်ကွာ။ အာဒံနဲ့ဧဝ အေဒင်ဥယျာဉ်ထဲ ရောက်နေတယ်လို့သာ သဘောထားပေတော့။ ကိုယ် ဒီတောင်ကို မကျော်နိုင်တော့ဘူး။ မကျော်ချင်တော့ဘူး။

အချစ်ရယ် ...

ပင်လယ်သံကိုနားထောင်ရင်း ချစ်တေးတွေသီဆိုရင်း တို့နှစ်ယောက် ဘဝကို အတူတည်ဆောက်ကြရအောင်နော်။

❁ ❁ ❁



www.burmeseclassic.com

## အခန်း (၂၂)

ညနေ (၅) နာရီလောက်ကျတော့ အပေါ်အံဝှက်မှ သူတို့အတွက် အထုပ်တစ်ထုပ် ကျလာခဲ့သည်။ စားစရာဖြစ်မှာပေါ့။ သန့်မင်းထွဋ် သွားကောက်လိုက်၏။ ဖြည်ကြည့်လိုက်တော့ ခေါက်ဆွဲကြော်နှစ်ထုပ်နှင့် ရေတစ်ဘူး။

သန့်မင်းထွဋ် ခေါက်ဆွဲကြော်ထုပ်များကိုဖြည်ကာ နွေနှောင်းထံ ယူခဲ့သည်။

"ခုညစာကတော့ တော်သေးတယ် ချာတိတ်ရေ . . . ခေါက်ဆွဲကြော်တွေ"

"ကိုကိုကလည်း . . . အဆိပ်တွေ ဘာတွေ ခတ်ထားရင် ဘယ်လိုလုပ်မလဲ"





"သူတို့လက်ထဲမှာ ရှိနေတာပဲကွာ၊ အဆိပ်ခတ်နေစရာ လိုသေးလို့လား။ ချာတိတ် မစားရဲရင် ကိုကိုအရင်စားပြမယ်"

"အင်းလေ . . . ဟုတ်သားပဲ၊ ဒါဆိုလည်း စားကြစို့"

နှစ်ယောက်အတူ ခေါက်ဆွဲကြော်စားပြီး ရေသောက်လိုက်ကြသည်။ ယခုအထိတော့ ဆီး၊ ဝမ်းကိစ္စက အောင့်နိုင်တုန်း။ တောက်တော်တော် လူမဆန်တဲ့လူတွေ၊ တကယ်ဆို အိုးလေး ဘာလေး ပေးထားပါလား။

အပြင်မှာရော အဘိုးတို့ အဆင်ပြေရဲ့လားမသိ။ အဘိုးနှင့် ညီမင်းထွဋ် ငွေသိန်းတစ်ရာ ဘယ်ကရှာရပါ့မလဲ။ ရန်ကုန်လှမ်း ဖုန်းဆက်ပြီး ဘဏ်မှငွေလွှဲလျှင်တော့ သုံးရက်အမီ ရပါလိမ့်မည်။

အဘိုးဟာ တကယ့်အရေးကျ ဉာဏ်ထွက်မှာပါ။ အင်း . . . ယခုမှ တစ်ရက်နှင့်နှစ်ည ရှိသေး။ နောက်ထပ် နှစ်ရက်ကျန်သေးသည်။ ချုပ်ထားသည့်အခန်းက လုံလွန်းလို့ ဘယ်လိုမှ ဖောက်ထွက်ရန် ခွယ်။

ကြိုးတော့ ကြိုးစားကြည့်ရမှာပဲ။ ဒီမြေအောက်ခန်းဟာ အမှာကမ္ဘေက မြေအောက်ခန်းမို့ လျှို့ဝှက်ချက်တွေ ရှိချင်လည်း ရှိမည်။

နွေနှောင်းက ခုတင်ပေါ်မှာ ငုတ်တုတ်လေးထိုင်နေပေမယ့် သန့်မင်းထွဋ် အခန်းနံရံတွေကို လျှောက်ပြီး လက်နှင့်ဖိကြည့်မိသည်။ လျှို့ဝှက်တံခါးတွေများ တွေ့လိုတွေ့ငြား။ သူလုပ်တာကို ကြည့်ပြီး



www.burmeseclassic.com

www.burmeseclassic.com



နွေနှောင်းကလည်း ထလာပြီး နံ့ရုံတွေကို လိုက်ဖိတ်၏။

"ဒါ ဂျပန်ခေတ်က အဆောက်အအုံဟောင်းတစ်ခု ဖြစ်မယ် ချာတိတ်ရဲ့၊ ထွက်ပေါက်တွေ ရှိချင်ရှိမယ်"

"ကြိုးစားကြည့်တာပေါ့ ကိုကို၊ ထွက်ပေါက်ရရင် နွေနှောင်းတို့ လွတ်ရောပေါ့နော်၊ အဘိုးလည်း ငွေမပေးရတော့ဘူးပေါ့"

"အင်း ... ငွေကိစ္စထက် လူတွေကို ချုပ်ထားတာက ဒုက္ခ ရောက်နေတာ၊ ထောင်သားတွေကို ခုမှ ကိုယ်ချင်းစာမိတော့တယ်"

"အံမယ် ကိုကိုကလည်း ... သူတို့ဆိုးလို့ ထောင်ကျတာပဲ ဘာသနားစရာရှိသလဲ၊ အခု နွေနှောင်းတို့က အသားလွတ်ခံနေရ တာ"

"ဒါတော့ ဒါပေါ့ကွာ ... လူတွေမှာ အကြောင်းအမျိုးမျိုး ရှိတတ်ကြတာပဲ၊ တချို့လည်း လူကောင်းတွေပါ၊ အခြေအနေအရ ဖြစ်မှုကျူးလွန်မိသွားကြတာ ... ဟာ"

သန့်မင်းထွဋ် ဖိနေသည့်နံ့ရုံမှ လှုပ်ခနဲ ဖြစ်သွားလျှင် အ... လန့်ပြီးအော်မိ၏။

"ဘာလဲ ဘာလဲ ... ကိုကို ဘာတွေ့လို့လဲ"

"ဒီနားက နံ့ရံ ... နိမ့်ခနဲ ဖြစ်သွားသလားလို့"

"ဟုတ်လား ကိုကို ... ဒါဆို နွေနှောင်းတို့ နှစ်ယော... ပေါင်းပြီး တွန်းကြည့်ရအောင်လေ"

သူတို့နှစ်ယောက်ပေါင်းပြီး တွန်းကြည့်ကြ၏။ သို့...





အပေါက်တော့ ဖြစ်မလာ။ နှစ်ပေါင်းများစွာက တည်ဆောက်ခဲ့သည့်မို့ နံ့ရံတွေ လှုပ်သွားခြင်းသာ။

နှစ်ယောက်သား မောပန်းစွာ ခြေပစ်လက်ပစ် ထိုင်နေလိုက်ကြ၏။ သည်လိုနှင့်ပဲ မိုးချုပ်လိမ့်မည်။ ဒါနှင့်ပါဆို နှစ်ညရှိပြီပေါ့၊ သက်ပြင်းကိုယ်စီ ချလိုက်မိပေမယ့် ချစ်သူနှစ်ဦး အတူရှိကြသည့်မို့ ထင်သလောက်တော့ စိတ်မညစ်ပါ။

"ကဲပါ ချာတိတ်ရယ် ... အလကား အားတွေကုန်အောင် စိတ်ဆင်းရဲမနေပါနဲ့၊ မနက်ဖြန်ကျမှ ထပ်ပြီး ကြိုးစားကြည့်ကြတာ ပေါ့၊ ခုတော့ မသေခင်လေး အနားယူကြတာပေါ့"

"ဘာလို့သေရမှာလဲ ကိုကိုရဲ့၊ နမိတ်မရှိ နမာမရှိ၊ အဘိုးက ကိုကိုကို ရွှေးမှာပါ"

"အတူတူပေါ့။ ကိုကိုပြောတာက သေအတူရှင်မကွာ အတူ သက်တွဲရင်ဆိုင်ကြမယ်လို့ ပြောတာ၊ ဒီနေ့မှ လောကကြီးက ပိုမှောင်၊ ပိုချမ်းလာလိုက်တာကွာ၊ ဒီအခန်းကလည်း အေးစိမ့်နေတာပဲ"

"ဟုတ်တယ်နော်၊ နွေနှောင်းတစ်ယောက်တည်းသာ ဒီမှာ အချုပ်ခံနေရမယ်ဆိုရင် အကြောက်လွန်ပြီး သေမှာပဲ၊ ကိုကိုနဲ့အတူ မို့သာ"

"ကိုကိုနဲ့ဆို ငရဲလည်း အတူသွားမယ်ဆိုပါတော့ ... ဟုတ် လား ချာတိတ်"

ဒုက္ခတွေကိုမေ့ပြီး သူ့မျက်နှာပြုံးပြုံးကြီး ဖြစ်နေပုံက မှောင်



www.burmeseclassic.com

www.burmeseclassic.com



နေပေမယ့် ချစ်သူချင်းမို့ မြင်ရသည်။

"အင်းပေါ့ ကိုကိုရယ်"

"သိပ်ချစ်ဖို့ကောင်းတဲ့ ကောင်မလေးပဲ၊ အဲဒါကြောင့် ကိုကို ရှာနေရတာ ... သိလား"

ပြောရင်းမှ သန့်မင်းထွဋ်မှ နွေနှောင်းကိုဆွဲပွေ့ပြီး သူတို့ရဲ့ မည်ကာမတ္တ အိပ်ရာလေးပေါ် လှဲချလိုက်လျှင် သူကလေး တုန်လှုပ် နေရှာ၏။

"ကိုကိုရယ် ... နွေနှောင်းကြောက်တယ်"

"အင်းလေ ... ကြောက်မှာစိုးလို့ ကိုကိုဖက်ထားတာပေါ့ ဒါက မြေအောက်ခန်းဆိုတော့လေ သိတယ်မဟုတ်လား ... ဟိုတုန်း က ဂျပန်စစ်သားတွေ သေပြီး မကျွတ်မလွတ်ဘဲ သရဲတွေ, တစ္ဆေ တွေ ..."

"အာ ကိုကို ... တော်တော့၊ အလကား နွေနှောင်းကြောက် အောင် လျှောက်လုပ်နေတယ်"

"တကယ်ပြောတာ ... တကယ် တကယ်"

ရယ်ရင်း မောရင်းနှင့် သန့်မင်းထွဋ်မှ ချစ်ရသည့်ချစ်သူမလေး ကို အချစ်နိုင်ငံသို့ နှစ်ယောက်အတူ ကူးခတ်ခေါ်ဆောင်သွားခဲ့သည်။

❋ ❋ ❋



## အခန်း (၂၃)

အခန်းအပြင်ဘက်မှ ကုတ်ခြစ်သံတွေ ကြားနေရသဖြင့် တစ်ရေးနိုးလာသည့် နွေနှောင်း ... သန့်မင်းထွဋ်ကို လှုပ်နှိုးလိုက်သည်။

"ကိုကို ... ထ ထစမ်းပါဦး ... ဘာသံတွေလဲ မသိဘူး"

"အင်း ... ကိုကိုပြောတဲ့ ဂျပန်သရဲတွေလားမသိဘူးနော်"

"ဟာ ... အရေးထဲ နောက်မနေစမ်းပါနဲ့၊ အန္တရာယ်ရှိချင် ရှိမှာ၊ ဒုက္ခပါပဲ ကိုကိုရယ် ... နွေနှောင်းတို့မှာ ဘာလက်နက်မှလည်း မရှိဘူး။ ကြည့်စမ်းပါဦး"

"မကြောက်ပါနဲ့ ချာတိတ်ရယ်၊ ကိုကို ကြည့်ပါဦးမယ် ... မှန်း"

နှစ်ယောက်သား ထထိုင်ပြီး အသံကြားရာဘက်သို့ နားစွင့် ရင်း တောကောင်တွေ ဘာတွေဆိုလျှင် တုံ့ပြန်တိုက်ခိုက်ဖို့ သန့်မင်း



www.burmeseclassic.com

www.burmeseclassic.com



ထွန်း လက်နက်ရှာရသည်။

"အဲ"

ခင်းထားသည့် ဖျာကြမ်းတွေကို မ,ကြည့်တော့ ခုတင်မှာ ခင်းထားသည့် သုံးနှစ်သစ်သားချောင်းတွေကို တွေ့ရသည်။ သစ်ချောင်းတွေကို ခင်းထားခြင်းပေ။ သူ သစ်သားချောင်းတွေကို ကိုင်နှဲ့ကြည့်လိုက်တော့ နှစ်ချောင်းကို ဆွဲထုတ်လို့ရ၏။

နှစ်–တစ်ချောင်းထက်ကြီးသည့် သုံး–နှစ်တွေမို့ ရန်သူကို ခုခံလို့ရမှာပဲ။ မှောင်နေပေမယ့် အတန်ငယ်ကြာလျှင် မှောင်ထဲမှာ ကျင့်သားရပြီး အနည်းငယ် မြင်လာ၏။

"ဟိုဘက်ထောင့်က အသံတွေပဲ၊ ပုံစံကြည့်ရတာ တောကောင်တွေလား, မြေကြွက်တွေလားပဲ၊ ဂလိုင်တွေရှိတာ ဖြစ်ရမယ်။ ကံကောင်းရင် ကိုကိုတို့ ထွက်ပေါက်တွေ့ရမယ်"

သည်စဉ် သူတို့ နံရံတစ်ဖက်မှ အင်္ဂတေများ ပွဲကျလာပြီး မီးဝင်းဝင်းတောက်နေသည့် မျက်လုံးများကို တွေ့လိုက်ရသည်။

"အောင်မယ်လေး"

"မကြောက်နဲ့ ချာတိတ် ... အဲဒါ ခွေးအတွေ"

"ဝံပုလွေတွေလား"

"ခွေးအတွေပါကွာ၊ ဒီမှာ ကိုကိုတို့မှာလည်း တုတ်နှစ်ချောင်းရှိပြီလေ၊ လုံ့ရှည်လိုက်ကိုင်၊ တုတ်က ရှည်တော့ ခါးလယ်ကကိုင်ပြီး သူတို့ကို တုတ်နဲ့ရင်ဆိုင်ရမယ်၊ လူကို သူတို့ကို တုတ်နဲ့ ရင်ဆိုင်ရမယ်





လူကို သူတို့ကြောက်မှာပါ"

ပြောပြီး သန့်မင်းထွန်း ခွေးအတွေကို တုတ်ရှည်နှင့် ရမ်းလိုက်၊ ရိုက်လိုက်လုပ်ရင်း အသံအကျယ်ကြီးနှင့် အော်ဟစ် လှန့်ထုတ်လိုက်ရာ ခွေးအတွေ ထွက်ပြေးကြလေသည်။

"တွေ့လား ... ခွေးအတွေ ကြွက်တူးရင်း လိုဏ်ခေါင်းအတိုင်း ရောက်လာကြတာပါ၊ နေဦး ... ဒီအင်္ဂတေတွေကို တစ်ကိုယ်စာထွက်လို့ ရအောင် ချဲ့ဦးမယ်"

နှစ်ယောက်သား အပေါက်ရှိရာဘက်ကို သစ်သားချောင်းများနှင့် ထိုး၊ ရိုက် ချဲ့လိုက်ကြလျှင် လူတစ်ကိုယ်ထွက်လောက်သည့် အပေါက်ကြီးရလာ၏။ အပေါက်နှင့် လိုဏ်ခေါင်းက ဆက်လျက်။

မိုးလင်းတော့မည်မို့ လိုဏ်ခေါင်းထဲမှာ အလင်းရောင်ပင် ခပ်မှုန်မှုန်။

"လာ လာ နွေနှောင်း ... ကိုကိုတို့ ဒီလိုဏ်ခေါင်းထဲက ထွက်ပြေးကြမယ်"

"သူတို့နဲ့တွေ့နေရင် ဘယ့်နှယ်လုပ်မလဲ ကိုကို"

"ဒီအတိုင်း လည်စင်းခံနေတာထက်တော့ တော်ဦးမယ်၊ တွေ့လည်း ရင်ဆိုင်မယ်ကွာ၊ ကိုကို့ကို ယုံစမ်းပါ၊ လာ ... ပြေးကြစို့"

သန့်မင်းထွန်းက ရှေ့မှ သစ်သားတုတ်ကြီးကို ကိုင်ပြီးထွက်ရာ နွေနှောင်း နောက်မှ ကိုကို့အင်္ကျီစကိုဆွဲပြီး လိုက်ရသည်။ လိုဏ်ခေါင်းက ခပ်ကျဉ်းကျဉ်း။ လူတွေဖောက်ထားတာပင် ဟုတ်ဟန်မတူ။



www.burmeseclassic.com

www.burmeseclassic.com



တောကောင်တွေ ခိုအောင်းနေနိုင်သည်မို့ အန္တရာယ်က ခပ်များများ။

သို့သော် ချစ်သူနှင့်အတူ သေအတူရှင်မကွာ စွန့်စားရမည်ပဲ။

"လာ ချာတိတ်"

လိုဏ်ခေါင်းမှာ လေးဖက်ထောက်သွားရသည့် အနေအထား ပါ။ ကံအားလျော်စွာ တောကောင်ကြီးကြီးများ မတွေ့။ မြေကြွက်တွေ ပွေးကောင်လေးတွေသာ ဟိုပြေးသည်ပြေး။

စောစောက ခွေးအတွေဟာ ဒီအကောင်ငယ်လေးတွေကို ဝင်ပြီး ရှာဖွေစားသောက်ရင်း ရောက်လာတာ ဖြစ်ရမည်။

နှစ်ယောက်သား ဖေးဖေးမမနှင့် အတန်ကြာ တွားသွားကြ တော့မှ လိုဏ်ဂူအပေါက်ဝကို ရောက်သည်။ ဂူဝမှာ ချုံနွယ်တွေနှင့် ကာဆီးလျက်။ ဒါကြောင့် ဘယ်သူမှ မသိတာဖြစ်မည်။

အပြင်မှာ လူဆိုးတွေများ ရှိမလားလို့ သန့်မင်းထွဋ် အရင် လှေ့လာရသည်။ မိုးတော့လင်းနေပေပြီ။

"ချာတိတ်ပြောပုံအရဆို ဒီနေရာဟာ ကျွန်းတစ်ခုခုဖြစ်မယ် ကိုကိုတို့ကို စက်လှေနဲ့ ခေါ်လာတာဆိုတော့လေ"

"ဟုတ်မယ်၊ ပြီးတော့ သူတို့လည်း ဒီမှာနေပုံမရပါဘူး နွေနှောင်းတို့ကို တစ်နေ့နှစ်ခါလာပြီး အစာပေး ရေပေးတာဖြစ်မယ်"

"အင်း . . . ဟုတ်တယ်၊ ကဲ . . . ကိုကိုတို့ အပြင်ထွက်ပြီး ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်ရအောင်၊ သစ်ပင်ချုံနွယ်တွေနဲ့ လူရှိလည်း ရုတ်တရက်တော့ မမြင်ရပါဘူး"





နှစ်ယောက်သား လိုဏ်ဂူအဝမှထွက်ပြီး သစ်ပင်မြင့်မြင့်ကြီး တစ်ပင်ပေါ်သို့ ကုတ်ဖက်တက်ကြ၏။ ပြီးမှ အရပ်လေးမျက်နှာကို မျှော်ကြည့်ကြသည်။

"ဟို ခပ်လှမ်းလှမ်းမှာ မြင်နေရတဲ့ ကမ်းခြေဟာ ပေလီ ဖြစ်ရမယ်၊ ဒီကျွန်းမှာ လူနေပုံမရဘူးနော်"

"ဟုတ်တယ် ကိုကို . . . သူတို့ရောက်လာလို့ နွေနှောင်းတို့ကို မတွေ့ရင် လိုဏ်ဂူအတိုင်းလိုက်လာကြမှာပဲနော်၊ ပြန်မိသွားရင် ဒုက္ခ ပါပဲ ကိုကိုရယ်"

"မပူပါနဲ့ မိန်းမရယ် . . . အဝေးကြီးလိုပါသေးတယ်၊ ကိုကို ကြံမှာပေါ့"

သန့်မင်းထွဋ် နွေနှောင်းပါးလေးကို ဖျစ်ရင်းစလိုက်လျှင် သူကလေး နှုတ်ခမ်းစူလေ၏။

"အရေးထဲ . . . ကိုကိုနော်၊ ကဲ . . . ဘယ်လိုကြံမှာလဲ ပြော"

"ငါးဖမ်းလှေတွေ ဘာတွေတွေ့ရင်း ပေလီပြန်ပို့ခိုင်းမှာပေါ့ အချစ်ရယ်၊ ကျွန်းကလေးမှာ နှစ်ယောက်တည်းလုပ်နေလို့ ဘယ် ဖြစ်မလဲ"

"ဒါဆိုလည်း ကမ်းစပ်ကိုသွားနေကြစို့"

"ပုန်းတော့နေရမယ်နော်၊ ရန်သူတွေ ပြန်ဖမ်းမိတာကို မခံ ချင်ဘူး"

"ကိုကိုစီစဉ်တာ နွေနှောင်းက လိုက်နာမှာပါ"



www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်သား ကမ်းစပ်နှင့်မနီးမဝေး ချုံတွေကြားမှာ ပုန်းအောင်းရင်း အကူအညီကို စောင့်မျှော်နေကြစဉ် နံနက် ၉ နာရီလောက်မှာ စက်လှေတစ်စင်း အပြေးအလွှား ရောက်လာခဲ့၏။

"တိတ်တိတ်နေ ချာတိတ် . . . အဲဒါ ရန်သူ့စက်လှေ"

နှစ်ယောက်သား အသံမထွက်ဘဲ အခြေအနေကို စောင့်ကြည့်နေကြ၏။ စက်လှေပေါ်မှာ မောင်းသူတစ်ယောက်တည်း။ သူက အထုပ်တစ်ထုပ်ကိုယူပြီး စက်လှေပေါ်မှ လွှားခနဲဆင်းကာ သူတို့ကို ချုပ်နှောင်ထားရာ အဆောက်အအုံပျက်ဆီသို့ ခပ်သုတ်သုတ် သွား၏။

"လာ လာ နွေ . . . ကိုကိုတို့ သူ့စက်လှေကို မောင်းပြီးပြေးရအောင်၊ ကိုကို စက်လှေမောင်းတတ်တယ်"

"ဟုတ် ကိုကို"

နှစ်ယောက်သား စက်လှေဆီသို့ ပြေးကြစဉ် စက်လှေဝမ်းထဲမှ လူတစ်ယောက် ဆတ်ခနဲ ထရပ်ပြီး သူတို့ကို သေနတ်နှင့် ချိန်ထားလေ၏။

"ဟာ . . . သွားပြီ"

သူမတို့က လူတစ်ယောက်တည်း ပါသည်မှတ်လို့ပါ။ နှစ်ယောက်သား လက်တွဲပြီး ရပ်တံ့နေကြစဉ် နောက်ဘက်မှ ဟားဟား ရယ်သံကြားလိုက်ရပြန်၏။

"ဟား ဟား ဟား . . . တော်တော် သဘောကျဖို့ကောင်းတဲ့လူတွေပဲ၊ အေးဆေးမနေချင်ဘူး . . . ဟုတ်လား။ မင်းတို့အဘိုး





လူညစ်ကြီးပဲ၊ ငါတို့ကို ရဲလည်းတိုင်တယ်၊ ငွေပေးမယ်ဆိုပေမယ့် ရဲနဲ့စည်းဝါးကိုက်ထားတာပဲ၊ အခု မင်းတို့နှစ်ယောက်ကို နေရာရွှေ့မလို့လာခေါ်တာ၊ ကဲ . . . အတော်ပဲ၊ စက်လှေပေါ်တက်ကြပေတော့၊ ဟန်းနီးမွန်းထွက်နေတယ်လို့ သဘောထားကြပေါ့ကွာ . . . ဟုတ်လား။ ဟဲ ဟဲ . . . ငါ့ကို ကျေးဇူးတောင်တင်ကြရဦးမယ်"

သန့်မင်းထွဋ်နှင့် နွေနှောင်း တစ်ယောက်လက်ကိုတစ်ယောက် ဖျစ်ညှစ် အချက်ပြလိုက်ပြီး ချုံတွေ၊ သစ်ပင်တွေကြားသို့ ရုတ်ခနဲ ဝင်ပြေးကြလျှင် လူဆိုးနှစ်ယောက် ရုတ်ရုတ်သဲသဲ ဖြစ်သွားကြ၏။

"ကောင်မလေးကို အမိကထားဖမ်း၊ ဒီလောက် ဒုက္ခပေးတဲ့ကောင်မ . . . ရောင်းကိုစားပစ်မယ်"

ကြိုးဝါးရင်း နောက်မှတရကြမ်းလိုက်နေကြစဉ် ဦးမင်းထွဋ်နှင့် ညီမင်းထွဋ်တို့ပါသည့် တိုက်ကင်းစက်လှေကြီး ဝေါခနဲ ကမ်းသို့ ထိုးဆိုက်လာခဲ့သည်။

သူတို့က နောက်မှခြေရာခံပြီး လိုက်လာခဲ့ခြင်းပင်၊ ရဲအရာရှိနှစ်ယောက်နှင့်ရဲတပ်ကြပ်နှစ်ယောက် လူဆိုးများကို အော်ဟစ်တားဆီးရင်း ခြေထောက်များကို ပစ်ဖမ်းကြသည်။

တစ်ဖက်မှလည်း ခုခံသည်မို့ တိုက်ပွဲက ပြင်းပြင်းထန်ထန်။ သန့်မင်းထွဋ်နှင့် နွေနှောင်းကတော့ သစ်ပင်များနောက်မှာ ဝင်နေကြ၏။

www.burmeseclassic.com



နှစ်ယောက်လုံး ဖမ်းမိသွားပြီးပြီဆိုမှ သူတို့နှစ်ယောက် လက်တွဲကာ အပြင်သို့ ထွက်လာကြ၏။

"အဘိုး"

နှစ်ယောက်သား အဘိုးကို ပြေးဖက်လိုက်ကြလျှင် အဘိုးက ခေါင်းနောင်းဖေါ်ခေါင်းလေးကို ပွတ်ရင်း ...

"အဘိုးလည်း မြေးတွေဖေနဲ့ အခု လူကောင်းပြန်ဖြစ်သွားပြီ၊ ငါ့မြေးတွေ ကျေးဇူးပဲ"

"ဟုတ်တယ် ဟုတ်တယ် ... အခု အဘိုးက ကိုယ်တိုင်ရမ်ဘိုလုပ်ပြီး လူဆိုးဖမ်းနေတာ"

ညီမင်းထွဋ် ဝင်ပြောလိုက်လျှင် အားလုံး ရယ်မောကြရသည်။ လူဆိုးနှစ်ယောက်ကတော့ လက်ထိတ်ခတ်ထားသည့်ကြားမှ ပင် အံတကြိတ်ကြိတ်။

"ဘယ်တုန်းက ရန်ငြိုးတွေရှိလို့လဲ ငါ့လူတို့ရယ်၊ တို့တွေ အေးအေးဆေးဆေး ပေလီလာပြီး အပန်းဖြေတာ၊ ခုတော့ ဆယ်ခါ ပြန် ဆလံပဲ"

"ခင်ဗျားတို့ကြောင့် ကျုပ်ညီ ကိုမင်းနဲ့ ကိုသူတို့ ထောင် သုံးနှစ်စီကျသွားရတာ လုံးဝမကျေနပ်ဘူး"

"အေးပေါ့ကွာ ... လူမိုက်အတွေးနဲ့ ထင်ရာတွေ လျှောက် လုပ်တော့ မင်းတို့လည်း ညီတွေနဲ့အတူ ထောင်နန်းစံကြပေါ့ ... ဟုတ် လား။ ကဲ ... သွားကြစို့"





ဩော် ... လူမိုက်ဆိုတာ ကုရာနတ္တိ ဆေးမရှိပါတကား။ လူဆိုးနှစ်ယောက်ကို တိုက်ကင်းစက်လှေနဲ့ တင်သွားတော့ ဦးမင်းထွဋ် နှင့် မြေးတစ်စုက နောက်စက်လှေနှင့် လိုက်ကြသည်။

ဘန်ဂလိုပြန်ရောက်တော့ အဘိုးက သူတို့နှစ်ယောက်ကို တစ်ခန်း။ သူကတော့ ညီမင်းထွဋ်နှင့် တစ်ခန်း နေရာယူလေ၏။

"ကဲ ငါ့မြေး ... ကောင်လေး အဲ ... ကောင်မလေးနဲ့ ဒီ ညနေပဲ ပေလီမှာ လက်ထပ်ပေးခဲ့မယ်၊ အဘိုးတို့ကတော့ မနက်ဖြန် ပြန်မယ်၊ မင်းတို့နှစ်ယောက်က ဒီမှာပဲ ဆက်ပြီး ဟန်းနီးမွန်းထွက် ကျန်ခဲ့"

ဦးမင်းထွဋ်၏စကားကိုကြားရလျှင် သန့်မင်းထွဋ် အဘိုးကို ပြေးဖက်လေ၏။

"အဘိုး တကယ်ပြောတာနော်၊ ဝမ်းသာလိုက်တာ အဘိုးရယ်၊ အဲ ... ဒါထက် အဘိုး ချာတိတ်ကို မိန်းကလေးမှန်း ဘယ်တုန်းက သိသွားတာလဲ၊ အဘိုးကို ညာရမလားလို့ စိတ်မဆိုးဘူးလားဟင်"

ဦးမင်းထွဋ်က ပြုံးပြုံးကြီးနှင့် ခေါင်းနောင်းဖေါ်ခေါင်းလေးကို ယုယစွာ ပွတ်ပေးရင်း ...

"အဘိုး အစောကြီးကတည်းကသိတယ်၊ ဒါပေမဲ့ ခေါင်းနောင်းနဲ့ စေတနာမှန်တဲ့၊ ဖြူစင်မြင့်မြတ်တဲ့ နှလုံးသားကို နားလည်လို့ သိချင်ယောင်ဆောင်နေခဲ့တာ"

"အို ... အဘိုးရယ်"



www.burmeseclassic.com

www.burmeseclassic.com



နွေနှောင်း အဘိုး၏စေတနာကို ကြည်နူးပီတိဖြစ်ရလွန်းလို့ မျက်ရည်တွေ စီးကျလာခဲ့လျှင် အဘိုးက ခပ်နောက်နောက်။

"ကဲ . . . ငါ့မြေးမလေးကို လူလေးပဲ ချောလိုက်ပေတော့၊ အဘိုး လမ်းလျှောက်လိုက်ဦးမယ်၊ ဒီလင် ဒီမယား အိုအောင်မင်း အောင် ပေါင်းရပါစေဗျာ"

ညီမင်းထွဋ်ကလည်း ပြုံးပြုံးကြီးနှင့် အစ်ကိုကို လက်သီး ဆုပ်ပြပြီး မြေးအဘိုးနှစ်ယောက် လမ်းလျှောက်ထွက်သွားကြလျှင် သန့်မင်းထွဋ် သူ့ချာတိတ်လေးကို ယုယစွာ ပွေ့ယူလိုက်လေသည်။

ကြယ်စင်မှူးဝေ

www.burmeseclassic.com